
www.burmeseclassic.com

စုံလင်မြင့်
စာပေ

လုံးချင်းဝတ္ထုသစ်

# လွန်း★တာရီ

ယောက်ျားကဝေ



BURMESE CLASSIC .com

ပန်းချီ သိန်းရွှေကြည်
2013

www.burmeseclassic.com

www.burmeseclassic.com

လွန်း★★တမှို

# ယောက်ျားကမေ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (ရွှေခြေသံ့ပုံနှိပ်တိုက်)
အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅·၈၃

လွန်းတမို

ယောက်ျားကဝေ/လွန်းတမို၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၄။

(၂၈၈)စား ၁၂ စင်တီမီတာ × ၁၇·၇ စင်တီမီတာ

(၁) ယောက်ျားကဝေ


BURMESE CLASSIC

အခန်း ( ၁ )

"ဘေးကိုနော် ... ဘေးကို ... ဘေးကို ... "

"ဟာ ... ဟာ ... "

"အို ... တိုက်ပြီ ... "

"ဒေါင်း ... "

"ဂျောင်း ... "

"အမလေး ... "

အော်သံနှင့်အတူ စက်ဘီးရောလူပါ လမ်းပေါ်ကို ဝုန်းခနဲ လဲကျသွားသည်။

"အား ... အား ... ရှင် ဘယ်လိုလုပ်လိုက်တာလဲဟင်၊ အား နာလိုက်တာ ... ကျွတ် ... ကျွတ် ... ဒုက္ခပါပဲ အဟင့် ... ဟင့်"

လူကပါ စက်ဘီးနဲ့ပါပြီး ချစ်သောမောင် တော်တော်နဲ့ပြန် ထလို့မရ။ ပြောရရင် ချစ်သောမောင်ဆိုတာ မျက်နှာလေးက ဝင်း နေအောင် တအားချစ်ဖို့ကောင်းသလို ကိုယ်လုံးလေးကပါ ဖြောင့်စင်းတောင့်တင်းနေတဲ့ ကောင်မလေး။

မောင် ဒေါပွပွနှင့် ငုတ်တုတ်လေးထ,ထိုင်ပြီး လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ မောင့်ဘေးမှာ ဖင်ထိုင်လဲကျနေတဲ့လူတစ်ယောက်၊ သူကလည်း အိတ်တခြား လူတခြားလွင့်ကာ မျက်နှာလေးကပါ ရှုံ့မဲ့လို့။

"ရှင် ... ရှင် ... လူတစ်ယောက်လုံး စက်ဘီးနဲ့လာနေတာ တောင် မမြင်တော့ဘူးလားဟင် ... ဟိုမှာ ရှင့်ကြောင့် ကျွန်မထီး လည်း ကိုင်းပြုတ်သွားပြီ ... ဖိနပ်လည်းပြတ်သွားပြီ၊ ရှင် ... လျော် ပေး ..."

"ဘာကွ"

နှုတ်ခမ်းလေး စူတင်းကာ မောင် လူးလဲထသည်။

မောင် ထတော့ သူကပါ မကြည်မလင် မျက်နှာကလေးဖြင့် လိုက်ထ၏။ မောင့်ကိုလည်း မကျေမနပ် လှမ်းကြည့်သည်။

"ဒီမှာ ... ဒီမှာ မင်းဟာမင်း ပဲအပြည့်နဲ့ ထီးဆောင်းပြီး စက်ဘီးနင်းလာလို့ ခုလိုဖြစ်တာ ... လျော်လည်းမပေးနိုင်ဘူး၊ မကျေနပ်ရင် တိုင်ချင်ရာသွားတိုင် ... ဒါပဲ ..."

"အောင်မယ် ... အောင်မယ် ... ကြည့်စမ်း ..."

မောင် ခါးကလေးထောက်ပြီး လက်မောင်းက အင်္ကျီစ ကလေးကို ဆွဲတင်ပစ်လိုက်တာလည်း အဆုံးထိ။ ယောကျ်ားကြီး တစ်ယောက်လုပ်နေပြီးတော့ သူကပဲ ရန်ပြန်တွေ့နေလိုက်တာ မောင်ကပဲ ပဲအပြည့်နဲ့ ထီးဆောင်းပြီး စက်ဘီးနင်းလာလို့တဲ့။

ကြည့်ပါဦး ...

သူများကိုပြောနေတာ အားမနာလျှာမကျိုး။

"ရှင် ... ရှင် ဘာစကားပြောတာလဲ"

"ဟာ ... ဘာပြောရမှာလဲ၊ ဝင်တိုက်တာက မင်းဝင်တိုက်





တာ၊ ဒီလောက်ထီးကြီးနဲ့ကွယ်ပြီး စက်ဘီးကို ဒယီးဒယိုင်နင်းလာ တာ ငါရှောင်တဲ့ဘက်ကို စက်ဘီးအတင်းကွေ့တော့ မတိုက်ဘဲနေပါ့ တော့မလား၊ မင်းကြောင့် ... ဒီမှာဘာဖြစ်သွားသလဲဆိုတာ မင်း ကြည့်လိုက်ဦး ... အိတ်လည်းတခြား လူလည်းတခြား၊ ဟောဒီမှာ ဘောင်းဘီဖင်ခွကြားလည်း ပြဲသွားပြီ ... မယုံရင် ဟောဒီမှာကြည့် လိုက်"

"ဟာ ... ဟာ ... ရှင် တမင်အကျင့်ယုတ်ပြီး မျက်နှာလာ ပြောင်မနေနဲ့နော်၊ ရှင့်ဟာရှင် ဘောင်းဘီပြဲယုံမကလို့ တခြား ဘာတွေပဲပြဲပြဲ ကျွန်မနဲ့လုံးဝမဆိုင်ဘူး၊ ဒီလောက်အော်နေတဲ့ကြား က ရှင် တမင်မဖယ်ပေးဘဲ သိသိကြီးနဲ့ဝင်တိုက်လို့ ကျွန်မစက်ဘီး သဲသွားတာ၊ ရှင် အခုလျော် ... ထီးလည်းကိုင်းပြုတ်တယ်၊ ဖိနပ် လည်း ပြတ်တယ်၊ စက်ဘီးကယ်ရီယာလည်း နပ်တစ်လုံးပြုတ်ထွက် သွားပြီ ... ကဲ ... ကျေးဇူးရှင် ဒီကိစ္စကို ရှင်ဘယ်လိုရှင်းမှာလဲ"

"တောက် ... ပြဿနာပဲကွာ ... ဟား ..."

"ဟာ ... ရှင် ... ရှင် ... တောက်မခေါက်နဲ့နော်"

"ဟေ့ ... ဟေ့ ... ဒီမှာ ... ဒီမှာ ငါ့ဟာငါ တောက်ခေါက် ချင်ခေါက်မယ်၊ မခေါက်ချင်မခေါက်ဘူး၊ အဲဒါ ... မင်း ငါ့ကိုဘာမှ ဝင်ပြောနေစရာမလိုဘူး၊ ဟွန်း ... ရုပ်ကလေးချောသလောက် စကားပြောတာလည်း မာသလားမမေးနဲ့ ..."

"ရှင်နော်"

"တောက် ... မိန်းကလေးတွေနဲ့ မပတ်သက်ချင်ဘူးဆိုမှ ကွာ ..."

"အောင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင့် မျက်တောင်ရှည်လေးတွေ ကော့တက်သွားရပြန်ပြီ။

"ရှင် ... ရှင် လူကိုစကားပြောတာ သေသေချာချာကြည့်ပြီးမှ စကားပြောနော် ... ရှင်က မိန်းကလေးတွေနဲ့ မပတ်သက်ချင်ဘူးပြောရအောင် ကျွန်မ ရှင်နဲ့အတင်းလိုက်ပတ်သက်ဖို့ ကြိုးစားနေလို့လား ... ကဲ ရှင် လျှော်မလား မလျှော်ဘူးလား တစ်ခွန်းတည်းပြော ... မလျှော်လို့ကတော့ ရှင့်နဖူးတည့်တည့်ကို ခဲနဲ့ထုပြီးသားပဲ"

မောင် ဖိုးဖိုးဇတ်ဇတ်နဲ့ ခဲတစ်လုံးကောက်ကိုင်ချိန်လိုက်တော့မှ ...

"မင်း ... မင်း ... တော်တော်စွာတဲ့ကောင်မလေးပဲ၊ မျက်နှာလေးက ဒီလောက်ချစ်ဖို့ကောင်းသလောက် ..."

"ဘာ ... ဘာပြောတယ်"

မောင် တကယ်ပဲ ခဲနဲ့ပိတ်ထုပစ်ချင်လာပြီ။

မောင့်ကိုများ မျက်နှာလေးက ဒီလောက်ချစ်ဖို့ကောင်းသလောက်တဲ့။

မောင် ဒေါပွနေတာ စိတ်ကို ဘယ်လိုမှ ထိန်းထားလို့မရ

"ဟော့ ... ဟော့ ... မင်းနော် ... ငါ့ကိုခဲနဲ့ထုလို့ကတော့ မင်း ပါးလေးကို ဖက်နမ်းပစ်လိုက်မှာနော်၊ မထုနဲ့ ... မင်းဘာလိုချင်သလဲဆိုတာပဲ ငါ့ကိုပြော ..."

"အောင်မယ် ..."

မောင့်ပါးလေးကိုတောင် ဖက်နမ်းပစ်လိုက်ဦးမတဲ့။

မောင့်တစ်ကိုယ်လုံး ဖျန်းခနဲတုန်ကာ ပါးပြင်လေးနှစ်ဖက်စလုံး ရဲတက်သွားပြီဆိုတာလည်း မောင်က သိလိုက်သည်။

"ရှင် ... ရှင် ..."





မောင် အသားတွေလည်း တဆတ်ဆတ်တုန်သည်။

ဒီလူ ဘယ်ကလာတဲ့လူလဲဟင်။ ဒီလူ့ကိုရပ်ကွက်ထဲမှာလည်း မောင် တစ်ခါမှ မမြင်ဘူးပါလား။

"ဟော့ ... ပြောလေကွာ၊ နှုတ်ခမ်းကြီးကိုက်ပြီးတော့ ငါ့ကိုကြည့်မနေနဲ့ ... မင်းကျေနပ်အောင် ငါဘာတွေ ပြန်လုပ်ပေးရမလဲဆိုတာပဲပြော ..."

"ထီးပြင်ခရယ်၊ ဖိနပ်ချုပ်ခရယ်၊ စက်ဘီးပြင်ခရယ် ရှင် ကျွန်မကို တစ်ခါတည်းပေးရမယ်"

"ဟွန်း ... ဒါလေးများ လွယ်လွယ်လေး၊ ပျက်သွားတဲ့ မင်းပစ္စည်းတွေအားလုံး ငါတစ်ခါတည်းပြင်ပေးမယ်၊ ဒါဆို ... မင်း ကျေနပ်တယ်မို့လား"

"ဟာ ... ရှင်ပြင်တတ်လို့ကတော့ ပြင်စမ်းပါ ... ပြင်စမ်းပါ"

"နေဦး ... ဘာတွေပြင်ရမလဲဆိုတာ ငါကြည့်လိုက်ဦးမယ်"

"ရော့ပ်"

"ဒေါင်း"

လဲကျနေတဲ့ စက်ဘီးကို မ,ယူကာ ကြည့်လိုက်တော့ ...

ဟွန်း ... လွယ်လွယ်လေး ဒီလောက်လေးကိုများ။

ထီးကလည်း ကိုင်းလေးတစ်ဖက် ပြုတ်သွားတာ။

ဖိနပ်ကလည်း သဲကြိုးတစ်ချောင်း ပြုတ်သွားတာ။

အေးဆေးပါ ... အေးဆေးပါ။

"ရတယ် ... ရတယ် ... မင်းခဏလေးပဲစောင့် ... ဟုတ်ပြီလား"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ခါးလေးထောက်ပြီး စွာနေတဲ့ ဟိုကောင်မလေး။

မျက်တောင်ရှည်ရှည်လေးတွေကို ကော့ကာ တအံ့တသြလေးငေးကြည့်လို့။ ဟွန်း ... ငေးကြည့်တာလည်း မပြောနဲ့လေ။ သူလွယ်လာတဲ့အိတ်ကြီးထဲကနေ ချင်ခနဲ ချွမ်ခနဲ အသံတွေမြည်သွားအောင် ဆွဲထုတ်ချလိုက်တဲ့ပစ္စည်းတွေက ငွင်းတွေ ဓွတွေ ပလာယာတွေနဲ့ ဆူးချွန်တွေ ကော်ဗူးတွေ ကြိုးတွေပဲ ဖြစ်နေတာလေ။

ဒါကို အံ့သြပြီး ကောင်မလေး ကြည့်နေတာပဲဖြစ်မှာပေါ့။

"ရှင် ... ရှင်နဲ့ ဒီပစ္စည်းတွေက ..."

"ဘာလဲ ... ဒါတွေမင်းမြင်လိုက်လို့ အံ့သြသွားတာလား၊ မအံ့သြပါနဲ့၊ ငါက စက်ဘီး ဆိုက်ကား ဆိုင်ကယ် ရေခဲသေတ္တာ၊ အဲလ်ကွန်း၊ ခါတ်ဗူးနဲ့ မီးဖိုပါမကျန် ပြင်စားလာတာ ... ရေပိုက်လည်းပြင်တယ်၊ ရေမော်တာလည်းပြင်တယ်၊ ကဲ ... ဘာဖြစ်လဲ၊ မင်းဟာတွေပျက်တာလောက်တော့ ဒီကကောင်က အေးဆေး ... အေးဆေး ... လုံးဝအေးဆေး သိလား ... ဟား ... ဟား"

"ဘုရားရေ ... ကြည့်စမ်း ..."

ဒီလူလုပ်နေတာကိုကြည့်ပြီး မောင် အံ့သြနေတာ မျက်တောင်ခပ်ဖို့တောင် သတိမရ။ ဒီလိုမျက်နှာ ဒီလိုအသားအရည် ဒီလိုကိုယ်လုံးကိုယ်ထည် မြင့်မြင့်မားမားလူတစ်ယောက်ဟာ ဒီလိုအလုပ်တွေ လုပ်စားနေတာတဲ့လား။

ဒီလူကိုလည်း ရပ်ကွက်ထဲမှာ မောင် တစ်ခါမှ မမြင်ဘူးခဲ့ပါ။

အိတ်ကြီးတစ်လုံးလွယ်ပြီး ဒီလူဘယ်က လာတာလဲ။

သူကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါ။





ကားလမ်းနဘေးက မြေကွက်လပ်ကျယ်မှာ သည်အတိုင်းပဲ ဖင်ချထိုင်ကာ ဖိနပ်ပြတ်သွားတာကိုလည်း ပြန်ဆက်ပေးသည်။ ထီးကိုင်းပြုတ်သွားတာကိုလည်း ပြန်ချုပ်ပေးသည်။ စက်ဘီးပျက်သွားတာလည်း တစ်ချက်တည်းကောင်းသွား၏။

"ရှင် ... ရှင် ..."

ဖိနပ်ကလေးကို စီးကြည့်ပြီးတော့ မောင် အံ့သြနေသည်။

စက်ဘီးပြင်လိုက်တာလည်း ခဏလေး၊ ထီးပြင်လိုက်တာလည်း လွယ်လွယ်လေး။ ဒါ ... ဒါဆို ဒီလူ သူပြောတဲ့အတိုင်း ဒါတွေလုပ်စားနေတာပေါ့။

"ရော့ ... ဒီမှာ မင်းစက်ဘီး ..."

"အို ... ကောင်းသွားပြီ"

"ရတယ်နော် ..."

"ရှင် ... ရှင် ..."

သူကတော့ ပြုံးပြုံးလေးလုပ်ပြီး နှုတ်ခမ်းကလေးကိုပါ မဲ့သည်။

"ဟွန်း ... မင်း ငါ့ကို မအံ့သြနဲ့သိလား၊ ငါက မြန်မာတစ်ပြည်လုံးကိုပတ်ပြီး ဒီအလုပ်တွေလုပ်စားလာတာ၊ အံ့တိုနေပြီ ... အခု ... နယ်မှာလုပ်ရကိုင်ရတာ မကောင်းလို့ ရန်ကုန်ကိုတစ်ယောက်တည်း တက်လာတာ၊ ကဲ ... ငါပြန်ပြင်ပေးတာ မင်းကျေနပ်တယ်မို့လား"

"ကျေနပ်တယ် ... ကျေနပ်တယ် ..."

မောင့်အသံလေးက ငေါ့တူးတူးအသံလေးမို့ သူ ချာခနဲ လှည့်ကြည့်သည်။ သူ့အရပ်ကြီးက အရှည်ကြီးမို့ သူ့မျက်နှာကို မောင်



www.burmeseclassic.com

www.burmeseclassic.com



မနည်းပြန်မော့ကြည့်ရ၏။

"ကဲ ... ကျေနပ်ရင် နာမည်လေးတော့ ပြောခဲ့ ... "

"ဘာပြောတယ်"

"မင်း ... မင်းနာမည်လေ ... မင်းနာမည် ... ဒီရပ်ကွက်ထဲကို ငါ စရောက်လာတဲ့ခင်မင်မှု အမှတ်တရလေးနဲ့ မင်းနာမည်လေးကို သိချင်လို့ ငါမေးနေတာ"

မောင် ဒေါပွသွားရသလို။

မျက်နှာလေးကပါ ရဲတွတ်သွားရပြန်ပြီ။

"ရှင် ... ရှင် ... ဘာခင်မင်မှုအမှတ်တရလဲ၊ မျက်နှာပြောင်ပြောင်နဲ့ လူကိုရိသဲ့သဲ့လုပ်ဖို့တော့ ရှင် လုံးဝမစဉ်းစားနဲ့၊ ပါးကျွတ်ကျွတ်ကျိုးသွားမယ် နားလည်လား ... "

"မင်း ... မင်း ... ရုပ်ကလေးချောသလောက် အပေါက်ကလည်း တော်တော်ဆိုးတယ်နော်၊ ဒါလေးမေးမိတာ မျက်လုံးကြီးပြူး၊ နှုတ်ခမ်းကြီးကိုက်ပြီး ခုနှစ်အိမ်ကြား ရှစ်အိမ်ကြား အော်နေစရာလိုလား ... မင်းမခင်ချင်ရင် မခင်ချင်ဘူးလို့ ပြတ်ပြတ်သားသား ပြောလိုက် ... လူဆိုတာ သူကြင်မှာကိုယ်ကြင်ပဲ၊ ဒီကကောင်ကလည်း ဆောရီးပဲ ... "

"ကြည့်စမ်း ... "

သူကပဲ ပြောရတယ်ရှိသေး။ သူကြင်မှ ကိုယ်ကြင်တဲ့။

"ဒီမှာ ... ရှင်ကိုအော်တာ ပြိတ်တီမျက်နှာနဲ့ လူကိုမချိုမချဉ် လုပ်နေလို့အော်တာ၊ ဒီထက်ဆိုးလာရင် ဝီစီထုတ်ပြီး မှုတ်ကိုမှုတ်ပစ်လိုက်ဦးမယ်"

"ဟင် ... ဝီစီထုတ်ပြီး မှုတ်မယ် ဟုတ်လား ... ဘာဝီစီလဲ"





"အဲဒါ ... ရှင်မသိဘူးလားဟင်၊ မိန်းမအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်တွေပေးထားတဲ့ ဝီစီလေ ... ကျွန်မ အခုမှုတ်တာနဲ့ ရှင် အချုပ်ထဲရောက်ပြီ ... "

"ဟေ ... "

ဒီလောက်လေးမေးမိတာတောင် အကြီးအကျယ်ပြဿနာရှာချင်နေတဲ့ ကောင်မလေး။ ကိုယ်လုံးလေးက ဖူးဖူးတင်းတင်းလေးနဲ့။ မျက်နှာလေးက တအားစွဲမက်ဖို့ကောင်းနေပေမယ့် ခါးလေးထောက် ရန်တွေ့နေတာက စိတ်ပျက်ဖို့ ကောင်းလွန်းလှသည်။

ရပါတယ် ... မင်းလေး ဘယ်လောက်ပဲမာနကြီးကြီး

မင်းထီးရှည်ဆိုတဲ့ငါက လုံးဝဂရုမစိုက်ဘူးဆိုတာ မင်းယုံထား။

"ဟွန်း ... တော်ပါပြီ ... မင်းလို စွာပလန်တန် ထန်နေတဲ့ ကောင်မလေးတစ်ယောက်ကို ဆက်ပြီးတော့ စကားမပြောတာဘဲကောင်းတယ် ... သွားမယ် ... သွားမယ် ... "

"အမလေး ... သွားပါ ... သွားပါ ... ဟင်း ... ဟင်း"

တွေ့လား ... ထွက်သွားတာတောင် ကောင်းကောင်းထွက်မသွားဘဲ မောင် တစ်ကိုယ်လုံးကို မျက်လုံးကြီးပြူးပြီးတော့တောင် ကြည့်သွားသေးတာ။

အိတ်ကြီးတစ်လုံးလွယ်ပြီး ...

ဒီလူ ရပ်ကွက်ထဲကို ဘာလာလုပ်တာလဲ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"ဟယ် ... ဒီအိမ်လည်း မကြိုက်ဘူး ဟုတ်လား ... ကွိုင်ပဲ"

အိမ်ပွဲစားအပျိုကြီး ဒေါ်သူသူ စိတ်ပျက်သံကလေးဖြင့် ညည်းသည်။

"မင်းထီးရှည်ရယ် ... ဒီရပ်ကွက်ထဲမှာ ငှားမယ်ဆိုပြီး ဆိုင်းဘုတ်တင်ထားတဲ့အိမ်တွေလည်းကုန်ပြီ၊ လုံးချင်းတွေ နှစ်ခန်းတွဲတွေ ဆောက်လက်စ တိုက်ခန်းတွေပါမကျန်အောင် အန်တီမင်းကို လိုက်ပြထားတာလေ မင်းထီးရှည်ရဲ့ ... ဒါတွေလည်း မင်းက တစ်ခုမှ မကြိုက်ဘူးဆိုတော့ ... ဒုက္ခပါပဲ ..."

"ဟို ... ဟိုလေ အန်တီ ... စောစောက အန်တီနဲ့ကျွန်တော် ဖြတ်လျှောက်လာတဲ့လမ်းမှာ တွေ့ခဲ့တဲ့ နှစ်ခန်းတွဲပျဉ်ထောင်အိမ်လေးလေ ... အိမ်ရှေ့မှာ ရောင်စုံစက္ကူပန်းပင်ကလေးတွေ အုံ့ခဲနေအောင် စိုက်ထားတဲ့အိမ်ကလေးလေ ..."

"ဟင် ..."

သူဒီလိုပြောတော့ အိမ်ပွဲစား ဒေါ်သူသူ မျက်လုံးပြူးသွားသည်။





"အမလေး ... မင်းထီးရှည်ရယ် ... ဒီလောက်အခြေကြီး အနေကြီးအိမ်ကိုမှ မင်းကငှားချင်ရသေးတယ်၊ လခကလည်း များတဲ့အပြင် သွင်းရမှာလည်း တစ်နှစ်စာကြီးများတောင်၊ တစ်ခါတည်း သွင်းရမှာဆိုတော့ ... ဒီရပ်ကွက်ထဲမှာ လုံးဝမတန်လို့ မင်းကိုငှား မပေးတာ၊ မေ့လိုက် ... မေ့လိုက် ..."

နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်သလို မျက်နှာလေးကိုလည်း ရှုံ့နေအောင် အပျိုကြီးဒေါ်သူသူ မော့သည်။

ခေါင်းတခါခါနဲ့လည်း သူ့ဆန္ဒကို အပြတ်ပယ်ချ၏။

မင်းထီးရှည်ကတော့ ဒါကို ဖွဲ့မလျှော့ပါ။

"ဟိုလေ အန်တီ ... လခများတယ်ဆိုတော့ အိမ်ရှင်က ဘယ်လောက်တောင်ပြောနေလို့လဲ"

"ဟွန်း ... ခြောက်သောင်းတဲ့လေ၊ ခြောက်သောင်းတဲ့ ... တစ်နှစ်စာကို ခုနစ်သိန်းကျော်ကြီးများတောင် တစ်ခါတည်းပေးလိုက်ရမှာ၊ မင်းလို တိုလီမိုလီ စွယ်စုံပြင်သမားက ဒီလောက်များတဲ့ ငွေကို ဘယ်လိုလုပ် တစ်ခါတည်းပေးနိုင်မှာလဲ"

"ဟာ ... အန်တီ ... အဲဒါတော့ အန်တီမှားနေပြီ၊ ဒီရန်ကုန်ကို ထွက်မလာခင်ကတည်းက လိုတဲ့ငွေကို အပြည့်အစုံဖြစ်အောင် ကျွန်တော်ရှာခဲ့ပြီးသား ... လာပါအန်တီရာ၊ တစ်ခေါက်လောက်ပြန်လှည့်ပြီး အဲဒီအိမ်နေရာလေးကို သေသေချာချာ သွားကြည့်ရအောင်ပါ၊ နော် ... အန်တီနော် ... ကျွန်တော့်ကို ကူညီပါဗျာ"

"နောက်မှ နည်းတယ်များတယ် မင်းမပြောနဲ့နော်"

"မပြောဘူး အန်တီ ... လုံးဝ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တားလို့မှမရလည်း မင်းသဘောပဲ မင်းထီးရှည်၊ အရေးကြီးတာ မင်းတတ်နိုင်ရင်ပြီးတာပဲ၊ တစ်ခုပဲအရေးကြီးတာက အိမ်ရှင်က အရမ်းကပ်စေးနည်းတယ်၊ သူ့ပွဲခ မပေးရင် မင်းအိတ်ထဲက စိုက်ပြီး အန်တီ့ကို ပွဲခပေးရမယ် ... ဒါပဲ ... "

"ပေးမယ် အန်တီ ... လုံးဝမပူနဲ့"

"ကဲ ... ဒါဆိုလည်း မင်းလိုက်ခဲ့ ... "

ဒါနဲ့ပဲ ထိုအိမ်ကလေးရှေ့ကို ပြန်ရောက်သွားသည်။

"ဟဲ့ ... ခြံတံခါးမှာ သော့လေးချိတ်ထားလို့ပါလား"

"ဟို ... ဟိုမှာလေ အန်တီ ... ခြံတံခါးမှာ ခေါင်းလောင်းသေးသေးလေး ချိတ်ထားတယ်လေ၊ ဆွဲလိုက် ... ဆွဲလိုက်၊ ဟင်း ဟင်း ... "

"ချလွင် ... ချလွင် ... "

"မောင်ရေ ... အထဲမှာမောင်ရှိလားဟင် ... ရှိရင် ခြံတံခါးလေးဖွင့်ပါဦး မောင်ရဲ့ ... "

အန်တီသူသူက အိမ်ပွဲစားပီပီ အသံစာစာကလေးဖြင့် ပါးစပ်ကလည်းလှမ်းအော် ခြံတံခါးလေးမှာ ချိတ်ထားတဲ့ခေါင်းလောင်းလေးကိုလည်း အဆက်မပြတ်လေး ဆွဲလှုပ်လိုက်တော့ ခြံဝရောက်အောင် ပြေးထွက်လာတာ မူလတန်းကျောင်း ဆရာမလေး ချစ်သောမောင်ရယ်လေ။

"မောင်ရေ ... ဒီမှာလေ ... မောင်တို့အခန်းဘေးက လွတ်နေတဲ့အခန်းကလေးကို ငှားချင်လို့တဲ့ ... "

"လာပြီ ... အန်တီသူသူ ... လာပြီ ... လာပြီ ... "





"ဟင်း ... ဟင်း ... "

သူမလေးကိုကြည့်ပြီး မင်းထီးရှည် ရယ်ချင်နေတာ စိတ်ကိုဘယ်လိုမှ ထိန်းထားလို့မရ။ သို့သော် ... ရယ်ချင်နေသည့်စိတ်ကိုနည်းထိန်းပြီး ဟိုလိုလို ဒီလိုလိုနဲ့ မင်းထီးရှည် မသိချင်ဟန်ဆောင်နေလိုက်ရသည်။

ဒါတောင် အန်တီသူသူက သူ့ကိုလှည့်မေးလိုက်သေး၏။

"ဘယ်လိုလဲ မင်းထီးရှည် ... ဒါလေးကို မင်းကြိုက်တယ်နော်"

"ဟဲဟဲ ... သိပ်ကြိုက်တာပေါ့ အန်တီ ... "

သူ့အသံလေးက ဝမ်းသာအားရလေးနဲ့ အငမ်းမရဖြစ်နေတဲ့အသံလေး။ သူက ကြိုက်တယ်ဆိုတော့ အိမ်ပွဲစားအန်တီသူသူသဘောကျသွားပြီပေါ့။

"ကဲ မောင်ရေ ... ဒီက မင်းထီးရှည်ကတော့ မြင်လိုက်တာ သေးနဲ့တင် အရမ်း အရမ်းကို ကြိုက်နေပြီတဲ့ ... အန်တီသူသူက ကြိုက်ရင် တစ်လခြောက်သောင်းပေးရမယ်ဆိုပြီး ခေါ်လာတာလေ၊ ဟင်း ဟင်း ... မင်းကလည်း ကြိုက်မကြိုက် သေချာလေးတော့ ကြည့်ဦးနော် ... ဒီလို တောင့်တောင့်တင်းတင်းကလေးနဲ့ သပ်သပ်ရပ်ကလေးက ရပ်ကွက်ထဲမှာ အရမ်းရှားတယ်လေ၊ ဒါမျိုးလေး ရှာ မလွယ်ဘူး ... မလွယ်ဘူး ... "

"ဟင်း ဟင်း ... သိပါတယ် အန်တီ၊ သိလို့လည်း ကျွန်တော် အရမ်းကြိုက်သွားတာ၊ ဒီပုံစံမျိုးလေးရလို့ကတော့ တစ်လခြောက်သောင်းမပြောနဲ့ တစ်သိန်းပေးရလဲ လုံးဝတန်တယ် အန်တီ ... ကျွန်တော့်အတွက်ကတော့ လုံးဝ ဘဲရီးဗွတ်ပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် ဘာစကားပြောတာလဲ"

မောင် ဟိုလူ့ကို မြင်လိုက်တော့မှ ပိုဒေါပွသွားသည်။

ကြည့်ပါဦး ... သူပြောနေတာက ရှိသုံ့သုံ့နဲ့။

"ဟဲ ဟဲ ... ငါဘာပြောလို့လဲ ..."

တွေ့လား ... ဒီလူ ...

လူကိုကြည့်နေတာလည်း မချို့မချဉ်နဲ့။

"ရှင် ... ရှင် ... လမ်းမှာ ရှိသုံ့သုံ့ပြောခဲ့တာ အားမရလို့ အိမ်ရှေ့အထိ လိုက်လာပြီး ပြဿနာရှာတာပေါ့လေ ... လူကိုများ ခြောက်သောင်းပေးမလေး ဘာလေးနဲ့ ... ထီးပြင်ဖိနပ်ချုပ်သမား လို့ မပြောရအောင် ရှင်တော်တော် မျက်နှာပြောင်တဲ့လူပဲ"

"ဟယ် ... ကြည့်စမ်း ... မင်းက ထီးလည်းပြင်ပြီးတော့ ဖိနပ်ပါချုပ်တယ် ဟုတ်လား ... မောင် ... မောင်က ဒါကိုဘယ်လို လုပ်သိနေတာလဲ"

အန်တီသူသူ အံ့သြနေတာ မျက်တောင်တွေကော့ပျံလျှက်

"ဟာ ... သိတာပေါ့ ... အန်တီသူသူရယ်၊ စောစောက ဒီလူနဲ့မောင် လမ်းမှာစက်ဘီးနဲ့တိုက်မိပြီးတော့ ပြဿနာဖြစ်လ တာလေ၊ ခုလည်း မောင့်ကိုကြည့်ပြီး အရမ်းကြိုက်သလေး ဘာရီးပွ လေးနဲ့ ... ဒီလူ ... ဒီလူ တော်တော်အရှက်မရှိတဲ့လူ ..."

"မင်း ... မင်း ... အိုးမလုံ အံ့ပွင့်ပြီးတော့ ထင်ရာတေ လျှောက်ပြောမနေနဲ့၊ ငါပြောတာ တစ်လခြောက်သောင်းပေးရမ ဒီဘက်က အခန်းလေးကို အရမ်းကြိုက်တယ်လို့ပြောတာ ... မင်းလ စွာတေးလန်မလေးကို ကြိုက်ဖို့ဆိုတာ ဝေလာဝေး ... ဝေလာဝေ ဟင်း ဟင်း ..."





"ရှင် မျက်နှာမပြောင်နဲ့နော်"

ဆတ်ဆတ်ထိ မခံနိုင်အောင် ဒေါပွနေရတာ ချစ်သောမောင်

"မောင်ရယ် ... မင်းထီးရှည်ကို စိတ်မဆိုးပါနဲ့ အန်တီသူသူ တောင်းပန်ပါတယ် ... သူက ထီးပြင်ဖိနပ်ချုပ်သမားလည်း မဟုတ်ဘူး"

"အို ... ဘာလို့မဟုတ်ရမှာလဲ၊ စက်ဘီးနဲ့တိုက်မိပြီး ပျက်သွားတဲ့ ထီးနဲ့ဖိနပ်ကို ဒီလူကိုယ်တိုင် လမ်းဘေးမှာထိုင်ပြီး ပြင်ပေး ချုပ်ပေးသွားတဲ့ဥစ္စာ ... ဒီလူ ထီးပြင် ဖိနပ်ချုပ်သမားမှ ထီးပြင်ဖိနပ်ချုပ်သမားအစစ် ... ဒီလူလား ... ဒီအခန်းကို တစ်လခြောက်သောင်းပေးပြီးတော့ ငှားနိုင်မှာ ..."

"မင်း ... မင်းနော် ... လူကို စော်ကားချင်စော်ကား ငါ့အတနာကိုတော့ မစော်ကားနဲ့၊ ငါဟာငါ ထီးပြင်ဖိနပ်ချုပ်သမား ...လို့ ဘာကောင်ကြီးပဲဖြစ်ဖြစ် ဒီဘေးက လွတ်နေတဲ့အခန်းကို ကြိုက်လို့ငှားတာ၊ ခြောက်သောင်းမကလို့ ခြောက်သိန်းပဲပေးရ ပေးရ ငါငှားတယ် ... အဲဒါ ဘာဖြစ်လဲ ..."

"အမလေး ... တော်ပါတော့ မင်းထီးရှည်ရယ် ... မင်းလည်း ပြောနဲ့တော့၊ မောင်လည်းတော်ပြီ၊ မင်းတို့နှစ်ယောက် ရန်ဖြစ်နေ ...နဲ့ပဲ ငါက ကြားထဲက အချောင်ငတ်ရတော့မယ်၊ ကဲ ... ကဲ ... ဖွင့် ခြံတံခါးလေးပဲ ဖွင့်လိုက် ..."

"ဟာ ... မကြည့်နဲ့တော့ အန်တီသူသူ ... ဒီလူ့ကိုငှားမယ် ဆိုရင် မောင်သဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



မောင် စိတ်ပျက်လက်ပျက်လေးနဲ့ ခေါင်းကလေးကိုပဲ ခါ
ယမ်းနေမိသည်။ ဒါကို အန်တီသူသူက ...

"မောင်ရယ် ... မောင်တို့အိမ်ရှင် အန်ကယ်ဦးငွေတိုးကြီး
အကြောင်းကိုလည်း မောင်သိရဲ့သားနဲ့ ... တစ်လခြောက်သောင်း
ပေးလို့ကတော့ ထီးပြင်ဖိနပ်ချုပ်သမားမကလို့ ဘာကောင်ကြီးပဲ
လာလာ ငွေမြင်တာနဲ့ ငမ်းငမ်းတက်ငှားတော့မှာ"

"စိတ်ညစ်လိုက်တာ အန်တီသူသူရယ် ... ဒုက္ခပါပဲ၊ ဒီလူသာ
ဒီအခန်းကို ငှားဖြစ်သွားရင် မောင့်ကိုနှောက်ယှက်တော့မှာ သေ
ချာတယ် ... အန်တီသူသူရဲ့ ..."

"ကောင်မလေးကွာ ... ငါကပဲ မင်းလေးကိုနှောက်ယှက်
ဦးမတဲ့ ... ဒီမှာ မျက်နှာကို သေသေချာချာကြည့်ထား၊ မိန်းမဆိုရင်
ဘယ်လိုမိန်းမမျိုးမှ မပတ်သက်ချင်တော့လို့ အိတ်တစ်လုံးဆွဲပြီး ငါ
သိုင်းချောင်းရေကြည်အသုတ်ကနေ ရန်ကုန်ကို တစ်ယောက်တည်း
ထွက်လာခဲ့တာကွ နားလည်လား ... ငှားဖြစ်သွားလို့ အခန်းချင်း
ကပ်ပြီး အတူတူနေရမယ်ဆိုရင်တောင် ဟွန်း ... မေးတစ်ခွန်းခေါ်
တစ်ခွန်းပဲ ... ငါနဲ့ပတ်သက်ဖို့ဆိုတာ မင်းလုံးဝ မစဉ်းစားနဲ့ ..."

"အောင်မယ် ... အောင်မယ် ..."

မောင် ဖျတ်ခနဲ ခါးလေးထောက်ကာ ဇွေ့ဇွေ့ခုန်သွားရပြီ
သူကပဲ ပြောရတယ်ရှိသေး။

မိန်းမတွေကို မုန်းသတဲ့။

အတူတူနေရင်လည်း မေးတစ်ခွန်း ခေါ်တစ်ခွန်းတဲ့။

"ဒီမှာ ရှင့်လို ထီးစုတ် ဖိနပ်စုတ်ပြင်သမား တစ်ယောက်ကို





စ်သောမောင်လို ကောင်မလေးတစ်ယောက်က ရှုပ်ရှုပ်ယှက်
က်လာပတ်သက်မယ်လို့များ ရှင် ထင်နေလို့လား ... ဟွန်း ...
းသေးတယ် နားလည်လား ... ရှင် အခုချက်ချင်း ခြံရှေ့ကနေ
န်လှည့်ထွက်သွား ..."

"မင်းထီးရှည်ရယ် ... မောင့်ကိုမှ မခံချင်အောင် မင်းသွား
ပြောနေပြန်ပြီ၊ မောင်ကလည်း ငယ်ငယ်လေးကတည်းက သူ့အဖေ
ို စိတ်နာပြီးတော့ ယောက်ျားလေးတွေနဲ့ ကင်းကင်းရှင်းရှင်းနေ
ာတာလေ၊ မောင်ဆိုရင် တစ်ရပ်ကွက်လုံးက မော့မကြည့်ရဲ
အောင် လန့်ပြီးသား ..."

"ဟွန်း ... ကျွန်တော်ကလည်း အဲလို စွာပလန်တန်မလေး
တွေနဲ့တွေ့ရင် အသည်းတွေယားပြီး ရင်ထဲမှာ ကျလိ ကျလိဖြစ်လာ
ို့ ပြောမိတာ၊ ရတယ် အန်တီ ... ခုတော့ ကျွန်တော်ဆုံးဖြတ်လိုက်
ပြီ ဘယ်လောက်ပဲပေးရ ပေးရ အရှုံးတိုက်ပြီးတော့ကို ဒီအခန်းကို
ျွန်တော်ရအောင်ငှားမယ် ... ဟောဒီခြံရှေ့မှာကို ထီးပြင်ဖိနပ်ပြင်
ိုင် ဖွင့်ပြလိုက်ဦးမယ်

"ဟင် ... မင်းပြောတော့ အဲလ်ကွန်းတို့ ရေခဲသေတ္တာတို့
ပြင်တဲ့ဆိုင်ဖွင့်မှာဆို ... ဒုက္ခပါပဲ ..."

"ကြား ... ကြားတယ်နော် အန်တီသူသူ ... ဒီလူပြောနေတာ
အန်တီသူသူ ကြားတယ်နော်"

"ကြားတယ် ... ကြားတယ် ..."

"ကဲပါ ... အန်တီသူသူရယ် ... ရှုပ်ပါတယ်၊ အိမ်ထဲလည်း
ျွန်တော်ဝင်မကြည့်တော့ဘူး၊ အိမ်ရှင်ဆီကိုသွားပြီး တစ်နှစ်စာ
ပြတ်ပေးပြီး စာချုပ်လိုက်တာ အကောင်းဆုံးပဲ ... သူကပဲ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေကို မုန်းနိုင်မလား၊ ကျွန်တော်ကပဲ မိန်းမတွေကို မုန်းနိုင်မလားဆိုတာ …”

“ရှင် … ရှင်လိုလူမျိုး တစ်နှစ်စာမကဘူး ဆယ်နှစ်စာ တစ်ခါတည်းပေးချုပ်လိုက်လည်း မောင် ရှင့်ကို လုံးဝဂရုမစိုက်ဘူး၊ အမေနဲ့သမီး နှစ်ယောက်ထဲနေတဲ့ ဘေးအခန်းမှာလာပြီး ရုတ်ရုတ် ရုတ်ရုတ်လုပ်လို့ကတော့ ရှင် ဂုတ်ဂုတ်ဂုတ်ဂုတ်ဖြစ်ပြီသာမှတ်၊ နာမည်လည်းမှတ်ထားလိုက်ဦး … ကျွန်မနာမည် ချစ်သောမောင် …”

“အေး … ငါကလည်း မင်းထီးရှည်၊ မင်းတွေဆောင်းတဲ့ ထီးထက်တောင် ပိုပြီးတော့ရှည်တဲ့ မင်းထီးရှည် …”

“ဟွန်း … အမလေး … အမလေး … မိန်းမတွေထက်တောင် ပိုစွာတတ်နေပါလားနော် … ဒုက္ခပါပဲ …”

“ဟင်း … ဟင်း …”

ဒါနဲ့ပဲ အိမ်ရှင် ဦးငွေတိုးဆီ ရောက်သွားတော့ …

ပြောရဆိုရ စာချုပ်ရတာ လုံးဝအဆင်ပြေပါသည်။

“ဦးတောင်းတဲ့စိတ်ကြိုက်ဈေးကို မောင်ရင်က ပေးတာဆိုတော့ ခြံရှေ့မှာ မောင်ရင်ဘာဆိုင်ဖွင့်မလဲ၊ ကြိုက်တဲ့ဆိုင်ဖွင့်၊ ဦး သဘောတူတယ် … မောင်ရင်က ကိုယ်တတ်ထားတဲ့ပညာလေးနဲ့ ရိုးရိုးသားသား စီးပွားရှာတာ ဦးဘာမှပြောစရာအကြောင်းမရှိဘူး ဦး တစ်ခုပဲမှာချင်တာက ဘေးခန်းက ချစ်သောမောင်တို့သားအမိ နှစ်ယောက်ကိုတော့ ကိုယ့်ဆွေမျိုးသားချင်းထဲကလို သဘောထားပြီး စောင့်ရှောက်စေချင်တယ် … သူက မူလတန်းကျောင်းဆရာမလေးလုပ်နေသလို၊ အခုခေတ်စားနေတဲ့ စာရေးဆရာမလေးလုပ်ဖို့ ကြိုးစားနေတာလေ …”





“ဗျာ … ချစ်သောမောင်က စာရေးဆရာမလေးလုပ်ချင်တာ”

ဒီအချက်ကိုတော့ သူအံ့သြခဲ့ရသလို စာချုပ်ပြီးပြန်လာတဲ့ လမ်းတစ်လျှောက်မှာလည်း သူတစ်ယောက်တည်း ပြုံးလာခဲ့မိ၏။

ဘယ်ဆိုးလို့လဲဟင် …

ဒီချစ်သောမောင်ဆိုတဲ့ ကောင်မလေး …

အိမ်ကလည်း ငှားပြီးပြီဆိုတော့ ခြံတံခါးချိတ်ကလေးကို ကိုယ့်ဟာကိုယ်ပဲ တစ်ယောက်တည်းဖွင့်၊ အိမ်ရှေ့လှေကားကနေ အိမ်ပေါ်ကို ကိုယ့်ဟာကိုယ်ပဲ တစ်ယောက်တည်းတက်ကာ ပခုံးထက်မှာ တစ်ချိန်လုံးလွယ်ထားရတဲ့ အိတ်ကြီးကို အိမ်ရှေ့ကြမ်းခင်းမှာ ဘုန်းခနဲ ပစ်ချလိုက်တော့ …

“ဟာ … ကြည့်စမ်း … ရှင် … ရှင် … အသံမပေး ဘာမပေးနဲ့ သူခိုးကျင့်သူခိုးကြံ ကြံမလို့ ကျွန်မအခန်းဘက်ကို လာချောင်းနေတာလားဟင် … ရှင် ငှားလိုက်ပြီလား … ဟိုဘက်အခန်းကို မတန်တဆပေးပြီး ရှင် ငှားလိုက်ပြီလား …”

“ဟုတ်တယ် … အခုပဲ အိမ်ရှင် ဦးငွေတိုးနဲ့ နှစ်ဦးသဘောတူ စာချုပ် အခုပဲချုပ်လာတာ၊ ဟူး … မောလိုက်တာ၊ ငါ့ကို ရေတစ်ခွက်လောက် တိုက်စမ်းပါ”

ကိုယ့်လက်ဖဝါးလေးကိုဖြန့်ကာ ကိုယ့်ဟာကိုယ်ပြန်ယပ်ခတ်သလို လုပ်လိုက်ပြီး ချစ်သောမောင် အခန်းဝက ဆက်တီခုံလေးမှာ စကားရောဖောရောလေးနဲ့ ဟိုလိုလို ဒီလိုလိုလုပ်ကာ ခပ်တည်တည်ဝင်ထိုင်လိုက်တော့ ချစ်သောမောင်တစ်ယောက် ချက်လုံးကြီးပြူးသွားပြီး တအားကျူးအော်လိုက်တဲ့အသံက ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲမှာ အနုကြမ်းအစီးခံနေရလို့ အော်လိုက်တဲ့အသံမျိုး။

"အမလေး ... အမလေး ... လာကြပါဦး ... လာကြပါဦး"

"ဟာ ... ဟာ ... မင်းဘာဖြစ်လို့ အသံပြဲကြီးနဲ့ စွတ်အော်နေတာလဲ၊ ပြဿနာပဲကွာ ... ကွိုင်ပဲ ..."

သူ့မှာတော့ ခုံမှာပဲ ဆက်ထိုင်ရတော့မလိုလို။

ထပဲ ထွက်ပြေးရတော့မလိုလိုနဲ့ ...

"ဟာ ... မအော်လို့ရမလား၊ မအော်လို့ရမလား ... ရှင်က ကျုူးကျူးကျော်ကျော် စော်စော်ကားကားနဲ့ သူများအခန်းဘက်မှာ ပိုင်စိုးပိုင်နင်း ဝင်ထိုင်နေတာလေ၊ ကြည့်ပါဦး ... တစ်သက်လုံးက ခင်လာတဲ့မိတ်ဆွေအပေါင်းအသင်းတွေကျနေတာပဲ ... သိဟောင်းကျွမ်းဟောင်းတွေလိုလို ဘာလိုလိုနဲ့ မရဘူး ... ရှင် အခုချက်ချင်း ပြန်ထမလား မထဘူးလားဆိုတာ တစ်ခွန်းတည်းပြော ..."

မောင် အပြတ်ဟောက်ကာ မောင်းထုတ်သည်။

သူကတော့ မျက်နှာထားတည်တည်လေးနဲ့ သူ့မှာ ဘာအပြစ်မှမရှိတဲ့ ဒီဇိုင်းမျိုးနဲ့။

"မောင်ရာ ... မင်းနဲ့ငါက ရန်သူတွေလားကွာ"

အောင်မယ် ... ကြည့်စမ်း ...

ခေါ်လိုက်တာလည်း မောင်တဲ့ ...

ခေါ်စရာလားဟင် ... တစ်သက်လုံး ရင်းနှီးလာတဲ့လူတွေ ခေါ်သလို မောင့်ကို မောင်လို ခေါ်စရာလား။

"ရှင် ... ရှင် ... ကျွန်မကို မောင်လို့မခေါ်နဲ့"

"မောင်ရာ ... မာနမကြီးစမ်းပါနဲ့ကွာ၊ မောင့်ကို မောင်လို့ ခေါ်ကြည့်တာ ခင်မင်မှု အမှတ်တရလေးနဲ့ ခေါ်ကြည့်တာလေ"





"ဟာ ... မခေါ်နဲ့ ... မခေါ်နဲ့၊ ကျွန်မနဲ့ မရင်းနှီးဘဲ ရှင် ... ကျွန်မကို မောင်လို့ ဘယ်တော့မှမခေါ်နဲ့၊ ရှင်နဲ့လည်း ကျွန်မ မပတ်သက်ချင်ဘူး"

"မောင်ရာ ... စောစောကဖြစ်ခဲ့တဲ့ရန်ပွဲတွေကို မင်းမေ့လိုက်ပါကွာ၊ အခု ... မင်းတို့ငါတို့က ရှေးဘဝက ရေစက်ပါလာလို့ ဒီဘဝမှာ အခန်းချင်းကပ်လျှက်လေးမှာ လာဆုံနေကြပြီပဲဥစ္စာ၊ ဟိုဘဝတုန်းက အတူတူရေစက်ချခဲ့ဖူးလို့ ဒီဘဝမှာ လာပြန်တွေ့ကြတာလေ"

"အမလေး ... မလိုဘူး၊ ရေစက်တွေ ရေခွက်တွေ ရှင်ဘာမှ လာပြောနေစရာ အကြောင်းမရှိဘူး ... ရှင် ဒီအခန်းမှာ အေးအေးဆေးဆေးနေချင်တယ်ဆိုရင် ကျွန်မတို့အခန်းဘက်ကို ရှင်ပတ်သက်ဖို့ လုံးဝမကြိုးစားနဲ့၊ ရှင် အခု ရေသောက်ချင်တယ်မို့လား ... လမ်းမပေါ်က ကုက္ကိုပင်အောက်မှာ ရေအိုးစင်ရှိတယ် ... အဲဒီမှာသွားသောက်"

မောင်ကတော့ အပြတ်ပဲ။

ဒီလူ ဟိုလိုလို ဒီလိုလိုနဲ့ အရောဝင်လာတာကိုလည်း မောင် လက်မခံနိုင်ပါဘူး။ အမိကက မောင်ယောကျ်ားလေးတွေနဲ့ မပတ်သက်ချင်တာ။ ပြီးတော့ ... ဒီနေ့က မောင် စာသင်နေတဲ့ကျောင်းလေးလည်း ပိတ်ထားသလို မေမေကလည်း ရပ်ကွက်မွှာရုံမှာ ဥပုသ် သွားစောင့်နေတာလေ။

ညနေသုံးနာရီလောက်မှ ရပ်ကွက်မွှာရုံကနေ ဆိုက်ကားကလေးနဲ့ မေမေကပြန်လာတော့မှာ။ ဘာပဲပြောပြော ဒီလူ့ကို မောင် လက်ခံစကားပြောဖို့ဆိုတာ မဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ် မောင်းထုတ်ပစ်လိုက်တာပဲ ကောင်းတယ်။

"ကျွန်မ ... ကျွန်မပြောတာ ရှင်ကြားတယ်နော် ဦးမင်းထီးရှည်"

"ကြားတယ် ... ကြားတယ် ... ငါကြည့်နေတာ မင်းတို့အိမ်နံရံမှာချိတ်ထားတဲ့ ဓါတ်ပုံကြီးကို စိတ်ဝင်စားလို့ကြည့်နေတာ ... ဘာလဲဟင် အဲဒီဓါတ်ပုံထဲက အန်တီကြီးက မင်းမေမေလား"

"ဟာ ... ရှင် မစပ်စုနဲ့လေ"

ဒီလူ ဘယ်လိုလူလဲ။

မဆက်ဆံချင်လို့ ခပ်ပြတ်ပြတ်မောင်းထုတ်နေတာလည်း မသွား။ မသွားတဲ့အပြင် မတ်တတ်ထရပ်ကာ အိမ်ရှေ့ခန်းမှာရှိနေသည့် ဓါတ်ပုံတွေပစ္စည်းတွေကိုပါ ဟိုဟာကောက်ကိုင် ကြည့်လိုက်၊ ဒီဟာကောက်ကိုင်ကြည့်လိုက် လုပ်နေတော့ မောင်ပိုပြီးတော့တောင် ဒေါကန်သွားသည်။

"ဟာ ... မကိုင်နဲ့နော် ... မကိုင်နဲ့ ... "

ကြည့်စမ်း ...

သည်တစ်ခါ သူကောက်ကိုင်ကြည့်လိုက်တာ ရှိုးကေ့စ်လေးပေါ်မှာ ဒေါက်ကလေးနဲ့ ထောက်တင်ထားတဲ့ မောင့်ဓါတ်ပုံဟောင်းကလေး။

သွားပါပြီ ...

ဒီလူ ဆတ်ခနဲ ကောက်ကိုင်ကြည့်နေပြီ။

"ဟာ ... ဒီဓါတ်ပုံလေးက မင်းငယ်ငယ်က ရိုက်ထားတဲ့ ဓါတ်ပုံလေးလားဟင် မောင် ... ဂါဝန်လေးနဲ့ရိုက်ထားတာ တကယ်ချစ်ဖို့ကောင်းတယ်သိလား ... ဒီဓါတ်ပုံလေး ငါ့ကိုပေးမလား"





"ဘာပြောတယ်"

မောင် ထခုန်မိတော့မတတ် ပေါက်ကွဲသွားသည်။

"ရှင်ကများ ရာရာစစ ဓါတ်ပုံပေးမလားလေး ဘာလေးနဲ့ ရှင်တော်တော် တရားလွန်နေပြီသိလား ... ရှင် ရိသဲ့သဲ့လုပ်နေတာလည်း ကျွန်မ ခွင့်မလွှတ်နိုင်တော့ဘူး၊ ရှင် အခုထွက်သွား ... "

မောင် မျက်နှာထားတင်းတင်းလေးနဲ့ မောင်းထုတ်တော့မှ။

"မောင်ရာ ... မင်းဘာလို့ ငါ့ကိုဒီလောက်တောင် ဖွတ်ပေါက်နေတာလဲကွာ ... ငါက ... မင်းပုံစံလေးကို သဘောကျလို့ ကြည့်နေတာပါ"

"မကျနဲ့ ... မကျနဲ့ ... ရှင်သဘောကျစရာအကြောင်း ရှင်နဲ့ကျွန်မနဲ့ကြားမှာ ဘာမှမရှိဘူး။ နောက်လည်း ကျွန်မတို့အခန်းဘက်ကို ရှင် လုံးဝမလာနဲ့ ... "

မောင် ... ဒီလူနဲ့စကားပြောနေရတာလည်း လိပ်ပြာမလုံ။

တစ်အိမ်လုံးမှာ ဒီလူနဲ့မောင် နှစ်ယောက်တည်းရှိနေတဲ့ဥစ္စာ။

"ဟာ ... အဲဒါ မင်းတကယ်ပြောတာ ... "

"ဟာ ... တကယ်ပြောနေတာလေ ဦးမင်းထီးရှည်ရဲ့ ... နောက်ဆိုရင် ဒီဘက်အခန်းနဲ့ ရှင် လုံးဝလာမပတ်သက်ပါနဲ့၊ ရှင်တို့ယောက်ျားတွေကို ကျွန်မ မုန်းတယ် ... "

"ဟွန်း ... ရပါတယ် ချစ်သောမောင် ... ငါက ဘုဘောက်နဲ့စခဲ့တဲ့ဇာတ်လမ်းလေးကို အဆုံးသတ်ပြီး ခင်မင်ရင်းနှီးမှုဆိုတဲ့ အမှတ်တရ သစ်ပင်လေးကို ပျော်ပျော်ရွှင်ရွှင်လေး စိုက်ချင်ခဲ့တာပါ"

"ဟင်း ... ဟင်း ... ရှင် ဒီမှာလာပြီး အပြောကောင်းမနေနဲ့ ဘယ်သူက ရှင်နဲ့ရင်းနှီးချင်တယ်ပြောလို့ ရှင်က အိပ်စ်တန်းရှင်းတိုး



www.burmeseclassic.com

www.burmeseclassic.com



ပို့ကြိုးစားနေရတာလဲ၊ ဒီမှာ ... နောက်ဆုံးအနေနဲ့ ရှင့်ကို တစ်ခုပဲ ပြောလိုက်မယ်၊ နောက် ... ဘယ်တော့မှ ကျွန်မဆီက ခင်မင်မှုတွေကို ရှင်မမျှော်လင့်နဲ့ ... ရှင်တို့ယောကျ်ားတွေကို လုံးဝအပြတ် အသတ် ကျွန်မ မုန်းတယ်"

မောင် ပြောလိုက်တာလည်း ရင်ထဲမှာရှိနေတဲ့အကိုင်း နာနာကျင်ကျင် ခါးခါးသီးသီးကလေး ပြောလိုက်မိတာပါ။

ဒါကိုလည်း သူက နှုတ်ခမ်းလေးမဲ့ကြည့်ကာ ...

"ဟွန်း ... ငါကတော့ အမုန်းတွေနဲ့ သံသရာလည်နေမှာ ကြောက်လို့ အလံဖြူလေးပြဖို့ ကြိုးစားလိုက်မိတာလေ၊ ဒါကိုမှ မင်း လက်မခံနိုင်ဘူးဆိုလည်း မင်းသဘောအတိုင်းပဲပေါ့၊ ရပါတယ် ... မင်းကိုလည်း ဒီနေ့ကစပြီး ငါနားလည်အောင် ကြိုးစားကြည့်ပါ့မယ်၊ ကဲ ... ဘယ်မှာလည်း ဟိုဘက်အခန်းသော့ ... "

"ဒီမှာပါ ... ဒီမှာပါ ... ဟင်း ... ဟင်း ... "

အထုတ်အိတ်ကြီးမကာ ဟိုဘက်ခန်းထဲကို သူ ဝင်သွားသည်။

သည်တော့မှ ပါးလေးနှစ်ဖက် ချိုင့်ဝင်သွားအောင် ခပ်မဲ့မဲ့ လေးပြုံးလိုက်မိတာ ချစ်သောမောင်ပဲပေါ့။ မောင့်အတွက် တစ်ခုပဲ ထူးဆန်းနေတာက ...

ဒီလူ ဘာရည်ရွယ်ချက်နဲ့ ဒီအခန်းကို ငှားလိုက်သလဲဆိုတာ။

ပြောရရင် ... ဒီလူ ရိုးသားရဲ့လား။

အခန်း ( ၃ )

"ချစ်သောမောင်"

"ဟင် ... မေမေ ... ပြောလေ ... "

"ကောင်လေးနာမည်က ဘယ်သူ ... "

တွေ့လား ... ဒီလောက်ပြောထားတာတောင် ဒီနာမည်ကိုပဲ စိတ်ဝင်စားပြီး မေမေ ခဏခဏပြန်မေးနေတာ မောင်ဖြေနေရတာ စိတ်ရှည်ပါတော့မလား။

"မေမေရာ ... မေမေ ဘာလို့ ဒီနာမည်ကိုပဲ ခဏခဏမေးနေရတာလဲ"

"ဟဲ့ ... သိချင်လို့မေးတာလေ ... "

"မင်းထီးရှည် ... မင်းထီးရှည် ... မင်းတွေဆောင်းတဲ့ထီး ထက်တောင် ပိုပြီးတော့ရှည်တဲ့ မင်းထီးရှည် ... ကဲ ... မှတ်မိပြီလား"

မောင် နှုတ်ခမ်းလေးမဲ့ကာ ဆောင့်ဆောင့်အောင့်အောင့် လေးပဲ ဖြေမိသည်။ မောင်နဲ့ မေမေ နှစ်ယောက်တည်းနေပြီး မတည့်တာလည်း အဲဒါ။

စိုးလပြည့်တဝေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးမီးဖိုခန်းထဲမှာ မောင်ကြို့ကြို့လေးထိုင်ကာ ဂုန်စွန်းရွက်တွေကို တဖြောက်ဖြောက်ချွေရင်း ပလတ်စတစ်ခြင်းကလေးထဲကို ပစ်ထည့်လိုက် မေမေ မေးတာကိုဖြေလိုက်နှင့် စိတ်ကလည်း တိုနေမိ၏။

"ကောင် ... ကောင်လေးက ရုပ်ရည်ကလေးတော့ သန့်တယ်နော် မောင် ... မေမေကိုလည်း မြင်လိုက်တာနဲ့ လှမ်းလှမ်းကြည့်ပြီးတော့ ပြုံးပြုံးပြတယ်သိလား"

"ဟာ ... မေမေနော် ... သူပြုံးပြတိုင်း မေမေ ပြန်မပြုံးပြနဲ့နော်"

"ဟင် ... ဘာဖြစ်လို့လဲ ..."

"မေမေ သိလို့လား၊ အဲဒီလူက ထီးလည်းပြင်တယ်၊ ဖိနပ်လည်းချုပ်တယ် ..."

"ဟယ် ... ကြည့်စမ်း ..."

မေမေ အံ့သြနေတာ မျက်တောင်တွေပါ ကော့သွားသည်။

"မောင်နော် ... မဟုတ်ဘဲနဲ့ ..."

"အို ... ဘာလို့မဟုတ်ရမှာလဲ"

"လူတစ်ဖက်သားကို မောင့်လောက် မှိုချိုးမှိုစ်ချိုးပြောတာလည်းမောင်ပဲ ... ဒီလိုရုပ်ရည်သန့်သန့်လေးလား ထီးပြင်ဖိနပ်ချုပ်စားမှာ"

"မေမေရာ ... မေမေမသိဘဲနဲ့ ဘာလို့ဟိုဘက်က လိုက်ပြီးပြောနေရတာလဲ"

"ဟဲ့ ... ငါပြောတာ လိုက်ပြီးတော့ပြောတာ မဟုတ်ဘူးလေ၊ မနက်က ခြံထောင့်က မယ်တော်စင်အစပ်ကလေးမှာ အမွေးတိုင်ထွန်းရင်း မေမေမြင်လိုက်တာ အဲဒီမင်းထီးရှည်ဆိုတဲ့ကောင်လေးက အရပ်မြင့်မြင့်ကလေးနဲ့ ဖြူဖြူသန့်သန့်ကလေး ... မျက်ခုံးတန်းကြီးနှစ်ခုကလည်း ထူပိတ်ပြီးတော့ စိမ်းနေတာ၊ ဒီရုပ်လား ထီးပြင်ဖိနပ်ချုပ်သမားလုပ်မှာ ... မဟုတ်တာတွေလျှောက်မပြောနဲ့ ..."

"ဟွန်း ... တွေ့လား အဲဒီမေမေ ..."

မောင် ကန်စွန်းရွက်စည်းကို လက်ကပစ်ချလိုက်မိတဲ့အထိ စိတ်ကတိုသွားသည်။ မေမေ့ကိုလည်း မျက်စောင်းစူးစူးကလေး ဒိုင်းခနဲ ထိုးမိ၏။

"အဲဒါကြောင့် မသိဘဲနဲ့ မပြောနဲ့လို့ မေမေ့ကိုမောင်တားနေတာ ... မနေ့ကတည်းက ဒီလူနဲ့မောင် လမ်းမှာ ပြဿနာဖြစ်လာတာလေ ..."

"ဟင် ..."

"မောင်နဲ့ဒီလူ လမ်းမှာ စက်ဘီးနဲ့မတော်တဆ တိုက်မိပြီးတော့ ပြဿနာဖြစ်တာ၊ အဲဒါ ... မောင်က စက်ဘီးဘဲလ်တီးနေတာတောင် ဒီလူမရှောင်လို့ သူ့ကိုတည့်တည့်ကြီး တိုက်မိသွားတာ"

"ကြည့်စမ်း ... ပြဿနာမဖြစ်နဲ့ ဖြစ်လိုက်ရင် ညည်းထိပ်ဆုံးက ..."

ဘယ်တော့မဆို မောင့်ကိုပဲ အပြစ်တင်တတ်တာ မေမေ့ရဲ့အကျင့်။

"ဟာ ... မောင်ကစပြီး ဝင်တိုက်တာ မဟုတ်ဘူးလို့ မေမေ့ကိုမောင်ပြောနေတာလေ ... သူ ဘာဖြစ်လို့ မောင်ရှောင်တဲ့ဘက်







www.burmeseclassic.com

www.burmeseclassic.com



ကို တည့်တည့်ဝင်တိုးလဲ ... ဟော ... တိုက်လည်း တိုက်မိသွားရော ဖိနပ်လည်းပြုတ် ထီးကိုင်းလည်းပြုတ် ... "

မောင် စိတ်တိုတိုနဲ့ ကန်စွန်းရွက်ချွေတာ အရိုးအရင့်တွေလည်းပါလို့ပါ။ အရွက်တွေချွေတာလည်း မညီမညာဖြစ်လိုဖြစ်နဲ့။ မေမေနဲ့က ဘာအကြောင်းမေးပဲ ပြောလိုက် ပြောလိုက် အမြဲဒီအတိုင်း။

တစ်ခေါက် ရှင်းပြလည်းမရ ...

နှစ်ခေါက်ရှင်းပြလည်း မရနဲ့။ နောက်ဆုံးကျတော့ ရန်ဖြစ်ရော။

ဒီအိမ်ကလေးထဲမှာ အမေနဲ့မောင် နှစ်ယောက်တည်းနေပေလို့။ ပြီးတော့လည်း ... မောင်က ယောကျ်ားလေးတစ်ယောက်လို ဆံပင်လေးကို တိုတိုလေးညှပ်ပြီး နေတာလည်း မေမေက ကြည့်လို့မရ။

ဒါနဲ့ပဲ ... အရှည်ထားခဲ့ရတာ။

မောင်ကတော့ မောင့်ခံစားချက်လေးနဲ့မောင်။

အဓိကအချက်က မိန်းကလေးလိုနေပြီး မိန်းကလေးလို မပြောချင်တာ။ မေမေကတော့ ရိုးရိုးရှင်းရှင်း မောင့်နာမည်လေးကို ပေးခဲ့တာတောင် ချစ်သောမောင်တဲ့။ အဲဒီလောက်ထိ မေမေ အသည်းနုခဲ့တာ။

"အို ... ဒါဆို ဟိုတလောကပဲ ဝယ်ထားတဲ့ဖိနပ်အသစ်လေး ဘာမှမစီးလိုက်ဘဲ ပြတ်သွားပြန်ပြီပေါ့ ... "

မေမေပြောနေတာ မောင့်ကို အပြစ်တင်နေတဲ့လေသံ။





"ဟာ ... ပြတ်သွားတာပေါ့မေမေရဲ၊ အဲဒါနဲ့ ... မောင်က သူ့ဆီက အလျှော်တောင်းတာ ပိုက်ဆံမပေးဘဲ မောင့်ဖိနပ်နဲ့ထီးကို သူ့အိတ်ကြီးထဲမှာပါလာတဲ့ စူးတွေအပ်တွေ ပလာယာတွေသုံးပြီး တစ်ခါတည်း လမ်းဘေးမှာထိုင်ပြင်ပေးသွားတာလေ၊ အဲဒါ ... ထီးပြင်ဖိနပ်ချုပ်သမားမဟုတ်လို့ ဘာလဲ ... ဒီလူ ထီးပြင် ဖိနပ်ချုပ်သမားအစစ် ... မေမေ အထင်မကြီးနဲ့ ... "

မောင်က နှုတ်ခမ်းလေးမဲ့ကာ မဲ့ကာ ဖြေရှင်းပြနေသလောက် မေမေကတော့ ထီးပြင်ဖိနပ်ချုပ်သမားဆိုတာကို လက်ခံချင်ပုံမရ။ ကြက်သွန်တွေနွှာရင်း မောင့်မျက်နှာချေးကို မျက်တောင်ပင့်ကြည့်ကာ ...

"မောင်ရယ် ... အထင်ကြီးတာမဟုတ်ပေမယ့် သူ့ရုပ် သူ့ရည်လေးနဲ့ သူဘာပဲလုပ်လုပ် လူရည်သန့်ကလေးဆိုတာ မေမေက ပြောချင်တာ၊ ပြီးတော့လည်း ... ပျက်သွားတဲ့ ထီးနဲ့ဖိနပ်ကို လမ်းဘေးမှာထိုင်ပြီးတော့ ပြင်ပေးသွားတယ်ဆိုတာ သူ့စိတ်ဓာတ်လေးက ဖြူစင်ပြီးတော့ ဟန်မဆောင်တတ်တာကို ပြနေတာ၊ မေမေက တော့ ဒါကိုသဘောကျတယ် ... "

"ကျ ... ကျ ... မေမေပဲ သဘောကျ ... "

မောင်ကတော့ မင်းထီးရှည်ဆိုတဲ့ဒီလူ့ကို ကြည့်လို့မရတာ အမှန်။ ခုလည်း ... ခြံကလေးနဲ့အနောက်ဘက်က အရိုင်းပင် ချုံနွယ်တွေကို မိုးလင်းကတည်းက တစ်ယောက်တည်းရှင်းနေတာ မေမေ မမြင်သေးလို့။

မြင်ရင် နားကြားပြင်းကတ်အောင် ဘယ်လောက်ချီးကျူးလိုက်မလဲဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … မေမေကတော့ ဘယ်သူ့ကိုမှ ရင်ထဲမှာအမုန်းတွေ စွဲမထားတတ်သလို နာကြည်းစရာတွေရှိလာရင်လည်း နှလုံးသား ထဲက ဆွဲထုတ်မေ့ပျောက်နိုင်ဖို့ပဲ အမြဲကြိုးစားတယ် … မမေ့နိုင်ရင် ကိုယ်ပဲခံစားရမှာ၊ အထူးသဖြင့် သံသရာလည်မှာကို မေမေကြောက် တယ် … အမုန်းတွေကြောင့် ရန်ငြိုးတွေဘယ်လိုပဲ ဖွဲ့ခဲ့ဖွဲ့ခဲ့ ဘယ်သူ့ ကိုမှ သံသရာမလည်စေချင်ဘူး၊ မေမေပြောတာ သဘောပေါက် တယ်နော် … မောင် … "

မောင်ကတော့ မေမေ့အယူအဆကို လက်မခံပါဘူး။

ဘာပဲပြောပြော အတိတ်ကို မောင်နာကြည်းခဲ့တာ မေမေ့ အသိဆုံး။

"ခုလဲ ဘာပဲပြောပြော မောင်မင်းထီးရှည်ဆိုတာ အတိတ်က ပါလာလို့ မေမေတို့နဲ့ အခန်းချင်းကပ်လျှက်လေးကို ဒီသူငယ်လေး ရောက်လာတာ၊ တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင် ရိုင်းရိုင်း ပင်းပင်းကလေး နေသင့်ရင်လည်း နေရမှာပဲ … "

"ဟာ … မေမေနော် … "

မောင့်မျက်တောင်လေး ပင့်ကော့သွားတာ အဆုံးထိ။

မေမေ့ကိုလည်း မကျေမနပ်ကလေး စိုက်ကြည့်မိသည်။

"ဒီလူနဲ့မောင် ရန်ဖြစ်ထားပါတယ်ဆိုမှ ဘာလို့ခင်ခင်မင်မင် နေရမှာလဲ … ဟိုတုန်းက မေမေပြောတော့ သစ္စာမဲ့တဲ့ယောက်ျား တွေကို မုန်းတယ်ဆို၊ အဲဒီယောက်ျားကို မုန်းလို့ ရှစ်နှစ်သမီးအရွယ် လေး မောင့်ကိုလက်ဆွဲခေါ်လာပြီး မေမေ အိမ်ပေါ်က အပြီးဆင်း လာခဲ့တာလေ … အဲဒါတွေအားလုံးကို မေမေ မေ့ပစ်လိုက်ပြီလား"

မောင် နာနာကြည်းကြည်းပဲ မေမေ့ကို ပြောမိသည်။





တကယ်လည်း သစ္စာမဲ့ဖောက်ပြန်တဲ့ ဖေဖေ့ကို မေမေက ပြတ်ပြတ်သားသားစွန့်ခွာလာခဲ့တာပါ။ နှစ်နှာကြေး အဖြစ်နဲ့တောင် ဖေဖေ့ဆီက တစ်ပြားတချပ်မှမယူဘဲ မာနတံခွန်ထူကာ ဖေဖေ့ တိုက်ပေါ်ကနေ သုံးခွမြို့နားက တံတားရွာကို မေမေဆင်းလာခဲ့တာ ဖြစ်သည်။

လူကြီးတွေက ပြန်ပေါင်းဖို့စေ့စပ်နားချခဲ့တာကိုလည်း မိန်းမ တစ်ယောက်ရဲ့မာနနဲ့ မေမေက ဆန့်ကျင်ပယ်ချခဲ့သည်။

ဖေဖေနဲ့ပေါင်းခဲ့စဉ်က ရွှေတွဲလွဲငွေတွဲလွဲနဲ့ အကောင်းစား ကားတွေ ထည်လဲစီးခဲ့ရသလောက် ဖေဖေနဲ့ကွဲပြီး တိုက်ကြီးပေါ်က ဆင်းခဲ့ချိန်မှာတော့ ချစ်သောမောင်ဆိုသည့် ရှစ်နှစ်အရွယ်သမီးငယ် လေးတစ်ယောက်နှင့် အဝတ်တစ်ထည်ကိုယ်တစ်ခုသာ မေမေ့မှာ ပါလာခဲ့သည်။

တံတားရွာမှာပဲ အထည်ဆိုင်ကလေး၊ မုန့်ဆိုင်ကလေး မေမေ ဖွင့်ခဲ့၏။ မောင့်ကိုလည်း တံတားရွာမှာပဲ မေမေ ကျောင်း ထားခဲ့သည်။

ထိုအချိန်ကတည်းက …

ဖေဖေဆိုတာ မေမေ့ရင်ထဲက ပျောက်သွားခဲ့၏။

အဲဒီလောက်အထိ ဖေဖေ့အပေါ်မှာ စိမ်းပြတ်သောမာန တွေနဲ့ အလံထူဆန့်ကျင်ခဲ့တဲ့မေမေ။

အခုကျမှ ဘယ်သူ့ကိုမှ သံသရာမလည်စေချင်ဘူးတဲ့။

အရွယ်ကပဲ မေမေ့ကို အသိတရားတွေ ပြောင်းလဲစေခဲ့တာ လား။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်တွေလှီးရင်း သံဝေဂစကားတွေပဲ မမေပြော
ခဲ့သည်။ သို့သော် ... မမေ့မျက်ဝန်းတွေကတော့ လျှို့ဝှက်မျိုသိ
ခဲ့ရသော နာကျင်ခြင်းများစွာနဲ့။ အကြောင်းတိုက်ဆိုင်လို့ မမေ
အကြောင်းတွေပါလာတိုင်း နင့်သည်းသော အပြုံးကလေးတော
မောင့်မမေက ပြုံးတတ်ခဲ့သည်လေ။

နာကျင်ခြင်းတွေ မာနတွေနဲ့။

မမေပြုံးခဲ့တဲ့ အပြုံးလေး ...

ဟော ... ခုလည်း မမေ ပြုံးလိုက်ပြန်ပြီ။

"အဲဒါတွေ ပြန်မပြောနဲ့တော့လေ မောင် ... အချိန်ဆိုတာ
နာကျင်မှုတွေကို ကုစားပေးနိုင်တဲ့ အကောင်းဆုံးသမားတော်တ
ယောက်ဆိုတာ မမေ နားလည်ထားတယ် ... ဘာပဲပြောပြော
အမှောင်ထဲမှာ စမ်းတဝါးဝါးလျှောက်ရင်းနဲ့ မမေ ကျင့်သားရနေ
ပြီ၊ ကဲ ... ချွေထားတဲ့ ကန်စွန်းရွက်ခြင်းလေး မမေ့ကိုပေး ..."

မမေ စကားလမ်းကြောင်းပြောင်းပစ်တာလည်း မောင်
သိသည်။

စကားထဲမှာ ဒီအကြောင်းပါလာတိုင်းလည်း မသိမသ
ရှောင်ဖယ်ဖယ်လုပ်လုပ်သွားတတ်တာလည်း မမေ့ရဲ့အကျင့်။

အရွက်ချွေရမယ့် ကန်စွန်းရွက်စည်းလေးက ကုန်သွားပြီ
မောင် လက်ဆေးကာ လက်သုတ်ပုဝါလေးကို လှမ်းယူသည်။

လှမ်းယူရင်း နောက်ဖေးပြတင်းပေါက်ကိုကျော်ကာ ကြည့်
လိုက်တော့ မင်းထီးရှည်ဆိုတဲ့ ဟိုဖိနပ်ချုပ်သမား ...

အပေါ်ပိုင်းက ဗလာ။





အောက်မှာလည်း ဘောင်းဘီတိုပွပွနဲ့။

မြက်ခုတ်ဓါးတစ်ချောင်းကိုကိုင်ကာ ချုံတွေကို တအားလွှဲ
ခုတ်ပြီးတော့ကို ခုတ်နေတာ နောက်ဖေးကချုံတွေ တော်တော်လေး
ဟောင်ပြောင်သလင်းခါနေပြီ။

ဟွန်း ... မမေပြောလည်း ပြောချင်စရာ။

ဦးမင်းထီးရှည်ဆိုတဲ့လူ။

အသားလေးက တော်တော်ဝင်းတာပဲ။

ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်ဖြောင့်လို့၊ နှာတံ
လေးကချွန်ချွန်၊ နှုတ်ခမ်းတွေက စိုစိုရဲရဲ၊ မျက်ခုံးမွှေးတန်းကြီးနှစ်
ဖက်က စိုစိုစိမ်းစိမ်း။

"ဟဲ့ ... ချစ်သောမောင် ..."

"အမလေး ..."

မမေ့အော်သံကြားလိုက်တော့မှ မောင့်တစ်ကိုယ်လုံး ထူပူ
ပြီး မမေ့ဘက်ကို မျက်နှာလေး ပြန်လှည့်လိုက်ရသည်။

"ညည်း ... ညည်း ဘာကိုချောင်းကြည့်နေတာလဲဟင်"

"ဟို ... မမေ ... ဟို ... ဟိုလူ ..."

"ဟင် ... ဘယ်သူလဲ ..."

"ဟာ ... မဟုတ်ဘူးမမေ၊ ဟိုလူလေ ... ဟိုလူ့အကြောင်း
မောင်တွေးလိုက်မိလို့ ... ဟင်း ဟင်း ... အဲဒါ ... အဲဒါ ..."

မောင် မမေ့ကို ဖြောင်ပဲလိမ်လိုက်ရသည်။

ဟိုလူချုံတွေရှင်းနေတာ မမေ မမြင်သေးလို့ပါ။ မမေက
မီးဖိုဘက်ကို လှည့်ကာ ငါးလေးအိုးကပ်ဟင်းကိုမွှေနေလို့ ဒီအိုးကျမှ
ကန်စွန်းရွက်လေးကို ကြော်မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွားတော့ ... သွားတော့ ... မီးဖိုထဲမှာ ညည်း ဝိုင်းကူစရာ ဘာမှမကျန်တော့ဘူး"

"ဒါဆို မောင်သွားတော့မယ်နော် မေမေ ... "

"အေး ... အေး ... "

ဒါနဲ့ပဲ မီးဖိုထဲက ထွက်သွားဖို့ မောင့်ကိုယ်လုံးတင်းတင်း လေးကို လှည့်လိုက်တော့ ...

"အမေ ... အမေလားဟင် ... အမေက ချစ်သောမောင်ရဲ့ အမေလား ... "

ဘုရားရေ ... ကြည့်စမ်း ... ဒီလူ ...

နောက်ဖေးပြတင်းပေါက်နားမှာရပ်ပြီး မေမေ့ကိုလာခေါ် နေပြီ။

ပြဿနာပဲ ...

ကြည့်ပါဦး ... မေမေ့ကိုခေါ်လိုက်တာ အမေတဲ့ ...

ဒီလူ ... ဒီလူ ...

ခေါ်စရာလားဟင် ... မေမေ့ကို အမေလို့ခေါ်စရာလား။

မေမေ လှည့်ကြည့်လိုက်တာလည်း တအံ့တသြ။

"ဟင် ... မင်းက ဘယ်သူလဲဟင်၊ ဟိုဘက်အခန်းကို ငှား လိုက်တဲ့ မောင်မင်းထီးရှည်လား ... "

မေမေ အံ့သြသွားသည်။ မွေလက်စ ယောက်မကြီးကို ကိုင် ပြီးတော့လည်း ဦးမင်းထီးရှည်ဆိုတဲ့ ဟိုလူ့ကို မျက်လုံးပြူး မျက်ဆန် ပြူး အမေလှမ်းမေးသည်။

"ဟာ ... ဟုတ်တယ်လေ အမေ ... အခု အမေတို့နေတဲ့ အိမ်ပတ်ဝန်းကျင်မှာ ချုံတွေ၊ မြက်တွေ မြင်မကောင်းအောင်ထနေ





့ ကျွန်တော် လိုက်ရှင်းနေတာ၊ အဲဒါ ... အဲဒါ ကျွန်တော့်အခန်း ဘက်မှာ သောက်စရာရေအိုး မဝယ်ရသေးလို့ ကျွန်တော့်ကို ရေ အေးတစ်ခွက်တော့ တိုက်ပါနော်အမေ ... ဟဲဟဲ ... "

ကြည့်စမ်း ...

ရေတောင်းတာ မျက်နှာပြောင်သလား မမေးနဲ့။

မေမေကလည်း ထုံးစံအတိုင်း ရိုးရိုးအအကြီး။

"အို ... တိုက်မယ် ... တိုက်မယ်၊ ဘယ်နှယ့်ကွယ် အခုမှ ရောက်လာပြီး သိတတ်တဲ့စိတ်ကလေးနဲ့ ကိုယ်နေတဲ့ခြံဝင်းကလေး ကို ရှင်းလင်းအောင်လုပ်နေတာ၊ ဟဲ့ ... သမီး ချစ်သောမောင် ရေအေးအေးလေးတစ်ခွက် မြန်မြန်ခပ်ခဲ့စမ်း၊ ဒီမှာ မောင်မင်းထီး ရှည်က ရေသောက်ချင်လို့တဲ့ ... "

"တွေ့လား အဲဒီမေမေ ... မပတ်သက်ချင်ဘူးဆိုမှ ရှုပ်ရှုပ် ယှက်ယှက်တွေဖြစ်အောင် လုပ်နေပြန်ပြီ"

"ဟဲ့ ... ညည်းမရှည်နဲ့၊ ရေပဲမြန်မြန်ယူခဲ့ ... "

မေမေ ကြိတ်အော်တော့မှ မောင် မခပ်ချင်ခပ်ချင်နဲ့ ရေတစ် ခွက်ကို ဆောင့်ဆောင့်အောင့်အောင့် ခပ်လာခဲ့ရသည်။

"ရော့ ... "

အိမ်ပေါ်ကနေ လှမ်းပေးလိုက်တော့လည်း မောင့်နှုတ်ခမ်း လေးက ဆူတင်းလို့။ မကျေမနပ်လှမ်းပေးတော့ ရေက ဖိတ်တစ် ဝက် သွန်တစ်ဝက်နဲ့။

"ရှင်နော် ... မေမေ့ကို အကြောင်းမရှိအကြောင်းရှာပြီး ပတ် သက်ဖို့ မကြိုးစားနဲ့ ... ဒီမြက်တွေခုတ်ဖို့ ရှင့်ကို ဘယ်သူမှမခိုင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



မောင့်နှုတ်ခမ်းလေး စူပုတ်တင်းနေတာ ဒီလူကတော့ မြင်မှာပါ။

"ဟာ ... အမေနော် ... အမေ့သမီးပြောတာ အမေကြားတယ်နော် ... ကျွန်တော်က ရိုးရိုးသားသား ရေတောင်းသောက်တာကို အမေ့သမီး စွာနေတာ၊ ဟွန်း ... နှုတ်ခမ်းကို စူပုတ်ထားတာလည်း တစ်တောင်လောက် ..."

"ကြားတယ် ... ကြားတယ် ... ဟင်း ... ဟင်း ..."

မေမေ မျက်စောင်းတစ္ဆယ်ရှယ်နဲ့ အံကြိတ်ပြပြီးတော့ မောင့်ကို လှည့်ကြည့်နေတာ ဒီလူ ချွန်တွန်းကြီး။

"အား ... အမေတိုက်တဲ့ရေက ရင်ထဲကိုအေးသွားတာပဲ အမေရာ ..."

အမေ ခေါ်နေတာလည်း ပါးစပ်ဖျားကမချ။

မောင် အသည်းယားလိုက်တာ။ တွေ့မယ်လေ ... မေမေ့ ရှေ့မှာမို့ ရှင် သက်သာသွားတယ် မှတ်လိုက်စမ်းပါ။

"ဟဲ ဟဲ ... ကျေးဇူးနော် အမေ ..."

"ရတယ် ... ရတယ် ... နောက်လည်း တောင်းသောက်လို့ရတယ် အားမနာနဲ့ ..."

သူ လှည့်ထွက်သွားတော့မှ ...

"မေမေနော် ... အဲဒီထီးပြင် ဖိနပ်ချုပ်သမားကို မေမေ မပတ်သက်နဲ့နော် ..."

"မောင် ... ညည်းပါးစပ်ကို ပိတ်ထားစမ်း ..."

"ဟာ ... ပိတ်ထားလို့ရမလား မေမေရဲ့ ... ဒီလူ ... ဒီလူ





မေမေ့ကို တမင်အရောလာဝင်ပြီး မောင်တို့အိမ်နဲ့ပတ်သက်ဖို့ကြိုးစားနေတာ ဒီလူ့ကို မောင် မယုံဘူး ..."

နှုတ်ခမ်းလေးကွေးနေအောင်လည်း မောင်ကမဲ့ထားမိသည်။

ဟုတ်တယ်လေ ... ဒီလူတမင်လာပြီး ရေတောင်းသောက်တာ မောင်တို့သားအမိနှစ်ယောက် နောက်ဖေးမှာ ဟင်းချက်နေတာကိုသိလို့ အတွတူလာလုပ်တာ။

"ဟဲ့ ... မောင် ... ညည်းဘယ်လိုဖြစ်နေတာလဲ၊ ဟိုက စေတနာလေးနဲ့ ကိုယ့်ခြံထဲက မြက်တွေ ချုံတွေကို အခမဲ့လိုက်ရှင်းနေတာ၊ ဒါ ... ရိုးသားတဲ့စိတ်လေးနဲ့မို့ အပင်ပန်းခံပြီး လုပ်ပေးနေတာပေါ့"

လူတစ်ယောက်ကို မေမေ အထင်ကြီးပြီဆို အဲလို။

ဘယ်သူကန့်ကွက်တာမှလည်း မေမေ လက်မခံ။

"ဒါဆို ... ဒီလူ့ကို မေမေ အထင်ကြီးတယ်ပေါ့"

"ကြီးတယ် ... ကြီးတယ် ..."

"အမလေး ... မေမေ ဒီလောက်တောင်ပြောမရရင်လည်း ကြီးပါ ... ကြီးပါ ... အိုးတစ်လုံး ဖျာတစ်ချပ်မပါဘဲ ရန်ကုန်ကိုအိတ်တစ်လုံးနဲ့ပြောင်းလာတာ၊ ဟိုမှာ ... သားတွေမယားတွေနဲ့ ဘယ်လိုရှုပ်ပြီး ဒီဘက်ကို လွှင့်လို့ လွှင့်လာမှန်းလည်းမသိ ..."

"ဟွန်း ... ခက်ပါလား ချစ်သောမောင်ရယ် ... ညည်း"

မေမေ စိတ်မရှည်ဖြစ်လာတော့ လက်ထဲက ယောက်မကိုလည်း ဆောင့်ခနဲ ပစ်ချသည်။ မောင့်ကိုလည်း မျက်စောင်းထိုးကာ ကြည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ... ညည်း ... လူတစ်ယောက်ကို ဘာဖြစ်လို့ ဒီလောက်တောင် ချိုးချိုးဖဲ့ဖဲ့ အထင်သေးချင်နေရတာလဲဟင် ... လူဆိုတာ အပွေးမြင် အပင်သိရတာမျိုး ..."

"အမလေး မေမေရယ် ... မောင်တို့က ဘယ်အပွေးကိုမြင်လို့ ဘယ်အပင်ကိုသိရမှာလဲ ..."

"ဟဲ့ ..."

မေမေ့မျက်လုံးပါ ပြူးလာပြီ။

မေမေ ဒီလိုမျက်လုံးပြူးလာပြီဆို မောင့်ကိုတွေ့ရာနဲ့ မေမေ ကောက်ပစ်တော့မယ်ဆိုတာ မောင်ကလည်း သိထားပြီးသား။

"အေး ... ညည်းဘာပဲပြောပြော မင်းထီးရှည်ဆိုတဲ့ ဒီသူငယ်လေးကို ငါကတော့ သဘောကျတယ် ... ဒီလို လက်ကြောတင်းတင်းလေးနဲ့ အလုပ်လုပ်တာကိုလည်း ငါတို့က အားပေးရမယ်"

"ပြီးရော ... ပြီးရော ..."

မောင် မေမေ့ရှေ့ကနေ ခိုးခိုးခုတ်ခုတ်လေး လှည့်ထွက်လာတာ မျက်မှောင်ကလေးကုတ်လျက်။

ဟွန်း ...

နောက်တစ်ခါ ရေတစ်ခွက်လောက်ဆိုပြီး လာတောင်းသောက်ရဲသောက်ကြည့် ... မောင်နဲ့ကတော့ တွေ့ပြီပဲ။

ဒီလူ့မှာ ဘာအကြံရှိလို့ ... မေမေနဲ့ ရင်းနှီးပတ်သက်ဖို့ ကြိုးစားနေတာလဲ။

❀

အခန်း ( ၄ )

"ဟာ ... ကြည့်စမ်း ... ဒီလူလုပ်ချလိုက်ပြန်ပြီ"

မောင် အိမ်ရှေ့မရောက်ခင် အဝေးကလှမ်းကြည့်လိုက်ကတည်းက သွပ်မိုးတပြောင်ပြောင်နဲ့ အိမ်ဆိုင်လေးတစ်ခုကို ခြံထောင့်မှာဆောက်ထားတာ လှမ်းမြင်လိုက်ရတော့ မောင် စိတ်ဓာတ်ကျတာ မျက်လုံးတွေပါ ဝိုင်းစက်သွားသည်။

ဒီလူ ... သူပြောထားတဲ့အတိုင်း တကယ်လုပ်ပြီပေါ့။

"ဆရာမ ဘယ်ကပြန်လာတာလဲ ..."

"ဟိုဘက်က ... ဟိုဘက်က ..."

လမ်းမှာ ကလေးတွေက နှုတ်ဆက်နေတာကိုလည်း မောင် ကောင်းကောင်းပြန်မဖြေနိုင်။ ကြည့်ပါဦး ... ဆောက်ထားတဲ့ဆိုင်က အပေါ်သွပ်ကသစ်ပေမယ့် ကာထားတဲ့ပျဉ်တွေကအဟောင်း။ ခြံနဲ့အပေါက်နဲ့ ခြစားပိုးကိုက်ထားတဲ့ တိုင်တွေနဲ့။

အရင်တုန်းက မေမေနဲ့နှစ်ယောက်တည်း ရှင်းရှင်းလင်းလင်း သာသာယာယာနေခဲ့တဲ့ ခြံကလေးအိမ်ကလေးက ခုတော့ ခြံရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ မျက်စိနောက်စရာတွေ ဖြစ်ပြီး လူဝင်လူထွက်တွေကပါ ရှုပ်ကြတော့မည်။

မောင် အဝေးကတည်းက မျက်နှာပျက်လာတာ အနားရောက်မှ သိလိုက်ရတာက ဦးမင်းထီးရှည်ဆိုတဲ့ ဟိုလူ ...

ဘူးသီးကြော်ကျွေးပြီး ဆိုင်သစ်ဖွင့်ပွဲ လုပ်နေတာတဲ့။

ဆောက်တာလည်းမြန် ဖွင့်တာလည်းမြန် ဒီလူ ဘယ်လိုလူလဲ။

ဟော ... တွေ့ပါပြီ ... တွေ့ပါပြီ။

ဆိုင်ဘေးက လမ်းဘေးမြေကွက်လပ်မှာ ဆောင့်ကြောင့်လေးထိုင်ပြီး မီးဖိုတစ်လုံးနဲ့ ဘူးသီးကြော်တွေကို ဒီလူကိုယ်တိုင်ကြော်နေတာ။

"ဟဲ ဟဲ ... စားပါဦး ..."

"အောင်မယ် ... အောင်မယ် ..."

မောင် ဒီလောက်ဘုကြည့်ကြည့်လိုက်တာတောင် မျက်နှာပြောင်ပြောင်နဲ့ စားပါဦးလားလေး ဘာလေးနဲ့။

သိမယ် ... သိမယ် ...

မောင် အသားတွေ တဆတ်ဆတ်တုန်ကာ ဒေါသက အခုမှ ပိုပြီးတော့ ပြင်းထန်သွားသည်။

"ရှင် ... ရှင် ဒါဘာလုပ်တာလဲ ဦးမင်းထီးရှည် ..."

"ဟဲဟဲ ... ဆိုင်ဖွင့်ပွဲလုပ်နေတာလေ ..."

"ဘာပြောတယ် ..."

"ထီးပြင် ဖိနပ်ချုပ် စက်ဘီးပြင် ဆိုင်ကယ်ပြင် ရေခဲသေတ္တာ





ပြင် အဲလ်ကွန်းပြင်၊ မီးဖိုပြင်၊ ရေပိုက်ပြင် ..."

"ရှင် ဆက်မပြောနဲ့ ..."

မောင် ဒေါ်ပွကာ ပိတ်အော်ရတဲ့အထိ။

"ဟာ ... ဘာဖြစ်လို့လဲ ..."

"ဘာဖြစ်ရမှာလဲ ... ဘာဖြစ်ရမှာလဲ ..."

မောင့်မျက်နှာလေးကလည်း ရဲနေသည်။

မောင့်နှုတ်ခမ်းလေးကလည်း တဆတ်ဆတ်တုန်နေသည်။

"ရှင် ... ရှင် ... သူများခြံရှေ့မှာလာပြီး တော်တော်မျက်နှာပြောင်တဲ့လူ၊ ရှင်ဖွင့်ထားတဲ့ဆိုင်ပဲ ... ရှင် လှည့်ကြည့်လိုက်ဦး"

"မောင်ရာ ... ဒီ ... ဒီဆိုင်လေးကို ငါဖွင့်တာ ဘယ်သူ့ကိုထိခိုက်သွားလို့လဲကွာ ... ငါ့ရဲ့စားဝတ်နေရေးလေးအတွက်ကိုပဲ ငါဖွင့်ရတာလေကွာ"

"ဘာစားဝတ်နေရေးလဲ ... ဘာစားဝတ်နေရေးလဲ၊ သူများခြံရှေ့မှာ တစ်စက်လေးမှကျက်သရေမရှိတဲ့ ထီးပြင်ဖိနပ်ချုပ်ဆိုင်ကို ရှင်လာဖွင့်တာ ဘယ်လောက်သိက္ခာကျလဲ ... ထီးစုတ်ထီးပြတ်တွေကလည်း ဆိုင်ရှေ့မှာ တိုးလို့တွဲလောင်း ဖိနပ်စုတ်ဖိနပ်ပြတ်တွေကိုလည်း ဟိုတိုင်မှာချိတ်၊ ဒီတိုင်မှာချိတ်နဲ့ ..."

"အဲဒါ ... မင်းကျေနပ်အောင် ငါချိတ်လိုက်တာ ..."

"ဘာ ..."

"ငါ့ကို ထီးပြင်ဖိနပ်ချုပ်သမားဆိုပြီး ရပ်ကွက်ထဲမှာ မင်းလျှောက်ပြောထားတာလေ၊ ဒါကြောင့်မို့ ... ထီးရောဖိနပ်ပါချုပ်တယ်ဆိုပြီး ကြော်ငြာဘုတ်မှာ တစ်ခါတည်း ရေးထောင်ထားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... "

မောင် ဒေါပွပြီး ခါးထောက်ထားတာ မျက်နှာလေးလည်းရဲ၊ နှုတ်ခမ်းလေးလည်း ဆတ်ဆတ်တုန်။ လူကပါ ခုန်ဆွ ခုန်ဆွလေး မဖြစ်ရုံတစ်မယ်။ လမ်းသွားလမ်းလာတွေကလည်း သိသိသာသာ တစ်မျိုး၊ မသိမသာတစ်မျိုးနဲ့ လှည့်လှည့်ကြည့်သွားတာ ကလေး တွေဝိုင်းအုံမလာတာကဘဲ ကံကောင်း။

"သူများအိမ်ရှေ့မှာ ရှင် ဒီလိုလုပ်ချင်တိုင်းလုပ် ဖွင့်ချင်တိုင်း ဖွင့်နေလို့ရမလားဟင် ဦးမင်းထီးရှည်ရဲ့ ... လူအဝင်လည်းရှုပ်တယ်၊ မျက်စိလည်း နောက်တယ်"

"ဟာ ... အဲဒါ အိမ်ရှင်ကို လခပေးပြီး ဖွင့်တာလေ၊ မင်းနဲ့ အနေသာကြီး ... "

ထိုင်ရာကနေတောင် မထဘဲ ... မောင့်ကို မော့ကြည့်ပြီး ဒီလူ ခပ်တည်တည်နဲ့ပြောနေတာ။

ဟွန်း ... မောင် မုန်းတာလည်း အဲဒါ။

မောင် ကြည့်မရတာလည်း အဲဒါ ...

ဒီလူ ဒီကိုစရောက်လာတော့မှ အကုသိုလ်တွေက အဖော် အပေါင်းနဲ့ကို ဝင်လာတော့တာ။ အရင်တုန်းကဆို ဒီခြံထောင့်လေး မှာ စိုက်ထားတဲ့ စွယ်တော်ပင် အပုလေးကိုကြည့်ပြီး မောင်က ဝတ္ထုတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရေးခဲ့တာလေ။

အခုတော့ ... သွားပြီ ...

စွယ်တော်ပင်ပုလေးကို ခုတ်ပစ်လိုက်တာလည်း ပြောင် သလင်းခါသွားပြီ။ အဲဒီနေရာမှာ အစားထိုးရောက်လာတာ ထီးစုတ် ဖိနပ်စုတ်ပြင်တဲ့ဆိုင်။





မောင်စိတ်မလျှော့ရင်လည်း ပြဿနာက ဆက်ဖြစ်တော့မှာ မို့ ...

"ဟွန်း ... ကောင်းပြီလေ ဦးမင်းထီးရှည်၊ ရှင် အသာစီးရ တုန်းတော့ ပြောထားလိုက်ဦးပေါ့ ဟုတ်လား ... ဆိုင်ဆောက်တာ သည်း ရှင်၊ ငှားထားတဲ့အခန်းဘက်အခြမ်းမှာ ဆောက်တာဆိုတော့ ကျွန်မ မပြောတော့ဘူး၊ တစ်ခုတော့ရှိတယ် ... အိမ်ရှေ့မှာတော့ ဆူညံ ပူညံတွေလုပ်ဖို့တော့ ရှင်လုံးဝ မစဉ်းစားနဲ့၊ ဒီအိမ်နဲ့ဒီခြံဟာ ကလေးတွေစာသင်ဖို့ အမြဲဝင်ထွက်နေတာ၊ ရှင် ရုတ်ရုတ်သဲသဲတွေ ဖြစ်အောင် လာလုပ်လို့ကတော့ ရပ်ကွက်ရုံးကို ရှင်ရောက်ပြီပဲ"

"ဘာ ... ဘာပြောတယ် ... "

"ကျွန်မပြောတာ ရှင်းရှင်းလေးပဲလေ ဦးမင်းထီးရှည်"

"ရတယ် ... ရတယ် ... မင်းကြောင့် ငါ့စီးပွားရေးပျက်လို့ ဘာတော့ စားစရာမရှိရင် မင်းကို မီးဖုတ်ပြီးတော့ သုပ်စားပစ်မယ်၊ ငါက မင်းပြောသလို ထီးပြင်ဖိနပ်ချုပ်သမားဆိုလည်းဟုတ်တယ်၊ တီဗွီ အဲလ်ကွန်း ရေခဲသေတ္တာ ပြင်သမားဆိုလည်းဖြစ်တယ်၊ ငါတို့ နှစ်ယောက် ပြဿနာဖြစ်လို့ ရှင်းကြလင်းကြပြီဆိုရင် ဘယ်သူနစ် နာမလဲ၊ မင်းသတ္တိရှိရင် လုပ်ပေါ့ ... မင်းထီးရှည်ဆိုတဲ့ကောင်က အချိန်မရွေးဘဲ ... ဟွန်း ... တက်လာတာကိုက ငါးသိုင်းချောင်း ရေကြည်အသုတ်က တက်လာတာ ... မကျေနပ်ရင် လာစမ်းလို့ရ တယ်"

"ဘာ ... ဘာပြောတယ်"

မောင် ဒေါပွပွနဲ့ သူ့ပခုံးကို ဝိတ်ရိုက်တော့မလို့ လက်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူက အောက်ကနေ အသည်းအသန်လေး ပြန်မော့ကြည့်ကာ ...

"ဟာ ... ဟာ ... မဟုတ်ဘူးနော် မဟုတ်ဘူး ... ငါပြောတာ မင်းတလွဲတွေ လျှောက်မတွေးနဲ့၊ ဟဲဟဲ ... သတ္တိ ... သတ္တိကို စမ်းလို့ရတယ်ပြောတာ ..."

"ရှင် ... ရှင် ... လူကို ပြောင်စပ်စပ် ိုပြုံးသဲ့နဲ့ပြောတာ အရမ်းလွန်နေပြီ၊ ရှင့်ကိုသတိပေးတာ ဒီတစ်ခါနောက်ဆုံးပဲ"

"ဟာ ..."

ချစ်သောမောင် ချာခနဲ လှည့်ထွက်သွားတော့မှ ...

ပင့်သက်ကြီးကို ဟင်းခနဲ ချလိုက်မိတာ မင်းထီးရှည်ပါ။

စွာလည်းစွာတဲ့ ချစ်သောမောင် ...

"ဟား ... ဟား ဘယ်လိုလဲ အစ်ကို ... ချစ်သောမောင်ဆိုတဲ့ ကောင်မလေးနဲ့တွေ့လိုက်တာ အစ်ကိုတစ်ချက်တည်း ဂိန်သွားပြီလား ... ဟား ဟား ... ကျွန်တော်တို့က အစ်ကိုခံရတော့မှာဆိုတာသိလို့ တမင်ကြည့်ကောင်းကောင်းနဲ့ မသိချင်ဟန်ဆောင်ပြီး ကြည့်နေကြတာဗျ ..."

ဆိုင်လာဆောက်ပေးတဲ့ လက်သမားဆရာကောင်လေး

ဘူးသီးကြော်စားရင်း ရယ်ကြဲကြဲလုပ်ပြောနေသည်။

"စွာတယ်နော် ... မလွယ်ဘူးကွ ..."

"ဟာ ... အစ်ကိုကလည်းဗျာ ... ဒေးချင်းကပ်အခန်းမှာ ငှားနေတာတောင်ချစ်သောမောင်ဆိုတဲ့ ဒီကောင်မလေးအကြောင်းကို အစ်ကို မသိဘူးလား"





"မသိဘူးကွ ..."

သူ အမှန်အတိုင်းပဲ ဝန်ခံလိုက်မိသည်။

ဒါကို လက်သမားဆရာ ကောင်လေးက ...

"ရပ်ကွက်ထဲမှာ ဘယ်သူလိုက်လိုက် လိုက်လို့မရတာ၊ အဲဒီဆရာမလေး ချစ်သောမောင်ပဲ ... သူက ယောက်ျားမယူချင်လို့ ယောက်ျားလေးတွေနဲ့ တမင်ကင်းကင်းနေ,နေတာ ... ယောက်ျားလေးတွေနဲ့ဆို လုံးဝအရောဝင်တာ မဟုတ်ဘူး၊ ခက်နေတာက ချစ်သောမောင်ရဲ့ပုံစံလေးက အရမ်းချစ်ဖို့ကောင်းနေတာ ..."

"နေ ... နေပါဦးကွ ..."

"ဗျာ ... အစ်ကို ..."

"သူက ယောက်ျားတွေကိုမုန်းနေတာ ဘာဖြစ်လို့မုန်းနေတာလဲ"

"ဟာ ... အဲဒါတော့ ကျွန်တော်လည်း သေချာမသိဘူး အစ်ကို ... ရပ်ကွက်ထဲက သူတွေပြောတာကတော့ သူ့အဖေကို ချစ်သောမောင်က အရမ်းစိတ်နာနေတယ်ဆိုလား၊ သူ့အမေကို ရက်ရက်စက်စက် ကွာရှင်းပြတ်စဲပြီး နောက်မိန်းမယူသွားလို့တဲ့"

"သြော် ... သြော် ..."

"ဒါကြောင့်မို့ ချစ်သောမောင်က ယောက်ျားတွေကို အထင်သေး စိတ်နာနေတာဖြစ်မှာပေါ့ အစ်ကိုရာ ... ဘာလဲဟင် အစ်ကို ကျွန်တော် ပြောလိုက်လို့ ချစ်သောမောင်ကို အစ်ကို အရမ်းစိတ်ဝင်စားသွားပြီလား ..."

"ဟာ ... ဟေ့ကောင် ... မင်းနော် ..."

"ဟား ... ဟား ... ကျွန်တော်က နောက်တာပါ အစ်ကိုရ"



www.burmeseclassic.com

www.burmeseclassic.com



"မနောက်နဲ့ ဟေ့ကောင် ... ချစ်သောမောင်က စွာတယ်ကွ"

"ဟာ ... အစ်ကို မသိဘူးလား၊ အဲဒီလို စွာတတ်တာလေးကမှ တအားချစ်ဖို့ကောင်းတာလေ၊ စောစောကပဲ အစ်ကိုကြည့်လေ ... အစ်ကို့ကို ခါးလေးထောက်ပြီး စွာနေတာ ပုံစံလေးကကြည့်ရတာ တကယ်မိုက်တယ် ... ဒီလိုစွာတတ်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ပါးလေးကို စိတ်ကူးလေးယဉ်ပြီး ဘယ်ပြန်ညာပြန်လေး အစ်ကိုနမ်းကြည့်စမ်း ... အဲဒီကောင်မလေးရဲ့မျက်နှာလေးဘယ်လောက်ရဲသွားမလဲဆိုတာ ဟား ဟား ..."

"မင်း ... မင်းကွာ ..."

သူရှက်သွားတာ လက်သမားကောင်လေး မျက်နှာကိုတောင် မကြည့်ရဲ။

"ဘာလဲ အစ်ကို ... ကျွန်တော်ပြောလို့ အစ်ကိုရှက်သွားတာလား၊ အစ်ကိုဟာလေ ... ရည်းစားမထားဘူးတဲ့ လူပျိုကြီးလို့မပြောရဘူး၊ ဟား ဟား ... ကျွန်တော် မြှောက်ပြောတာကို အဟုတ်ထင်ပြီး လျှောက်တော့အစ်ကို မလုပ်နဲ့နော် ... ချစ်သောမောင်က သူ့ကိုစကားလိုက်ပြောတာတို့ စာလိုက်ပေးတာတို့လုပ်ရင် ရပ်ကွက်ရုံးမှာသွားတိုင်ပြီးတော့ကို ပြဿနာရှာတာ ..."

"ဟာ ... ဟုတ်လား ..."

"အခုတောင် အစ်ကိုနဲ့စကားများနေတာ အခန်းချင်းကပ်လျက်ဖြစ်နေလို့ ချစ်သောမောင်က စိတ်လျှော့သွားတာ ... ပြောရရင် ဒီအိမ်ကလေးမှာ သူတို့သားအမိ ငှားနေတာလည်း အရမ်းကြာပြီလေ ... ကျွန်တော်သိသလောက်ပြောရရင် လေးငါးဆယ်နှစ်





လောက်တောင် ရှိပြီထင်တယ် ..."

"ကွဲသွားတဲ့ သူ့အဖေက သမီးနဲ့မိန်းမကို တစ်ခေါက်မှတောင် လာမကြည့်တော့ဘူးလား ..."

"ဟာ ... ကြည့်တာပေါ့ အစ်ကိုရ ..."

"ဟင်"

ကြားထဲက ဝင်ဖြေလိုက်တာ နောက်ထပ် လက်သမားကောင်လေးတစ်ယောက်။

"ပြော ... ပြောစမ်းပါဦးကွာ ... ဘယ်လိုကြည့်တာလဲ"

"ချစ်သောမောင်ရဲ့အဖေက အရမ်းချမ်းသာတဲ့ ဒိတ်ဒိတ်ကြဲသူဌေး ... ကုမ္ပဏီ စီးပွားရေးလောကမှာလည်း အရမ်းအောင်မြင်နေတာ၊ အဲဒါ ... တစ်ခါတလေ မှန်အမည်းတွေကပ်ထားတဲ့ ကောင်းစား ကားကြီးနဲ့ ရပ်ကွက်ထဲကို ဝင်ဝင်လာပြီး လိုသမျှထောက်ပံ့တာတောင် သားအမိနှစ်ယောက်စလုံးက လက်မခံဘူး"

"ဘာ ... ဒီလောက်တောင် မာနကြီးရလားကွာ"

"ဟာ ... အစ်ကိုကလည်း သူတို့သားအမိ မာနကြီးတယ်ဆိုတာ သူတို့ခံစားခဲ့ရတဲ့ ခံစားချက်အစစ်အမှန်ကို သူတို့သားအမိကသိမှာလေ ... အမိကမုန်းနေတာ ချစ်သောမောင်က မုန်းနေတာ"

"အေးပါကွာ အေးပါ ... မင်းတို့ဒီလောက်ပြောရင် ချစ်သောမောင်တို့ သားအမိနှစ်ယောက်အကြောင်းကို အစ်ကိုသဘောပေါက်ပြီ ကဲ ... ဘူးသီးကြော်တွေ ထပ်ထည့်ပြီး စားကြဦးလေကွာ၊ အစ်ကို အများကြီး ကြော်ထားပါတယ်ကွ ..."

ထိုအချိန်မှာ ဒေါပွပွလေးနဲ့ အိမ်ပေါ်တက်လာတဲ့ ချစ်သော



www.burmeseclassic.com

www.burmeseclassic.com



မောင်တစ်ယောက်ကတော့ ခေါင်းမှာဆောင်းထားတဲ့ လျှာထိုးဦးထုပ်ဖြူလေးကို ဖျတ်ခနဲ ဆွဲချွတ်ကာ ...

"ဟွန်း ... တော်တော်စိတ်တိုဖို့ကောင်းတဲ့လူ ... "

"ဟင် ... ဘာဖြစ်လာတာလဲမောင် ... "

"ဟိုလူလေ ... ဦးမင်းထိုးရှည် ... "

"ဟာ ... ဒီသူငယ်လေး ဘာဖြစ်လို့လဲ ... "

"ခြံရှေ့မှာ ထီးစုတ်ဖိနပ်စုတ်ပြင်ဆိုင်ဖွင့်နေတာလေ မေမေရဲ့"

"ဟဲ့ ... အဲလ်ကွန်းတွေ ရေခဲသေတ္တာတွေ ပြင်တဲ့ဆိုင်ဖွင့်တာမဟုတ်ဘူးလား"

"ဟာ ... မေမေကလည်း ဆိုင်ရှေ့မှာ ထီးစုတ်ဖိနပ်စုတ်တွေ ဒီလောက်ချိတ်ထားတဲ့ဟာကို ... "

"အဲဒါ ... နောက်နေတာ၊ နောက်နေတာ ... ချစ်သောမောင်လာရင် စချင်တယ်ဆိုပြီး မေမေ့ဆီက ထီးစုတ်ဖိနပ်စုတ်တွေ လာတောင်းလို့ မေမေ ပေးလိုက်တာ ... "

"ဟာ ... ကြည့်စမ်း ... "

မောင့်မျက်နှာလေး ဖျန်းခနဲတောင် ရဲသွားရပြီ။

လူကိုများ သူစ,စရာလား။

သူနဲ့မပတ်သက်ချင်ပါဘူးဆိုပြီး ဒီလောက်ပြောထားတဲ့ဟာကို အလကား ... သက်သက်မဲ့နဲ့။ မောင် ဒီလူ့ကို သည်းမခံနိုင်တာတွေက ... အဲဒါတွေ ... ။

"မပြောပါနဲ့ သမီးရယ် ... ခမြာလေးက သဘောကောင်းရှာပါတယ်၊ ခုလည်း ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်လေးနဲ့ ဘူးသီးကြော်ကြွပ်ကြွပ်ရွရွလေးတစ်ပွဲတောင် မေမေစားဖို့ဆိုပြီး ဦးဦးဖျားဖျား လာပို့ထားတယ် ... မေမေစားကြည့်တော့ ကောင်းလိုက်တာလေ အချဉ်ရေလေးစပ်ထားတာလေးကအစ တော်တော်အဆင့်မြင့်တာပဲ"

"ဟာ ... မေမေကတော့ တကယ့်ကျွိုင်ပဲ ... သိလား"

မောင် ဆံပင်တွေကြားထဲ လက်ထိုးသွင်းကာ ဆွဲဖွပြီးတော့တောင် ကုတ်မိသည်။ ဒီလူ့ကို မေမေ အထင်ကြီးနေတာက အရမ်းသိသာနေပြီ။

မောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားကြည့်တော့လည်း မရ။

"ချစ်သောမောင် ... "

"မေမေနော် ... မေမေ မောင်နဲ့စကားလာမပြောနဲ့၊ ပြောရင် မေမေနဲ့မောင် ရန်ဖြစ်တော့မှာ ... "

မောင် မသိချင်ဟန်ဆောင်ပြီး နောက်ဖေးရေအိမ်ထဲဝင်ခဲ့သည်။

"ဂျောက် ... "

"ဒေါက် ... "

တံခါးဂျက်ထိုးလိုက်တော့လည်း ရေအိမ်ရှေ့ကနေ မေမေ နောက်ပြန်လှည့်မသွား။ တံခါးကို တဒေါက်ဒေါက်ခေါက်ပြီး ရေအိမ်ရှေ့မှာ ရပ်နေပုံရ၏။

"မောင် ... "

"ဟာ ... မေမေ ဘယ်လိုဖြစ်နေတာလဲ ... "







www.burmeseclassic.com

www.burmeseclassic.com



အော်ခေါ်နေတာ စိတ်တိုနေတဲ့အသံကလေးနဲ့။

"မောင် ... ဘာဖြစ်လို့ မင်းထီးရှည်ကို ဒီလောက်တောင် အထင်သေးနေရတာလဲ ... ညကလည်း မောင့်ကို မေမေပြောတယ် ကိုယ်နဲ့တခြိတဝင်းတည်းနေနေတာ သင့်မြတ်အောင် အလိုက် အထိုက်ပေါင်းရမယ်ဆိုတာ ... "

"ဟာ ... ဒီလူနဲ့မောင် မျက်နှာကြောမှ မတည့်တဲ့ဥစ္စာ၊ ဒီလူ ကို သမီး ယုံလည်းမယုံဘူး၊ ကြည့်လို့လည်းမရဘူး၊ ပေါင်းချင်ရင် မေမေပဲ တည့်အောင်ပေါင်း ... မောင့်ကို လာမပေါင်းနိုင်းနဲ့"

မောင် ရွဲ့ပြောတာ မေမေသိမှာပါ။

ဘူးဆိုရင် ဖရုံမသီးတတ်တာ ငယ်ငယ်လေးကတည်းက မောင့်အကျင့်။ အမိကအချက်က ယောကျ်ားလေးဆိုရင် ဘယ် ယောကျ်ားလေးကိုမှ မေမေက အထင်မကြီးခဲ့တာ။ မေမေဆို ဖေဖေ့ကို ဘယ်လောက်ချစ်ခဲ့လဲ။ ဒါတောင် ... ဖေဖေ နှိပ်စက်လို့ ခြင်ထောင်ထဲမှာ မေမေ ညတိုင်းငိုခဲ့ရတာ။

နောက်ဆုံး လမ်းခွဲကာနီးညမှာ ဖေဖေနဲ့မေမေ ရန်ဖြစ်တော့ မောင်က ရှစ်နှစ်သမီးအရွယ်လေ။ ရန်ဖြစ်ရင်း မေမေ့ကိုရိုက်တော့ အိပ်ရာထဲကနေ မောင် လူးလဲထကာ အဖြူရောင်ဂါဝန်ဖားဖား လေးနဲ့ ဖေဖေနဲ့မေမေကြားကို မောင် ပြေးဝင်သည်။

ဒါကို ဖေဖေက ဆောင့်တွန်းတော့ မောင်ကြမ်းပြင်ပေါ်ကို ဖင်ထိုင်လျက်သားလေး ပစ်လဲကျခဲ့၏။

"သွားစမ်း ... နင် ဝင်မရှုပ်နဲ့ ... "

ဆောင့်တွန်းအော်ဟစ်ရင်း မောင့်ကိုလှမ်းကြည့်လိုက်သည့် ဖေဖေ့မျက်ဝန်းတွေက မီးတောက်လုမတတ်။





"အဟင့် ... "

ဖေဖေ့ကိုကြောက်ပြီး မောင်ငိုတာ ရှိုက်သံလေးတောင် ရဲရဲ အင်းတင်းမထွက်ရဲဘဲ ကြိတ်ကြိတ်ပြီး ရှိုက်ငိုခဲ့ရတာ။

"နင် ... နင် ... ငါ့သမီးမဟုတ်ဘူး၊ နင့်ကို နင့်အမေက ဘယ်လိုပဲမွေးခဲ့ ... မွေးခဲ့၊ ငါနဲ့ရတဲ့သမီးဆိုတာ ငါလက်မခံနိုင်ဘူး"

"ကိုမြတ်ကို ရှင်လွန်နေပြီနော် ... ရှင် မဟုတ်တာတွေ လုပ် အားသမျှ ကာကွယ်နိုင်ဖို့အတွက် ကျွန်မကို ဖွတ်ဖွဲထိုးနှက်နေတာ တွေ ကျွန်မ ခံနိုင်ပေမယ့် သမီးလေးကို ရှင် ဒီလိုပြောတာတော့ ကျွန်မ မခံနိုင်ဘူး"

"မခံနိုင်လည်း မင်းလဲသေလိုက်စမ်း ... ငါကတော့ ရင်ထဲ မှာ ရှိတဲ့စကားကိုပြောရမှာပဲ ... ချစ်သောမောင်ကိုတွေ့တိုင်း ငါ ခုန်းတယ် ... ငါ့သမီးမဟုတ်ဘူးဆိုတဲ့အသိက ငါ့တစ်ကိုယ်လုံးကို အချိန်ရှိသရွေ့ မီးလောင်တိုက်သွင်းနေသလိုပဲ ... "

"ရှင် ... ရှင် ... တော်တော်ရက်စက်တယ်၊ နောက်မိန်းမ တစ်ယောက်နဲ့ ဖောက်ပြန်ချင်တိုင်း သမီးအရင်းနဲ့ မယားကိုပါ ချောက်ကမ္ဘားစွန်းအောက်ကို ရောက်သွားအောင် သွေးရူးသွေး တန်းနဲ့ပစ်ပေါက်ချချင်နေတာ ... ဒီမှာ ကျွန်မကလည်း ရှင့်လို ယောကျ်ားတစ်ယောက်ကို နောက်ဆုံးစကားတစ်ခွန်းပဲ ပြောခဲ့ မယ်၊ ရှင်ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ရှင်ချမ်းသာလို့ စိန်ရွှေ ရတာမှာ ပတ္တမြားတွေ ဘယ်လောက်ပဲဆင်ဆင် ဖောက်ပြန်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့မယားဟာ မတင့်တယ်ဘူးဆိုတာ လူ တိုင်းသိတယ် ... လာ ... သမီး ... မငိုနဲ့၊ ဒီတိုက်ကြီးပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com


ဒီညပဲ မေမေတို့ဆင်းမယ်"

အဲဒီညက မျက်ရည်ကိုသုတ်ပြီး ဖေဖေ့ကို နောက်ဆုံးကြည့်ခဲ့တာ နာကျင်စွာနဲ့။ မောင်နဲ့မေမေ ဖေဖေ့ကြောင့် ရခဲ့တဲ့နောက်ဆုံးရလဒ်က မျက်ရည်တွေကုန်ခမ်းသွားခဲ့ချိန်မှာ မာနတွေမွေးဖွားလာခဲ့တာပဲဖြစ်သည်။

ဘုရားရှင်ရှေ့မှာ သားအမိနှစ်ယောက် ဆုတောင်းခဲ့တာလည်း ဘဝဆက်တိုင်း ယောကျ်ားလေးပဲ ဖြစ်ပါရစေဆိုတဲ့ဆု။

မောင် ရှုံးသွပ်စွာနဲ့ ယောကျ်ားလေး ဖြစ်ချင်သွားခဲ့တာလည်း ဒီနေ့အထိ။

သတိရတော့မှ မောင် နားစွင့်ကြည့်လိုက်တော့ ...

ရေအိမ်လေးရှေ့မှာ မေမွှေအသံက ပျောက်သွားခဲ့ပြီ။

မောင် နှုတ်ခမ်းလေးမဲ့လိုက်တာ နာကျင်စွာလေးနဲ့။

ဆီး

## အခန်း ( ၅ )

"ချုလွှင် ... ချုလွှင် ... "

"မောင်ရေ မောင် ... ချစ်သောမောင် ရှိလားဟင်"

"ဟဲ့ သမီး ... ခြံတံခါးမှာရပ်ပြီးအော်နေတာ ဘယ်သူလဲမသိဘူး ... ထွက်ကြည့်စမ်း ... "

"မောင်ရေ ... ချစ်သောမောင် ... "

စောစောစီးစီး မောင် ကျောင်းသွားဖို့ ပြင်နေဆဲ ...

အိမ်ရှေ့က အဆက်မပြတ် အော်ခေါ်နေသံကြောင့် ဆံပင်ရှည်တွေကို ကမန်းကတမ်း စုချည်ကာ မောင် အိမ်ရှေ့ကို ပြေးဆင်းလာခဲ့ရသည်။

မျက်တောင်ရှည်တွေကော့ကာ မောင် ကြည့်လိုက်တော့။

"ဟင် ... အနုတီမြင့် စောစောစီးစီး ဘာကိစ္စရှိလို့လဲ"

ဟိုဖက်တစ်လမ်းကျော်က အနုတီမြင့် ...

မောင် မျက်လုံးပြူးသွားတာက အနုတီမြင့်လက်ထဲမှာ ထီးစုတ်ဖိနပ်စုတ်တွေကိုင်လို့။

"အို ... ဘာကိစ္စရှိရမှာလဲ၊ မောင်တို့အိမ်ရှေ့မှာ ထီးပြင်ဖိနပ်


www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဆိုင် ဖွင့်ထားတယ်ဆိုလို့လာတာ၊ ဘယ်သူဖွင့်တာလဲဟင် မောင် ဖွင့်ထားတာလား …”

ကြည့်စမ်း …

မိုးလင်းတာနဲ့ ဒီလူရှုပ်ထားတဲ့ ပြဿနာကို မောင်ရှင်းရပြီ။

“အန် … အန်တီမြင့်နော် … အန်တီမြင့် စကားပြောတာ ကြည့်ပြောနော်၊ ဒီလိုဆိုင်မျိုးလား မောင်ကဖွင့်မှာ …”

“ဟယ် … မသိပါဘူးမောင်ရယ်၊ ရပ်ကွက်ထဲမှာပြောနေတာက မောင်နဲ့ဟိုအရပ်မြင့်မြင့် အသားဖြူဖြူနဲ့ကောင်လေး စပ်တူဖွင့်တယ်ဆိုလား၊ ရှယ်ယာဖွင့်တယ်ဆိုလား …”

“ဘာ … ဘာ … ဘာပြောတယ်အန်တီမြင့်”

မောင် ဆတ်ဆတ်ထိမခံအောင် တစ်ကိုယ်လုံးတုံတက်သွားရပြီ။

“ဟာ … စိတ်မဆိုးနဲ့နော် မောင် … အန်တီမြင့် မောင့်ကို မေးတာမသိလို့မေးတာနော်၊ မပြောမဆို ရုတ်တရက် ဖြုန်းစားကြီး ဖွင့်လိုက်တာဆိုတော့ ရပ်ကွက်ထဲမှာ ဟိုလူပြော ဒီလူပြောနဲ့ပြောနေသံကြားလို့ အန်တီမြင့်မေးမိတာ၊ မဟုတ်ရင်လည်း ပြီးရော … ပြီးရော …”

“ဟာ … ပြီးလို့ရမလား … ပြီးလို့ရမလား … ဒါဘယ်သူပြောတာလဲဆိုတာ မောင် တိတိကျကျသိချင်တယ်၊ ဟင်း ဟင်း ပြောပါ အန်တီမြင့် … ရပ်ကွက်ထဲမှာ ဒီဆိုင်ဖွင့်တာနဲ့ ပတ်သက်ပြီး ဘာတွေပြောနေသလဲဆိုတာ မောင် တိတိကျကျသိချင်တယ်”

“အမလေး မောင်ရယ် … ပြောတာတွေကတော့စုံနေတာပဲ”





“ဟင် … ဘာတွေလဲ …”

အန်တီမြင့် မျက်နှာကိုစိုက်ကြည့်ရင်း မောင် မျက်တောင်မခတ်နိုင်။

“ဒီ … ဒီမှာ ဆိုင်လာဖွင့်တဲ့ ဟိုအသားဖြူဖြူကောင်လေးက မောင့်ကို တော်တော်ကြိုက်နေတယ်ဆိုလား …”

“ဘာ … အန်တီမြင့် …”

မောင် ဆတ်ဆတ်ခါနာသွားတာ စိတ်ကို ထိန်းထားလို့တောင်မရ။

“အဲဒါ … အဲဒါ ဘယ်သူပြောတာလဲ … ဟိုထီးပြင်ဖိနပ်ချုပ်သမားက ပြောတာလား …”

“ဟာ … အဲဒါတော့ အန်တီမြင့်လည်း ဘယ်သိပါ့မလဲမောင်ရယ် … ရပ်ကွက်ထဲကလူတွေပြောနေတဲ့ အသံကိုကြားလို့ အန်တီမြင့် ပြန်ပြောနေရတာ …”

“နောက်တစ်ခါ အဲဒါမျိုးကြားရင် ပြန်ပြောလိုက်၊ ဒီလိုထီးပြင်ဖိနပ်ချုပ်သမားကို မောင်တို့က လုံးဝမသုံးဘူးလို့ …”

“အေးပါ … အေးပါ ပြောလိုက်မယ်နော် …”

မောင် ဒေါပွနေရတာ မျက်နှာပါရဲတွတ်သွားသည်။

ဒီလိုလူမျိုးက မောင့်ကိုကြိုက်နေစရာလား။

အိမ်ငှားပြီး ဆိုင်လာဖွင့်တာကပဲ နှစ်ရက်နဲ့တစ်ပိုင်းပဲရှိသေးတဲ့ဥစ္စာ။ အန်တီမြင့် ပြန်ထွက်သွားတော့ ဆံပင်ရှည်ကြီးတွေ ဘယမ်းယမ်းနဲ့ မောင်အိမ်ပေါ်ကိုပြန်တက်သည်။ ရတယ် … ဦးမင်းသီးရှည် … ဒီကိစ္စကို မေမေ့ရှေ့မှာ ကျွန်မ မရှင်းဘူး …”



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း … နှစ်ယောက်တည်း တွေ့လို့ကတော့ …

အချိန်တန်လို့သာ မောင် ကျောင်းကိုထွက်လာရပေမယ့် မပြေသေးတဲ့ဒေါသလေးကြောင့် မောင့်မျက်နှာလေးဟာ တည်တင်းလို့။

အိမ်ပေါ်ကနေ စက်ဘီးလေးကို ချအဆင်းမှာ မကျေမနပ်ကလေးနဲ့လည်း ဘေးချင်းကပ်က ဟိုလူ့အခန်းကို မောင်က စူတင်းတင်းကလေးနဲ့ ကြည့်လိုက်မိသေးရဲ့။

ဟွန်း … တံခါးတွေ ပိတ်ထားတယ်ဆိုတော့ …

စောစောစီးစီး ရှင် အပြင်ကိုတစ်ယောက်တည်း ထွက်သွားတယ်ပေါ့။ ရတယ်လေ … ရှင်ဘယ်အထိသွားနိုင်မလဲ။ ရပ်ကွက်ထဲမှာ ဒီလိုသတင်းမျိုးတွေ ထွက်တယ်ဆိုတာ ရပ်ကွက်ထဲကလူငယ်တွေ တရုန်းရုန်းကြားမှာ တဝါးဝါးတဟားဟားနဲ့ ဒီသတင်းကို ရှင်တမင်ထိုင်ဖွနေလို့ထွက်တာ။

ရှင် … တရားခံပဲသိလား … ဦးမင်းထီးရှည်။

"ဟယ် … ကြည့်စမ်း … "

စက်ဘီးနင်းလာရင်း လမ်းမတစ်နေရာက လက်ဖက်ရည်ဆိုင်လေးနားကိုရောက်တော့ မောင် မျက်လုံးပြူးသွားရပြီ။

လက်ဖက်ရည်ဆိုင်ထဲကနေ မောင့်ကို ပြုံးပြနေတာ ဘယ်သူဖြစ်ရမှာလဲ။ ဦးမင်းထီးရှည်ဆိုတဲ့လူ။ ဟော … တွေ့လား … တွေ့လား …

ဆိုင်ထဲက ထွက်လာပြီး မောင့်စက်ဘီးလေးကိုတောင် လက်ပြတားလိုက်သေးတာ။





"မောင် … မောင် … လက်ဖက်ရည်သောက်သွားပါဦး"

"ကျို … ကျို … "

"ဟာ … ဟာ … တိုက်မိတော့မယ် ဒုက္ခပါပဲ … "

မောင် တမင်အမြင်ကတ်ကတ်နဲ့ ဝင်တိုက်ပစ်တာ။

စက်ဘီးလက်ကိုင်ကို လှမ်းကိုင်ထားရင်း ခုန်ထွက်ရှောင်သွားလို့။

"မင်း … မင်း ဘယ်လိုလုပ်တာလဲဟင် မောင် … "

"ဘာလုပ်ရမှာလဲ … ရှင့်ကို အမြင်ကတ်လို့ တမင်ဝင်တိုက်တာလေ"

"မင်းကွာ … တောတော်ရက်စက်တာပဲ၊ ငါကတော့ မင်းနဲ့သည်းစကားပြောချင်၊ မင်းကိုလည်း လက်ဖက်ရည်တိုက်ချင်လို့ ခင်ခင်မင်မင်လေး ပြုံးပြထွက်ခေါ်တဲ့ဟာကို … "

"ဘာပြောတယ် … "

မောင် ခပ်ဆောင့်ဆောင့် အော်ထည့်လိုက်တော့ ဒီလူ မျက်လုံးပါပြူးသွားသည်။

"ဟာ … ဟာ … မင်း မအော်နဲ့လေ၊ ပြဿနာပဲ … "

"မအော်လို့ရမလား … မအော်လို့ရမလား၊ လမ်းမအလယ်ကောင်ကြီးမှာလာပြီး ရှင်အူတူတူနဲ့ ငယ်ပေါင်းကြီးဖော်တွေလိုအရောဝင်ဖို့ ရှင် ကြိုးစားနေတာလေ"

"မင်း … မင်း လူတစ်ယောက်ရဲ့ ခင်မင်ချင်တဲ့ဆန္ဒလေးကိုတော့ နည်းနည်းပါးပါးလေး အသိအမှတ်ပြုသင့်တာပေါ့ကွ"

"အောင်မယ် … အောင်မယ် … ရှင့်လို ထီးပြင်ဖိနပ်ချုပ်သမားတစ်ယောက်က ခင်မင်ချင်တာကို ကျွန်မက အသိအမှတ်ပြု



www.burmeseclassic.com

www.burmeseclassic.com



ပေးနေစရာလား၊ ကျွန်မ အခု စက်ဘီးရပ်လိုက်တာ ရှင်နဲ့စာရင်းရှင်းစရာရှိလို့ ရပ်လိုက်တာ ... ရှင်နဲ့အရောဝင်ပတ်သက်ချင်လို့ ရပ်လိုက်တာ မဟုတ်ဘူး ... နားလည်လား ... ”

“ဘာ ... ငါနဲ့ စာရင်းရှင်းစရာရှိတယ် ဟုတ်လား ... ”

မောင် ပြောလိုက်တာကိုတော့ သူနားမလည်ပါ။

သူနဲ့စာရင်းရှင်းစရာ ရှိလို့တဲ့။

ဘာတွေလဲ ...

“ရှင် ... ရှင် ... ကျွန်မနဲ့ပတ်သက်ပြီး ရပ်ကွက်ထဲမှာမဖွနဲ့နော် ... ”

“ဗျာ ... ”

“အခုရပ်ကွက်ထဲမှာ ရှင်နဲ့ကျွန်မကိုပဲ ဟိုလိုလို ဒီလိုလို လူတွေက ပြောချင်နေကြတာ၊ သည်းခံနိုင်တဲ့အတိုင်းအတာတစ်ခုကို ကျော်လာရင် ရှင်မလွယ်ဘူး”

“အဲဒါ ... ငါနဲ့ ဘာဆိုင်လို့လဲကွ”

“ဟာ ... မဆိုင်ရမလား၊ ကျွန်မတို့ဘေးခန်းကို မတန်တဆ လခတွေပေးပြီး ရှင်ငှားလိုက်ကတည်းက ဘာကြောင့်လဲဆိုတာ လူတွေက မျက်လုံးဒေါက်ထောက်ကြည့်နေတာလေ၊ ရှင့်ကြောင့် ကျွန်မ ဘယ်လောက်အပြောခံနေရပြီလဲဆိုတာ ရှင်သိရဲ့လားဟင်၊ ကိုမင်းထီးရှည်ရဲ့ ... အမလေးနော် ... နာမည်ခေါ်ရတာတောင် မောလိုက်တာ ... ဟင်း ဟင်း ... ”

မောင် ပြောရင်း နဖူးပြင်လေးပေါ် ပြွတ်ကျလာတဲ့ ဆံပင်လေးတွေကို ပြန်သပ်တင်သည်။ သူ့မျက်နှာကိုလည်း ဘုဆတ်ဆတ်လေး မောင် မော့ကြည့်မိ၏။



“ဒီမှာ ... မင်းပြောတာတွေ ငါဘာမှမသိဘူး၊ ငါသိတာ စီးပွားရှာပြီး သူဌေးဖြစ်ဖို့ပဲသိတယ်၊ မင်းနဲ့လည်း ခင်ခင်မင်မင်နေမယ်၊ စီးပွားလည်း ရှာမယ် ... ဒါပဲ ... ”

“ဟာ ... ပြောပြန်ပြီ၊ ရှင့်လို ထီးပြင်ဖိနပ်ချုပ်သမားကို မခင်နိုင်ပါဘူးလို့ ကျွန်မ ဘယ်နှစ်ခါပြောရမလဲ ... ဒုက္ခပါပဲ ... ”

“မရဘူးကွာ ... မင်း ငါ့ကိုခင်ရမယ် ... ”

“ဒုက္ခပါပဲ ... ပြဿနာပဲ ... ”

မခင်ချင်ပါဘူးဆိုတာကို ဘာဖြစ်လို့ ဒီလူ အတင်းစွတ်ခင်ချင်နေရတာလဲ။ မောင် ဒီလူ့ကိုလှမ်းကြည့်လိုက်မိတာလည်း တကယ့်ကို စိတ်ပျက်လက်ပျက်လေး။

“ငါ ... ငါပြောတာ မင်း သဘောပေါက်တယ်နော် ချစ်သောမောင် ... ငါ့ဘဝက ငါးသိုင်းချောင်းရွာကြည့်အသုတ်ကနေ တစ်သောက်တည်းတက်လာတယ်၊ မြို့လည်ခေါင်မှာ ငှားမနေနိုင်လို့ အဆင်ခြေဖုံးမြို့သစ်လေးမှာ အိမ်လိုက်ငှားတယ်၊ မငှားခင် မင်းနဲ့တွေ့တယ် ... တွေ့တော့ မင်းကိုခင်သွားတယ်၊ ဒါကြောင့်မို့ ... ပိုင်ရှင်ကို အပိုက်ဆံအကုန်ပေးပြီးတော့ မင်းဘေးကလွတ်နေတဲ့အခန်းကို ငှားလိုက်တယ်၊ ဒါပဲ ... ငါ့သဘောက မင်းနဲ့ငါ အခန်းနားနီးချင်းတွေမို့ ချစ်ချစ်ခင်ခင် နေချင်တယ်၊ ဒါပြောချင်လို့ မင်းလာမယ့်လမ်းကနေ ငါစောင့်နေတာ ... ရှင်းတယ်နော် ... ”

“ဒီမှာ ... ”

“ဟုတ်ကဲ့ ပြောပါ ... ”

“ပါးကျိုးသွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ရှင် အူတူတူလုပ်ဖို့ ကြိုးစားနေတာ ကျွန်မ မသိဘူးထင်နေလို့လား"

"မင်း ..."

"နောက်တစ်ခါ ကျွန်မလာမယ့်လမ်းကနေ ရှင်ဘာမှ စောင့်နေစရာမလိုဘူး၊ ရှင့်လိုလူမျိုးကိုလည်း ဘယ်တော့မှ ခင်မင်ပတ်သက်နေစရာအကြောင်း မရှိဘူး ... ယောက်ျားဆိုရင် ကျွန်မ အသေမုန်းတယ် ... ဒါပဲ ..."

"ဟောဗျာ ..."

မောင် ပြောလည်းပြော စက်ဘီးလေးကိုလည်း ဆက်ပြီးတော့ နင်းထွက်လာခဲ့သည်။ ရိုးသားမှု မရှိတဲ့ဒီလူ။ ခုပဲပြောသွားတာ ကြည့်ပါလား။ မောင့်ကိုခင်လို့ ဒီအခန်းကို ဈေးကြီးပေးငှားလိုက်တာတဲ့။

သူပြောတာ ရှင်းနေပြီပဲ။

ဒါကြောင့်မို့ ... ရပ်ကွက်ထဲမှာ သတင်းတွေစုံအောင် ထွက်သွားတာ ဒီလူမဖွရင် ဘယ်သူဖွမလဲ။

မောင် ဒေါပွရတာလည်း မပြောပါနဲ့တော့။

အခုဆိုရင် ရပ်ကွက်ထဲမှာ ... မောင့်ကိုမြင်ရင် ဟိုလူကလည်း ပြုံးစိစိ၊ ဒီလူကလည်း ပြုံးစေ့စေ့နဲ့။ မောင့်မှာတော့ မလုံတဲ့စိတ်ကလေးနဲ့ အူတွေလည်းယား၊ အသည်းတွေလည်းယား။

ကလေးတွေကို စာသင်တော့လည်း စိတ်ကမပါ။

တွေးမိတိုင်းလည်း စိတ်ထဲမှာ ကျလိကျလိဖြစ်ပြီး ဒီထီးပြင်





နှပ်ချုပ်သမားကိုပဲ အမှုန့်ကြိတ်ပစ်ချင်နေတာ။ ပိုဆိုးတာက ကျောင်းက တပည့်ကောင်လေးတစ်ယောက်က မောင့်ကို မကျေချမ်းလေးနဲ့ လာပြောနေတာပါ။

"ချယ်"

"ဟင် ... ဘာလဲသား ..."

ကျောင်းမုန့်စားဆင်းချိန်မို့ အတန်းထဲမှာ ကလေးတွေကည်း ဆော့နေကြသည်။ ခေါ်သံကြားလို့ မောင် မော့ကြည့်လိုက်တော့ မောင့်တပည့်ကောင်လေး အောင်ဇေဒါ။

"ဟဲ့ ... အောင်ဇေဒါ ... ဘာဖြစ်တာလဲ ပြောလေ ..."

လက်ပိုက်ရပ်နေပြီး တုတ်တုတ်မလှုပ်ဘဲငြိမ်နေတော့ ောင် ခပ်ငေါက်ငေါက်လေး လှမ်းမေးလိုက်ရ၏။

သည်တော့မှ တပည့်ကျော်အောင်ဇေဒါက ...

"မနေ့က ချယ်ဆိုင်ဖွင့်ထားတယ်ဆိုလို့ သားလာတာ"

"ဟာ ... ကြည့်စမ်း ..."

"သား ဖိနပ်ပြတ်သွားလို့ ..."

"ဟင်း ... ဟင်း ..."

မောင် ဘာပြန်ပြောရမှန်းမသိ။

တွေ့တယ်နော် ... ကလေးက ပြောနေတာ။

ချယ် ဆိုင်ဖွင့်ထားတယ်ဆိုလို့ လာတာတဲ့။

မောင် ဒေါပွသွားပေမယ့် ကလေးမို့စိတ်ကိုထိန်းချုပ်လိုက်ရ မျက်နှာလေးကတော့ နီသွားသေးသပေါ့။

"ပြော ... ပြော ... အဲဒါ ဘာဖြစ်လဲ ..."

"အဲဒါ ... ဦးမင်းထီးရှည်ဆိုတဲ့လူကြီးက သားကိုပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာပြောလဲ ... "

"ဦးဆိုင်က ဖိနပ်ချုပ်ဆိုင် မဟုတ်ဘူးတဲ့၊ ဆိုင်မှာ ထီးတွေ ဖိနပ်တွေချိတ်ထားတာလည်း ချစ်သောမောင်ဆိုတဲ့ ခပ်စွာစွာ ဆရာမကို ရွဲ့ပြီးတော့ ချိတ်ထားတာတဲ့"

"ဘာရယ် ... "

ကြည့်စမ်း ...

ဒီလူ ဖွနေတာ ... ဒီလူ ဖွနေတာ။

"အဲဒါနဲ့သားက ပြန်ပြောလိုက်တယ်"

"ဘယ်လိုပြောလိုက်လဲ"

"ရွဲ့ရအောင် ဦးက ချယ့်ကိုကြိုက်လို့လားဆိုတော့"

"ဟင် ... အဲဒါ ... သူ ... သူက ဘာပြန်ပြောလဲ ... "

"ကြိုက်တယ်တဲ့"

"ဘုရားရေ ... "

ကြည့်စမ်း ... အဲဒါတော့ ဒီလူ အရမ်းလွန်သွားပြီ။

ကျောင်းဆင်းတော့ စက်ဘီးကိုလည်း မောင် ဒုန်းစိုင်းနင်း သည်။ သူ့ဆိုင်ရှေ့ရောက်တော့လည်း ဘရိတ်ကို ကျွီခနဲ ကျွမ်ခနဲ အသံမြည်သွားအောင် အတင်းအုပ်ကာဆင်း၏။

လက်မောင်းစ အင်္ကျီကို ဆွဲမတင်ပြီး ဆိုင်ထဲကိုဝင်တော့ သူက စားပွဲပေါ်မှာ တီဗွီတစ်လုံးကိုပြင်နေတာ။ အောက်စက်နဲ့ လည်းတွဲထားသည်။ ဆောင်းဘောက်နဲ့လည်း ပွိုင်းထားသည်။

သီချင်းဖွင့်နေတာက ...

တစ်ရပ်ကွက်လုံး ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့အတိုင်း။

မြူးလည်းမြူးတယ် xxx ထူးလည်းထူးတယ် xxx





တို့ကိုကြီးကျော် xxx တို့ကိုကြီးကျော် xxx

ထူးလည်းထူးတယ် xxx မြူးလည်းမြူးတယ် xxx

တို့ကိုကြီးကျော် xxx တို့ကိုကြီးကျော် xxx

"ဝှီး ... ဝှီး ... ဂီး ... ဂီး ... "

မခံနိုင်တော့လို့ နားပဲပိတ်လိုက်ရတော့မလား။

သူ့အသံထက် နှစ်ဆပိုကျယ်အောင် ကိုယ်ကပဲအော်လိုက် ရမလား။ အိမ်ရှေ့မှာလာပြီးတော့ ဒီလူ လုပ်ချင်တိုင်းလုပ်နေ

"ဒီမှာရှင့် ... ဒီမှာ ... ဒီမှာ ... "

မောင် ဝင်လာတာလည်း ဒီလူမတွေ့။

မောင် ခေါ်နေတာလည်း ဒီလူမကြား။

"ဒီမှာရှင့် ... "

"ဘုန်း ... "

"အောင်မလေးဗျ ... "

စားပွဲကို ဘုန်းခနဲ ထုလိုက်တော့မှ မျက်လုံးပြူး မျက်ဆံပြူး မော့ကြည့်သည်။

"မင်း ... "

အောက်စက်ကိုလည်း ကမန်းကတမ်း ပိတ်သည်။

လက်ထဲက ဂဟေဆော်ဂေါက်တံကိုလည်း ဒေါက်ခနဲပစ်ချ

စောစောက ဆူညံနေတဲ့အသံတွေ တိခနဲ တိတ်ကျသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ဘာစကားပြောတာလဲ ... "

"ဘာ ... "

"ရှင်ပြောတာလေ ... ရှင်ပြောတာ ... "

ဒီလူ မောင့်ကို အူတူတူလေးနဲ့မော့ကြည့်နေတာ။ သူ ဘ
မသိတဲ့အတိုင်း။ ဟွန်း ... ကြည့်နေတာလည်း မျက်လုံးလေး
ကလပ် ပေကလပ်နဲ့။

"မင်း ... မင်း ... ဆိုင်ပေါ်ကို မင်းတက်လာကတည်
ငါ ဘာပြောရသေးလို့လဲ ... မင်းပဲ စားပွဲကို ဘုန်းခနဲထုပြီး ငါ့
မှာ မျက်လုံးပြူးပြူးကြီးနဲ့ လာရပ်နေတာ"

"ဒီမှာ ရှင်အခုမှ ရှုးကြောင်မူးကြောင်လာလုပ်မနေနဲ့
ဆိုင်မှာ ဖိနပ်ချုပ်ဖို့လာတဲ့ ကျွန်မကျောင်းက တပည့်ကောင်
အောင်ဗေဒါကို ရှင်ဘာပြောလိုက်သလဲ ... "

"ဟာ ... မပြောပါဘူး"

"ရှင် မလိမ်နဲ့ ... ရှင် ... ရှင် ... ကျွန်မကို ကြိုက်သ
ဘာလေးနဲ့ ရှင် ကလေးကိုပြောလိုက်တာလေ ... ရှင် ယော
မဟုတ်ဘူးလား၊ ယောကျ်ားဆိုရင် ပြောမိရင် ပြောမိတယ်လို့
ပြတ်သားသား ဝန်ခံလိုက်စမ်းပါ"

"နေပါဦး ... "

"ရှင် ကလီကမာ မလုပ်နဲ့နော် ... "

"ပြော ... ပြောမိတယ်ထင်တယ်"

တွေ့လား ...

ပြောမိရင် ပြောမိတယ် ပြတ်ပြတ်သားသားမဖြေဘဲ ငါ





ထင်သလေး ဘာလေးနဲ့။ ဒီလူ တော်တော်အသည်းယားဖို့
ကောင်းတဲ့လူ။ ကြည့်လိုက်တော့လည်း ... မောင့်ရှေ့မှာ မျက်နှာ
ဘာလေးနဲ့။

"ဒါဆို ... ရှင်ပြောတယ်ပေါ့ ... "

မောင်ကလည်း တိကျအောင် ထပ်မေးသည်။

"ဟို ... ဟိုလေ ... လွတ်လပ်တဲ့ အပျိုတစ်ယောက်ကို
လပ်တဲ့လူပျိုတစ်ယောက်က ကြိုက်ခွင့်မရှိဘူးလားဟင်"

"ဟာ ... ကြိုက်စရာလား ... ကြိုက်စရာလား"

မောင် ဒေါပွသွားတာ စိတ်ကိုလည်း ဘယ်လိုမှထိန်းလို့မရ
ပါ။ မောင့်မှာတော့ ဆိုင်နောက်ဖက် အိမ်ကလေးထဲက
ကြားမှာစိုးလို့ ဒီလူ့ကို အော်ကြီးဟစ်ကျယ် ကတ်ကတ်လန်
ာ့လည်း ပြဿနာမရှာရဲ။

တော်သေးတာက ဆိုင်ထဲမှာ လူတစ်ယောက်မှ မရှိလို့။

"မင်း ... မင်း ... မကျေနပ်ရင်လည်း ဆိုင်မှာ အေးအေး
အေး ထိုင်ပြောနော်၊ ငါက ရင်ထဲမှာရှိတဲ့စကားကို မမျိုသိပ်နိုင်
လို့ ဒီချာတိတ်လေးကိုပြောလိုက်မိတာ ... ဟုတ်တယ် ...
ာမောင်၊ မင်း မာနကြီးတာလေးကို ငါအသည်းယားပြီးတော့
တာ၊ တစ်ခုတော့ရှိတယ် ... မင်း ငါ့ကိုပြန်မကြိုက်လည်းနေ
ယ် ... ငါက အလကားကောင် ... တောသား ... "

"သြော် ... သြော် ... "

မောင် ခါးထောက်ပစ်လိုက်တာ ဒီလူစိတ်ဓာတ်ကို အကြီး
ယ်သိသွားလို့ ရပ်ကွက်ထဲရောက်တာဖြင့် ဘာမှမကြာသေးဘဲ
ခင့်ကိုပဲ ထီးစုတ်ဖိနပ်စုတ်ပြင်သမားက ကြိုက်နေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါ … ဒီလူ တိတိကျကျ မောင့်ကို စော်ကားလိုက်တာ

ဒီလူ တွေ့မယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကိုခေါ်ပြီး

ကို ဒီလူနဲ့မောင် ပြတ်ပြတ်သားသား စာရင်းရှင်းမယ်။

"ရတယ် … ရတယ် … ကျွန်မဘေးခန်းကို မရမက

ပြောင်တောင်တောင် နောက်တောက်တောက် ရိသဲ့သဲ့နဲ့ ရှင်

ကားချင်နေတာ၊ ရှင့်ကို အုပ်ချုပ်ရေးမှူး ကိုမိုးကျော်နဲ့ကို သွား

မယ် … ရှင် … ဒီည ရပ်ကွက်ရုံးမှာ လိုက်ရှင်းဖို့ပြင်ထား …

"ဘာ … "

မောင် ဆက်မပြောချင်တော့လို့ ချာခနဲ လှည့်ထွက်

❀

အခန်း ( ၆ )

"အမေရေ … အမေရှိလားဟင် … "

"ဟဲ့ … အခန်းရှေ့မှာရပ်နေတာ ဘယ်သူလဲ … မောင်မင်း ထိးရှည်လား … "

"ဟုတ်ကဲ့ပါ အမေ … ဒီမှာလေ အမေ့ကို စားစေချင်လို့ အုန်းနို့ခေါက်ဆွဲလေး လာပို့တာ … "

"ဟယ် … ကြည့်စမ်း … "

ဒီသူငယ် ဘယ်ဆိုးလို့လဲ။

အိမ်နားနီးချင်းကို သိတတ်လိုက်တာလည်း မပြောနဲ့။

မိုးလင်းက မိုးချုပ် ဝိုက်ဆံလည်းရှာ၊ အလုပ်လည်းကြိုးစား။

ဆိုင်ကိုလာလိုက်ကြတဲ့ ဖောက်သည်တွေကလည်း တစ်ယောက်ပြီးတစ်ယောက်။ ဘာပဲပြောပြော ဒီလိုရပ်ကွက်ထဲမှာ ဆိုင်လာဖွင့်ပြီး ခဏလေးနဲ့အောင်မြင်တာ ဒီသူငယ်လေး တော်လို့ပေါ့။

ဒေါ်စံပယ်မွှေး ဒီလိုပဲ တွေးသည်။

"သားရယ် … ဒုက္ခရှာလို့ကွယ် … ဒီလောက်အလုပ်များနေတဲ့ကြားက ဘယ်ဆိုင်ကနေ တကူးတက ဝယ်လာခဲ့တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အမေ မသိဘူးလား၊ ဟိုဘက်ရပ်ကွက်ထဲမှာ ရေခဲသေတ္တာပျက်နေလို့ လိုက်ပြင်ပေးရင်းနဲ့ ဝယ်လာတာလေ၊ ဟဲဟဲ အမေ့ကို စားစေချင်လို့ ..."

သူ ရယ်ရယ်မောမောကလေးနဲ့ပဲ အမေ့လက်ထဲကို ထည့်သည်။

ဒေါ်စံပယ်မွှေး ကျေနပ်လို့မဆုံး။

စိတ်ကလေးကလည်းဖြူ၊ ရုပ်ကလေးကလည်း ချော။

တစ်ကိုယ်ရေ တစ်ကာယ သမားလေးပေမယ့် ရိုးရိုးသားသား တတ်ထားတဲ့ပညာလေးနဲ့ သူ့ခမျာ လုပ်စားနေရရှာတာ။

တော်သေးတာက သမီးက အပြင်ကို ခဏဆိုပြီးထွက်သွားလို့။ ပြောရရင် ဒီသူငယ်လေးကိုပဲ မျက်စောင်းလေးတရွယ်ရွယ်နဲ့ ကိုယ့်သမီးက မကျေမနပ်ဖြစ်နေတာ။ ဘယ်တတ်နိုင်ပါ့မလဲ။ သမီး ချစ်သောမောင်က သူ့အဖေကို စိတ်နာနာနဲ့ ယောက်ျားတွေကို မပတ်သက်ဘဲ နေလာတာ ဒီနေ့အထိ။

"အမေ ..."

"ဟင် ... ဘာလဲသား ပြောလေ ..."

"ကျွန်တော် အမေ့ကို အရမ်းခင်တယ်ဗျာ ..."

"ဟာ ... အမေကလည်း သားကို စတွေ့ကတည်းက အရမ်းခင်ပါတယ် သားရဲ့ ... ဘာဖြစ်လို့လဲ ..."

"အခုလေ ... အမေ ..."

"ဟင် ... သား ... ပြောလေ ..."

"အမေ့သမီးကို မခံချင်အောင် စလိုက်မိလို့ အမေ့သမီးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ သွားတိုင်နေပြီလေ ..."





"ဟယ် ... ကြည့်စမ်း ... ဘယ်တုန်းက စလိုက်တာလဲ"

"အမေ့သမီးကျောင်းက ပြန်လာတုန်းကလေ ... အမေ"

"မင်း ... မင်းနှယ်ကွယ် ..."

"ကျွန်တော်က အမေ့သမီးကို ခင်ချင်လို့ စမိတာပါအမေ၊ မှန်တာပြောရရင် အမေတို့သားအမိနှစ်ယောက်ကို တွေ့ကတည်းက အမေ့ကိုလည်း ကျွန်တော့်အမေ ... ချစ်သောမောင်ကိုလည်း ကျွန်တော့်ညီမလေးဆိုပြီး ကိုယ့်မိသားစုလေးလိုပဲ သဘောထားပါတယ် အမေ ..."

"ဟင်း ဟင်း ... အဲဒါ အမေသိတယ် ... အဲဒါ အမေသိတယ်"

သူငယ်လေး ဒီလိုပြောတော့လည်း ဒေါ်စံပယ်မွှေး ကျေနပ်မိသည်။ ဒါ ... သူ့ဘက်က ရိုးရိုးသားသား စလိုက်မိလို့ လာပြီးတော့ တောင်းပန်နေတာပဲဖြစ်မှာ။

တကယ်တမ်းကျတော့ ...

ချစ်သောမောင်ကိုလည်း ဒေါ်စံပယ်မွှေး မနိုင်ပါ။

"နေ ... နေပါဦး သားရဲ့ ... အမေ သားကို တစ်ခုလောက်တော့ မေးပါရစေဦး ..."

"ဟာ ... မေးပါအမေ ... မေးပါ ... မေးပါ ..."

"သားမှာ မိဘဆွေမျိုးညီအစ်ကိုမောင်နှမတွေ တစ်ယောက်မှ မရှိတော့လို့ ဒီနေရာလေးမှာ အခန်းငှားပြီး လာနေရတာလား"

ဒါဟာလည်း မေးမယ် မေးမယ်နဲ့ ဒေါ်စံပယ်မွှေး မမေးဖြစ်ခဲ့တဲ့ စကားတစ်ခွန်းပါ။ ခုတော့ ... ကြုံကြိုက်သွားလို့ မေးလိုက်မိတာပါ။

"ဒါ ... ဒါမှန်ပဲပေါ့ အမေရာ ... အဖေနဲ့အမေ ဆုံးသွားပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ တစ်ဦးတည်းသော သားဖြစ်တဲ့ ကျွန်တော်က မှီခိုတွ
တာစရာဆွေမျိုးတွေလည်း တစ်ယောက်မှ မရှိတော့လို့ ရန်ကုန်
စီးပွားရှာမယ်ဆိုပြီးတော့ စွန့်စွန့်စားစား ထွက်လာခဲ့တာပါ"

"မင်း ... မင်း ... တော်တော်သတ္တိရှိတာပဲ မောင်မင်းထ
ရှည် ..."

"ဒီလိုပဲပေါ့အမေရာ ... ကျွန်တော် ခံယူတာက ယောက်ျ
မှန်ရင် ရိုးရိုးသားသားနဲ့ အလုပ်ကိုကြိုးကြိုးစားစားလုပ်ရမယ်
အမေ ... ပြီးတော့ ... စိတ်သဘောထားကလည်း တည်ကြည်
မြတ်ရမယ်၊ ကိုယ်ကျင့်တရားလည်း ကောင်းရမယ်၊ သစ္စာတ
လည်း ရှိရမယ်"

"အမလေးကွယ် ... ဟင်း ဟင်း ..."

သူငယ်လေး ဒီလိုပြောတော့လည်း ဒေါ်စံပယ်မွှေး သဘေ
ကျလို့မဆုံး။

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... သားရဲ့စိတ်ဓာတ်ကလေ
ကိုယ်ကျင့်တရားလေးကိုတော့ အမေ သဘောကျတယ်သိလ
အမေ့ကိုလည်း သားအမေလို့ပဲ သဘောထား ..."

ဒေါ်ဒေါ်စံပယ်မွှေးတစ်ယောက် အပြုံးလေးတစ်ဝင့်ဝင့်

ထိုအချိန်မှာ ... မောင်ကတော့ သိတယ်မို့လား။

"ချစ်သောမောင် ... ချစ်သောမောင် ..."

အုပ်ချုပ်ရေးမှူးကို တိုင်ပြီးတော့ စက်ဘီးလေးနဲ့အိမ်အပြ
နောက်ကခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ အိမ်ပွဲစား အန်
သူသူ။

ထီးလေးတစ်ချောင်းကို ဂျိုင်းကြားမှာညှပ်လို့။





ဒါနဲ့ပဲ ... မောင် စက်ဘီးလေးကို ရပ်လိုက်ရသည်။

"ဟင် ... အန်တီသူသူ ... တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပဲပေါ့ မောင်ရဲ့ ... ဘယ်လိုလဲ၊ မောင်နဲ့
မင်းထီးရှည် အဆင်ပြေရဲ့လား ..."

"ဘာ ... ဘာပြောတယ်"

မောင် ဇွေ့ဇွေ့ခုန်သွားတာ ... စက်ဘီးလေးကိုပါ ခေါက်
ထောက်ရပ်ရင်း လမ်းပေါ်ကို ဆင်းလိုက်ရသည်။

"အန်တီသူသူနော် ... အန်တီသူသူစကားပြောရင် ဆင်ဆင်
ခြင်ခြင်ပြောနော် ... မောင်နဲ့အဲဒီလူ ဘာမှအဆင်ပြေစရာအကြောင်း
မရှိဘူး ... အဲဒီလူ ရောက်လာကတည်းက တစ်စက်မှကြည့်လို့မရ
လို့ စိတ်ဆင်းရဲနေရတာ ..."

"မောင်ရယ် ... အန်တီသူသူမေးတာ အိမ်ခန်းကို လူ
သစ်ရောက်လာလို့ ဆက်ဆံရတာ အဆင်ပြေရဲ့လားလို့မေးတာပါ"

"ဟွန်း ... ဒီလူပုံစံနဲ့ ပြေစရာလားအန်တီသူသူ၊ အခုတောင်
ဒီလူ ပြိတ္တာနဲ့ လူကိုရိသ့ဲသ့ဲလုပ်နေလို့ အုပ်ချုပ်ရေးမှူးကိုမိုးကျော်
ကိုသွားတိုင်လာတာ၊ ညကျမှ ရုံးမှာ ရှင်းပေးမယ်တဲ့ ..."

"ဟယ် ... အဲဒီလောက်တောင် ဖြစ်ကုန်ကြပြီ"

မောင်ပြောတော့ အန်တီသူသူ မျက်လုံးပါပြူးသွားသည်။

"မဖြစ်လို့လည်း မရဘူးလေ အန်တီသူသူ ... မောင်က
ယောက်ျားဆိုရင် ဘယ်လိုယောက်ျားမျိုးနဲ့မှ မပတ်သက်ချင်တာ
အန်တီသူသူအသိဆုံး၊ အခု ဖြစ်နေတာက ဒီလူ မောင်တို့ခန်း
ကိုငှားလိုက်တာ မရိုးသားတဲ့စိတ်နဲ့ ငှားလိုက်လို့ဖြစ်နေတာ"

"မောင်ရယ် ... မင်းထီးရှည်ပုံစံလေးက တည်တည်တံ့တံ့



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ သူ့အလုပ်သူလုပ်နေတာပါပါယ် ... ဆိုင်ရှေ့က ဖြတ်သွားတိုင်းလည်း သူပြင်နေတဲ့စက်တွေပဲ နှိုက်နေတာ ... ”

“ဟွန်း ... အထင်မကြီးနဲ့ အန်တီသူသူ၊ အဲဒီလူ အလကားလူ ဘောခန်းကို စရောက်လာကတည်းက မေမေနဲ့မောင့်ကိုပဲ အရေတဝင်ပတ်သက်ချင်လို့ ဒီလူ ချောင်းနေတာ ... ကြာရင် ဒီလူနဲ့မောင် အကြီးအကျယ် ပြဿနာတက်တော့မယ်”

မောင့်မျက်နှာကလေး ရှုပုတ်တင်းနေတာကိုကြည့်ပြီး အန်တီသူသူ ပြုံးပါသည်။ အန်တီသူသူ့ကို နှုတ်ဆက်ပြီး မောင်ပြန်လာတော့ သူ့ဆိုင်ရှေ့မှာ လူတွေအုံခဲလို့။ မောင် မသိချင်ဟန်ဆောင်ပြီး မျက်နှာထားတင်းတင်းလေးနဲ့ပဲ အိမ်ပေါ်တန်းတက်လာခဲ့သည်။ မေမေ့ကို ကြည့်လိုက်တော့ ...

နောက်ဖေးမီးဖိုခန်းထဲမှာ တကုတ်ကုတ်နဲ့ဘာတွေချက်နေမှန်းမသိ။ ညစာအတွက် မနက်က ချက်ထားတဲ့နှစ်ယောက်စာ ဟင်းကလေးကို မေမေနွှေးနေတာပဲ ဖြစ်မှာပေါ့။

ဒါပေါ့လေ ...

သားအမိနှစ်ယောက်တည်း နေရတဲ့ဘဝဆိုတော့ ချမ်းသာတာ ဆင်းရဲတာထက် တစ်နေ့ကို ထမင်းလေးနပ်မှန်အောင် စားနိုင်ဖို့က အရေးကြီးနေတာ မဟုတ်လား။

ဘာပဲပြောပြော မောင့်အပေါ်မှာ ဂရုတစိုက်လေးနဲ့ ထိန်းသိမ်းစောင့်ရှောက်လာတဲ့ မေမေ့ကိုတော့ မောင် အချစ်ပိုခဲ့ရတာပင်။

“ဟဲ့ ... သမီး ... ပြန်လာပြီလား ... ”

မောင့်ခြေသံလေးကြားတော့မှ မေမေ လှည့်ကြည့်ကာ





မောင့်ကို လှမ်းမေးပါသည်။

“ဟာ ... ပြန်လာပြီလေ ... မေမေ ... ”

မောင် ဖြေရင်း မေမေ့ကိုလှမ်းကြည့်တော့ မေမေ မျက်နှာမကောင်း။

“မောင်မင်းထီးရှည် စောစောကပဲ မေမေ့ဆီလာသွားတယ်၊ သမီးကို စလိုက်မိတယ်ဆိုပြီး မေမေ့ကို လာတောင်းပန်သွားတယ်”

“ဟော ... တွေ့လား”

“အဲဒါ ... သမီး စိတ်မဆိုးနဲ့”

“ဟာ ... မေမေနော်၊ ဒီလူ့အကြောင်းကို မေမေ ဘာမှမသိဘဲနဲ့ သူ့ဘက်က စွတ်လိုက်မနေနဲ့၊ သူ့ကြည့်လိုက်ရင် ပျော်တတ်သလို စတတ်သလိုနဲ့ ခေါင်းပေါ်ကို တဖြည်းဖြည်းတက်လာတော့မှာ မေမေသိလို့လား ... အခုလည်း ... သမီးကို ကြိုက်သလေးဘာလေးနဲ့ သမီးကျောင်းက တပည့်ကောင်လေး အောင်ဇေဒါကို ဒီလူပြောလိုက်တာလေ ... သမီး မကျေနပ်လို့ သွားမေးတော့ ဝေ့လည်ကြောင်ပတ်နဲ့ အူတူတူလုပ်နေသေးတယ်၊ နောက်အတင်းမေးတော့မှ ဟုတ်တယ်တဲ့ ... ကဲ ... မေမေပဲ စဉ်းစားကြည့် ... ”

“အဲဒါနဲ့ အုပ်ချုပ်ရေးမှူး မောင်မိုးကျော်ကို သမီးကတိုင်ခဲ့ပြီပေါ့”

“တိုင်တယ်လေ ... ဘာဖြစ်လဲ ... ”

“အားနာဖို့ကောင်းလိုက်တာ သမီးရယ် ... ”

ကဲ ... တွေ့လား ...

မေမေ့ကို မောင် မကျေနပ်တာလည်း အဲဒါ။

ကိုယ့်သမီးကို မခံချင်အောင် ဒီလောက်ရိသဲ့သဲ့လုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



အားနာစရာလိုသလား။ ပတ်ဝန်းကျင်သိရင် မောင့်ကို ဘာပြောကြမလဲဆိုတာ မေမေ စဉ်းစားကြည့်။

"ဟာ ... သမီးကတော့ အားမနာနိုင်ဘူးမေမေ၊ ဦးမိုးကျော်ကလည်း သမီးကိုပြောတယ်၊ ဒါမျိုး နောက်မဖြစ်ရအောင် မျက်နှာစုံညီရှင်းပေးမယ်တဲ့"

"ဒုက္ခပါပဲ ... "

"ဒီည ခုနစ်နာရီ ရုပ်ရှင်ရုံးကို ခေါ်ထားတယ်၊ မေမေမျက်နှာပူရင်နေခဲ့၊ ဒီလူ မှတ်လောက်သားလောက်ဖြစ်သွားအောင် သမီးကိုယ်တိုင်သွားရှင်းမယ်"

မောင် စိတ်ဆတ်တာက အဲလို ...

ညရောက်လို့ ရုံးကိုသွားတော့လည်း မောင်က မျက်နှာထားတင်းတင်းလေးနဲ့။ ဒီလို မောင့်ကွယ်ရာမှာ ဟိုလိုလို ဒီလိုလိုတွေ ရုပ်ကွက်ကထင်လာအောင် ဝါဒဖြန့်နေတာလည်း မောင် ခွင့်မလွှတ်နိုင်ပါဘူး။

မောင်ကတော့ ခပ်ပြတ်ပြတ်ပဲ။

"ကဲ ... ကိုမင်းထီးရှည်၊ ပြောရတာတော့ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ဒီက ကျောင်းဆရာမ ချစ်သောမောင်က သူ့ဂုဏ်သိက္ခာ ထိခိုက်အောင် ရပ်ကွက်ထဲမှာ လျှောက်ပြောနေတာ မခံနိုင်လို့ ကျွန်တော့်ကို လာတိုင်ထားပါတယ် ... အဲဒီကိစ္စလေးကို ဖြေရှင်းဖို့ ခင်ဗျားကို ကျွန်တော်ခေါ်လိုက်ရတာပါ ... "

"ဗျာ ... ကျွန်တော်က ဘာတွေပြောနေလို့လဲ"

"ဒီက ဆရာမလေး ချစ်သောမောင်ကို ကြိုက်နေတယ်ဆိုပြီး အောင်ပေဒါဆိုတဲ့ ချာတိတ်လေးတစ်ယောက်ကို ခင်ဗျားပြောခဲ့





ဘယ်ဆို ... "

"ဟာ ... အဲဒါတော့ ကျွန်တော်ပြောတယ်လေ ... "

"ကြား ... ကြားတယ်နော် ... အုပ်ချုပ်ရေးမှူးကြီး ... "

သူက အမှန်အတိုင်း ဝန်ခံနေပြီဆိုတော့ မောင်တိုင်ထားတာ များတော့ဘူးပေါ့။ ရုံးထဲမှာလည်း မောင်တို့နှစ်ယောက်ရဲ့ပြဿနာကို စိတ်ဝင်စားပြီး ဝိုင်းနားထောင်နေတဲ့လူတွေက အများကြီး။ အချို့ကလည်း ပြုံးစိစိနဲ့။ ဟွန်း ... မောင်ကတော့ မရှက်ပါဘူး။ သူ့ကို စတွေ့ကတည်းက ရုံးရောက်သွားမယ်ဆိုတာ မောင်ပြင်းပြင်းထန်ထန် သတိပေးထားခဲ့ပြီးသား။ သူကမှ မောင်ပြောတာကို ဂရုမစိုက်ခဲ့တာ။

ခုလည်း ဒီလူ မောင့်ကို မကျေမနပ်နဲ့ ခပ်စူးစူးလေး လှည့်ကြည့်သည်။

"ရှင် ... ရှင် ... ကျွန်မကို မကြည့်နဲ့နော် ... "

"ဟာ ... ပြဿနာပဲ ... "

ချစ်သောမောင်ရာ မင်း ... ငါ့ကို တကယ်မုန်းနေတာပဲကွာ။ မင်း ဒီလောက်ထိ ဆတ်ဆတ်ထိမခံ ဖြစ်နေလိမ့်မယ်ဆိုတာ ငါ ထင်မထားခဲ့ပါဘူး။ အခုဆိုရင် ... ရပ်ကွက်ရုံးထဲအထိ လိုက်ရှင်းနေရတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ။ ငါကတော့ မင်းနဲ့ ရင်းနှီးမှုလေးရဖို့ ကြိုးစားလိုက်ရတာ။

"မင်း ... မင်း ဘာဖြစ်နေတာလဲ ချစ်သောမောင်"

"ဟာ ... ရှင့်ကို မကျေနပ်လို့ ပြဿနာရှင်းနေတာလေ၊ ရှင် နောက်တစ်ခါ အဲလိုမပြောတော့ပါလူးဆိုတာ အုပ်ချုပ်ရေးမှူးကြီးမှာ ရှင်ကတိပေး ... အဲဒါ လွယ်လွယ်လေး ... ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မောင် နှုတ်ခမ်းလေးကိုလည်း ဟွန့်ခနဲ မဲ့သည်။

အုပ်ချုပ်ရေးမှူးကြီး မျက်နှာကိုလည်း ပြန်မော့ကြည့်လိုက်၏။

"ဟုတ်တယ်နော် အုပ်ချုပ်ရေးမှူးကြီး ... ကျွန်မ တောင်းဆိုတာ တရားမျှတလိမ့်မယ်လို့ ထင်ပါတယ်"

"ကဲ ... ကိုမင်းထီးရှည် ခင်ဗျား ... ကြားတယ်နော်"

"ဟွန်း ... ကြားပါတယ်၊ ဒါပေမဲ့ ... ရပ်ကွက်သူရပ်ကွက်သားတွေနဲ့ အုပ်ချုပ်ရေးမှူးရှေ့မှာပဲ ကျွန်တော့်ရင်ထဲကဆန္ဒကို အတိအလင်း ထပ်ပြီးတော့ ကြေငြာပါရစေ ... ကျွန်တော် ချစ်သောမောင်ကို ကြိုက်ပါတယ် ... "

"ရှင် ... "

ကြည့်စမ်း ... လူတွေအများကြီးရှေ့မှာ ဒီလူ ထပ်ပြီးတော့ ပြောနေတာ။

"ဒီထက်ကိုသေချာအောင် ထပ်ပြောရမယ်ဆိုရင် ချစ်သောမောင်ကို စတွေ့လိုက်ရတဲ့နေ့ကတည်းက သဘောလည်းကျပါတယ်၊ ချစ်လည်း ချစ်ပါတယ် ... "

"ရှင် ... ရှင် ... "

"ကျွန်တော်ဟာ အိမ်ထောင်မရှိသေးတဲ့လူပျိုစစ်စစ်တစ်ယောက်ဖြစ်နေလို့ ... လွတ်လပ်တဲ့အိမ်ထောင်မရှိသူ၊ အပျိုတစ်ယောက်ကို လွတ်လပ်စွာ ချစ်ရေးဆိုပိုင်ခွင့်ရှိပါတယ်၊ အဲဒါကြောင့် ကျွန်တော် ပြောမိတာပါ ... "

"ခို ... "

အမလေးနော် ...





ဒါကိုနားထောင်ပြီး နောက်ကနေ ခွိခနဲ ရယ်လိုက်သံကို ောင်ကြားတော့ တစ်ကိုယ်လုံးပါ ထူပူသွားသည်။

"နောက်လည်းမပြောဘဲ မနေမိအောင် ကျွန်တော့်စိတ်ကို ိန်းထားလို့ မရပါဘူး"

"ဟာ ... ရှင် ဘာဖြစ်နေတာလဲ ... ဒုက္ခပါပဲ ... "

"ငါ မင်းကို တကယ်ချစ်လို့ပြောနေတာလေ ... "

"ဟင် ... "

သည်တော့မှ အုပ်ချုပ်ရေးမှူးကိုမိုးကျော်က နှစ်ယောက်လုံးကို ပြုံးပြုံးလေးကြည့်ရင် လက်ကာပြောသည်။

"ဟိုး ... ဟိုး ... ခဏလေး ... ခဏလေး နေကြပါဦးဗျာ၊ ပြဿနာထဲမှာ ကျွန်တော့်ကို တစ်ခုလောက်တော့ ပြောခွင့်ပေးပါ၊ ကျွန်တော် ပထမနားလည်ထားလိုက်တာက ဒီက ကိုမင်းထီးရှည် တစ်ဖက်မိန်းကလေးကို နစ်နာစေလိုတဲ့ဆန္ဒနဲ့ အပြောင်အပျက်ကားမျိုးတွေ နောက်ပြောင်ပြီးပြောနေတယ်ထင်လို့ ရုံးကိုခေါ်ိုက်တာပါ၊ အခု ... ကိုမင်းထီးရှည်ပြောနေတာက သူ့ရင်ထဲမှာ နေတဲ့ ခံစားချက်ကို မအောင့်နိုင်လို့ ဖွင့်ပြောလိုက်တာပါ ... ဟုတ်ယ်နော် ကိုမင်းထီးရှည် ... ကျွန်တော်ပြောတာ"

"ဒါ လုံးဝအမှန်ပါပဲ ခင်ဗျာ ... "

ကဲ ... ပြီးပါလေရော ...

မောင် ဘာတတ်နိုင်တော့မှာလဲ။

အုပ်ချုပ်ရေးမှူးပြောတဲ့အတိုင်းဆိုရင် ဒီလူ့မှာအပြစ်မရှိတော့ူးပေါ့။ နောက်ဆုံးကျတော့ ရုံးထဲကနေ မောင်ပြန်ထွက်လာခဲ့ရာ မကျေမနပ်ကလေးနဲ့ ဘယ်ရမလဲ ... ဒီလူ့ကိုလည်း မောင်



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်လေးနဲ့ အရှုံးမပေးနိုင်ပါ။

"ဒီမှာ ... ဒီမှာ ... ရှင် ခဏလောက်နေပါဦး ... "

မောင် ဒေါပွပွနဲ့ ဒီလူ့ကို လမ်းမှာရပ်စောင့်နေမိတာလေ၊ မောင့်ကိုတွေ့တော့ ခပ်တည်တည်နဲ့ ဒီလူဆက်လျှောက်သွားလို့ မောင်အပြေးကလေး သူ့နောက်ကို လိုက်လာခဲ့ရတာ။

"မင်း ... မင်း ငါ့ကိုလိုက်မနှောက်ယှက်နဲ့နော် ချစ်သော မောင် ... "

"အောင်မယ် ... အောင်မယ် ... "

ကြည့်စမ်း ... ဒီလူပြောပုံက ...

မောင် ဒေါပွပွနဲ့ သူ့ပခုံးတစ်ဖက်ကို အတင်းလှမ်းဆွဲကာ မောင့်ဘက်ကို လှည့်ပစ်သည်။

"ရှင် ... ကြီးကြီးကျယ်ကျယ်တွေ အခုမှ လျှောက်ပြောမနေ နဲ့ ကိုမင်းထီးရှည် ... လူတွေရှေ့မှာပဲ ရှင်က ကျွန်မကို တကယ်ချစ် သလေးဘာလေးနဲ့၊ ထပ်ပြီးတော့တောင် ရည်းစားစကားပြော လိုက်သေးတယ် ... ဒီမှာ ရှင့်လိုလူမျိုးတစ်ယောက်ကို ချစ်သော မောင်တို့က သုံးမယ်ထင်နေသလား ... "

"ဟွန်း ... မသုံးလည်းနေပေါ့ ... "

"ဘာပြောတယ် ... "

မောင် မျက်တောင်ရှည်တွေ ကော့ပျံတက်သွားရအောင်ကို ပဲ ဒေါကန်သွားရပြန်ပြီ။ ဒေါပွပွနဲ့ သူ့နှာခေါင်းချွန်ချွန်ကြီးကိုပဲ ဆွဲ လိမ်ပစ်လိုက်ရမလား။ ပါးတစ်ခြမ်းကိုပဲ ဖြန်းခနဲကွဲသွားအောင် ဆော်ထည့်လိုက်ရမလားဆိုတာ။

ခုတော့ ... အူတွေလည်းယား၊ အသည်းတွေလည်းယား။





"ဟင်း ... ဟင်း ... "

ဒေါပွနေရတာလည်း ခုန်ပေါက်မိတော့မတတ်။

အသားတွေလည်း တဆတ်ဆတ်တုန်သည်။ မျက်နှာလေး လည်း ပန်းဆီရောင်လေးသမ်းကာ နီရဲသည်။

"မင်း ... မင်း ... ငါ့ကို မျက်လုံးပြူးကြီးနဲ့ကြည့်ပြီးတော့ ...သနာ မရှာနဲ့နော် ... ငါရုံးမှာပြောခဲ့တာ၊ ငါ့ရင်ထဲမှာရှိတဲ့စကား ...အားလုံးကို အမှန်အတိုင်းပြောခဲ့တာ၊ မင်းကို နစ်နာပါစေတော့ ...တဲ့စိတ်နဲ့ ပြောခဲ့တာ၊ ဘာမှမရှိဘူး တကယ်ပါ ... အခုချိန်မှာ ...ထဲမှာ ကျလိ ကျလိနဲ့ဖြစ်နေအောင် မင်းကိုငါချစ်တယ် ချစ်သော ...ောင် ... "

"ဟာ ... ပြောပြန်ပြီ ... "

"မင်းပုံစံလေးက ငါ့မျက်လုံးထဲမှာ တကယ်မိုက်နေလို့"

"ရှင် ... ရှင် ဆက်မပြောနဲ့နော် ... "

မောင် ကျစ်ဆံမြီးရှည်ကြီး တယမ်းယမ်းနဲ့။

ဒီလူ့ကို ဘယ်လိုလုပ်ပစ်ရမလဲဆိုတာလည်း မစဉ်းစားတတ် ...ပါ။ ဒီလူနဲ့ဆက်ပြီး လမ်းမပေါ်မှာ စကားရပ်ပြောနေရင်လည်း ...က အတင်းပြော၊ ဒီကအတင်းပြောနဲ့ မောင်ပဲ သိက္ခာကျအောင် ...ပြောခံရတော့မည်။

ဒါကြောင့်မို့ ... စကားကို အဆုံးသတ်ပစ်ဖို့ပဲ မောင်ဆုံးဖြတ် ...ချလိုက်သည်။

"ဒီမှာ ... ရှင်တို့ယောကျ်ားတွေကို ကြည့်မရလွန်းလို့ မုန်းရ ...လို့ ဘယ်ယောကျ်ားကိုမှ မပတ်သက်ဘဲနေလာတာ၊ ရှင် ဒီလို ...တူစကားပြောတာ နောက်ဆုံးအကြိမ်ပဲဖြစ်ပါစေ ... ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်သက်လုံးပြန်မချစ်ဘူးဆိုတာ ယုံထား ... ဖွင့် ... သွားမယ် ... ”

“ဒုန်း ... ”

“အမလေး ... ”

“ဟာ ... ချစ်သောမောင် ... ”

သွားပြီ။ သူ့ကို ဒေါ်ပွပြီး ချာခနဲလှည့်အထွက်မှာ လမ်းပေါ်မှာ နင်းလာတဲ့ဆိုက်ကားတစ်စီးက မောင့်ကို တည့်တည့်ကြီးတိုက်မိတာ မောင် ဆိုက်ကားဘေးမှာ ဖင်ထိုင်လျက်သားလေး လဲ သွားခဲ့ရပြီ။

“ခင်ဗျား ... ခင်ဗျား ဘယ်လိုလုပ်တာလဲဟင်”

“ဟာ ... ဘာလုပ်ရမှာလဲ၊ ကိုယ့်လမ်းကိုယ်နင်းလာတာ လေ၊ မင်းတို့နှစ်ယောက်က လမ်းမကြီးပေါ်မှာ ချိန်းတွေ့ပြီး စကား ပြောနေတော့ တိုက်ပြီပေါ့ ... ”

“ဟာ ... ဘာချိန်းတွေ့တာလဲ၊ ဘာချိန်းတွေ့တာလဲ ... အဟင့် ... ဒုက္ခပါပဲ ... ဒီမှာ ပြန်ထလို့တောင် မရတော့ဘူး ... အား ... ”

မောင် မျက်နှာလေးရှုံ့မဲ့ပြီး ခြေသလုံးလေးတစ်ဖက်ကို ဆုပ်ကိုင်ထားမိသည်။

“ဟေ့လူ ... ခင်ဗျား ထွက်မသွားနဲ့နော်၊ ဟိုမှာ ... ဒဏ်ရာ ရသွားတာ ဆေးခန်းပို့ရတော့မယ်”

မင်းထီးရှည်မှာတော့ ဟိုဘက်လည်းအော်ရ ဒီဘက်လည်း ပြောရနဲ့။

“ချစ် ... ချစ်သောမောင် ... မင်းကို မင်းကို ငါဆေးခန်း





ခေယ်နော်”

“အဟင့် ... ”

“ထပါကွာ ... ငါတစ်ယောက်လုံး မင်းအနားမှာရှိနေတဲ့ ကို ... ”

“အဲဒါ ... အဲဒါ ရှင့်ကြောင့်ဖြစ်တာ ... ”

“လာ ... လာ ... ငါ့ပခုံးလေးကိုတွဲပြီး မင်း ထရပ်လိုက်” ချော့မော့ပြီး ထရပ်ခိုင်းတော့မှ ပိုဆိုးသွားသည်။

“ဟာ ... ဟာ ... ”

အားယူပြီးအထမှာ လဲတော့မလိုဖြစ်သွားလို့ မင်းထီးရှည် ယ်တိုင် ဆိုက်ကားပေါ်ကို ပွေ့ချီပြီး တင်လိုက်ရပြီလေ။

ဘယ်လိုလုပ်မလဲ ...

ချစ်သောမောင်ဆီက နူးညံ့အိစက်နေတဲ့ အထိအတွေ့လေး မွှေးမက်ဖွယ် ကိုယ်သင်းရနံ့လေးက သူနဲ့အတူ တစ်လမ်းလုံးပါလာ ဘာမှန်ပေမယ့် မကျေမနပ်လေးနဲ့ ပြောလာတဲ့စကားတွေမှာ ယ်လိုမှ နားမခံသာ။

“အဟင့် ... ဆိုက်ကားတိုက်မိတာကို အကြောင်းပြပြီး ရှင် ချောင် အသားယူဖို့တော့ မစဉ်းစားနဲ့နော် ... ဟိုကိုင်ဒီကိုင်လည်း လုပ်နဲ့ ... ဖယ် ... ဖယ် ... ကျွန်မအသားကို ရှင် လုံးဝမထိနဲ့”

လက်ကိုလည်း အတင်းဖယ်ပစ်သလို အထိမခံ အကိုင်မခံဘဲ ဆတ်ဆတ်ခါနေတာက တစ်လမ်းလုံးဖြစ်လာတာမို့။

“မင်း ... မင်း ငါ့စေတနာကို မစော်ကားနဲ့နော်၊ ဒီလောက် မ်းလျှောက်လို့မရတော့တာတောင် ဝိုင်းကူညီပေးတဲ့လူကို မင်း ပြောချင်အော်ချင်နေသေးတယ် ... ဒီမှာ ... ငါက အားလို့ယား



www.burmeseclassic.com

www.burmeseclassic.com



လို့ မင်းကိုကူညီနေတာ မဟုတ်ဘူး ... ဘယ်သူမဆို ကိုယ်ချစ်တဲ့လူ ဒုက္ခရောက်နေရင် အသည်းနှလုံးထဲမှာ မခံစားနိုင်တာ သဘာဝပဲ ... ”

“ဘာ ... ဘာချစ်တာလဲ ... ဘာချစ်တာလဲ ... ဘာကိုယ်ချစ်တဲ့လူလဲ ... ရှင် ... ရှင် စကားပြောတာ ကြည့်ပြောနော် ကိုမင်းထီးရှည် ... ”

“ဒေါက် ... ”

“အားလားလား ... ”

ငယ်ထိပ်ကို နောက်ပြန်လှည့်ပြီး ဒေါက်ခနဲခေါက်ပစ်တာ မင်းထီးရှည် ကြိတ်မှိတ်ပြီး အော်ပစ်လိုက်ရ၏။ တကယ်လက်ပြောင်တဲ့ချစ်သောမောင်။ ဒါပေမဲ့လေ ... မြန်မာမှာ စကားပုံတော့ ရှိသေးတဲ့ဥစ္စာ။ အနာခံမှ အသာစံရမတဲ့။

“ရှီး ... နာလိုက်တာကွာ ... အား ကျွတ်ကျွတ် ... ”

“အဲဒါ ... နမူနာပဲရှိသေးတယ်၊ နောက်တစ်ခါ ရှင် ... ရိုးသွဲ့ ပြောရဲပြောကြည့် ... ချစ်သောမောင်အကြောင်းကို ရှင် ကောင်းကောင်းသိသွားမယ် ... ဟွန်း ... ”

ဒီလိုနဲ့ပဲ ဆေးခန်းရှေ့ရောက်တော့ ...

ပွေ့မတင်လို့လည်းမရ၊ ပွေ့မချလို့လည်းမရဘဲ ပွေ့တင်ပွေ့ချလုပ်လိုက်တာ။ တစ်ခါတည်း ကျောက်ပတ်တီးစည်းလိုက်ရတဲ့အထိ အရိုးပါအက်သွားသတဲ့။ အမေလည်း မျက်လုံးပြူးနေသည်။

တကယ်တမ်းကျ ဒီပွဲမှာ ခံရခက်နေတာ ချစ်သောမောင်ပဲ။ တစ်စိမ်းယောက်ျားတစ်ယောက်က ကိုယ့်တစ်ကိုယ်လုံးကို ရွေ့နေအောင် ခွေခေါက်ခေါက်လေး ကောက်ပွေ့ပြီးတော့ အသားချင်း

ဖိုးလပြည့်စာပေ



ထိကပ်ထိတွေ့သွားရတာ။ အိမ်ပြန်ရောက်တဲ့အထိဆိုတော့ မျက်နှာလေးလည်းရဲ၊ ဒေါက်လေးကပါ ပွပွလေးနဲ့ဆိုတော့ ကျေးဇူးတင်စကားပြောဖို့လည်း သတိမရ။

အမေ ဆူနေပွက်နေတာနဲ့ပဲ ဝမ်းနည်းပြီးတော့ မျက်ရည်ကပါ ဝဲတက်ချင်လာသည်။ ဒီကြားထဲ ဟိုပုဂ္ဂိုလ်မြတ်ကြီးက အချောင်အမှတ်ယူနေတာပဲ ကြည့်ပါဦး။

“အမေနော် ... ဟောဒီမှာ အမေ့သမီး သောက်ရမယ့်ဆေးတွေ၊ ဟောဒါက ဒီညသောက်ရမယ့်ဆေး ... ဟောဒါက မနက်မိုးလင်းမှ သောက်ရမယ့်ဆေး ... ဟောဒါက ... ”

“အမလေး ... ရှင် ... ရှင့်အမေကို ဘာမှဆရာလုပ်မနေနဲ့၊ ကျွန်မ သောက်ရမယ့်ဆေး ကျွန်မသိတယ် ... ရှင် ... ဒိုးတော့”

“ဟဲ့ ... ချစ်သောမောင် ... ”

အမေ အားနာလို့ မျက်လုံးကြီးပြူးကြည့်လိုက်တာ မောင်မြင်ဘဲနေမလား။ ဒီလူ ... အမေ့ကိုရော မောင့်ကိုပါ အတင်းဝင်အတင်းရော လာပေါင်းနေတာ။ ဟွန်း ... လက်ခံလိုက်လို့ကတော့ စိတ်ထဲက စိုက်ရမလိုတောင် ဖြစ်နေပြီ။

ခုတော့ ... သူ မောင့်ကိုလှည့်ကြည့်နေတာ စိတ်ပျက်လက်ပျက်လေးနဲ့။ မောင် နှုတ်ခမ်းလေးမဲ့ပြီး မျက်စောင်းဝင့်ဝင့်လေးကို ထိုးပစ်လိုက်မိသည်။

မောင်ကတော့ အားမနာပါဘူး။

ဟွန်း ... ဒီလိုလူမျိုးကို မောင် ချစ်ရမလား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"အမေရေ ..."

"အမေရောဟင် ..."

"အမေ ... အမေ ... အမေ ရှိလားဗျ ..."

အခန်းရှေ့ကနေ အသားကုန်စွတ်အော်ရင်း အိမ်ထဲကို စွတ် စွတ်ရွတ်ရွတ် ပိုင်စိုးပိုင်းနင်း ဝင်လာတာ မင်းထီးရှည်ပါ။

လက်ထဲမှာလည်း ဈေးခြင်းတောင်းကြီးကိုဆွဲလို့။

"အမလေး ... ရှင် ... ရှင် ... ကျူးကျူးကျော်ကျော်နဲ့ ဒီ ဘက်ခန်းကို ဘာလာလုပ်တာလဲဟင် ဦးမင်းထီးရှည်၊ ရှင် ... အခု ထွက်နော် ..."

မောင်က ရေအိမ်ထဲမှာ ...

ခြေထောက်က ထောက်မရသေးလို့ ချိုင်းထောက်တစ် ချောင်းနဲ့သွားနေရတာ။ ဒါကိုပဲ ကြည့်ပါဦး ... အမေ ... အမေဆို တာကြီးကို တစ်ရပ်ကွက်လုံးကြားအောင် အသားကုန်အော်ပြီး နောက်ဖေးခန်းထဲထိ စွတ်ခနဲ ဝင်လာတာ။

"ဟာ ... ချစ်သောမောင် ... မင်းက ဘယ်မှာလဲ၊ ရေအိမ်





ထဲမှာလား ..."

ဒုက္ခပါပဲ ...

ဒီမှာက ရေအိမ်တက်လက်စကြီးနဲ့။

သူမေးတာကို ဘယ်လိုပြန်ဖြေမလဲ။

"အဟမ်း ... အဟမ်း ..."

ချောင်းဟန့်သံလေးပဲ ပေးလိုက်သည်။

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... မင်းကတော့ ထော့ကျိုးလေး ဆိုတော့ အေးအေးဆေးဆေးပဲနေတော့ပေ့ါ၊ ဟုတ်ပြီလား ... ငါ ကတော့ အမေခိုင်းတာနဲ့ ဈေးလည်းပြေးဝယ်ရသေးတယ်၊ ရေ လာလို့ ရေလည်းပြေးထမ်းရသေးတယ်၊ ဟွန်း ... မင်းနဲ့အခန်းနှား ချင်း ဖြစ်သွားတာကိုက ငါကံဆိုးတာ ..."

လူကို မမြင်ရသေးတော့ မင်းထီးရှည် ခပ်တည်တည်ပဲ။ ရန် စကားပြောပေးလိုက်သည်။ ဒါအမှန်ပဲလေ ... မနက်မိုးလင်းလို့ အိပ်ရာထကတည်းက ရေမလာလို့ဆိုပြီး နောက်ဖေးမှာ တိုင်ကီ တစ်လုံးစာ ထမ်းပေးခဲ့ရတာ။

"ဂျောက် ..."

"ဒေါက် ..."

သူပြောနေတုန်း တံခါးက ဂျောက်ခနဲ ပွင့်သွား၏။

"ရှင် ... ရှင် ... ဘာစကားပြောတာလဲ ဦးမင်းထီးရှည်"

မောင် ထွက်လာတာ ဒေါသမျက်ဝန်းကလေးဖြင့် ဂျိုင်း ထောက်ကို အားပြုကာ ရေအိမ်ထဲကထွက်လာခဲ့တာ ဖြစ်သည်။ သူ တစ်ချက်တော့ ပေစောင်းစောင်းလေး လှည့်ကြည့်လိုက်မိသေး ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဘာပြောရမှာလဲ၊ မင်းကို ထော့ကျိုးလေးဖြစ်နေလို့ မင်းကိုယ်စား ငါဈေးကို သွားခဲ့ရတာလေ ... အမေကလည်း ဥပုသ်နေ့ဆိုတော့ ဓမ္မာရုံမှာ ငါးပါးသီလယူပြီး ဥပုသ်စောင့်ဦးမှာ အဲဒါ ... အချိန်မှီအောင် ထမင်းဟင်းတွေ အကုန်ချက်ရမယ်၊ အခုလည်း ... အမေ့ကိုမတွေ့လို့ အော်ပြီး အခန်းထဲဝင်လာတာ မင်းလူကို ဘာမှမောင်းထုတ်နေစရာမလိုဘူး"

"ရှင် ... ရှင် ... ကျွန်မအမေနဲ့ပေါင်းပြီး ခွချက်လုပ်ဖို့ မစဉ်းစားနဲ့နော်၊ ဦးမင်းထိုးရှည် ... ရှင် ဒီလိုတွေလျှောက်လုပ်နေတာ ရပ်ကွက်ထဲကလူတွေ ကျွန်မကို ဘယ်လိုထင်မလဲ၊ ပြီးတော့ ... ရှင့်ရင်ထဲက ခံစားချက်တွေကိုလည်း ရပ်သိရွာသိဖြစ်အောင် ရှင်က ကြွေးကြော်ထားပြီးသား ... ညကလည်း ရှင် လုပ်တာ ကျွန်မ ဘယ်လောက် အရှက်ကွဲခဲ့ရတယ်ထင်လဲ ... "

"ကွဲလည်း မတတ်နိုင်ဘူး ချစ်သောမောင် ... ငါက ငါ့ရင်ထဲမှာရှိတဲ့စကားကို လူကြီးတွေ သက်သေထားပြီး ပြောခဲ့တာ ... ပတ်ဝန်းကျင်က အထင်လွဲတာကို မခံနိုင်ရင်လည်း အိမ်ရှေ့မှာ မင်္ဂလာမဏ္ဍပ်ထိုးလိုက်ရုံပဲ ... "

"ဘာ ... ဘာပြောတယ် ... "

မောင့်မျက်တောင်ကော့ကော့လေးတွေ ပင့်တက်ကပ်သွားရတာ အဆုံးထိပါ။ ပြီးတော့လဲ ... နှုတ်ခမ်းကလေးကိုပါ တင်းတင်းလေးဖြစ်သွားအောင် စုပစ်လိုက်မိ၏။

"ရှင်နော် ... ဘာမင်္ဂလာမဏ္ဍပ်လဲ ... ဟွန်း ... ရှင့်လိုလူတစ်ယောက်ကိုလား ချစ်သောမောင်တို့က အဲဒါမျိုးလက်ခံမှာ ဝေးသေးတယ် ... မရှိရင် ဆားနဲ့ပဲစားမယ် သိလား ... လုပ်မနေနဲ့"





"မောင်ရာ ... မင်း ငါ့ကိုဘာဖြစ်လို့ ဒီလောက်တောင် အထင်သေးနေရတာလဲကွာဟင် ... မောင် ... မင်းပြောစမ်း၊ ငါ့ခန္ဓာကိုယ်က ခြေပြတ်လက်ပြတ်ဖြစ်ပြီး ရွဲ့စောင်းနေလို့လား ... အလိုင်းနှမ်းအောက်နေလို့လား ... ဒီလောက် သန်သန်မာမာကြီးကို ငါ့ကိုရသွားတာနဲ့ မင်းဘဝမှာ ဘယ်လောက်အဖိုးတန်သွားမယ်ဆိုတာ မင်းသိရဲ့လား ... နွားကြီးတစ်ကောင် အချောင်ရလိုက်တာပဲဆိုပြီး ကြိုက်သလို ခိုင်းစမ်း ... ဒီကကောင်က ကျော့နေအောင် ခေါင်းမော့ပြီးလုပ်သွားမှာ"

"အမလေး ... ရှင်ပြောတာနဲ့တင် ရင်တုန်နေပါပြီနော်၊ မလုပ်ပါနဲ့ ... ရှင့်ကိုလည်း မခိုင်းပါရစေနဲ့၊ ကဲ ... ဘယ်မှာလဲ ... အမေမှာလိုက်တဲ့ ဈေးခြင်းတောင်း ... ဝယ်လာပြီဆို၊ ဟိုစားပွဲပေါ်မှာပဲ တင်ထားခဲ့တော့ ... "

"ဟာ ... ဒီနေ့ အမေ့ကို ငါ့လက်ရာလေးချက်ကျွေးမယ်လို့ ပြောခဲ့ပြီးသားကွ ... မရဘူး၊ ငါ့ကို ဝိုင်းမကူနိုင်လည်းနေ ငါချက်မယ်"

"ဘုရားရေ ... ရှင်ကိုယ်တိုင် ချက်မယ် ဟုတ်လား ... "

မောင့်မျက်တောင်ရှည်ကော့ကော့လေးတွေ အဆုံးထိ ပြန်ကပ်သွားရပြန်ပြီ။ အမေ ... အမေ ဘာလို့ ဒီလူ့ကို ဒီလောက်တောင် သဘောကောင်းကောင်းနဲ့ ခွင့်ပြုလိုက်ရတာလဲဟင်။

ဒီလူ ... ဒီလူက ...

အကြံနဲ့လာတဲ့ ယောက်ျားကဝေကြီး အမေရဲ့။

သူ့ကို ကြည့်လိုက်တိုင်း မျက်လုံးတွေက အရောင်တဖျတ်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်လက်ပြီး တစ်ခုခုကို ရည်ရွယ်ချက်ရှိရှိနဲ့ မရ,ရအောင် လုပ်တော့မယ့်ဒီဇိုင်းကြီးဆိုတာ အမေ နည်းနည်းလေးတောင် မရိပ်မိဘူးလားဟင်။

ခုလည်း ... မိန်းမနဲ့ယောကျ်ားမကို သူကိုယ်တိုင်ချက်ကျွေးတော့မယ့်ဒီဇိုင်းမျိုး ဖမ်းထားတာ။ မရဘူး ... မရဘူး ... ဒီဘက်ခန်းမှာလာပြီး ရှုပ်ရှုပ်ယှက်ယှက်လာလုပ်နေတာ လုံးဝလက်မခံနိုင်ဘူး။

"ရှင် ... ရှင် ... ကျွန်မအခန်းဘက်မှာလာပြီး ကွိုင်မရှာနဲ့နော် ဦးမင်းထီးရှည် ... ကျွန်မဟာကျွန်မ ထော့ကျိုး ထော့ကျိုးဖြစ်ရုံမကလို့ အိပ်ရာထဲပဲလဲလဲ ကျွန်မဟာကျွန်မ ချက်မယ်၊ ရှင်ချက်လည်း ကျွန်မ မစားဘူး ... ဟွန်း ... အဲဒါ အပြတ်ပြောတာနော်၊ ဟဲ ... ဘယ်မှာလဲ ဆွဲခြင်း ..."

မောင် ကိုယ့်ကိုယ်ကိုယ် သတိလစ်ပြီး ဆွဲခြင်းကိုလှမ်းအဆွဲ။

"ဟာ ..."

"ဟာ ..."

"အောင်မလေးကွာ ... ကြည့်စမ်း ..."

"အို ... ရှင် ဘာလုပ်တာလဲ၊ လွှတ်နော် ... လွှတ် ... လွှတ်" သွားပါပြီ။

ဂျိုင်းထောက်က ချော်သွားပြီး လူကပါ လဲပြိုကျတော့မလိုဖြစ်သွားချိန်မှာ သူ ... ဝုန်းခနဲပြေးဆွဲကာ မောင့်ကိုယ်လုံးဖူးဖူးတင်းတင်းလေးကို သိမ်းကြုံးပွေ့ဖက်ထားလိုက်တော့ ... ရင်တွေတဒိုင်းဒိုင်းတုန်ကာ မောင် အော်လိုက်ရပြီ။

"ဟွန်း ... ဟင်း ... ဟင်း ... မင်းကွာ ..."





မင်းထီးရှည်ကလည်း မျက်နှာပူပူ ရှက်ကိုးရှက်ကန်းနဲ့။

မောင့်ဆံပင်ရှည်ရှည်တွေက သူ့တစ်ကိုယ်လုံးမှာ ပတ်ချည်ထားလိုက်သလို ဖြစ်သွားတာမို့ ပြန်ခွာလိုက်ရတာလည်းအမော။

မျက်နှာတွေလည်းထိ ပခုံးတွေမှာလည်းငြိ။

ပိုဆိုးတာက သူ့နှုတ်ခမ်းတွေနဲ့ မောင့်လည်တိုင်သား ဝင်းဝင်းစိမ်းစိမ်းကလေး အိခနဲ ... မွှေးခနဲ ထိသွားတာ မောင့်တင်ပါးအိအိလုံးလုံးလေးပေါ် လက်တစ်ဖက်ရောက်သွားတာ။

"ဆော ... ဆောရီးနော် ... ဟဲ ဟဲ ..."

"ရှင် ... ရှင် ..."

မောင် ဘာမှမပြောနိုင်တော့ပါ။

ထိမိသွားတာ ကိုင်မိသွားတာတွေက တောင်းပန်လို့မှ မရနိုင်တော့တဲ့ဥစ္စာ။ မောင့်မျက်နှာလေး ရဲတွတ်သွားတာကလည်း ပြန်ဖျက်လို့ မရနိုင်တော့ပြီ။

"ညကလည်း ရှင် ... ကျွန်မကို တစ်ချိန်လုံး ..."

မောင် ငိုမဲ့မဲ့လေးတောင် ဖြစ်ချင်သွားရ၏။

"ရှင် ... အရမ်းလွန်နေပြီသိလား ... ဦးမင်းထီးရှည်"

"ငါ ... ငါ မင်းလဲကျသွားမှာစိုးလို့ ထိန်းလိုက်မိတာပါ ချစ်သောမောင်ရယ် ... ကဲပါကွာ ... ဖြစ်ပြီးတာတွေ ပြန်ပြောမနေနဲ့တော့ ဟုတ်ပြီလား ... အခု ငါဝယ်လာတာ မင်းတို့သားအမိနှစ်ယောက်ကို ရှယ်ဝက်လက်ပေါင်းလေး ချက်ကျွေးချင်လို့၊ ပဲပြာရည်မွှေးမွှေးလေးနဲ့ စပ်ပေးမယ်လေ ... ပြီးရင် ... ငါးခေါင်းကြီးမဆိုင်ဟင်းချို ပူပူလေးတစ်ခွက်ပေါ့ ... မကောင်းဘူးလား ..."

"မကောင်းဘူး ... ရှင် လုံးဝမချက်နဲ့ ... အဟင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ..."

ပြောရင်းဆိုရင်း မောင့်မျက်ရည်တွေကျလာတာ ဘူးသီးလုံးလောက်ကြီး။ မောင် အမေ့ကိုသတိရသွားလို့ပါ။ အမေ့ကို အဖေကရက်စက်ခဲ့တာဇလေ။ ယောက်ျားတွေဘယ်မှာကောင်းလို့လဲ။ ဦးမင်းထီးရှည်လည်း အလကားပဲ။

"ရတယ် ... ဦးမင်းထီးရှည်၊ ကျွန်မ မျက်ရည်ကျတာ ရှင့်ကြောင့်မဟုတ်ဘူးဆိုတာ လုံးဝယုံထားလိုက် ... ရှင်တို့ယောက်ျားတွေကို ကျွန်မ မုန်းတယ် ... အဲဒီတော့ ... ရှင် အခုချက်ချင်းကျွန်မအခန်းထဲက ထွက်သွား၊ ရှင်နဲ့မပတ်သက်ချင်ဘူးဆိုတာ ဟိုးအစကတည်းက ကျွန်မပြောပြီးသား ... ကျွန်မနှလုံးသားထဲမှာရလာမယ့်ဒဏ်ရာဒဏ်ချက်တွေကို အခုကတည်းက ခင်ဗျားလာမပေးရင်ကောင်းမယ် ... ကဲ ... ရှင့်ကို ကျွန်မ ဒါပဲပြောမယ်၊ ရှင်သွားတော့ ..."

"မောင်ရာ ..."

"ဟာ ... ရှင်၊ ကျွန်မကို မောင်လို့မခေါ်နဲ့နော်"

မောင် ဆတ်ဆတ်ထိမခံဘဲ မျက်လုံးပြူးကာ ပြန်အော်တော့မှ သူ့မျက်နှာလေး ဖျတ်ခနဲစိုက်ကျသွားရလျှက်။ ပြီးတော့မှ နာနာကျင်ကျင်ကလေး သူပြန်မော့ကြည့်ကာ ...

"မင်းက မခေါ်နဲ့ဆိုလည်း ငါကတော့ ခေါ်ရတော့မှာပဲ မောင် ... မင်းနှလုံးသားထဲမှာ ဒဏ်ရာဒဏ်ချက်တွေရအောင် ငါလုပ်နေတာမဟုတ်ခဲ့ပေမယ့် ငါ့နှလုံးသားတွေကတော့ မင်းကြောင့်ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်နေခဲ့ပြီဆိုတာ မင်းကိုအသိပေးချင်တာပါ၊ ငါယောက်ျား ပီပီသသနဲ့မင်းကို အမှန်အတိုင်းဝန်ခံရမယ်ဆို





ရင် မင်းကို ချစ်နေပြီဆိုတာ အရမ်းသေချာတယ် ..."

"ဟာ ... အဲဒါ ... ရှင်ဟာရှင် ဖြစ်နေတာလေ၊ ကျွန်မနဲ့ဘာဆိုင်လို့လဲ ... ရှင်ချစ်တာလည်း စိတ်မဝင်စားဘူး၊ ရှင်မုန်းတာလည်း ဂရုမစိုက်ဘူး ... ချစ်သောမောင်ရဲ့ရင်ထဲမှာ ရှင် မရှိဘူး"

မောင် အပြတ်ပဲ ပြောပေးလိုက်သည်။

"အေး ... မင်းရင်ထဲမှာငါမရှိပေမယ့် ငါ့ရင်ထဲမှာ မင်းရှိနေတာ ငါ့အတွက် ပြဿနာဖြစ်နေတာ ..."

"တော်ပြီ ... ရှင် ဆက်မပြောနဲ့တော့၊ ပြောရင် ရှင်နဲ့ကျွန်မ ငြိုင်လာတော့မယ် ... ရှင် ဒိုးတော့ ..."

"ဟွန်း ... မင်း ဒိုးခိုင်းတိုင်း ငါကဒိုးရမှာလား ချစ်သောမောင်၊ ဒီနေ့ ဒီမှာ အမေ့ကို ဟင်းထမင်းတွေ ဝိုင်းကူချင်ပေးမယ်ဆိုတာ ငါပြောခဲ့ပြီးသား ... ငါချက်ကျွေးတဲ့လက်ရာကို မင်းမစားချင်လည်း စားရမှာပဲ ..."

"ဟင် ..."

ကြည့်စမ်း ...

မောင် မောင်းထုတ်နေတာကိုတောင် ဂရုမစိုက်တော့ဘဲ မီးဖိုခြင်းတောင်းကို သူ စကိုင်နေပြီ။ တော်တော်ပြောရဆိုရ လက်ပေါက်ကတ်တဲ့လူ။

"ဟင် ... မောင်မင်းထီးရှည် ဈေးက ပြန်လာပြီလား"

"ဟာ ... ပြန်လာပြီလေ အမေ ... ဒီမှာ အမေ့သမီးက ရှင်တော်ပေးစရာမလိုဘူးဆိုပြီး ကျိုင်ရှာနေလို့၊ စေတနာကို နားမလည်ဘဲ ကျွန်တော့်ကို မောင်းထုတ်နေတာ ... အဲဒါ အမေပြောဦး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် … ရှင်နော် … အမေနဲ့ကျွန်မကို ရန်မတိုက်ပေးနဲ့နော်၊ ကျွန်မ ရှင်နဲ့မပတ်သက်ချင်လို့ပြောနေတာ၊ ပတ်ဝန်းကျင်ကလူတွေ သိရင် ဘယ်လိုဝေဖန်မလဲ … ညကပဲ ရှုံးရောက်ဂတ်ရောက် ရောက် ထားတာ"

ဂျိုင်းထောက်တစ်ဖက်နဲ့မို့ ပြောရတာလည်း အားမရ။

"သမီးချစ်သောမောင် ညည်းမပြောနဲ့ …"

အမေက သူ့ဘက်က။

"မောင်မင်းထီးရှည်က ညည်းမလုပ်နိုင်မှန်းသိလို့ အမေ့ကို တမင်လာကူပေးတာ၊ ပြီးတော့ … အမေ့လက်ကလည်း မနေ့က ဓါးရှထားတာ၊ အညှော်ခံလို့မရဘူး … အိမ်နီးနားချင်းတွေ အခက် အခဲရှိလို့ပိုင်းကူတာ ဘယ်သူဝေဖန်ဝေဖန် အမေဂရုမစိုက်ဘူး"

"ဟာ … ဘဲရိုးဂွတ်အမေ … အယူအဆတွေက လုံးဝလန်း တယ် အမေရာ … ဟား ဟား …"

"ဟာ … ကြည့်စမ်း … သူများအခန်းဘက်မှာလာပြီး အသံ ပြကြီးနဲ့အော်ရယ်မနေနဲ့နော်၊ ဒုက္ခပါပဲ … ဒီလိုမျက်နှာပြောင်တဲ့လူ မျိုးကို အမေမို့လို့ အရောဝင်တယ်၊ တော်ပြီ … မပြောတော့ဘူး"

"ချွင် … ချွင် …"

"ချစ်သောမောင်ရေ … ချစ်သောမောင် …"

"ဟဲ့ … ခြံရှေ့က အော်နေတယ် … ထွက်ကြည့်စမ်း"

မောင် ဂျိုင်းထောက်တစ်ဖက်နဲ့ ထွက်ကြည့်တော့ …

အိမ်ပွဲစား အန်တီသူသူ။

ဘာလာဖွတာလဲ မသိဘူး … ဒုက္ခပါပဲ။





"ဟာ … ဝင်ခဲ့လေ အန်တီသူသူ … သော့ကချိတ်ပဲချိတ် …ားတာ"

"အမလေး … မပြောချင်ပါဘူး ချစ်သောမောင်ရယ် … …င်မင်းထီးရှည်လေ မနက်က ဈေးကအပြန် လမ်းမှာတွေ့လို့ …င်းစားဖိတ်သွားတာနဲ့လာခဲ့တာ …"

"ဟာ … ကြည့်စမ်း …"

မောင့်မျက်နှာတစ်ခုလုံး ထူပူသွားတာ ဘယ်လိုမှနေလို့မရ၊ …လ်မြတ်ကြီးက အန်တီသူသူကို ထမင်းစားဖိတ်လာတာ တဲ့။

"ဘယ် … ဘယ်လိုဖိတ်တာလဲဟင် အန်တီသူသူ … ဒီလူ …"

"ဟင် … ဘယ်လိုဖိတ်ရမှာလဲ၊ ဒီနေ့ မောင်တို့အိမ်မှာ သူက …င်းတွေထမင်းတွေချက်ရမှာတဲ့ … မောင် ဆိုက်ကားနဲ့တိုက်မိ… ဂျိုင်းဒေါက်ကြီးနဲ့သွားနေရလို့တဲ့၊ ဟောဒီမှာ မယုံရင်ကြည့်ဆို… သူဝယ်လာတဲ့ဟင်းချက်စရာတွေကို ပြသွားတယ် … အဲဒါ … …င်းစားလည်းဖိတ်သွားတယ် … အိမ်တက်ပွဲလို့သဘောထားပြီး …ခဲ့တာပါတဲ့ … ကဲ … အဲဒါပဲ ကြည့်တော့ …"

"ဒုက္ခပါပဲ … မေမေက နှစ်ယောက်စလုံး နေမကောင်းလို့ …စ်ရက်လေး အကူအညီတောင်းမိတာကို ဒီလူ တမင်လျှောက်ဖွ…တာ"

"အခု … မောင်မင်းထီးရှည် ဘယ်မှာလဲ …"

"နောက်ဖေးမှာ ဟင်းချက်နေတယ်လေ … အန်တီသူသူရဲ့"

ဘယ်လိုလုပ်မလဲဟင် ဒီလူ …

သူ့ကိုယ်သူ ပိုင်ပါတယ်ဆိုတဲ့သဘောမျိုးနဲ့ အန်တီသူသူလို



www.burmeseclassic.com

www.burmeseclassic.com



ရှာဆော်ကြီးတစ်ယောက်ကိုမှခေါ်ပြီး ရပ်ကွက်တစ်ခုလုံးသိအော
ဒီလူလျှောက်လုပ်နေတာ။

"ဒါဆိုလည်း ပြီးရော ... ပြီးရော ... နောက်ဖေးမှာ ဟ
ချက်နေပြီဆိုတော့ ကျက်မှပဲလာစားတော့မယ် ... ဟင်း ဟင်

တွေ့လား ... တွေ့လား ...

အန်တီသူသူ ပြုံးသွားတာ ခနဲ့တဲ့တဲ့လေး ပြုံးသွားတာ။

တွေ့မယ် ... တွေ့မယ် ... နောက်ဖေးကိုပြန်ဝင်ပြီး အဖြ
အကျယ်ပြုသနာရှာလိုက်ဦးမယ်။

"ရှင် ... ရှင် ... ဘာလုပ်တာလဲဟင်၊ ဦးမင်းထီးရှည် ...
အန်တီသူသူကို ဒီအိမ်မှာ ထမင်းစားဖို့ ရှင် ဖိတ်လာတယ်ဆို ...

"ဟာ ... ဟုတ်တယ်လေ ဘာဖြစ်လို့လဲ ..."

"ဘာဖြစ်ရမလဲ ... ဘာဖြစ်ရမလဲ ... ရှင်လုပ်တာ ကျွန်မ
သိက္ခာကျတယ်"

မောင်က နှုတ်ခမ်းလေးမဲ့ပြီး စွာနေပေမယ့် မင်းထီးရှည်
ဂရုမစိုက်။

"ဟာ ... လူတစ်ယောက်ကို ထမင်းစားဖိတ်တာ သိက္ခာ
ကျစရာလား၊ ကိုယ့်လက်ရာလေးကို စေတနာသန့်သန့်လေးနဲ့ စ
စေချင်လို့ ဖိတ်လိုက်တဲ့ဟာကို၊ ပြီးတော့လည်း ... လူမှုရေးအ
အားနာပါးနာဖိတ်လိုက်တာလေ ..."

"အမလေး ... ရှင်က အားနာလို့ဖိတ်လည်း ဟိုက ထီးတ
ချောင်း ဂျိုင်းကြားညှပ်ပြီး တကယ်လာစားတာ၊ ပြီးရင် ... ရပ်ကွ
ထဲလည်ပြီး ရှင်နဲ့ကျွန်မကို ဟိုလိုလိုဒီလိုလို သတင်းလွှင့်တော့မှာ

"အိုး ... လွှင့်ပစေ ... လွှင့်ပစေ ... သူတို့ဘယ်လိုပဲလွှ

ဗိုးလပြည့်စာပေ



ခင်းနဲ့ငါနဲ့က အနေသာကြီး၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ
ဘူးဆိုတာ သဘောပေါက်ထား ... မင်းထီးရှည်တို့က ဒါမျိုးကို
တာ့တာပဲ ..."

မေမေက ဥပုသ်စောင့်သွားမှာမို့ ရေချိုးခန်းထဲရောက်နေပေ
မောင်တို့စကားများနေတာကိုတော့ အခန်းထဲကနေ ကြားနေ
သေချာသည်။ ဒါတောင် ... မနက်စောစောစီးစီး အဲဒီလူ ရေ
ထမ်းထည့်ထားလို့။

ခုလည်း ... ဟင်းချက်ဖို့ပြင်ထားတာတွေက စားပွဲခုံပေါ်
ပြည့်။

ဆီပုံးတွေ၊ ငံပြာရည်ပုလင်းတွေ၊ အချိုမှုန့်ဗူးတွေ အားလုံးကို
ထုတ်ပေးထားခဲ့ပုံရသည်။ မောင် မျက်လုံးလေးမှေ့ကြည့်
တော့ ဝက်လက်ပေါင်းအတွက် ခုတ်ထစ်ဆေးကြောထား
တွေက တကယ်သပ်ရပ်တာပဲ။ အသီးအရွက်တွေ လှီးချွတ်ထား
လည်း တကယ့်ဝါရင့်စားဖိုမှူး တစ်ယောက်လို။

မောင် စဉ်းစားလို့မရတာက ...

ဒီလူ ဘာရည်ရွယ်တွေနှင့် ဒါတွေလာလုပ်နေသလဲဆိုတာပဲ
သည်။ ပြီးတော့လည်း မောင့်ကို သူ တကယ်ချစ်သတဲ့။

ဒါဆို ... တကယ်ချစ်လို့ အောက်ကျခံနေတာလား။

ဆီး

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"ဒေါင် ... ဒေါင် ... ဒေါင် ... "

"ဒေါင် ... ဒေါင် ... ဒေါင် ... "

"မီးဖို့ ... မီး ... မီး ... "

"မီးလောင်နေတယ်ဟေ့ ... "

"မီးလောင်နေတယ် ... "

"ဒေါင် ... ဒေါင် ... ဒေါင် ... "

တစ်ရပ်ကွက်လုံး တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျ ရာကနေ မီးလောင်နေတယ်ဆိုပြီး ငရဲပွက်သလို သံချောင်းခေါ် သံတွေ အော်ဟစ်ပြေးလွှားသံတွေ ဆူညံသွားရတာမို့ မင်းထီးရှ လန့်နိုးလာပြီး ကြည့်လိုက်တော့ ...

အောင်မလေးဗျာ ...

မီးက ခြေရင်းအိမ်တည့်တည့်မှာ လောင်နေတာ။

ကြည့်စမ်း ... ဝုန်းခနဲတက်လာတဲ့ မီးတောက်ကြီးက နည် တာကြီးမဟုတ်။





"မောင်မင်းထီးရှည်ရေ ... လုပ်ပါဦး ... မီးတဲ့ ... မီးတဲ့" ဟိုဘက်အခန်းက အမေ ဒေါ်စံပယ်မွှေးအသံက အလန့် တကြားပေါ်လာသည်။

"မရတော့ဘူးအမေ ... မရတော့ဘူး ... မီးက ကျွန်တော်တို့ ဘက်ကို ကူးတော့မယ် ... "

"ဘုရား ... ဘုရား ... ဘုရားကယ်ပါ ... "

မီးတောက်ကြီးကို ကြည့်ကာ ... အမေ ကြက်သေ သေနေ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်နဲ့ အမေတုန်နေသည်။

"အမေ ... ပြေး ... ပြေး ... လူပဲလွှတ်အောင်အရင်ပြေး" ပြေးဆိုတာတောင် ဘယ်လိုပြေးရမှန်း ဒေါ်စံပယ်မွှေး မသိ။ မီးတောက်ကြီးကိုကြည့်ကာ ကြက်သေ, သေနေသည်။

"ချစ်သောမောင် ... ချစ်သောမောင်ကို ခေါ်ပါဦး မောင်မင်း ရှည် ... အိပ်ဆေးတွေသောက်ပြီးအိပ်နေတာ ... ဘုရား ... ... "

"ရတယ် မပူနဲ့ ... အမေပဲလွှတ်အောင်ပြေး၊ ချစ်သောမောင် ကျွန်တော်ခေါ်ထုတ်ခဲ့မယ်၊ ဒုက္ခပါပဲကွာ ... အရေးထဲကျမှ ဆေးတွေသောက်ထားရတယ်လို့ ... "

"ဟား ... "

မင်းထီးရှည် ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ မောင့်အိပ်ခန်း ပြေးဝင်ကာ ... အူလျားဖားလျား ခြင်ထောင်ကို ပြေးလှန်လိုက် တော့ ...

ဟိုက်ရှားဘား ...

သေစမ်းကွာ ... မောင်အိပ်နေတာလေးက ဝိုးလိုးပက်လက်



www.burmeseclassic.com

www.burmeseclassic.com



ကလေး။

"မောင် ... ချစ်သော်မောင် ... ထစမ်း ... "

"ဟာ ... ဟင် ... ဘယ်သူလဲ ... "

"ငါ ... ငါ ... ဟိုဘက်ခန်းက မင်းထီးရှည် ... "

"ဟာ ... ကျွန်မအခန်းထဲကို ရှင် ... ရှင် ... အမေရေ ... ဟောဒီမှာ မောင့်အခန်းထဲကို သူခိုးတက်နေပြီ ... သူခိုး ... သူခိုး

"ဟာ ... သေတော့မှာပဲ ... ဟိုမှာ မီးတွေလောင်နေ လူတွေအော်နေတာ မင်းမကြားဘူးလား"

"ဘုရားရေ ... မီးတွေ ... မီးတွေလောင်နေတယ်"

"ဒုက္ခပါပဲ ... အရေးထဲကျမှ မင်းကလည်းလမ်းလျှောက် မရတာ၊ ကဲကွာ ... ဖြစ်ချင်တာဖြစ် မောင်ဘချစ်ပဲ ... ကဲ ...

"အမလေး ... "

ပခုံးကိုဖက် တင်ပါးတင်းတင်းလေးအောက်ကိုလက် သွင်း။ ဇွေ့ခနဲ ကောက်မကာ ပွေ့ပစ်လိုက်တော့ ...

"အို ... ရှင် ... ရှင် ... "

မောင် ရှန်းကန်ရင်း အထိတ်တလန့်လေးနဲ့ပါလာသလို ထီးရှည်·လမ်းပေါ်မှာ စွတ်ပြေးလာတာလည်း ဘယ်ရောက် ရောက်မှန်းမသိ။

"ဂျလောင် ... ဂျလောင် ... ဂျလောင် ... "

"ဝေါ ... ဝေါ ... "

ရပ်ကွက်လေးထဲကို မီးသတ်ကားတွေ ညာသံပေး မောင်းဝင်လာတာလည်း တစ်စီးပြီးတစ်စီး။

လူတွေက မီးလောင်ရာဘက်ကိုပြေးလာပေမယ့် ပစ္စည်း





ဘက်သယ်လာသူတွေ၊ အဝတ်အစားအိတ်တွေ သယ်လာသူတွေ လေးတွေ လက်ဆွဲပြေးလာသူတွေက မီးလောင်ရာအရပ်နှင့် ဆန့် ဘက်တွေကို ပြေးနေကြတာပဲဖြစ်သည်။

"ဟာ ... ဦးမင်းထီးရှည် ... မေမေ ... မေမေ ဘယ်မှာလဲ၊ မေ့ကိုကျတော့ မခေါ်ဘဲနဲ့ ရှင်ဘာလို့ထားခဲ့တာလဲ"

"မပူနဲ့ ... မင်းအမေကို ငါအရင်ဆုံးပြေးခိုင်းလိုက်လို့ လူအုပ် ဘက်ကို ဆင်းပြေးသွားတယ်၊ ဟောဟဲ ... ဟောဟဲ ... "

"ဒုက္ခပါပဲ ... ရှင် ... ရှင် ကျွန်မကိုခေါ်ပြီး ဘယ်အထိပြေး ချင်လဲ၊ အဟင့် ဟင့် ... ရှင့်အသားကြီးနဲ့ ကျွန်မနဲ့ထိထိသွားတာ မ မနေတတ်တော့ဘူး ... ကျွန်မကို အခုချ ... အဲ ... ကျွန်မ အခု အောက် ... အောက်ပြန်ချ ... "

မောင် ဘာတွေပြောမိလို့ ပြောမိမှန်းလည်း မသိတော့ပါ။

"မင်း ... မင်းကို စေတနာနဲ့ အမောဆို့ခံပြီးသယ်လာတာ ... မီးလောင်ပြင်ထဲကနေ အသက်စွန့်ပြီး သယ်လာတာ"

"ဒီမှာ ... ရှင် ဘာမှအသားယူမနေနဲ့၊ ကျွန်မကို အခု ... အောက်ကိုပြန်ချ ... ချလေ ... "

"ကဲ ... ဒီလောက်တောင် ချစေချင်တာ"

"ရှင်နော် ... "

"မောင်မင်းထီးရှည် ... မောင်မင်းထီးရှည် ... "

"ဟာ ... အမေရေ ... ကျွန်တော် ဒီမှာ ... ကျွန်တော် ... "

ဒီဘက်ကိုပြေးတဲ့လူက ပြေး ...

ဟိုဘက်ကို ပြေးတဲ့လူကပြေးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... မောင်မင်းထီးရှည်ရယ် ... ဘုရားကယ်တာ ဘုရားကယ်တာ ... မီးသတ်တွေ အချိန်မီရောက်လာလို့ မီးငြိမ်းသွား ပြီတဲ့ ... "

အမေ ဖုတ်လိုက်ဖုတ်လိုက်နဲ့ပြေးလာတာ ဝမ်းသာအား ပြောသည်။

မောင်က အောက်ကိုချလိုက်တော့လည်း ခြေထောက်တ ဖက်ကရပ်လို့မရ။ လမ်းမကြီးပေါ်မှာဆိုတော့လည်း ထိုင်စရာ နေ ကမရှိ။

"ရတယ် အမေ ... အမေတို့ ဒီမှာနေခဲ့၊ ကျွန်တော် ... အိမ်အခြေအနေ သွားကြည့်လိုက်ဦးမယ် ... တော်ကြာ ... အငြ အဖန်သမားတွေက အိမ်ပေါ်တက်ပြီး ပစ္စည်းတွေ မချင်မနေမှာ"

"သွား ... သွား ... မောင်မင်းထီးရှည် ... အားကိုးပါတယ် မင်းကိုပဲအမေတို့ အားကိုးပါတယ် သားလေးရယ် ... ဟင်း ဟင်း"

တွေ့လား ... အမေကတော့ သားလေးတောင်ဖြစ်သွားပြ

တကယ်ပါပဲ ... မေမေတို့အားကိုးလိုက်ပုံက ပြောတော မပြောချင်တော့ပါဘူး။ ဘယ်လိုလုပ်မလဲဟင်။ ဒီမေမေ ... ခက် တာက မောင် ဂျိုင်းထောက်ပါမလာလို့ ခြေထောက်ကလည် ထောက်လို့မရပါ။

ဒီကြားထဲ မောင့်ကိုပွေ့ချီခေါ်သွားတာ တွေ့လိုက်သူတချို့ က ဟိုကလာပြော ဒီကလာပြောနဲ့။ မောင့်မှာ ဘာပြန်ဖြေလို့ ရမှန်းမသိဘဲ မျက်နှာတွေထူပူလျှက်။

"တွေ့တယ် ... တွေ့တယ် ... မောင့်ကို ရေခဲသေတ္တာပြ ဆိုင်က ဟိုကောင်လေး မီးထဲကနေ ကယ်ထုတ်သွားတာ တွေ့





လိုက်တယ်၊ ကံကောင်းတာ ... မောင် အရှမ်းကံကောင်းသွားတာ သိလား ... မောင်မင်းထီးရှည်ကို ကျေးဇူးတင် ... "

"ဟုတ်တယ် ... ဟုတ်တယ် ... ကျွန်မတို့လည်းတွေ့လိုက် တယ်၊ မောင်က ခြေထောက်မှာဒဏ်ရာနဲ့ဆိုတော့ ဘယ်လိုမှမပြေး နိုင်တာ၊ ကိုမင်းထီးရှည်ကယ်လိုက်လို့ ... ဟင်း ဟင်း ... "

တစ်ယောက်လာလည်း ဒါပဲပြော ...

နောက်တစ်ယောက်ထပ်လာလည်း ဒါပဲပြောနှင့်။ ဘယ်သူ ဘာပြောပြော မောင့်မှာတော့ မပြုံးနိုင် မရယ်နိုင်။

နောက်ဆုံးကျတော့ မီးက ကိုယ့်ဘေးတစ်အိမ်တည်းကွက် လောင်သွားလို့ ကိုယ့်အိမ်ပါမသွားခဲ့ပေမယ့် ... မီးမလောင်အောင် ရေတွေကိုဖြန်း ကြိုပက်လုပ်ထားလိုက်တော့ ကိုယ့်အိမ်က ရေတွေနဲ့ ရွှဲရွှဲစိုသွားသည်။

"အမေ ... နေနေ ... အမေ မလုပ်နဲ့ ကျွန်တော်လုပ်မယ်"

ဟိုယောကျ်ားကဝေ ... မော်ဆရာက တစ်အိမ်လုံး သူ့ခြေ သူ့လက် သူ့ပါဝါ။ အိမ်ကို သန့်ရှင်းရေးပြန်လုပ်တော့ သူညွှန်ပေး တာကမလွတ်။

"ဟာ ... ဒီခုံတွေက ဒီမှာထားတာ အခန်းကျယ်တာပေ့၊ ဟော ... ဒီခုံလေးကို ဝရန်တာလေးဘက်ကို ထုတ်လိုက်တော့ ဘုန်းကြီးဆွမ်းခံကြွလည်း ဒီမှာလောင်း၊ ဧည့်သည်လာတော့လည်း ဒီမှာထိုင်၊ ကဲ ... အမေ့အခန်းလေး ဘယ်လောက်ကျယ်သွားလဲ၊ အမေ ကြည့်လိုက် ... "

အမေဆိုတာလည်း ပါးစပ်ဖျားကမချ။

"ဟယ် ... ဟုတ်တယ်နော် ... သား ... "



www.burmeseclassic.com

www.burmeseclassic.com



အမေကလည်း ဗီတိတွေဝေလို့။

မောင့်မှာသာ တစ်ယောက်တည်း နှုတ်ခမ်းမဲ့လိုက် မျက်စောင်းထိုးလိုက်နှင့် တစ်အိမ်လုံးရဲ့ သန့်ရှင်းရေးကိုတော့ သူကပဲ ဦးဆောင်လုပ်သွားသည်။

ပိုဆိုးတာက ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုမိုးကျော်။

အိမ်ရှေ့ကနေ အော်သွားတာက ...

"ဗျို့ ... ကိုမင်းထီးရှည်ရေ ... အားလုံး အားလုံးအဆင်ပြေတယ်နော်"

"ဟာ ... ပြေတယ် ... ပြေတယ် ... ဘဲရီးဂွတ် ... ဘဲရီးဂွတ်"

သူပြန်အော်နေတာက အားလုံးကိုပဲ ပိုင်သလိုနိုင်သလို။ မေမေ နောက်ဖေးခန်းထဲဝင်သွားတော့မှ မောင်မျက်စောင်းထိုးကြည့်ကာ ...

"ဒီမှာနော် ... ဒီမှာ ... "

"ဟင် ... ဘာလဲ မောင် ... "

"ရှင် နေရာတကာ အမှတ်တွေ စွတ်ယူမနေနဲ့ ... "

"ဟာ ... ဘာဖြစ်လို့လဲ ... "

"ရှင် လုပ်နေတဲ့အကြံအစည်တွေအားလုံးကို ကျွန်မ မသိဘူးထင်နေလို့လား ... ရှင် မေမေ့ကို အပိုင်စည်းရုံးပြီး ကျွန်မကို ... "

"ဟွန်း ... အဲဒါဟုတ်တယ်လေ ... ဘာဖြစ်လဲ ... "

"ရှင် ... ယောက်ျားကဝေကြီး ... "

မောင် နှုတ်ခမ်းလေးမဲ့ပြီး အပြတ်ပြောပေးလိုက်သည်။

"ဟွန်း ... ယောက်ျားကဝေမကလို့ ဘာကြီးပဲဖြစ်ဖြစ် ငါ





ရမစိုက်ဘူး၊ ငါ ... ငါးသိုင်းချောင်းရေကြည်အသုတ်ကလာတယ်၊ ဒီကိုရောက်တော့ ရှင် ... ရှင်နဲ့ပြောတဲ့ကောင်မလေးကို ငါ အသေခိုက်သွားတယ် ... အိပ်မက်ထဲမှာလည်း အဲဒီကောင်မလေးနဲ့ ငါ ခဏခဏတွေ့တယ် ... အိန္ဒိယရုပ်ရှင်ကားတွေထဲကလို ကောင်မလေးလက်ကိုဆွဲပြီး ပန်းခင်းကြီးထဲမှာလျှောက်ပြေး သီချင်းတွေဆို ရဟာတ်တွေစီး ... ကောင်မလေးက ကြောက်လို့ငါ့ကိုအတင်းဖက်"

"ကြည့်နေတဲ့ ပရိသတ်က ခံနဲ့ကောက်မထုဘူးလားဟင်"

မောင် အမြင်ကတ်ကတ်နှင့် ပြောပေးလိုက်သည်။

"ဟာ ... မထုပါဘူး ... ဘာလို့ထုရမှာလဲ ... "

"ကျွန်မသာဆို ထုတယ် ... အုန်းခနဲ ... အုန်းခနဲ မြည်သွားအောင်ကိုထုပစ်မယ် ... သိလား ... "

"မင်း ... မင်း ... ငါ့ကို တော်တော်မုန်းနေလားဟင် ချစ်သောမောင် ... "

"မမေးနဲ့ ... "

"ဟွန်း ... ငါကတော့ ချစ်ပါတယ်"

"ရှင်နော် ... "

သူဒီလိုပြောတိုင်း မောင့်ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ။

တခြားကောင်လေးတွေ မောင့်ကိုလိုက်ခဲ့တုန်းက မောင်ပြတ်ပြတ်သားသား ခါးခါးသီးသီး ငြင်းခဲ့မိသလောက် ဒီလူနဲ့ကျမှ ရှင်နော် ... ရှင်နော်ဆိုပြီး မျက်စောင်းလေး ဝဲဝဲသွားရတာ ဘယ်နှစ်ကြိမ်ရှိနေပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ညကလည်း မောင့်ကိုပွေ့ချီပြီး အိမ်ပေါ်ကဆင်းပြေးတာ သူ့တစ်ကိုယ်လုံးမှာရှိသမျှတွေနဲ့ ထိချင်တာထိပြီး မောင်ပါသွားခဲ့ရတာမို့ မောင်ရင်မတုန်ဘဲ နေပါတော့မလား။ နောက်ဆုံး ... မောင်စဉ်းစားကြည့်တော့ ဒီလူလုပ်နေသမျှတွေအားလုံးဟာ မောင့်ကိုတကယ်ချစ်လို့လားဆိုတာ တွေးမိလာရတဲ့အထိ မောင်တုန်လှုပ်လာရသည်။

ပြောရရင် ... ယောက်ျားတွေရဲ့အချစ်ကို မောင်မယုံပါ။

ဖေဖေနဲ့ပတ်သက်ပြီး ခံစားလာခဲ့ရတဲ့ဝေဒနာတွေက မောင့်ရင်ထဲမှာ အမြစ်နက်နက်တွယ်ပြီး စွဲနေခဲ့တာပဲ။ ဖေဖေ တစ်ချက်တစ်ချက် သတိရလို့ လိုက်လာရင်လည်း မောင်က အခန်းတံခါးပိတ်ပြီး ဖေဖေ့ကို ဆန့်ကျင်ပြခဲ့သည်။

မေမေကလည်း ဖေဖေနဲ့စကားပြောတာ မာကြောင်းသာကြောင်းလောက်သာ။ ဖေဖေပေးတာမှန်သမျှ ဘာကိုမှလက်မခံဘဲ မေမေ ပယ်ချခဲ့တာ မေမေရဲ့မာနတွေပါပဲ။

"ရတယ် ကိုမြတ်ကို ... ရှင် ကျွန်မတို့သားအမိကို ဘာမှပေးစရာမလိုဘူး၊ သမီး ချစ်သောမောင်ရဲ့နောင်ရေးအတွက်ကိုလည်း ရှင် ဘာမှတွေးပူမနေနဲ့၊ သမီးက လောလောဆယ် ကျောင်းဆရာမလုပ်နေတယ်ဆိုတာ ခဏပဲလုပ်တာ၊ အခု ... ကုမ္ပဏီအတွင်းရေးမှူးလုပ်ဖို့ သင်တန်းတွေတက်နေတယ်၊ လက်မှတ်ရတာနဲ့ ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်မှာ ... ရတယ် ... ကျွန်မတို့သားအမိနှစ်ယောက်ရှိတာနဲ့ မြိုးမြိုးမြက်မြက် စားတတ်တယ်"

မေမေ အပြတ်ပြောလို့ ဖေဖေပြန်သွားတာ။ နောက်ဆုံးလာတဲ့အခေါက်ကပါ။ အဲဒီနောက်ပိုင်း ... ဖေဖေ ရောက်မလာတော့။





မောင် မကြိုက်တာက ဖေဖေလာတိုင်း ပါပါလာတတ်သည့် ဖေဖေ့နောက်မိန်းမက ကားပေါ်ကမဆင်းဘဲ မောင်တို့အိမ်ကလေးကို အထင်သေးသလိုကြည့်ကာ နှာခေါင်းရှုံ့မဲ့နေတတ်တာမျိုး။

ဒီလိုမဲ့ရအောင် ဘယ်သူက သူတို့ပိုက်ဆံစားနေလို့လဲ။

မောင် ဖေဖေ့ကို စိတ်နာခဲ့ရတာလည်း အဲဒါတွေပဲဖြစ်သည်။

ဒါကြောင့်မို့ ... ဖေဖေ့ကိုကြည့်ပြီး ဘယ်ယောက်ျားကိုမှ မောင်မယုံ။ မရခင် ဖျာလိုလိပ်ထိပ်ပေါ်တင် ရတော့ဖျာလိုခင်း ... ဟင်း ... သူတို့နင်းချင်သလိုနင်း။

မောင် တစ်ယောက်တည်းတွေးရင်း နှုတ်ခမ်းလေးမဲ့ထားတာ အကြာကြီးပါ။ သူကတော့ ... သီချင်းတအေးအေးနဲ့ စိုသွားတဲ့ စောင်တွေ ဖျာတွေ နေပူထုတ်လှမ်းပေး ပြုတ်ကျထားတဲ့ အမိုက်သရိုက်တွေရှင်းနဲ့ ... တစ်နေကုန် သူ့ဆိုင်လည်း သူ မဖွင့်နိုင်။

ဟော ... နောက်ဆုံးကျတော့ ...

ထမင်းတစ်ဝိုင်းတည်းမှာ ညစာဝင်ထိုင်စားတဲ့အထိ။ ဒီလူ့အဆင့်က မြင့်သွားသည်။ အမေ့ကို ဦးချသလိုလိုဘာလိုလိုနှင့် နောက်ဆုံးမှာ မောင့်ပန်းကန်ထဲ ဟင်းတွေ ခပ်ခပ်ထည့်ပေးနေတာကြည့်။

ပါးစပ်ကလည်း ပြောသေး ...

"မောင်နော် ... အစပ်တွေအရမ်းမစားနဲ့၊ ကိုယ်က ဆေးသောက်နေရတာ၊ ပြီးတော့ ... ဒညင်းသီးတွေ တို့စားနေတာလည်း ဘယ်နှစ်လုံးရှိနေပြီလဲ ... တော်ပြီ ... တော်ပြီ ... ဒီတစ်လုံးဆို ပြီးပြီနော် ..."

"ဟာ ... မောင် ... ငါးပိရည်တွေ အရမ်းမထည့်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ အလစ်မှာ မောင်မျက်စောင်းထိုးပြနေတာလည်း ဒီလူ မရပ်။ မေမေကတော့ ... မောင့်ကို ဂရုစိုက်တယ်ဆိုပြီး တဖြုံးဖြုံးနဲ့။

ဒီကြားထဲ ငရုပ်သီးစပ်တာ သီးသွားပြီ။ မောင် ... တရှုံးရှုံး တရှုံရှုံနဲ့မျက်ရည်တွေပါ ဝဲလာတော့ သူက အသည်းအသန်ရေပြေးခပ်သည်။

"အဲဒါကြောင့် ပြောတာပေါ့ ... ခင်ဗျားလေးကို အစပ်တွေအရမ်းမစားနဲ့ဆိုတာ ပြောလို့ကိုမရဘူး ... ဟင်း ဟင်း ... "

သူပဲ လူကြီး သူပဲဆရာ။

ထမင်းစားပြီးတော့လည်း ပန်းကန်တွေ ခွက်တွေ၊ အိုးတွေအားလုံး သူပဲဆေးသည်။ သူပဲ လုပ်စရာရှိတာတွေ အကုန်လုပ်သွားသည်။

မောင်ရော မေမေပါ ဘာမှလုညှ့်ကြည့်နေစရာမလို။

"မေမေနော် ... ဒီလူ့ကို မယုံနဲ့ ... "

"ချစ်သောမောင် ... ညည်း ပါးစပ်ကိုပိတ်ထားစမ်း"

"ဟာ ... ပိတ်ထားလို့မှမရတော့တဲ့ဥစ္စာကို ... ဒီလူ ... ဒီလူ ... သမီးကိုကြိုက်ပြီး မေမေ့ကိုဖားနေတာ၊ ရုံးကိုခေါ်တဲ့ညကတည်းက မောင့်ကို ကြိုက်နေပါတယ်ဆိုပြီး အုပ်ချုပ်ရေးမှူးရှေ့မှာ ဝန်ခံသွားတာ"

"ဟွန်း ... အဲဒါ ညည်းမပြောလည်း ငါသိတယ် ... မောင်မင်းထိုးရှည်က ဖြစ်ကြောင်းရယ်ကုန်စင်ကို နှုတ်သံနှော်ပြီး ငါ့ကိုပြောပြီးသား ... ညည်းက သူ့အရှက်ကိုခွဲနေလို့ လူကြီးတွေရှေ့မှာ အားနာနာနဲ့ ပြောလိုက်ရတာတဲ့၊ အမေ့ကို တောင်းပန်ပါတယ်





တဲ့ ... ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါတဲ့၊ ဘယ်လောက် လူ့ကျင့်ဝတ်ကိုနားလည်တဲ့ မောင်မင်းထိုးရှည်လည်းဆိုတာ၊ ဟော ... အခုသည်း ဘေးအိမ်မီးလောင်တော့ သူ့ခြံဝ သူ့ဆိုင်ကိုတောင် ပိတ်ထားပြီး မေမေတို့သားအမိနှစ်ယောက်ကို လာပိုင်းကူနေတာ"

တွေ့လား ... ဘယ်လောက်လည်တဲ့လူလဲဆိုတာ။

မေမေ့ကိုကျတစ်မျိုးပြော၊ မောင့်ကိုကျတစ်မျိုးပြောနဲ့။ မောင်အသည်းတွေယားပြီး ဒီလူ့မျက်နှာကို ကုတ်ဖွဲ့ပစ်ချင်နေတာ တစ်ပိုင်းသေနေသည်။ ခုလည်း ... ဟိုဘက်ခန်းမှာ သူကသီချင်းတအေးအေးနဲ့။ ဒီဘက်ခန်းက မောင်ကြားအောင် အော်ဆိုနေတာလေ။

အကြောင်းကံလို့ပဲထင်တယ် xxx ချစ်တဲ့သူရယ် xxx

မမျှော်လင့်ဘဲ တွေ့ဆုံရတဲ့ အဖြစ်မို့လည်းကွယ် xxx တယ် xxx တယ် xxx

ဒီည မောင်ဘယ်လိုလုပ် အိပ်ပျော်တော့မှာလဲ။

ဒီလူ ကဝေလို လာညှို့နေတာတွေအားလုံးက အစီအစဉ်အကျနဲ့ အိမ်ထဲကိုဝင်တွက်သွားလာ ပတ်သက်နေသလို။

သိုင်းချောင်းရေကြည်အသုတ်က လာခဲ့သတဲ့။

ဟွန်း ...

ဒီရုပ်လား ... ။

www.burmeseclassic.com

အခန်း ( ၉ )

ခြေထောက်က ပြန်ကောင်းသွားပြီမို့ ...

စက်ဘီးကလေးနင်းရင်း ဈေးဖက်ကို တစ်ယောက်တည်း ထွက်လာခဲ့တဲ့မောင်။ ထုံးစံအတိုင်း ဆံပင်တွေကို ကျစ်နေအောင် စည်းထားပြီး အပြာနုရောင် ဂျင်းလျှာထိုးဦးထုပ်ကလေးကို ဆောင်းထားတာမို့ ... မောင့်မျက်နှာလေးက နုသစ်လန်းဆန်းပြီး ချစ်စို့ကောင်းနေတာတော့ အမှန်ပဲဖြစ်သည်။

"ဟာ ... ချစ်သောမောင် ... ခြေထောက်ကောင်းသွားပြီလား"

"ဟင် ... အန်တီမြင့် ... ဒီမှာ ဘာလုပ်နေတာလဲ ... "

မောင်တို့နဲ့တစ်လမ်းကျော်က အန်တီမြင့် ...

ထီးအစဉ်းကြားကြီးဆောင်းပြီး ဈေးအဝမှာ ပြုံးပြုံးကြီးရပ်နေတာ။

"ဘာလုပ်ရမလဲ ... မောင့်ကိုတွေ့လို့ စောင့်နေတာလေး ဘယ်နေ့စားရမှာလဲဆိုတော မေးမလို့ ... "





"ဟင် ... ဘယ် ... ဘယ်လို ... "

မောင့်မျက်တောင်ရှည်လေးတွေ ကော့တက်သွားသလို ...်လုံးလေးကပါ ပြူးသွားသည်။

"ဟွန်း ... မလိမ်နဲ့နော် မောင် ... အန်တီမြင့်သတင်းတွေ ...ကြားနေရလို့မေးတာ ... မောင်နဲ့ ဟို ... ဟို မင်းထီးရှည်ဆို ...ကောင်လေးနဲ့ အဆင်ပြေနေပြီဆို ... "

"ဘုရားရေ ... ကြည့်စမ်း ... "

မောင် ဒေါပွသွားတာ မျက်နှာလေးကပါ ချက်ချင်းရဲတက် ...းသည်။

"ဒါ ... ဒါ ... အန်တီမြင့်ကို ဘယ်သူပြောတာလဲဟင် အန်တီ ... ဒါ ... ဒါ ... မောင့်ကို တမင်သက်သက် သိက္ခာကျအောင် ...ကားတာ ... "

"အမလေး ... မောင်ရယ် ... တစ်ရပ်ကွက်လုံး ဟိုလေး ...ကြော်ကြော်ဖြစ်နေတဲ့ကိစ္စကြီးကို မောင်က ငြင်းချင်သေးလို့ ...းဟင် ... "

"အို ... တစ်ရပ်ကွက်လုံး ဟိုးလေးတကြော်ကြော်တောင် ...နေတယ်ဟုတ်လားဟင် အန်တီမြင့် ... "

"ဖြစ်တယ် ... ဖြစ်တယ် ... မီးလောင်တဲ့ညကဆိုရင် ခြေ ...ာက်နာနေတဲ့မောင့်ကို မင်းထီးရှည်ဆိုတဲ့လူငယ်လေးက ပွေ့ချီ ...တော့တောင် မထုတ်သွားတာဆို၊ ပြီးတော့လည်း ဈေးသွား ...းချက်နဲ့၊ ရေထမ်းတာကအစ ဟိုသူငယ်လေးပဲလုပ်နေရတာတဲ့၊ ...ွဲစားသူသူကိုလည်း ထမင်းစားတောင် ဖိတ်ကျွေးလိုက်သေး ...တဲ့ ... ကဲ ... သတင်းတွေက ဒီလောက်တောင်ခိုင်နေတဲ့ဥစ္စာ၊



www.burmeseclassic.com

www.burmeseclassic.com



မောင်က ရှက်ပြီးတော့ ငြင်းချင်သေးလို့လား"

"ဘုရား ... ဘုရား ..."

မောင် ပြေးမြင်လိုက်မိတာ မေမေ့မျက်နှာ။

အဲဒါ ... ဒီလူကြီးကို မေမေအရေးပေးလိုက်လို့ သဘော ကောင်းကောင်းနဲ့ အရောတဝင်ဆက်ဆံလိုက်မိလို့ တစ်ရပ်ကွက် လုံးက အဲလိုတွေ ထင်ကုန်မြင်ကုန်ကြတာ။ မောင် ထူထူပူပူနဲ့ အန်တီမြင့်မျက်နှာကို မော့ကြည့်မိသည်။

"အဲဒါ ... အဲဒါ ... အိမ်နားနီးချင်းတွေဖြစ်နေလို့ မလွှဲသ မရှောင်သာ ဆက်ဆံနေရတာ၊ ဒါကို ... ဒါကို ... မလိုတမာ အတင် တွေပြောပြီး နာမည်ပျက်မယ်ဆိုရင်တော့ ဖျက်တဲ့သူ မောင်နဲ့တွေ့ ပြီပဲ ..."

"မောင်ရယ် ... မောင်စိတ်ဆိုးရင်လည်း မတတ်နိုင်ဘူး အန်တီမြင့်ကတော့ ပြောရတော့မှာပဲ ... မောင်မင်းထီးရှည်ကလည်း ဒါကို ..."

"ဟင် ... သူက ဘာပြောလဲ ..."

"မင်္ဂလာဆောင်ရင် ဖိတ်စာပို့လိုက်မယ်တဲ့ ..."

"ဟာ ... ကြည့်စမ်း ... ဒီလူ ..."

မောင့်ဒေါသက ငယ်ထိပ်ရောက်အောင် တက်သွားရပြီ။

ရပ်ကွက်ထဲကလူတွေ ယုန်ထင်ကြောင်ထင်ဖြစ်အော တမင်ဖွနေတာ ဒီလူပဲလေ။ အမိကတရားခံက ဒီလူ။ ဒီလူမကောင်း လို့ မောင်အပြောခံနေရတာ။

"မောင်ရယ် ... စိတ်မဆိုးပါနဲ့၊ မောင်မင်းထီးရှည်ကိုလည်း တစ်ရပ်ကွက်လုံးက သဘောကျနေကြတာ၊ မောင်နဲ့လည်း ရှေ့သွ





ဆက်လိုက် အရမ်းညီသတဲ့"

"တော် ... တော်တော့နော် အန်တီမြင့် ... မောင်အရမ်းစိတ် တယ်၊ မဟုတ်တာကြီးကို ဟုတ်ပါတယ်အပြောခံနေရတာလည်း င် ဒေါသဖြစ်တယ်၊ ဒီလိုလူမျိုးကို မောင်တစ်သက်လုံး မသုံးဘူး၊ ရင် အန်တီမြင့် စောင့်ကြည့်လိုက် ..."

မောင် စိတ်တိုတိုနဲ့လှည့်ထွက်လာတော့ အန်တီမြင့်မျက်လုံး ပြူးသားနှင့် ဈေးဝမှာ ဒီအတိုင်း ရပ်ကျန်ခဲ့၏။

မောင် ခံရခက်လိုက်တာ။

မင်္ဂလာဆောင်ရင် ဖိတ်စာပို့လိုက်မယ်ဆိုတဲ့စကားက ဘယ် ရောက်သွားပြီလဲ။ ဒီစကားကို ပြောသင့်သလား မပြောသင့် ဘူးဆိုတာ ဒီလူ နည်းနည်းလေးတောင် မစဉ်းစားတော့ဘူး

မောင် တွေးမိလေ ပိုပြီးတော့ ဒေါပွရလေမို့ စိတ်ထဲမှာပဲ သားလိုက်ပြီး ... ဈေးထဲကိုပဲ ဝင်လာခဲ့လိုက်သည်။

"ဟယ် ... ကြည့်စမ်း ..."

ကိုယ့်ထက်အရင် ဈေးထဲကို ရောက်နှင့်နေတာ ဟိုလူ။

တွေ့တာနှင့် မောင့်မျက်နှာလေးကို ချက်ချင်းလွှဲပစ်သည်။

ဘာလုပ်တာလဲဟင်။ မောင် စက်ဘီးကလေးနဲ့ဈေးကိုထွက် ကာမြင်လို့ ဒီလူ နောက်က တကောက်ကောက်လိုက်လာတာ

ဘာပဲပြောပြော မောင့်နှုတ်ခမ်းလေးကတော့ စူတင်းသွား မောင် မသိချင်ဟန်ဆောင်ပြီး ဆက်လျှောက်သွားတော့။

"မောင် ... ခဏ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

မသိဟန်ဆောင်နေတာလည်း မရ။

ဘယ်ရမလဲ ... မောင် မကြားချင်ဟန်ဆောင်ပြီး ကြက်သွ ရေပ်သီးရောင်းသည့် ကိုအညာသားဆိုင်ဘက်ကိုပဲ တည့်တည့် လျှောက်လာခဲ့သည်။

"မောင် ... မင်း ဘာလုပ်တာလဲ ..."

"ဟာ ... ဦးမင်းထီးရှည် ... ရှင် ... ရှင် ... ကျွန်မနော ကို ခိုးကြောင်ခိုးဝှက်လိုက်လာပြီး ပြဿနာမရှာနဲ့နော်၊ ကျွန်မ နဲ့မပတ်သက်ချင်ဘူး"

ဆိုင်မှာထိုင်နေသည့် ကိုအညာသား မောင်တို့နှစ်ယောက် ကို ထူးထူးဆန်းဆန်းဖြစ် မျက်ခုံးပင့်ကြည့်လျှက် ...

မောင့်နှုတ်ခမ်းလေး ရူတင်းနေတာ ကိုအညာသားလည်း မြင်မှာပေါ့။

"ဒီမှာ ... မင်းဘာမှအပိုတွေ လျှောက်ပြောမနေနဲ့၊ ဘယ် မှလည်း မင်းအနောက်ကို ခိုးကြောင်ခိုးဝှက်မလိုက်ဘူး မင်းအမေက မင်းနောက်ကို လိုက်သွားစမ်းဆိုလို့ ငါလိုက်လာ ... ခြေ ထောက်က ပတ်တီးဖြည်ပြီးကာစပဲ ရှိသေးတဲ့ဥစ္စာကို ... စက်ဘီး နင်းပြီး ထွက်သွားလို့တဲ့ ..."

တွေ့လား ... မေမေလုပ်နေတာက အဲလို ..."။

"ဒါပဲလား ... ဒါပဲဆိုရင် ရှင်ပြန်တော့ ..."

"ဟိတ် ... ပြန်လို့ရမလားကွ၊ မင်းကို စက်ဘီးမနင်းစေ လို့ ငါ့ကိုလိုက်သွားခိုင်းတာ၊ မရဘူး ... ဈေးမှာ မင်းဝယ်ချင်





ပြီးရင် ... ငါနဲ့နှစ်ယောက်အတူပြန်မယ် ... ဒါပဲ ... ကဲ ... ဘယ်မှာလဲ စက်ဘီးသော့ ... ငါ့ကိုပေး ..."

"အောင်မယ် ..."

မောင့်မျက်ခုံးတန်းလေး ကျုံ့တက်သွားရပြန်ပြီ။

"ဒီမှာ ... ဦးမင်းထီးရှည်၊ ဒီမှာ ... ဒီမှာ ... စက်ဘီးတစ်စီး နှစ်ယောက်အတူစီးပြီး ရှင်နဲ့အတူပြန်စရာလား၊ ရပ်ကွက်ထဲမှာ ကျက်တွေဒီလောက်ထုတ်ပြီး ရှင်ဖွထားတဲ့ ကောလဟာလတွေ ပလူပျံနေတာ၊ ရတယ် ... ဘယ်သူပြောတာမှ ကျွန်မ မခံနိုင်ဘူး၊ နမခြေထောက်လည်း ကောင်းနေပြီ ... ရှင် ပြန်တော့"

"ဟွန်း ... မပြန်ပါဘူး ... ဘာလို့ပြန်ရမှာလဲ"

"ရှင် မရစ်နဲ့နော် ... ဦးမင်းထီးရှည် ..."

"အို ... ငါဘယ်မှာရစ်လို့လဲ၊ ဒါ အမေကိုယ်တိုင် ငါ့ကိုပေး တဲ့အမိန့်၊ ချစ်သောမောင်ကို စက်ဘီးပေါ်တင်ပြီး သားကိုယ် ပြန်နင်းလာခဲ့တဲ့ ..."

"ဘုရားရေ ... မေမေက ရှင့်ကို ဒီအတိုင်းမှာတယ်"

"မှာတာပေါ့ကွ"

"ရှင် ... ရှင် ..."

မောင် မျက်လုံးလေးတအားပြူးသွားရသလို ဒေါ်ပွပွနဲ့လည်း နှာလေး ရဲသွားရသည်။

"ဒါ ... ဒါဆို အခွင့်ကောင်းယူပြီး မျောက်အုန်းသီးရတဲ့မျက် ကြီးနဲ့ ကျွန်မနောက်ကို ရှင်လိုက်လာတာပေါ့လေ ဦးမင်းထီး ည်"

"ဘာ ... ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ရှင့်မျက်နှာကြီးက မျောက်အုန်းသီး
မျက်နှာကြီး ..."

"တောက် ... မင်းကွာ ..."

"ခစ် ..."

သည်တစ်ခါပဲ သူနဲ့ပတ်သက်လို့ မျက်နှာလေးလှည့်ပြီး
ပထမဆုံးရယ်လိုက်မိတာပါ။ ဒီလို အားပါးတရ ရှံ့ချပစ်လိုက်ရ
ကိုလည်း မောင်ကျေနပ်သွားမိတာလေ။ သူကတော့ ဒေါ်ပွပြီး
တစ်ချက်ခေါက်လိုက်သံ မောင် ကြားလိုက်ရ၏။

ဒါပေမဲ့ ... ပြုံးသွားမိတဲ့မျက်နှာလေးကိုတော့ မောင်ချ
ချင်းပဲ ပြန်ပြင်ပစ်သည်။ မျက်နှာထားတည်တည်လေးနဲ့ပဲ ကိုအည
သားဆိုင်ထဲ ဝင်ပစ်လိုက်၏။

"ဟွန်း ... ချစ်သောမောင်နော် ... စျေးထဲလာပြီး ဘာ
ဖြစ်နေတာလဲ ..."

ကိုအညာသားက ရယ်ကြဲကြဲမျက်နှာလေးနှင့် မောင့်
ကြည့်ကာ လှမ်းမေးသည်။

"ဟာ ... ဘာမှမဖြစ်ပါဘူး၊ မေမေ မှာလိုက်တာကို
ပြောနေလို့ ..."

"ငါသိတယ်နော် ... ချစ်သောမောင် ... နင်မလိမ်နဲ့ ..."

"ဘာ ... ကိုအညာသားနော် ..."

မောင် စိတ်တိုရပြန်ပြီ။

တစ်ယောက်လာလည်း သိတယ်၊ တစ်ယောက်လာလည်
သိတယ်နဲ့။ ရပ်ကွက်ထဲမှာရော စျေးထဲမှာပါ ဘာတွေဖြစ်ကုန်ကြ
လဲဟင်။ သူတို့အားလုံး ဘာတွေသိကုန်ကြတာလဲ။ မောင် မ





သ်တော့ ကိုအညာသားကို နှုတ်ခမ်းစူစူလေးနဲ့ပဲ ပြန်မော့ကြည့်နေ
သည်။

"အလကား စတာနော် ချစ်သောမောင် ... ငါမြင်လိုက်တာ
စောစောကလူက နင့်ကို အရမ်းဂရုစိုက်နေတာ မြင်လိုက်လို့စတာ
ဒါ ဘယ်သူလဲ ..."

"ဟင် ... ကိုအညာသား မသိဘူးလား"

"မသိဘူး ..."

"အဲဒါ ... မောင်တို့ ဘေးခန်းကို ငှားလိုက်တဲ့ ထီးပြင်ဖိနပ်
ချုပ်သမားလေ ကိုအညာသားရဲ့၊ ရေခဲသေတ္တာတို့ အဲလ်ကွန်းတို့
ဇီဖွိကက်ဆက်တို့ကိုလည်း တတ်ယောင်ကားလုပ်ပြီး ဟိုလိုလိုဒီ
လိုလိုပြင်စားနေတဲ့လူ၊ ပျက်လို့အပ်တဲ့ ပစ္စည်းမှန်သမျှ တစ်စစီဖြုတ်
ပြီး ပြန်မတပ်တတ်တော့လို့ ခဏခဏဆိုင်မှာ ပြဿနာတက်နေ
တာ"

"ဟား ... ဟား ..."

ကိုအညာသားက မောင်ပြောတာလေးကိုနားထောင်ပြီး
တဟားဟား အော်ရယ်သည်။ ဟွန်း ... အဲဒါမှတ်ထား၊ ဒါမှ ...
ဒီလူကို ဘယ်သူမှ အလုပ်လာမအပ်မှာ၊ လာမအပ်မှ ဒီရပ်ကွက်ထဲ
ကနေ ဒီလူ မြန်မြန်ထွက်ပြေးမှာ။ နောက်ဆို ... ဒီအတိုင်းပဲ မောင်
ပြောမယ်။

ကဲ ... ဘာဖြစ်လဲ။

"ဟာ ... မောင်ပြောတာ ဟာသလုပ်ပြီး ရယ်မနေနဲ့လေ
ကိုအညာသား ... မောင် တကယ်ပြောနေတာ၊ ဒီလူက ဖိန့်ဖိန့်လေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရပ်ကွက်တကာလှည့်ပြီး လုပ်စားနေတာ ... ”

သူက စက်ဘီးအပ်ထားတဲ့ ဈေးရှေ့ကနေရာလေးကို ထွ… သွားပြီးမှ သူ့အတင်းတွေကို တစ်ဈေးလုံးသိအောင် မောင် စိတ်တို… ကျ ဖွပေးလိုက်သည်။

ဖွပြီးတော့မှ လိုအပ်တာတွေကို မောင်ဝယ်သည်။

ပြီးတော့မှ ... သားငါးတန်းဘက်ကို မောင်ထွက်လာခဲ့…

ဝယ်လာတာတွေကတော့ အစုံပါ။ အသားနဲ့အသီးအနှံ… က သုံးရက်စာ။ ကြက်သွန် ငရုပ်သီးက တစ်လစာ။ ပြီးတော့ အိ… မှာလိုအပ်နေသည့် သွားတိုက်ဆေး သွားပွတ်တံလေးကအစ ဝယ်… လိုက်တော့ ပါလာသည့်ငွေတစ်သောင်းလည်း တစ်ခါတည်း ပြောင်… သွားသည်။

“ပေးပါ ဆွဲခြင်းကို ... ”

“အောင်မလေး ... ”

ကြည့်ပါဦး ... မောင့်လက်ထဲက ဈေးခြင်းတောင်းကို လ… လုနေတာ၊ ဈေးအလယ်ကောင်ကြီးမှာ။ မောင် လန့်ပြီးအော်ထည့်… လိုက်တော့ သူကြောင်ပြီး နောက်တစ်လှမ်း ပြန်ဆုတ်သွား၏။

“ဟာကွာ ... မင်း ... မင်း ... ဈေးထဲမှာ ငါ့ကိုအရှက်မခွဲနဲ့ နော်၊ ဒီလောက်လေးတဲ့ ဆွဲခြင်းကြီးကို မင်းဆွဲထားတာ မနိုင်မှာစိုး… လို့ ငါလာကူတာ၊ ပေး ... ပေး မင်းဆွဲခြင်း ငါ့ကိုပေး ... ”

“ရှင် ... ရှင် ... လာမရှုပ်နဲ့နော် ဦးမင်းထီးရှည်၊ ကျွန်မဟာ ကျွန်မ မနိုင်ရင် လွှတ်ချပစ်လိုက်မယ် ... ရှင် ပူမနေနဲ့ ... ဈေး အပြင်ကပဲ ရှင်စောင့် ... ”





“ဟာ ... အမေက မင်းကို ဘုရားပန်းပါ ဝယ်ခဲ့ဖို့မှာလိုက် …ာ၊ စောစောက ငါ မင်းကို မပြောလိုက်မိလို့ အခုတစ်ခေါက်လာ …ပြောတာလေ ... ”

“အဟင့် ... ဒုက္ခပါပဲ ... ”

အဲဒါမှ တကယ်ကျိုင်ပြီ။

မောင့်လက်ထဲမှာ ဘုရားပန်းဝယ်ဖို့ ပိုက်ဆံအပိုမပါတော့ပါ။

ဒီအတိုင်းပြန်သွားရင်လည်း မေမေက မပြီးနိုင် မစီးနိုင် …ဖြစ်တောက်တောက် ဆူတော့မည်။ မောင် ... ခေါင်းကုတ်စဉ်း …းလိုက်မိ၏။

“အို ... ဟိုလေ ... ဦးမင်းထီးရှည်”

“ဘာလဲကွ ... ”

“ရှင် ... ရှင့်မှာ ပိုက်ဆံအပိုပါလားဟင်”

“ဟွန်း ... ထင်သားပဲ ... မင်းခေါင်းကုတ်နေကတည်းက …ဆီက ပိုက်ဆံချေးတော့မယ်ဆိုတာ”

“ရှင်နော် ... ချေးချင်ချေး ... မချေးချင်လည်းနေနော်၊ ရှင့် … အောက်ကျခံဖို့ အစီအစဉ် ချစ်သောမောင်မှာ လုံးဝမရှိဘူး”

“ဒီမှာ ... မင်းလည်း ချေးစရာမလိုဘူး၊ ဒီဘုရားပန်းကို ငါ …ယ်မယ် ဘာဖြစ်လဲ ... ချစ်သူလည်း ကုသိုလ်ရ၊ ငါလည်း အဆင် …”

“ဟာ ... ရှင်နော် ... ”

မောင် ဒေါ်ပွပြီး မျက်စောင်းလေးပါ ထိုးပေးလိုက်သည်။

“ကဲ ... ကြာတယ်၊ ပေး ... ဆွဲခြင်း ... ”

လူတွေက ပြုံးစိစိနဲ့ဝိုင်းကြည့်နေကြပြီမို့ မောင် ရှက်ရှက်နဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲကို ဆွဲခြင်းလေး ထည့်ပေးလိုက်သည်။

မထူးတော့ပါဘူး။

လူတွေကပဲ ပြောနိုင်မလား ... မောင်ကပဲ မသိချင်ယောင်ဆောင်နိုင်မလားဆိုတာ စောင့်ကြည့်ကြသေးတာပေါ့။ မောင် မျက်နှာစောင်းလေးလည်းဝဲ၊ သူ့ကိုလည်း ဆွဲခြင်းပေးပြီး ပန်းတန်းဘက်သွားဖို့ ကိုယ်ကလေးကို ချာခနဲ လှည့်ပစ်လိုက်တော့ ...

"ဘုရားရေ ... အန်တီမြင့် ..."

ခါးကြီးထောက်ပြီး မောင်တို့နှစ်ယောက်ကို ပြုံးပြုံးကြီးအန်တီမြင့် စိုက်ကြည့်နေတာလေ။ မောင် တစ်ကိုယ်လုံးထူပူပြီးတော့ မျက်တောင်ရှည်တွေပါ ကော့ပျံကပ်လျှက်။

"မပြောဘူးနော် ... ချစ်သောမောင် ... အန်တီမြင့် ဘယ်သူ့ကိုမှ မပြောဘူး ... ဟဲ ဟဲ ... နှုတ်လုံတယ် ... နှုတ်လုံတယ်"

သေစမ်း ...

အဲလိုအပြောခံရတာမှ ရှက်ဖို့ကောင်းတာ။

"ဟွန်း ... ပြောလည်း ဂရုမစိုက်ပါဘူး အန်တီမြင့်၊ မောင်က ကိုယ့်လိပ်ပြာကိုယ်လုံပြီးသား ..."

"ဟဲဟဲ ... သွားမယ်နော် ချစ်သောမောင် ..."

"ကြွ ... ကြွ ..."

"သွားမယ်နော် ... အန်တီ ..."

"ဟဲ ... ဟဲ ..."

အမလေးနော် ...

သူကပါ ပြုံးဖြီးဖြီးကြီးနဲ့ အန်တီမြင့်ကို ရောယောင်နှုတ်ဆက်နေတာ။





"မောင်မင်းထီးရှည်နော် ... အန်တီမြင့်ကို ကျွေးရမယ်နော်"

"ကျွေးမယ် ... ကျွေးမယ် ..."

မောင် ဒေါ်ပွလာတာလည်း တစ်လမ်းလုံး။

"ရှင် ... ရှင် ... ကျွန်မကို တော်တော်ဒုက္ခပေးတယ် သိလား၊ ရှင်လုပ်တာ ရပ်ကွက်ထဲမှာလည်း ကျွန်မ သိက္ခာတွေကျ၊ ဟော ဈေးထဲလာတော့လည်း ဈေးထဲမှာအပြောခံရ ... ရှင် မကောင်းဘူး"

"အဲဒါ ... မင်းကမှ ငါ့ကိုမချစ်တာလေ ... ချစ်သောမောင်ရဲ့"

"ဟာ ... ဘာဆိုင်လို့လဲ ..."

"ဆိုင်တာပေါ့ ချစ်သောမောင် ... ငါက မင်းကိုစတွေ့တဲ့နေ့ကတည်းက ချစ်သွားတာ၊ မင်းကိုချစ်လို့လည်း ဒီဒုက္ခတွေငါခံနေရတာ၊ သေချာတာတစ်ခုက မင်း ငါ့ကိုပြန်မချစ်လို့ မရတော့ဘူး၊ တစ်ရပ်ကွက်လုံးကလည်း ငါတို့နှစ်ယောက်ကို ဟို ... ဟိုလေ ... ဖြစ် ... ဖြစ် ..."

"ဘာဖြစ်တာလဲဟင် ... ဘာဖြစ်တာလဲ ..."

"ဟို ... ဟို ... ဟဲ ဟဲ ... သမီးရည်းစား ..."

"ဘာပြောတယ် ..."

မောင် ငယ်ထိပ်ကို ဒေါက်ခနဲနေအောင်ကို ခေါက်ပစ်ချင်လိုက်တာလေ။ ဒီအဆင်နဲ့ဒီအဆင် ဖြစ်စရာလားဟင်။ ဖြစ်စရာဘား ... ထီးပြင်ဖိနပ်ချုပ်သမားကို မောင်က ချစ်စရာလား။ မောင်နှုတ်ခမ်းလည်း ဆူမိသလို မျက်စောင်းလည်း ထိုးမိသည်။

"မောင်ရာ ... မင်းကိုငါတကယ်ချစ်ခဲ့တာပါကွာ၊ ဒီဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုမှ ငါမရရင် ငါ့ကိုယ်ငါတောင် သတ်သေမိတော့မှာ”

“ဟာ ... သေလိုက်လေ ... သေလိုက်ပေါ့ ...”

စက်ဘီးအတူစီးရင်း တစ်လမ်းလုံးရန်ဖြစ်လာတာ အိမ်ရှေ့ကိုရောက်တဲ့အထိပါ။ မောင်ကတော့ သိတယ်မို့လား။ ထုံးစံအတိုင်းစွာလာတာ ... အိမ်ပေါ်ရောက်တော့လည်း မောင် နှုတ်ခမ်းလေးက စူတင်းနေဆဲ။

“အစ်ကို ...”

“ဟေ ... ဘာလဲကွ ...”

သူဆိုင်ဖွင့်တော့ ကောင်လေးတစ်ယောက်က တီဗွီလာဖြင်ရင်း မေးသည်။

“အစ်ကိုနဲ့ချစ်သောမောင် ကြိုက်နေပြီလား ...”

လူငယ်တွေမေးတာကို နားထောင်ပြီး သူ ပြုံးမိရသည်။

“ဒီလိုပါပဲကွာ ...”

“ချစ်သောမောင်က မိုက်တယ်နော် ... အစ်ကို ...”

“ဟင် ... ဘာမိုက်တာလဲ”

“ဘော်ဒီလေ အစ်ကို ...”

ကောင်လေးက လူငယ်ဟန်အတိုင်း ပွင့်ပွင့်လင်းလင်းပဲ ပြောသည်။

“အဲဒါ ... အစ်ကိုပဲ၊ သူ့အနားကို ကပ်လို့ရတာ တခြားဘယ်သူ့ကိုမှ အကပ်ခံတာမဟုတ်ဘူး ... အစ်ကိုရရင်ရှယ်ပဲ၊ အစ်ကိုက အရပ်မြင့်မြင့်နဲ့ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖြောင့်တော့ အစ်ကိုတို့နှစ်ယောက် ရှေ့သွားနောက်လိုက်လည်းညီတယ်၊ တစ်ရပ်ကွက်လုံးကလည်း အစ်ကိုတို့နှစ်ယောက်ကို သဘောတူတယ်”

“ဟုတ်ရဲ့လားကွာ ...”

“ဟာ ... အဲဒါ ... တကယ်ပြောတာပါ အစ်ကိုရ”

“သူက အစ်ကို့ကို မချစ်ဘူးကွ ...”

“ဟာ ... အစ်ကိုနော် ... မဟုတ်တာတွေ မပြောနဲ့ ... စောစောကတောင် ချစ်သောမောင်ကို စက်ဘီးနောက်မှာတင်ပြီး အစ်ကိုတို့နှစ်ယောက် လိမ့်သွားတာ ကျွန်တော် တွေ့လိုက်သေးတဲ့ဟာကို ...”

“ဟား ... ဟား ...”

သူရှက်ရယ်ကလေးတော့ ရယ်လိုက်မိသည်။

ချစ်သောမောင်ရယ် ...

ပတ်ဝန်းကျင်မှာတော့ ငါတို့နှစ်ယောက်ကို ဒီလိုပဲ ပြောကုန်ကြပြီကွာ။ ဒါကြောင့်မို့ ... ဒီနေ့ကစပြီး မင်းအချစ်ကိုရဖို့ နည်းလမ်းပေါင်းစုံကို ငါသုံးရတော့မှာပေါ့။

မင်းအချစ်ကို ငါမရလို့ မဖြစ်ပါဘူး။

ဘာဖြစ်လို့လည်းဆိုတော့ ...

ငါက ... ။

❀





www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"သမီး ချစ်သောမောင် ... "

"ဟင် ... ဘာလဲမေမေ ... ပြောလေ ... "

"မေမေ့ကို အားလုံးက ဝိုင်းမေးနေကြတယ် သိလား"

"ဟင် ... ဘာတွေမေးတာလဲ ... "

"မောင် ... မင်းထီးရှည်နဲ့ပတ်သက်တာတွေပေါ့"

"ကြည့်စမ်း ... "

မောင် ရင်ထိတ်သွားတာ မျက်နှာလေးပါပျက်လျှက်။

"အားလုံးက မေမေတို့ကို စပ်စုတဲ့မျက်လုံးတွေနဲ့ဝိုင်းကြည့်နေကြတာလေ"

မေမေ ဒီလောက်ပြောရင် မောင် သဘောပေါက်ပြီ။

"အဲဒါကြောင့်မို့ အစကတည်းက မေမေ့ကို မောင်ပြောခဲ့တာပေါ့ မေမေရဲ့ ... ဒီလူ့ကို အရောမဝင်ပါနဲ့ ဒီလူ့ကို အရောမဝင်ပါနဲ့ဆိုတာ၊ ဟင်း ဟင်း ... ခုတော့ ... ပတ်ဝန်းကျင်က ဝေဖန်နေတာတွေကို မေမေကြားလာရပြီမို့လား၊ ကောင်းတယ် ... အဲဒါ မေမေ့အပြစ်နဲ့မေမေ ... မေမေပဲခံ ... သမီး မခံဘူး ... "





"ဟင် ... "

ဒေါ်စံပယ်မွှေး မျက်နှာက ပိုပျက်သွားသည်။

"ကဲ ... ပြောပါဦးမေမေ၊ သူတို့က မေမေ့ကို ဘာတွေမေး ဘာတွေစပ်စုနေကြတာလဲ"

မောင် မေမေ့ကိုကြည့်ပြီး ရယ်လည်းရယ်ချင်သည်။

သူပဲ ဦးမင်းထီးရှည်ဆိုတဲ့လူကြီးကို သဘောကျတယ်၊ သဘောကျတယ်ပြောခဲ့တာလေ။ ခုမှ ... ပတ်ဝန်းကျင်ကလူတွေ ပြောဆိုဝေဖန်နေတာတွေကို မေမေ မခံစားနိုင်အောင်ဖြစ်နေတာ။

ကောင်းတယ် ... ခံရတာတောင် နည်းသေးတယ်။

ဟွန်း ...

မောင် နှုတ်ခမ်းလေးမဲ့ကာ မေမေ့ကို ကြည့်နေမိ၏။

"ဒီလိုပဲပေါ့ သမီးရယ် ... အပျိုရွယ်သမီးလေးရှိနေတဲ့အိမ်ကို ဖိုလူလွတ်လေးတစ်ယောက် ပြောင်းလာတယ်ဆိုတော့ အနေ စပ်နေကြပြီလားဆိုတာ လူတွေက စောင့်ကြည့်နေကြတဲ့ သဘောတော့ရှိတာပေါ့။ မေမေက ကိုယ်ကောင်းရင် ခေါင်းဘယ်မှ ဘူးထင်ထားခဲ့ပေမယ့် မသက်ာစိတ်တွေနဲ့မေးတာ စပ်စုတာ တော့ စိတ်ထဲမှာ မကျေမနပ်တော့ဖြစ်မိတယ် ... ဒီနေ့ကစပြီး မေတို့ ခပ်စိမ်းစိမ်းလေးနေမှ ဖြစ်တော့မယ်"

"ရှင် ... ဘယ်လို မေမေ ... "

မောင် မျက်လုံးတွေပြူးသွားတာ သိသာသွားခဲ့ပြီ။

ဒီနေ့ကစပြီး ဒီလူကို ခပ်စိမ်းစိမ်းလေးနေမှ ဖြစ်တော့မယ် ။ အဲဒါ ... မောင့်အတွက် ပြဿနာပဲ။ ဒီလောက် အရောတဝင်



www.burmeseclassic.com

www.burmeseclassic.com



နေလာခဲ့ပြီးမှ အခုမှ ဖြုန်းစားကြီး တည်တည်ကြီးတွေ ဖြစ်ကုန်ကြ မယ်ဆိုရင် ဟိုလူက ဘယ်လိုထင်မလဲ။

"ဟုတ်တယ် သမီး ... ဒီသူငယ်ကိုကြည့်ရတာလည်း မေမေ့ စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ သူ ... သူက မေမေ့သမီးကို တကယ်ကြိုက်နေသလိုပဲ ... "

"ဟာ ... မေမေကလည်း သူက သမီးကို ကြိုက်နေပါတယ် ဆိုနေမှ၊ သမီးက မေမေ့ကို မဟုတ်ဘဲနဲ့ပြောပါ့မလား ... မေမေ လစ်သွားပြီဆိုတာနဲ့ သမီးကို ဘယ်လောက်ချစ်တယ်ဆိုတာတွေ ခဏခဏ လာပြောနေတာ"

"ဟွန်း ... ဒီသူငယ် ရိုးပုံရိုးပန်းနဲ့ ... "

မေမေ နှုတ်ခမ်းလေးမဲ့နေတာကိုကြည့်ပြီး မောင် ပြုံးစိစိ လေးတော့ ဖြစ်သွားရ၏။ မနတ်ကလည်း ဒီလူ ... အကြောင်းကျား နဲ့ မောင့်ကို မျက်လုံးပြူးပြူးကြီးနဲ့ လှမ်းကြည့်သွားသေးတာ။

မောင် ဈေးသွားတုန်းက တစ်ခါ။

ဈေးကပြန်တော့ တစ်ခါ။

မောင်ကတော့ မကြည့်ပါဘူး။ မကြည့်ပေမယ့် မျက်လုံး ထောင့်စွန်းမှာ ဒီလူအရိပ်က ဖျတ်ခနဲပေါ်လာခဲ့တာပဲဖြစ်သည်။ ပြောရရင် ... ဒီလူ အလုပ်ကိုတော့ တကယ်လုပ်သား။

တီရှပ်ပြင်တဲ့လူနဲ့။

အောက်စက်ပြင်တဲ့လူနဲ့။

ဝတ်ထားတာလည်း အကျီအစုတ်၊ ဘောင်းဘီအစုတ်။ ပိုဆိုး တာက ဆံပင်ကလည်းဘုတ်သိုက်။ ထမင်းစာတော့ လမ်းဘေးက





သစား ရှစ်ရာဆိုင်မှာ။

ခုတလော ... ဒီလူ ဆိုင်ပိတ်တာနဲ့ ပြင်ကိုထွက်ထွက်သွားတာ ညဆို ဘယ်အချိန်ရောက်မှ ကိုပြန်လာမှန်းတောင်မသိ။

ဒီလူ ငြိမ်နေတာ မောင့်အတွက်တော့ ထူးဆန်းနေသည်။

"မေမေကတော့ ဆုံးဖြတ်လိုက်ပြီသမီးရယ် ... ဝန်းကျင် က လူတွေပြောစရာမဖြစ်အောင် နေတော့မယ်လို့၊ တယ်တွေး ကြည့်တော့ ယောက်ျားတွေ ကောင်းတာသေချာတယ်၊ အတိတ် ရဲ့နာကြည်းချက်တွေက မေတို့ဘဝရဲ့ သင်ခန်းစာယူစရာတွေ ချည်းပဲ ... ဒါကို နဲ့တွေးမိသွားလို့ မေမေ မှားခဲ့မှန်းသိသွားတာ၊ သိုက်အထိုက်လေးထက် ပိုပြီးတော့ ဆက်ဆံလို့မဖြစ်နိုင်တော့ ... သမီးလည်း ဆင်ခြင်၊ မေမေလည်း ဆင်ခြင်မယ် ... "

"ဟင် ... "

"မေမေ ... ဒါပဲ နောက်ဆုံးပြောမယ်"

တွေ့လား ... အဲဒီမေမေ ...

သူပဲ အဲဒီလူကို သား ... သားနဲ့ ပါးစပ်ဖျားက မချခဲ့တာ။ တော့မှ သမီးလည်းဆင်ခြင်၊ မေမေလည်း ဆင်ခြင်တော့ တဲ့။

တစ်ခုပဲခက်နေတာက ...

မောင်ကလည်း အခုမှ အဲဒီလူကို ...

မောင်တွေးရင်း မျက်ဝန်းလေး ဝေ့ခနဲရောက်သွားတာ အိမ် သမ်းမဆီကိုပါ။ ခုတလော ... မောင် ဘာဖြစ်ဖြစ်နေမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမတွေ့ရင် မျက်လုံးလေးဝေ့ကာ ဝဲကာနဲ့ မသိမသာရှာ
တတ်သလို တွေ့ရင်လည်း ကမန်းကတန်း မျက်နှာသိမ်းပစ်
မသိချင်ဟန်ဆောင်ပစ်တတ်တာလည်း အကျင့်တစ်ခုလိုဖြစ်လာ
သည်။

အချစ်ဆိုတဲ့အရာကို ဘာမှန်းမသိခဲ့ပေမယ့် ...

မောင် ရင်ခုန်နေတာကိုတော့ စိတ်ထဲက သိနေခဲ့သလို

"ဟဲ့ ... ချစ်သောမောင် ..."

"အမလေး ... လန့်လိုက်တာ မေမေရယ် ..."

"ညည်း ... ညည်း ဘာတွေစဉ်းစားနေတာလဲ"

မောင် လန့်သွားတာမို့ ရင်ဘတ်ကလေးကိုဖိရင်း မေမေ
ငေးကြည့်နေမိသည်။ မေမေကလည်း မောင့်ကို စူးစိုက်ကြည့်
မျက်လုံးတွေ ပိုပြူးလာတယ်လို့တောင် ထင်လိုက်ရ၏။

"ဟာ ... ဘာမှမစဉ်းစားပါဘူး မေမေရဲ့ ..."

မောင် လက်တခါခါ ခေါင်းတခါခါနှင့်ငြင်းမိသည်။

"မေမေပြောတာ ညည်းသဘောပေါက်တယ်နော် ...
သောမောင် ... မေမေလည်း သူများတွေပြောမှ ဒီကောင်လေး
သတိထားမိလာတယ် ... ဒီကောင်လေး မရိုးသားတာကိုလ
မေမေ ရိပ်မိလာတယ် ... တစ်မျိုးပဲ ... သူ့မှာ ရည်ရွယ်ချက်
ခုရှိနေလို့ မေမေတို့ဘေးမှာ အခန်းငှားပြီး ဆိုင်လာဖွင့်နေတာ
လေးကိုကြည့်ပါလား ... အသားအရည်လေးကအစ တစ်သက်
ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့တဲ့ပုံစံမျိုး

"ဟွန်း ..."

မေမေပြောတော့ မောင် နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသ





ဒီအချက်ကိုလည်း မောင်က အစောကတည်းက သိနေခဲ့
လေ။ တကယ်လည်း သူ့ပုံစံလေးက အများနဲ့မတူဘဲ ထူးခြား
တာ မောင် သတိထားမိခဲ့သည်။

"အဲဒါ မေမေက အခုမှသိတာ ... မောင်သိတာကဖြင့် ကြာ
ပြီ၊ တခြားမကြည့်နဲ့ သူ့လက်ဆံတွေ ခြေချောင်းလေးတွေကိုပဲ
သေသေချာချာကြည့်၊ တခြားအလုပ်ကြမ်းသမားတွေနဲ့ တူ
းဆိုတာ ... ဒါကြောင့်မို့ ... တွေ့ကာစကတည်းက ဒီလူ့ကို
 မသင်္ကာဖြစ်နေတာ၊ စောင့်တော့ကြည့်ရမယ် ... ဟွန်း ...
တ်တဲ့အကြံအစည်မျိုးနဲ့ လာလုပ်လို့ကတော့ ..."

မောင်ပြောရင်း စိတ်ထဲက တေးထားလိုက်သည်။

ညနေစောင်းတော့ မောင် စက်ဘီးကလေးကိုထုတ်ကာ
ကိုသွားဖို့ ပြင်လိုက်တော့ ...

"ဟင် ... ချစ်သောမောင် ... မင်း ဘယ်သွားမလို့လဲ"

"ဟင် ..."

ခပ်တည်တည်နဲ့မောင့်ကို လာနှုတ်ဆက်နေတာ ဦးမင်းထီး

အောက်မှာ ဘောင်းဘီတိုပွပွကြီးနဲ့ အပေါ်မှာ တီရှပ်လက်ပြ
ဝတ်ထားတာ တကယ့်ရေပိုက်မော်တာ ပြင်သမားတွေ
းထားတဲ့အတိုင်း။

"ရှင် ... လာမစပ်စုနဲ့နော်၊ ကျွန်မဟာကျွန်မ ဘယ်သွားသွား
ရာလည်း မလိုဘူး၊ မေးစရာလည်း အကြောင်းမရှိဘူး"

"ဟာ ... ဘာလို့ မလိုရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဂျစ်ကန်ကန်လေးပဲ မောင့်ကိုပြန်ကြည့်
"ဟင် ... ဘာဖြစ်လို့လဲ ..."

မောင် မျက်တောင်လေးကော့သွားအောင် ပြန်ကြည့်
မိတာလည်း အဆုံးထိ။

"ဘာဖြစ်ရမှာလဲ ... ငါချစ်နေတဲ့ကောင်မလေးတစ်ယော
ကို ဘယ်သွားမှာလဲဆိုတာ သိချင်လို့မေးတာ လိုလို့မေးတာ

"အောင်မယ် ..."

မောင် ဆက်မသွားတော့ဘဲ သူ့ဆိုင်ရှေ့မှာပဲ စက်
ဒေါက်ထောက်ကာ ရပ်ပစ်လိုက်သည်။

"ရှင် ... ရှင် ... စကားပြောတာ ဆင်ဆင်ခြင်ခြင်လေး
ပါ ဦးမင်းထီးရှည် ... ရှင့်ဟာရှင် တစ်ယောက်တည်းချစ်နေ
ကျွန်မနဲ့ဆိုင်လို့လား ..."

"ဆိုင်တယ် ... ဆိုင်တာမှ အရမ်းဆိုင်လို့မေးနေရတာ"

"ဘာပြောတယ်"

မောင့်မျက်တောင်လေး နောက်တစ်ကြိမ် ထပ်ပြီး
ကော့တက်သွားရပြန်ပြီ။

"ဒီမှာ ချစ်သောမောင် ... ငါအခုပြောမယ့်စကားကို
သေသေချာချာမှတ်ထား၊ မင်းကိုရပ်ကွက်ရုံးကအပြန်မှာ ဆိုက်
နဲ့တိုက်မိလို့ ပွေ့ချီပြီး ဆေးခန်းလိုက်ပို့တာလည်း တစ်ရပ်ကွ
ကမြင်တယ်၊ မီးလောင်တဲ့ညက ပွေ့ချီပြီး ကယ်ထုတ်သွာ
လည်း လူတိုင်းကသိတယ်၊ ဟော ... ဈေးကအပြန် စက်ဘီး
တင်ခေါ်လာတာလည်း လူတွေကတွေ့တယ်၊ ကဲ ... ဘယ်လို





အားလုံးက ငါတို့နှစ်ယောက်ကိုဖြစ်နေကြပြီလို့ပဲ သေချာ
ထင်နေကြတာ၊ အခု ... မင်းမျက်နှာပူသလို ငါလည်းပူတယ်၊
ကလာမေး ဒီကလာမေးနဲ့ ဖြေနေရတာလည်းမောတယ် ...
ကောင်းဆုံးက ..."

"ဟင် ... ရှင်က ဘာလုပ်ချင်လို့လဲ ..."

"ယူလိုက်တာပဲ ကောင်းတယ် ..."

"အမလေး ..."

ကြည့်ပါဦး ... သူပြောလိုက်တာ ...
ယူလိုက်တာပဲ ကောင်းတယ်တဲ့။
ပြောနေတာများ ထမင်းစားရေသောက်။

"ရှင် ... ရှင် ဘာစကားပြောတာလဲ၊ ပြောရင်လည်း မျက်နှာ
သေသေချာချာ ကြည့်ပြော သိလား ..."

မောင် ဆတ်ဆတ်ထိမခံ စွာမိသည်။

"ဟာ ... အခုပြောတာလည်း မျက်နှာကို သေသေချာချာ
ကြည့်ပြောတာပဲလေ ... ချစ်သောမောင် ... ငါတို့နှစ်ယောက် ဒီ
ဆိုင်းဆက်နေတော့လည်း ဘာမှမထူးတော့မယ့်အတူတူ နေ့
ကောင်းရက်မြတ်လေးရွေးပြီး ယူလိုက်တာကမှ ပိုကောင်းသွားမယ်
လို့ ငါပြောလိုက်တာ ... ဘာပဲပြောပြော ယူလိုက်ရင် မင်း
လည်းကောင်း ငါလည်းကောင်း ..."

"ဘာရှင့် ..."

မောင် ခါးထောက်ရင်း မျက်တောင်ရှည်လေးတွေက ပင့်
တက်သွားခဲ့ရပြန်ပြီ။ ပြောရရင် ... ဒီလူ ကလီကမာ ဥာဏ်များတဲ့
ဟိုလိုလိုဒီလိုလိုပြောပြီး မောင့်ကို အပိုင်သိမ်းဖို့ကြိုးစားနေသဲ့



www.burmeseclassic.com

www.burmeseclassic.com



လူ။

မောင် ဒေါ်ပွသွားတာ မျက်နှာလေးပါ ရဲတွတ်သွားရ

"ဟို ... ဟိုလေ ... ငါပြောတာ မင်းတစ်မျိုးမထင်နဲ့ ငါ ဒီပြဿနာ မီးတွေငြိမ်းသွားစေချင်လို့ပြောတာ၊ မင်းလက်ခံတယ် ရင် အမေ့ဆီမှာ မိသားဖသားပီပီ လက်ထပ်ခွင့်ကို ငါလာတောင်း မယ်"

"ရှင် ... ရှင်လိုလူမျိုးကို ကျွန်မက လက်ထပ်ရမယ်ဟုတ် လား ... ဟွန်း ... ဝေးသေးတယ် ... ဆောရီးပဲ"

"မင်းကွာ ... မာနမကြီးစမ်းပါနဲ့ ..."

"အို ... မကြီးလို့ရမလား၊ ရှင့်ကို အထင်လည်းမကြီးဘူး စိတ်လည်း မဝင်စားဘူး၊ နောက်တစ်ခါ ... ရှင်အူတူတူ ပြောရဲ ကြည့် ..."

မောင် မျက်စောင်းလေးကိုပါ ဝင့်ခနဲ ထိုးပစ်လိုက်သည်

ဒီလိုကျတော့လည်း သူ့မျက်နှာလေးက ညှိုးညှိုးငယ်ငယ် လေးနဲ့၊ မောင့်ကို အသနားခံသလိုလေး ကြည့်နေတာက အရမ်း သာနေသည်။ မောင် စက်ဘီးဒေါက်ဖြုတ်ကာ နင်းထွက်လာတော့ ဝိုင်စင်းစင်းကလေးနဲ့ သူ့ဆိုင်ရှေ့မှာပဲ ကျန်ခဲ့၏။

မောင် စိတ်ပျက်လက်ပျက်လေးနဲ့ထွက်လာတာ ကျောင်း မှာခင်တဲ့ ဆရာမသူငယ်ချင်းတစ်ယောက်ဆီကို ထွက်လာတာ

တွေ့တွေ့ချင်း ဆရာမ ခင်ကြူကြူက မောင့်ကိုအပြစ် သည်။

"မောင်ရယ် ... ဘာဖြစ်လို့ ကျောင်းဆရာမအလုပ်ကို နု ထွက်စာတင်လိုက်ရတာလဲဟင်၊ မောင် စာတင်သွားတယ်ဆို





ကျောင်းက ဆရာ ဆရာမတွေအားလုံး စိတ်မကောင်းဖြစ်နေတာ"

"တွေ့လား ... သူ့ကိုမတွေ့နဲ့၊ တွေ့တာနဲ့ အပြစ်တင်တော့မယ်ဆိုတာ မောင်ကလည်း သိပြီးသား ..."

မောင် မျက်စောင်းဝဲကာ ပြန်ပြောရင်း ... ညှော်ခန်းဆက်တီပေါ် ဝင်ထိုင်သည်။ ပြောရရင် ... မောင် ကျောင်းဆရာမလုပ်တုန်းက ဆရာမ ခင်ကြူကြူဆိုတာ မောင့်ရဲ့တိုင်ပင်ဖော် တိုင်ပင်ဖက် အချစ်ဆုံးသူငယ်ချင်းလေ။ မောင် တက္ကသိုလ်တက်တုန်းကလည်း သူနဲ့ပဲ အတူတူကျောင်းတက်လာတာမို့ ပြောမနာ ဆိုမနာ ရင်းနှီးနေကြသည့် သူငယ်ချင်းတွေ ဖြစ်နေ၏။

"ကဲ ... မောင်လာတုန်းလေး မေးရဦးမယ်၊ ခုတလော မောင့်သတင်းတွေက အရမ်းမွှေးနေတာနော် ... ဘယ်လိုလဲ ... ဒို့စားရတော့မှာလား၊ မလိမ်နဲ့ မှန်မှန်ပြော ..."

"ဟင် ..."

မောင့်မျက်နှာလေး ပျက်သွားရ၏။

"ဘာ ... ဘာသတင်းလဲ ကြူကြူ ..."

"ဟာ ... ဘာသတင်းရမှာလဲ၊ မောင် ရည်းစားရနေပြီဆို"

"ဘုရားရေ ... ကြည့်စမ်း ..."

ဟိုဘက်ရပ်ကွက်ကိုကျော်ပြီး ဒီဘက်ရပ်ကွက်ထိ သတင်းက ရောက်နေတာမို့ မောင် ဘယ်လိုဖြေရမှန်းမသိတော့ဘဲ မျက်လုံးတွေပါ ကျယ်သွားသည်။

"အောင်မယ် ... အောင်မယ် ... ဒါလေးမေးတာများ၊ သူ ရှာတ်သလိုလို ဘာလိုလိုနဲ့ မျက်လုံးက ပြူးသွားလိုက်သေးတယ်၊ ဒီမှာမောင် ... ကြူကြူ့ကိုလိမ်ဖို့ မောင် ဘယ်တော့မှ မစဉ်းစားနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့ကပဲ မောင်တို့လမ်းဘက်ကို စက်ဘီးစီးလာရင်း ရောက်သွားလို့ အဲဒီလူ ဖွင့်ထားတဲ့ဆိုင်ကိုတောင် အမှတ်တမဲ့ကြည့်လိုက်မိသေးတယ်၊ ပုံစံကတော့ အရပ်မြင့်မြင့်ကြီးနဲ့ တကယ်မိုက်တယ် ချောလည်း ချောတယ် ... ”

“ကြူကြူနော် ... နင်မဟုတ်တာတွေ လျှောက်ပြောမနေနဲ့”

“မောင်ရယ် ... အခုမှ ရှက်မနေစမ်းပါနဲ့၊ ဒီသတင်းက လူတိုင်းပါးစပ်ဖျားမှာ ရောက်နေတာ၊ ဒီလူကလည်း ဟိုဘက်ရပ်ကွက်ရော ဒီဘက်ရပ်ကွက်မှာပါ တီဗွီတွေ အဲလ်ကွန်းတွေ ရေခဲသေတ္တာတွေ လိုက်ပြင်နေတာလေ ... လက်ထပ်ရင် ဖိတ်စာပို့မယ်ဆိုပြီး အားလုံးကို ရင်ကော့ဖြေနေတာ၊ အဲဒါ ... တကယ်လက်မထပ်ဖြစ်ရင် အားလုံးရဲ့တံတွေးခွက်မှာ မောင် ပက်လက်မျောတော့မှာ”

“ဘုရားရေ ... ”

မောင် နောက်တစ်ကြိမ် ဘုရားတလိုက်ရပြန်ပြီ။

“တံတွေး ... တံတွေးခွက်မှာ ပက်လက်မျောတော့မယ် ဟုတ်လား ... ”

“ဟာ ... ဟုတ်တယ်လေ၊ ဒီလောက်သတင်းကြီးပြီး မယူဖြစ်ရင် မိန်းကလေးပဲ နစ်နာမှာ၊ သူတို့က ယောကျ်ားလေး၊ ဖုတ်ဖက်ခါ ထသွားလို့ရတယ် ... ကိုယ်က မရဘူး ... ”

“ဟင် ... ”

ဒီလူ ...

ဒါတွေအားလုံးဖြစ်အောင် လုပ်ခဲ့တာ ဒီလူလုပ်ခဲ့တာ။

မဟုတ်မဟပ်သတင်းတွေက ဒီလောက်တောင် ပျံ့နှံ့နေမှ





တော့ မောင်က မဟုတ်ပါဘူးငြင်းလည်း ဘယ်သူက လက်ခံတော့မှာလဲ။

မောင် ရှက်လို့ ငြင်းတယ်ပဲ ထင်ကုန်ကြတော့မှာပေါ့။

အခုလည်း ... ကြူကြူက တပ်အပ်စွတ်စွဲနေတာ။

“လောကကြီးမှာ ဒီလိုသတင်းမျိုးဖြစ်လာပြီဆိုတာနဲ့ ကိုယ်မဟုတ်ရင်လည်း ဖြေရှင်းရခက်တတ်တယ်၊ ဟုတ်နေရင်လည်း ဘယ် သူမှ မသိအောင် လျှို့ဝှက်ထားလို့မရဘူး၊ ကဲ ... ပြောပါဦး၊ ဘယ် တော့လောက် လက်ထပ်ဖြစ်မလဲဆိုတာ ... ”

“မဟုတ်ဘူး ကြူကြူ ... ”

“ဟင် ... ဘာမဟုတ်တာလဲ”

“ဒီလူ ... ဒီလူနဲ့ဖြစ်နေတယ်ဆိုတာ”

မောင် ခေါင်းလေးခါပြီး ငြင်းလိုက်ပေမယ့် ကြူကြူကတော့ မယုံသလိုလေးနဲ့ မောင့်ကိုပြုံးပြီး ကြည့်နေတော့တာလေ။

“မောင်ရယ် ... တို့ကိုမလိမ်စမ်းပါနဲ့၊ အိမ်ပွဲစား အပျိုကြီး ဒေါ်သူသူကိုယ်တိုင် ဒီဘက်မှာလာပြီး ဖောက်သည်ချသွားတာ၊ မင်းထီးရှည်ဆိုတဲ့ဟိုလူက မောင်တို့အိမ်နောက်ဖေးမှာ ဝင်ပြီးတော့တောင် စိတ်တိုင်းကျ ချက်ပြုတ်နေတာတဲ့၊ သူ့ကို ထမင်းစားဖိတ်လို့တောင် ဝင်စားခဲ့သေးတယ်တဲ့ ... ကဲ ... ဒီထက်သေချာတဲ့ သတင်းဘယ်မှာရှိမှာလဲ၊ ဒါကိုမှ ... မောင်က ငြင်းချင်သေးတယ်ဆိုလည်းငြင်း၊ တို့ကတော့ မောင်ငြင်းရင်လည်း ပြုံးပြုံးလေးပဲ နားထောင်နေလိုက်တော့မယ်”

ကြူကြူ ပြောသွားတာ အပြတ်ပဲ။

ကဲ ... မောင် ဘယ်လိုလုပ်ရပါတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလေးကိုပဲ မောင်စိတ်ဓာတ်ကျကာ ကုတ်နေလိုက်မိတော့၏။ သူ့ဘက်က ဒီလောက်ထိ အပ်ချမတ်ချ စွတ်စွဲနေမှတော့ ငြင်းဖို့ဆိုတာ မောင့်အတွက် အရမ်းခက်သွား၏။

မောင် ပြန်လာတဲ့တစ်လမ်းလုံးမှာလည်း စိတ်ကို ဘယ်လိုမှ ထိန်းလို့မရ။ သူ့ကို ဒေါ်ပွတာရော ပတ်ဝန်းကျင်ကို မကျေမနပ်ဖြစ်ရတာတွေရော အကုန်လုံးကို ရောပေါင်းကာ မောင် ... မျက်ရည်လေးတောင် ဝဲလာခဲ့ရ၏။

ဒါနဲ့ပဲ မောင်ဒေါ်ပွပွနဲ့ ပြန်ရောက်သွားတာ သူ့ဆိုင်ရှေ့ကိုပဲ ဖြစ်သည်။ မောင့်ကိုမြင်တော့ သူ့မျက်လုံးတွေ ပင့်တက်သွား၏။

"ဟင် ... မင်း ပြန်လာပြီလား ..."

သူ့အလုပ်ကိုထားခဲ့ပြီး ဆိုင်အပြင်ဘက်ထိ ထွက်လာသည်။

"ရှင် ... ရှင် ... တော်တော်ဥာဏ်များတဲ့လူ၊ ရှင် မဟုတ်မဟပ်သတင်းတွေ ဖွထားလို့ အားလုံးက ရှင်နဲ့ကျွန်မကို တစ်မျိုးထင်ကုန်ကြပြီ ... ဖြေရှင်းလို့လည်း မရတော့ဘူး၊ ရှင် ... ရှင် ... အခုချက်ချင်း မေမေ့ရှေ့ကိုလိုက်ခဲ့ ... မေမေနဲ့ရှင်းမယ် ... ဒါပဲ"

"ဗျာ ..."

သူ အံ့ဩကာ မျက်တောင်တွေ ပင့်ကော့လျက်။

မောင် ... စက်ဘီးကလေးကို ဝုန်းခနဲ ဒိုင်းခနဲအသံပေးရင်း ခြံထဲကိုပဲ ဆွဲသွင်းလာခဲ့ပြီ။

❀

## အခန်း ( ၁၁ )

"ဟင့် ... ဟင့် ..."

"ဟင့် ... ဟင့် ..."

"ကဲ ... မင်းတွေ့တယ်နော် မောင်မင်းထီးရှည်၊ ရုပ်ကွက်ထဲမှာ အပြောခံလာရလို့ ချစ်သောမောင် ငိုနေတာ ..."

"ကျွန်တော် ... ကျွန်တော် အမေရှင်းပြမှသိရလို့ စိတ်မကောင်းပါဘူးအမေ၊ ချစ်သောမောင်နေရာမှာ ကျွန်တော့်ညီမလေးဖြစ်နေရင်လည်း မိန်းကလေးတစ်ယောက် ထိခိုက်နစ်နာနေရတာတွေအတွက် ကျွန်တော် ဘယ်လိုမှ စိတ်ကောင်းနိုင်မှာမဟုတ်ဘူး ... ကျွန်တော် ကိုယ်ချင်းလည်းစာတယ်၊ အဲဒီတော့ ဒီပြဿနာတွေအားလုံး အေးချမ်းသွားအောင် ဖြေရှင်းရမယ့်နည်းက တစ်ခုပဲကျန်တော့တယ်၊ အကောင်းဆုံးက ဒီရပ်ကွက်ထဲကနေ အဝေးကို ကျွန်တော် ထွက်သွားဖို့ပဲ ..."

"ဘာ ... ဘာပြောတယ် ..."

ဒေါ်စံပယ်မွှေး အထိတ်တလန့်လေးဖြစ်ကာ မျက်လုံးတွေပြူးဝိုင်းလျက်။ ဒီရပ်ကွက်ထဲကနေ အဝေးကိုထွက်သွားတော့မယ်

www.burmeseclassic.com



တဲ့။ မောင်ကလည်း ဒီစကားငိုနေရင်း ကြားဖြစ်အောင် ကြားလိုက်သည်။

"ရှင် ... ရှင် ... တက်နေတဲ့ပြဿနာကို မဖြေရှင်းဘဲ လက်လွှတ်စပယ် ဒီလိုထွက်သွားလို့ရမလား ... "

"ဟာ ... ငါမှ မဖြေရှင်းတတ်တာ"

မင်းထီးရှည် ဒီလိုမဖြေရင် ဘယ်လိုဖြေမလဲ။

"ရှင် ... လွယ်လွယ်မပြောနဲ့"

"ဟာ ... အဲဒါ ငါလွယ်လွယ်ပြောနေတာ မဟုတ်ဘူးလေ၊ လူတွေအကြောင်းကို မင်းလည်းသိရဲ့သားနဲ့၊ ငါက ယောက်ျားလေးမို့ အကြောင်းမဟုတ်ပေမယ့် မင်းက မိန်းကလေး ... ဂုဏ်သိက္ခာနဲ့အရှက်နဲ့၊ ရပ်ကွက်ထဲမှာနေရတာ ငါက မဟုတ်ဘူးလို့ငြင်းလေ လူတွေက ဖြေရှင်းရခက်လေဖြစ်နေတာ ... ကဲ ... ငါဘယ်လိုလုပ်မလဲ၊ ဒီရပ်ကွက်ထဲကနေ ထွက်သွားရင်ထွက်သွား၊ ထွက်မသွားရင် ရေထဲခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်လိုက်ဖို့ပဲ ကျန်တော့တယ် ... အဲဒါ အပြတ်ပဲ ... "

မင်းထီးရှည် စိတ်ပျက်သံကလေးနှင့် ညည်းသည်။

ဒေါ်စံပယ်မွှေးကတော့ ခေါင်းကိုပဲ အဆက်မပြတ်ခါလျှက်။

"ဟင့်အင်း ... ဟင့်အင်း ... ပြဿနာတစ်ခုကို အဲလိုမျက်နှာလွှဲခဲပစ်ဖြေရှင်းတာ အမေလက်မခံဘူး"

"ဗျာ ... "

"အကောင်းဆုံးက မင်းတို့နှစ်ယောက် ယူလိုက်ကြတော့"

"အောင်မလေးဗျာ ... "

မင်းထီးရှည် ရင်ဘတ်တည့်တည့်ကို အလုံးကြီးတစ်လုံးက





ဝုန်းခနဲ ပြေးဝင်ဆောင့်ခဲ့ပြီ။

"ဟာ ... မေမေ ဘယ်လိုပြောလိုက်တာလဲ ... "

မောင် ကျလက်စ မျက်ရည်တွေပါ ချက်ချင်းရပ်သွားသည်။

မေမေ့ကို လှမ်းကြည့်လိုက်တာလည်း အသက်ရှူမှားလျှက်။

"ငါပြောတာ ရှင်းရှင်းလေးပဲ ပြောလိုက်တာလေ ချစ်သော မောင် ... ကြည့်ရတာ မောင်မင်းထီးရှည်ကလည်း သမီးကိုတော်တော်လေးချစ်ပုံရတယ်၊ မေမေ့သဘောကတော့ မထူးတော့ဘူး၊ လာမယ့်ဘေး ပြေးတွေ့လိုက်တာ အကောင်းဆုံးပဲထင်လို့ ဒီလမ်းကို ရွေးချယ်ပစ်လိုက်တာ ... ညည်း ခေါင်းခါငြင်းဖို့ မစဉ်းစားနဲ့တော့"

"ဟုတ်တယ် ... အမေပြောတာ ကျွန်တော်ထောက်ခံတယ်"

"ဘုရားရေ ... ရှင် ... ရှင် ... "

မောင် တုန်လှုပ်သွားခဲ့ရပြီ။

"ကျွန်တော် ... ကျွန်တော် ... အမေပြောသလိုပဲ အကောင်းဆုံးဖြစ်အောင် စီစဉ်လိုက်တော့မယ်နော် အမေ ... ရပ်ကွက်ထဲက အတင်းပြောနေတဲ့ လူတွေအားလုံးကို ဖိတ်ပြီး မင်္ဂလာဆောင်ပွဲလေး တစ်ခုကို ဒီရက်ပိုင်းအတွင်းမှာပဲ ဖြစ်အောင် ကျွန်တော် လုပ်လိုက် တော့မယ်၊ ဘယ်လောက်ကုန်ကုန် အမေရာ ... ဟင်း ဟင်း"

တွေ့လား ... တွေ့လား ...

ဒီလူ အမေ့ကိုပါ အပိုင်ဆွဲချည်ပစ်နေတာ။

နောက်ဆုံးကျတော့ ...



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘာတတ်နိုင်တော့မှာလဲ။

အခန်းထဲက မထွက်တော့ဘဲ တဟင့်ဟင့်လေးနှင့် မောင် ရှိုက်ငိုနေခဲ့တာ ညမိုးချုပ်တဲ့အထိ ဖြစ်သွားသည်။

မေမေကတော့ မောင့်ကို ချော့ပါသည်။

"ချစ်သောမောင် ... မေမေ့ကို စိတ်ဆင်းရဲအောင် ညည်း မလုပ်စမ်းနဲ့၊ ဒီဇာတ်လမ်းတွေဖြစ်ကုန်တာ ညည်းနဲ့မောင်မင်းထီး ရှည်တို့နှစ်ယောက်မှာ ညားကိုညားရမယ်ဆိုတဲ့ ရေးဘ်ဝက ကုသိုလ် ကံပါလို့ဖြစ်ကုန်တာ၊ ညည်းလည်း အရွယ်ရောက်နေပြီ ... ညည်းတို့ နှစ်ယောက်ကိစ္စပြီးတာနဲ့ မေမေလည်း ရာသက်ပန် အပြီးအပိုင် ရိပ်သာဝင်တော့မယ်"

မေမေ့ ဆုံးဖြတ်ချက်ကတော့ ပြတ်သားလွန်းပါသည်။

မေမေက ရည်ရွယ်ထားပြီးရင် ဘယ်တော့မှ နောက်ပြန် ဆုတ်ဖို့ မစဉ်းစားတတ်တာမျိုး။ ကတိတစ်လုံးကို ပေးထားပြီးလျှင် ပေးထားသောကတိကိုတည်ဖို့ အမြဲကြိုးစားတတ်သူ ဖြစ်သည်။

မောင်ကတော့ သိတယ်မလား။

ထုံးစံအတိုင်း မေမေ့ကိုပဲ အပြစ်တင်ပြောမိ၏။

"အဟင့် ... မေမေလုပ်တာနဲ့ ကိုယ်မလိုချင်တဲ့ယောကျ်ား ကို မောင်က ပေါင်းရဦးမယ် ... ဒီလူကြီးကို မောင်မချစ်တာ မေမေ လည်းသိသားနဲ့၊ အတင်းသဘောတူ ပေးစားပစ်တယ်"

"ဟဲ့ ... ညည်းတို့ကိစ္စက ဟုတ်ဟုတ်မဟုတ်ဟုတ် ရပ်ကျော် ရွာကျော်ဖြစ်နေတာလေ၊ ဒီလိုမှမလုပ်လို့ ဟိုက ရှောင်ထွက်သွား ရင် တဲ့တွေးခွက်မှာ ဘယ်သူပက်လက်မျောကျန်ခဲ့မလဲ ... အရှည် ကို စဉ်းစားမိလို့ အလွယ်ဆုံးလမ်းကို ငါရွေးပစ်လိုက်တာ".





နောက်ဆုံးကျတော့ ...

တဟင့်ဟင့်နဲ့ပဲ ရှိုက်ငိုရင်း ကျန်ခဲ့ရတာမောင် ...

မောင် ... မကျေနပ်ပါ။

ဒီအကြောင်းတွေးမိလေ ရင်ထဲမှာ တနုံ့နုံ့ဖြစ်ရလေမို့ သူ့ အခန်းဘက်ကိုကူးသွားကာ ...

"ဒီမှာ ... ရှင်နဲ့အပြတ်ဆွေးနွေးစရာရှိတယ် ... မြို့ဦးစေတီ ကို ရှင်အခုလိုက်ခဲ့ ... ကျွန်မ စောင့်နေမယ် ..."

နာရီကိုကြည့်လိုက်တော့ ညခြောက်နာရီပင် ထိုးနေပြီ။

အပြင်မှာလည်း မှောင်ရိပ်လေးက သမ်းစ ပြုနေပြီ။

မောင်က ရှေ့ကနေ စက်ဘီးလေးနဲ့ကော့နေအောင် ထွက် သွားခဲ့ပေမယ့် နောက်ကနေ သူလိုက်လာတာ ဆိုက်ကားကြီးနဲ့။

ဝတ်ထားတာလည်း ပုဆိုးအစုတ် အကျီအစုတ်။

"မောင်ရာ ... ချိန်းတွေ့မယ်ဆိုလည်း စောစောစီးစီးကြို ဘင်ပြောပါတော့လားကွာ ... ခုတော့ ... ဘုမသိဘမသိနဲ့ လိုက် သာရတာ ရင်တွေတောင်တုန်တယ် သိလား"

"ရှင် ... ရှင် ... အပိုတွေဘာမှမပြောနဲ့ ဦးမင်းထီးရှည်"

မောင် သူ့ကိုတွေ့တာနဲ့ မျက်နှာကို ချာခနဲ လွှဲပစ်မိ၏။

"ရှင့်မှာ ... ရှင့်မှာ ဘယ်လိုရည်ရွယ်ချက်တွေရှိနေလို့ ကျွန်မ ကို အမျိုးမျိုးအကွက်ဆင်ပြီး အပိုင်သိမ်းဖို့ ကြိုးစားနေရတာလဲဟင်၊ ရှင့်ကြောင့် ... မေမေ့စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး ရှင်နဲ့ ပေးစားဖို့ သဘောတူလိုက်တာ ... ပြောရရင် ... ရှင်ဟာ တော် တော်လည်တဲ့ လူလည်ကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



မောင် ပြစ်ပြစ်နှစ်နှစ်ပဲ ပြောမိ၏။

ပတ်ဝန်းကျင်မှာ ယုံထင်ကြောင်ထင်တွေဖြစ်အောင် ကော လဟာလတွေထုတ်လွှင့်၊ မေးရင်လည်း ဟိုလိုလိုဒီလိုလို မပြတ် မသားတွေလုပ်။ သူ အဲလိုတွေ လျှောက်လုပ် လျှောက်ပြောတော့ ပတ်ဝန်းကျင်က အထင်မလွဲဘဲ နေပါတော့မလား။

ဒါကြောင့်မို့ ... မောင် သူ့ကို ပြောလိုက်မိတာပါ။

ခုတော့ ... သူရပ်နေတာလည်း မောင်နှင့်မလှမ်းမကမ်း လေးမှာ။

"မင်း ... မင်းပြောချင်တာပြော၊ ငါကလည်း မင်းပြောသမျှ ခံဖို့ဆုံးဖြတ်ပြီးသား ... အရေးကြီးတာ မင်းကိုငါချစ်တယ်၊ ချစ်တာ မှ တုန်နေအောင်ကိုချစ်တာ ..."

"အမလေး ..."

"မင်း ငါ့ကိုကြည့်ပြီး ဟာသမလုပ်ပါနဲ့ ချစ်သောမောင်"

"အိုး ... ဘယ်မှာလုပ်လို့လဲ ..."

မောင် ဂျစ်တစ်တစ်မျက်နှာထားလေးနှင့် စူးခနဲနေအောင် ပြန်လှည့်ကြည့်မိ၏။ အကြည့်ချင်းဆုံသွားတော့ သူကပဲ ကပျာက ယာ မျက်လွှာလေး သိမ်းသွားသည်။

"ဟွန်း ... နေ့လည်က အမေပြောလိုက်တာ ငါဘယ် လောက်ဝမ်းသာသွားတယ်ထင်လဲ ... တညနေလုံးလည်း မင်္ဂလာ အတွက် စိတ်ကူးတွေယဉ်ပြီး ငါ့မှာပျော်နေရတာ"

"အောင်မယ် ... ကြည့်စမ်း ..."

ပြောရင်း ပြောရင်း ဟိုလိုလိုဒီလိုလိုနဲ့ မောင့်အနားကပ်လာ





တာ ပခုံးချင်းထိတော့မလိုတောင် ဖြစ်သွားသည်။

"ရှင် ... ရှင် ... ကျွန်မနား မကပ်နဲ့နော်"

မောင်ပြောလိုက်တာ မျက်လုံးပြူး မျက်ဆံပြူး။

"မောင်ရာ ... ကိုယ်လက်ထပ်ရမယ့်ကောင်မလေးအနားကို ဒီလောက်လေးတောင် ကပ်ခွင့်မရှိတော့ဘူးလား"

မချင့်မရဲဖြစ်နေတဲ့ လေသံလေး သူ့ဆီက ထွက်လာသည်။

"ဒီမှာ ကျွန်မ အခုထွက်လာတာ ရှင့်အနားအကပ်ခံဖို့ထွက် လာတာမဟုတ်ဘူး ... ရှင်နဲ့အပြတ်ဆွေးနွေးချင်လို့ ထွက်လာတာ"

"ဟင် ..."

သူနည်းနည်းတော့ မျက်နှာပျက်သွား၏။

"မောင်ရာ ... အမေနဲ့လည်းအားလုံးပြောပြီးနေပြီပဲဥစ္စာကို အောင်က ဘာတွေအပြတ်ဆွေးနွေးစရာ ကျန်နေသေးလို့လဲ"

"ဟာ ... မကျန်ဘဲနေမလား၊ ဒီရပ်ကွက်ထဲမှာ ကျွန်မနေတဲ့ အားခန်းကို မတန်တဆဈေးနဲ့ပေးငှားပြီး ရှင့်ရဲ့အစုတ်ပလုတ်ပစ္စည်း ...ဆိုင်လာဖွင့်လိုက်ကတည်းက ရှင့်ကို မသင်္ကာလို့ ကျွန်မစောင့် ကြည့်နေခဲ့တာ ..."

"ဟင် ... အဲဒါ ဘာဖြစ်လို့လဲ ..."

"ဘာဖြစ်ရမှာလဲ ... ဘာဖြစ်ရမှာလဲ၊ ခုတော့ ... ကျွန်မ ...င်ထားတဲ့အတိုင်း ကျွန်မကို အပိုင်သိမ်းမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ...ဆိုင်ကို ရှင်ဖွင့်ခဲ့တာလေ ... ရှင် ယောက်ျားပီသတယ်ဆိုရင် သတ္တိ ...နဲ့ အမှန်အတိုင်း ဝန်ခံလိုက် ..."

ဒီလိုမေးတော့လည်း မောင့်မျက်နှာကို သူ ရဲရဲမကြည့်ရဲ၊ သူ နှုတ်ခမ်းလေးမဲ့ပြီး ပြုံးလိုက်တာကိုလည်း ဘေးတိုက်



www.burmeseclassic.com

www.burmeseclassic.com



အနေအထားလေးကနေ မောင် လှမ်းတွေ့လိုက်ရ၏။

"ဟွန်း ... ကိုယ် မင်းကိုတစ်ခုပဲပြောမယ် သိလား"

ဘုရားရေ ... ကြည့်စမ်း ...

သူ့ကိုယ်သူများ ပြောလိုက်တာ ကိုယ်တဲ့ ...

မောင် သူ့ကိုကြည့်ကာ မျက်တောင်တွေပင် ကော့လျှ

"ကိုယ် မင်းကို အရမ်းချစ်သွားလို့ လက်ထပ်ချင်သွားတာ အဲဒါ ... ဒီဘုရားရှေ့မှာလည်း ကိုယ်သစ္စာဆိုရဲတယ်၊ သစ္စာ သောက်ဆိုလည်း ကိုယ်သောက်ရဲတယ် ... မလိမ်ဘူး၊ ဘုရား မိုးကြိုးပစ် ..."

"ဒီမှာ ... ဒီမှာ ..."

"ဘာလဲ ... ပြော ..."

သူက ခပ်တည်တည်နဲ့ လက်ကလေးတောင် ပိုက်လို သေး၏။

ပြီးတော့လည်း မျက်တောင်တွေပင့်ကော့ကာ မောင့် ဘေးတစ်စောင်းလေး လှည့်ကြည့်သည်။ သူ့ကိုယ်သူပဲ စိတ်ချ လိုလို သူပြောတဲ့စကားကိုပဲ ယုံကြည်နေသလိုလို၊ သူ့နှုတ်ခမ်း မဲ့သလို မောင်ကလည်း မဲ့သွားသည်။

"ဟွန်း ... ရှင် အာဖုံမကွဲးနဲ့ ..."

"ဘာရယ် ..."

"ကျွန်မ မယုံဘူး ..."

"ဒီမှာ ..."

"ဟာ ... ကျွန်မလက်ကို မကိုင်နဲ့နော်"

မောင် အထိတ်တလန့်လေးနဲ့ လက်ကိုရုန်းလိုက်ပေ





ရုန်းလို့မရ၊

ဆွဲဖယ်တော့လည်း အဆင်မပြေ။

"မင်းကို အရှင်းဆုံးထပ်ပြောမယ် ... ကိုယ်မင်းကိုအရမ်းချစ် တယ်၊ ချစ်လို့လည်း မင်းဘေးက လွတ်နေတဲ့အခန်းလေးကို မရ အောင်ငှားပြီး ကိုယ်ဒုက္ခခံနေတာ ... မင်္ဂလာဆောင်ရင်လည်း ဒီမ်ရှေ့မှာပဲ လေးတိုင်စဉ်မဏ္ဍပ်လေးထိုးပြီး မင်္ဂလာဆောင်မယ် ...

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ..."

လက်ကလေးကိုအကိုင်ခံထားရတော့ မောင် မျက်နှာပျက် နေသည်။ ရင်ထဲမှာလည်း တဒိတ်ဒိတ်လေးနဲ့ တုန်လာတာ မောင် နေလို့တောင်မရ။

ဒီလူ အပြောကကောင်းသလို ...

လက်ကလည်း တော်တော်သွက်တဲ့လူ။

"ချစ်တယ်မောင်ရာ ... ကိုယ် မင်းကိုအရမ်းချစ်တယ်ကွာ"

"ဟာ ..."

ကြည့်စမ်း ...

မောင်တစ်ကိုယ်လုံးကို ခါးကနေပွေ့ကိုင်ပြီး ပယ်ပယ်နယ် ယ်ဖက်တာ ခံလိုက်ရပြီ။ မောင် မျက်လုံးတွေပြူးသွားသလို သူ့ ဘတ်တွေ ပန်းတွေကိုလည်း တဘုန်းဘုန်း ထရိုက်ပစ်လိုက်မိ သည်။

"ရှင် ... အခုလွှတ်နော် ... လွှတ် ... လွှတ် ..."

ပတ်ဝန်းကျင်မှာ လူရှင်းနေတာက ပြဿနာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ချစ်သောမောင် ဘာတွေဖြစ်နေတာလဲ"

"အမလေး … "

သွားပါပြီ။

စောင်းတန်းအကွယ်က ထွက်လာတာ …

ရပ်ကွက်ထဲက အိမ်ပွဲစားအန်တီသူသူ။

သူနဲ့မောင် ဖြစ်နေတာကို အန်တီသူသူ တွေ့သွားပြီ။

"ဟင် … အန် … အန်တီသူသူ … "

"ဟဲ ဟဲ … မရှက်နဲ့နော် ချစ်သောမောင် … အန်တီသူ ဘယ်သူ့ကိုမှ မပြောဘူး၊ ဟဲဟဲ လူစုံတော့မှ … လူစုံတော့မှ သွား … သွားပြီနော် … "

နှစ်ယောက်စလုံးကို ပြုံးစေ့စေ့လေးကြည့်ကာ အန်တီသူ ဆက်လျှောက်သွားသည်။ သေပြီပေါ့ … တွေ့တာကလည်း ဘု မှာ။ ပြီးတော့လည်း … နှစ်ယောက်သား ဆွဲလားရမ်းလား တွေ့ ခံနေရတဲ့အချိန်။

"တွေ့လား … အဲဒါ … ရှင်မကောင်းလို့ဖြစ်တာ"

မောင် သူ့အနားမှာရပ်နေလို့လည်း မရတော့ပါ။

"မတတ်နိုင်ဘူး … ကြော်ငြာပြီးသားဖြစ်သွားတယ် သဘောထားလိုက်"

"ဘာ … ဘာပြောတယ် … "

မောင့်နှုတ်ခမ်းလေး စူတင်းသွားသည်။

"ဒီမှာ … မင်းကို ကိုယ်ပြောလိုက်တာ ရှင်းရှင်းလေး ဟန်ဆောင်မှုတွေက အလကား … နောင်လည်းသိတော့မယ့် ူ အခုကတည်းက သိသွားတာ ပိုမကောင်းဘူးလား … ကိုယ်က တော့ မျက်နှာပူစရာမလိုတော့ဘူးလို့ထင်တယ် … လာ … ဘုရား ကို တစ်ပတ်ပတ်မယ်"





"ဟင် … "

သူဆွဲခေါ်ရာနောက်ကို မောင် ဒယီးဒယိုင်လေး ပါလာခဲ့ရ မယ့် သူ့ကိုမကျေနပ်တဲ့စိတ်ကိုတော့ မောင်ဘယ်လိုမှ ဖျောက် တ်လို့မရ။

ကျေးဇူးရှင်က မောင့်လက်ကိုဆွဲထားတာလည်း ပိုင်ပိုင်နိုင် င်း မောင့်မျက်နှာလေးကရဲပြီးရင်း ရဲရင်းဖြစ်နေတာ။ အန်တီသူသူ နောက်တစ်ခေါက်ပြန်တိုးမှာပဲ ကြောက်နေသည်။

"ရှင် … ရှင် … မေမေက သဘောတူထားတယ်ဆိုပြီး ကျွန်မ ဆွဲလားရမ်းလားလုပ်ဖို့ မစဉ်းစားနဲ့ … ရှင့်ကို ကျွန်မ မချစ်ဘူး၊ ဒါ … လုံးဝ အပြတ်ပြောတာ … "

ဆွဲထားတဲ့လက်ကို မောင် ဖြုတ်ချပစ်သည်။

ဖရိုဖရဲဖြစ်ချင်သွားတဲ့ ဆံပင်တွေကိုလည်း မောင်ပြန်သိမ်း ဖြုတ်လျှောက်သွားတဲ့ကလေးတစ်ယောက်က မောင်တို့နှစ် ယာက်ကို နားမလည်နိုင်သလိုလေး တစ်ချက်တော့လှည့်ကြည့် သွားသည်။

"ဒါက မင်းအပိုင်းပဲလေ … ချစ်သောမောင် … မင်းမချစ် ည်း ကိုယ်က ဂရုမစိုက်ဘူး၊ မင်းပြောသလို ထီးပြင်ဖိနပ်ချုပ် များကို နောက်ဆုံးတစ်နေ့မှာ မင်းလက်ထပ်လိုက်ရတာကိုပဲ ယ်က မြင်ချင်တာ … "

"ဘုရားရေ … ဒါဆို … ရှင်က … "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... သေိုင်းချောင်းရေကြည်အသုတ်
တက်လာတဲ့ မင်းထီးရှည်၊ လမ်းဘေးမှာလုပ်ကိုင်စားသောက်ရ
မယ့် မခံချင်စိတ်ကလေးနဲ့ မာနလေးကတော့ ရင်ထဲမှာအမြဲရှိတယ်
အရမ်းလည်း ချစ်တတ်တယ် ... ဒါကြောင့်မို့ ... ဒီလက်ထပ်ပွဲ
အပျက်မခံနိုင်တာ၊ သူများတွေလို နာမည်ကြီး ဟိုတယ်ကြီးတွေ
တခမ်းတနားလက်မထပ်နိုင်တာ မှန်ပေမယ့် ရပ်ကွက်ထဲမှာ မဏ္ဍပ်
လေးထိုးပြီး ရေခဲမုန့်လေးတော့ ကျွေးနိုင်ပါသေးတယ်"

"ရှင် ... ရှင် စိတ်ကူးတွေအရမ်းယဉ်မနေနဲ့ ဦးမင်းထီးရှည်"

"ဟင် ... ဘာဖြစ်လို့လဲ ... "

"ရှင့်ကိုယူမယ့်အစား ရေထဲကိုပဲ ကျွန်မ ခုန်ချမယ်"

"မရတော့ဘူး ... မင်းမချစ်လည်း ကိုယ့်ကိုသေချာပေါက်
မင်းလက်ထပ်ရတော့မယ်၊ စောစောက အန်တီသူသူ မြင်သွားတဲ့
ကိုယ်တို့နှစ်ယောက်ရဲ့အခြေအနေကို မင်းသဘောပေါက် ... ဒီ
ကိုယ်တို့နှစ်ယောက် လက်မထပ်လို့ မဖြစ်နိုင်တော့တဲ့ နောက်ဆုံး
သက်သေပြချက်တစ်ခုပဲ ... ဟုတ်ပြီလား ... "

သူပြောပြီး နှုတ်ခမ်းမဲ့သည်။

"ဟွန်း ... ဘာပဲပြောပြော ကျွန်မသိတာ၊ ရှင်တော်တော်
ဉာဏ်များတဲ့လူ၊ သူများကို ဉာဏ်နီဉာဏ်နက်တွေသုံးပြီး လက်
ထပ်ယူဖို့ ကြိုးစားနေတဲ့ယောကျ်ားကဝေကြီး ... "

"ဟား ... ဟား ... "

သူ မျက်နှာလေးမော့ပြီး ရယ်လိုက်တာ ဟက်ဟက်ပက်
ပက်လေးပါ။

"ရှင် ... ရှင် မျက်နှာမပြောင်နဲ့နော်"





မောင် လက်ကိုင်ပုဝါလေးကို လုံးချေပစ်ရင်း သူ့ကို မျက်
ေင်းလေးထိုးကာ ကြည့်မိ၏။ မောင်က စိတ်ညစ်နေသလောက်
ာ ပျော်နေတာလေ။

ဘယ်လိုလုပ်မလဲ ...

မောင် ဒီလူကိုကြည့်ရင်း စိတ်ထဲမှာလည်း မသက်သာသလို
လာမိ၏။ ဒီလူရဲ့ နောက်ခံဘဝဖြစ်စဉ် ရာဇဝင်သမိုင်းကိုလည်း
တစ်ခုလပ်လား၊ မုဆိုးဖိုလား၊ နောက်မှာ သားကြီးမယားကြီး
ကျန်ခဲ့သေးသလား။

မေမေကလည်း စိတ်ကမြန်လွန်းသည်။

မောင့်ကို တစ်လုံးတစ်ပါဒမှ မတိုင်ပင်တော့ဘဲ လက်ထပ်
စားဖို့ တစ်ခါတည်း ဆုံးဖြတ်ပစ်လိုက်တာပဲကြည့်။

"ဒီမှာ ... "

"ဟင် ... ဘာလဲ ချစ်သောမောင် ... ပြောလေ ... "

"ရှင် ... ရှင် လူပျိုအစစ်တော့ ဟုတ်ပါတယ်နော်"

"မဝိး မယုံလို့လား"

"ဟာ ... မယုံလို့ မေးတာပေါ့ရှင့် ... "

"ယုံပါကွာ ... ကိုယ်လူပျိုအစစ်ပါ"

"ရှင် ဘုရားရှေ့မှာ သစ္စာရေ သောက်ရဲလား ... "

"ဟာ ... သောက်ရဲတာပေါ့ကွ"

"ဒါဆို ... လာ ... ရှင်တကယ်သောက်ရမယ်"

"ဟင် ... ဘယ်မှာ သောက်ရမှာလဲ"

"ဒီစောင်းတန်းထဲက ဘုရားရှေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်လိုက်လေ ... ကြာသလားလို့ ... ဟွန်း ... "

နှုတ်ခမ်းလေးမဲ့ပြီး မောင်ပြသည့် စောင်းတန်းလေးဖက်ကို ချာခနဲ လှည့်လိုက်တော့ ...

"ဟောဗျာ ... "

အိမ်ပွဲစား အပျိုကြီးအန်တီသူသူက လက်ကြီးပိုက်ကာ မြိုးမြိုးကြီးနဲ့ စောင်းတန်းအကွယ်က ထွက်လာခဲ့ပြန်ပြီ။

မောင် စိတ်ဓာတ်မကျဘဲ နေပါတော့မလား။

နောက်ဆုံးမှာတော့ မောင့်မျက်ခုံးလေးတွေ ပင့်တက်လျက်။

ဿ

အခန်း ( ၁၂ )

"ဟာ ... အဲဒါ ... ကိုမင်းထီးရှည် တကယ်ပြောနေတာ"

"တကယ်ပြောတာပေါ့ အုပ်ချုပ်ရေးမှူးကြီးရယ် ... ကျွန်တော်က နယ်ကလာတဲ့တစ်ကောင်ကြွက် တစ်မျက်နှာလေးမို့ ကျွန်တော် မိန်းမတောင်းတဲ့ကိစ္စမှာ မိဘနေရာက တောင်းပေးဖို့ အုပ်ချုပ်ရေးမှူးကြီးကို လာမေတ္တာရပ်ခံတာပါ၊ ပြီးတော့ ... ရပ်ကွက်ထဲက ရပ်မိရပ်ဖ လူကြီးတွေကိုလည်း ကျွန်တော် ဖိတ်ချင်ပါတယ်"

"ဟား ဟား ... ခင်ဗျား တော်တော်သွက်တဲ့လူပါလား ကိုမင်းထီးရှည် ... ယောက္ခမဒေါ်စံပယ်မွှေးကို ခင်ဗျားက အပိုင်ချုပ်ပစ်လိုက်တာပေါ့လေ ... "

"ဒီလိုပဲပေါ့ အုပ်ချုပ်ရေးမှူးကြီးရယ် ... ဟင်း ဟင်း"

"အံ့သြတယ်ဗျာ ... သိလား ... ချစ်သောမောင်ဆိုတာ ရပ်ကွက်ထဲမှာ အထိမခံ ရွှေပန်းကန် ဇတ်ဇတ်ကြီကောင်မလေးဗျ။ ခင်ဗျားနဲ့ကျမှ အိုကေမှာစိုပြည်တာတွေ ဖြစ်ကုန်တာ၊ လေးစား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျာ ... ကဲ ... အခု ခင်ဗျားက ဘယ်လိုစီစဉ်ထားလို့လဲ"

အုပ်ချုပ်ရေးမှူး ကိုမိုးကျော်က မေးပြီဆိုတော့ ...

မင်းထီးရှည်က ဖြစ်ကြောင်းရယ်ကုန်စင်အောင် ပြောပြရပြီပေ့ါ။

"အဲဒါပဲ ကိုမိုးကျော် ... သူ့အမေက စိတ်မြန်လက်မြန်နဲ့ ပေးစားဖို့ သဘောတူလိုက်လို့ ဒီအခြေအနေထိ ရောက်ကုန်တာ။ အဲဒါ ... အဲဒါ ... မိသားဖသားပီပီ ရပ်ကွက်ကိုအသိပေးပြီး အုန်းပွဲငှက်ပျောပွဲနဲ့လာတောင်းရမယ်ဆိုလို့ ကိုမိုးကျော်ဆီမှာ ကျွန်တော် အကူအညီလာတောင်းတာ ... ကူညီပါနော် ကိုမိုးကျော် ..."

အုပ်ချုပ်ရေးမှူးကြီးက သဘောကောင်းသူပီပီ ကူညီဖို့ခေါင်းညိတ်ကတိပေးသည်။ ဒါနဲ့ပဲ ... တောင်းရမ်းပွဲမှာ လက်ဖက်ရည်နဲ့ မုန့်ကလေးကအစ ကျွေးမွေးဧည့်ခံနိုင်ဖို့ သူမှာတော့ ဟိုပြေးရ ဒီပြေးရ။

အိမ်ပေါ်ကို ဆင်းလိုက်တက်လိုက်လုပ်ရင်း ခလုတ်တိုက်လဲကာ နဖူးမှာ ဘုသီးကြီးတောင် ထသွားလိုက်သေး။

"ဟွန်း ... ကောင်းတယ်၊ မျက်စိကိုနောက်နေတာပဲ"

မောင်ပြောတော့ မေမေက မျက်စောင်းလေးလှမ်းထိုးသည်။

တကယ်လည်း မနက်မိုးလင်းကတည်းက အိမ်ခန်းသန့်ရှင်းရေးလုပ်ရင်း အိမ်ရှေ့ခန်းလေး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သွားအောင် ကျပ်နေတဲ့ ပစ္စည်းတွေကို ရွှေ့ရသည်။ ကုလားထိုင်တွေ စားပွဲတွေလည်း သိမ်းသင့်တာ သိမ်းရသည်။

အားလုံးပြီးတော့မှ သင်ဖြူးဖျာချောလေးတွေ ခင်းလိုက်





တော့ ဧည့်သည်တွေထိုင်ဖို့ နေရာလေးက ကျယ်သွား၏။

မောင်တို့ဘက်က အိမ်နားနီးချင်းတချို့ကို ဖိတ်ထားသလို သူကလည်း ရပ်မိရပ်ဖလူကြီးတွေနဲ့ အုပ်ချုပ်ရေးမှူးကို ဖိတ်ထားတာမို့ အနည်းဆုံး တက်လာမည့်လူက ဆယ့်ငါးယောက်အယောက်နှစ်ဆယ်လောက်တော့ရှိမည်။

"အမေ ..."

"ဟင် ... ဘာလဲသား ..."

သားမက်နဲ့ယောက္ခမ အတိုင်အဖောက်ညီနေတာက အဲလို။

"ဘုရားစင်က ဘုရားပန်းတွေပါ လဲလိုက်ရင် ကောင်းမယ်နော် အမေ ... ဒါမှ ကျွန်တော်တို့ရဲ့ အိမ်ထောင်ဦးအစ ခရီးလမ်းလေးက သာသာယာယာ ဖြောင့်ဖြောင့်ဖြူးဖြူးလေးရှိမှာ"

"သားသဘော ... သားသဘော ..."

တွေ့လား ... အဲဒီအမေ ...

"ဟို ... ဟိုလေ ... ပြီးတော့လည်း ကျွန်တော်အကူအညီတောင်းထားတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုမိုးကျော်နဲ့အဖွဲ့ကိုလည်း စေ့စပ်တောင်းရမ်းပွဲပြီးတာနဲ့ သပြေရိပ်စားသောက်ဆိုင်မှာ တစ်ဝိုင်းပေးပြီး ဘာညာသာရကာလေးနဲ့ ဧည့်ခံရဦးမှာ အမေရ"

"ဟင် ... အုပ်ချုပ်ရေးမှူး မောင်မိုးကျော်က သောက်တတ်စားတတ်လို့လား၊ ဒီသူငယ်လေးက လူရိုးလူကောင်းလေး"

"ဟာ ... အမေကလည်း ကိုမိုးကျော်က မသောက်တတ်သမယ့် ရပ်ကွက်ထဲက တချို့လူကြီးတွေက ဘီယာကလေးတော့ နည်းနည်းပါးပါး သောက်တတ်တယ်တဲ့ အမေရ ..."

"သောက်တတ်ရင်လည်း သားကြိုက်သလိုလုပ်၊ သားကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သလိုလုပ် ... "

"ဟွန်း ... ဟင် ... အဲဒါ အမေ့သမီးကို အမေပဲပြောပေး နော် အမေ ... "

"စိတ်ချစမ်းပါ မောင်မင်းထီးရှည်ရယ် ... ဟင်း ဟင်း — အရေးထဲကျမှ ဇက်ကြောတွေက တက်လိုက်တာနော်"

"ဟာ ... အမေဇက်ကြောတက်ရင် ကျွန်တော် နှိပ်ပေးမယ်လေ အမေ ... အားမနာနဲ့ အားမနာနဲ့ ... ကျွန်တော့်ကို အမေ့သားအရင်းလို့ပဲ အမေ သဘောထားလိုက်တော့ ... ဟင်း ဟင်း"

မောင် မျက်စောင်းကြီးထိုးနေတာ တွေ့လိုက်ရပေမယ့် မသိချင်ယောင်ဆောင်ကာ အလုပ်ရှုပ်နေတဲ့ကြားက အမေ့ကို ဇက်ကြောဆွဲပေးခဲ့ရသေးသည်။

ခဏနေတော့ ...

သူ့အနားကို ရောက်လာတာ ချစ်သောမောင်။

"ရှင် ... ရှင် တော်တော်အူမြူးနေလားဟင် ... "

"ဒါပေ့ါကွ ... "

"ရှင်က အူမြူးနေပေမယ့် ကျွန်မ ငိုချင်နေတာ ရှင်သိလို့လား၊ တစ်သက်လုံး ဘယ်တော့မှ ယောကျ်ားမယူတော့ပါဘူးလို့ ဆုံးဖြတ်ထားတဲ့ ကျွန်မကို ... ရှင် ... "

"အဟင့် ... "

"ဟောဗျာ ... "

မောင် မပြောမဆို ငိုချလိုက်ပြီ။

"မောင်ရာ ... မင်းကိုယ့်ကို ခုထိ မချစ်နိုင်သေးဘူးလား ကွာ"

ဖိုးလပြည့်စာပေ



သူ စိတ်ခုတ်လေးကျကာ မောင့်ကို ပြောမိသည်။

"အဟင့် ... ယောကျ်ားတွေကို စိတ်နာခဲ့ပါတယ်ဆိုမှ ဒီယောကျ်ားဆိုတဲ့ ဟာကြီးကို ကျွန်မက လက်ထပ်ရဦးမယ်၊ ရှင် ရှင် ... ကျွန်မတို့သားအမိနှစ်ယောက်ရဲ့ ဘဝခံစားချက်တွေကို သိရောသိရဲ့လားဟင် ဦးမင်းထီးရှည် ... "

"ဟင် ... ဘာတွေဖြစ်ခဲ့လို့လဲ ... "

"ကျွန်မ ရှစ်နှစ်သမီးအရွယ်မှာ ကျွန်မဖေဖေက နောက်အိမ်ထောင်ပြုသွားတာလေ ... "

"ဟာ ... အဲဒါ သူများတွေပြောတာ ကိုယ်နည်းနည်းပါးပါးတော့ ကြားဖူးထားတယ်လေ ... အဲဒါ ဘာဖြစ်လို့လဲ ... "

"ဘာဖြစ်ရမှာလဲ၊ ဖေဖေ မကောင်းလို့ ယောကျ်ားတွေအားလုံးကို ကျွန်မ စိတ်နာခဲ့တာ၊ သစ္စာမရှိတဲ့အထဲမှာ ရှင်တို့ယောကျ်ားတွေ ထိပ်ဆုံးက ... "

"အဟင့် ... ဟင့် ... ဟင့် ... "

ပြောလည်းပြော ရှိုက်လည်းရှိုက်နှင့်၊ မောင့်မျက်ရည်တွေ တစ်ပေါက်ပြီးတစ်ပေါက် စီးကျလာ၏။

"မောင်ရာ ... မငိုပါနဲ့ကွာ၊ ကိုယ် မင်းကို တောင်းပန်တယ် သိလား ... "

သူ လှိုက်လှိုက်လှဲလှဲကလေးတော့ ပြောမိသည်။

သူနဲ့လက်မထပ်ချင်လို့ငိုတာ သူဘယ်လိုလုပ် စိတ်ကောင်းနိုင်ပါတော့မလဲ။ ညနေစောင်းရင်ပဲ စေ့စပ်တောင်းရမ်းပွဲကို လူကြီးတွေက လာတော့မှာ။ ဒီပွဲကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ အပျက်မခံနိုင်တာ သူ့ဆန္ဒပဲလေ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ...

ကိုယ် မင်းကို တကယ်ချစ်ခဲ့တာပါ ချစ်သောမောင်။

ဒီလိုချစ်ခဲ့လို့ ကိုယ်ဒုက္ခတွေအမျိုးမျိုးခံခဲ့တာလေ။ ဒီအတွက် ကိုယ်မင်းကို ဘယ်လိုရှင်းပြရမလဲ။

"ရှင် ... ရှင် ... အခုမှ ကျွန်မကိုလာတောင်းပန်မနေနဲ့ မလွဲသာလို့ လက်ထပ်လိုက်ရရင်လည်း ရှင့်ကို ဘယ်တော့မှ ကျွန်မ ချစ်လာမှာမဟုတ်ဘူး ... အဲဒါ ... ခုကတည်းက လုံးဝအပြတ်ပြော ထားတာ"

"ရပါတယ် ချစ်သောမောင် ... မင်းရဲ့တုန့်ပြန်မှုတွေထဲမှာ အမုန်းတွေနာကြည်းချက်တွေ ဘယ်လိုပဲရှိနေပါစေ ကိုယ်ကျေနပ် စွာနဲ့ ခံယူပါတယ်၊ ဒါဆိုရင် ... မင်းကျေနပ်လိုက်တော့ပေါ့"

သူ မောင့်ကို ထားခဲ့လိုက်ပြီး လုပ်စရာရှိတဲ့အလုပ်တွေကိုပဲ ဆက်လုပ်နေလိုက်သည်။ ဘုရားပန်းတွေကိုလည်း ဝေဆာနေအောင် ဂန္ဓမာတွေနဲ့ အစားထိုးကာ သူလဲပစ်လိုက်သည်။

"ဟင် ... ဘုရားပန်းတွေ လှလိုက်တာ ..."

သူလဲထားသည့် ဘုရားပန်းတွေကိုကြည့်ကာ မေမေက ပီတိ ဖြစ်လို့မဆုံး။ အားလုံးကလည်း အဆင်သင့်ပါ။ ကော်ဇီတွေ မုန့်တွေ လက်ဖက်ပွဲတွေကအစ စားပွဲပေါ်မှာ ပြင်ဆင်ထားပြီးသားဖြစ်နေ သည်။

ဘာပဲပြောပြော ... ဒီနေ့ပွဲမှာ အိမ်ကို အစောဆုံးရောက် လာတာ ကျောင်းမှာစာသင်တုန်းက ခင်ခဲ့တဲ့ ဆရာမ ခင်ကြူကြူ ပဲပေါ့။ ကြူကြူနဲ့မောင် အခန်းထဲမှာ နှစ်ယောက်တည်း။

"ဘယ်လိုဖြစ်တာလဲမောင်ရာ ... သတင်းကြားလို့ မောင့်





ဆီကိုကြူကြူ ပြေးလာတာ၊ ဒီည ... ဦးမင်းထီးရှည်ဆိုတဲ့ လူကြီးနဲ့ စေ့စပ်တော့မယ်ဆို ... "

"ဟုတ်တယ်လေ ကြူကြူ ... အဟင့် ... "

"ဟင် ... မောင် ... မင်းငိုတယ်"

ကြူကြူ မျက်တောင်တွေပင့်ကော့လျှက်။

နားမလည်သလိုလည်း မောင့်ကို စူးစိုက်ကြည့်သည်။

"နင် ... နင် မသိပါဘူး ကြူကြူရယ် ... "

"ဒါ ... ဒါဆို ဒီစေ့စပ်ပွဲကို နင် လက်မခံနိုင်တဲ့အဓိပ္ပာယ်လား ချစ်သူနဲ့ပေါင်းခွင့်ရလို့ ဝမ်းသာပျော်ရွှင်နေရမယ့်အချိန်မှာ မျက်ရည် ကျနေတာ ဘာသဘောလဲ ... နင့်ကို ကြည့်ပြီး တို့နားမလည်နိုင် တော့ဘူး ချစ်သောမောင် ... "

ကြူကြူက ရင်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်းပဲမေးသည်။

မောင် ဘယ်လိုဖြေရမလဲ။

တကယ်တမ်းကျတော့ ပတ်ဝန်းကျင်ပြောစကားတွေကို ခံနိုင်လို့ လက်ထပ်ခွင့်ပေးလိုက်ရတာမှန်ပေမယ့် ချစ်သူတွေ မဟုတ်ပါဘူးလို့ မောင်က ခေါင်းခါငြင်းရင်ရော ကြူကြူက လက် ခံနိုင်မှာတဲ့လား။

မေမေ့ရဲ့ ဆုံးဖြတ်ချက်ကြောင့် လူကြီးတွေကို ဖိတ်လိုက်ရ တဲ့အဆင့်အထိ ရောက်သွားတာကိုလည်း မောင်ရှင်းမပြချင်တော့ပါ ဘူး။

"ပြောလေ ချစ်သောမောင် ... နင်ဘာဖြစ်နေတာလဲ"

"ရတယ် ကြူကြူ ... မောင် ဘာမှမဖြစ်ဘူး"

"မောင် မလိမ်နဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



မောင် မျက်ရည်တွေကို သုတ်ပစ်သည်။

"မလိမ်ပါဘူး ကြူကြူရယ် ... မောင်နဲ့မေမေတို့နှစ်ယောက်ရဲ့ဘဝကိုတွေးပြီး ဝမ်းနည်းလို့ ငိုလိုက်မိတာပါ"

"ဘာလဲမောင် ... မောင်တစ်ခါတုန်းက ပြောခဲ့ဖူးတဲ့ အတိတ်က အဖြစ်အပျက်တွေကို မောင်ပြန်တွေးလိုက်မိတာလား"

"အဲဒါတွေ အများဆုံးပါတာပေါ့ ... "

မေမေလက်ကိုဆွဲပြီး အိမ်ပေါ်ကဆင်းခဲ့ကြတဲ့ မောင် ... သမီးအရွယ်ကဘဝတွေ။ သုံးခွနားက တံတားရွာကိုရောက်သွား... တာတွေ။

အဲဒီရွာမှာပဲ ငယ်စဉ်ဘဝ မောင် ကျောင်းတက်ခဲ့ရတာတွေ...

ဘာပဲပြောပြော ဖေဖေ့ကို နာကြည်းခဲ့တဲ့ခံစားချက်တွေ... မောင့်နှလုံးသားထဲမှာအပြည့်။ ဖေဖေ့ကို မုန်းခဲ့သလို ယောက်... တွေအားလုံးကိုလည်း မပတ်သက်ချင်အောင် မောင်က စိတ်... တာဖြစ်သည်။

ခုတော့ ... ပတ်ဝန်းကျင်က ဝေဖန်တာကို မခံစားနိုင်... လို့ မေမေ့ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ဦးမင်းထီးရှည်ဆိုတဲ့ လူကြီး... ယောက်ကို မောင်က လက်ထပ်ရတော့မှာလေ။

"သမီး ချစ်သောမောင် ... "

"ဟင် ... မေမေခေါ်နေပြီ"

မောင် လည်တိုင်လေးမော့ကာ မေမေ့အသံကိုပဲ နား... ထားလိုက်သည်။

"ညှိသည်တွေလာတော့မယ်လေ ... ရေမိုးချိုးပြီး ပြင်... ရှိတာပြင်ထားလိုက်တော့ ဘယ်အချိန်ရှိနေပြီလဲ"





"ဟုတ် ... မေမေ ... "

မောင် မျက်ရည်ကို ကပျာကယာ သုတ်ရသည်။

"ကြူကြူ ... ခဏလေးစောင့်နော် ... "

မောင် ရေမိုးချိုး အဝတ်အစားလဲပြင်ဆင်တော့ ကြူကြူက ...ခုကို လုပ်စရာရှိတာတွေ ဝိုင်းကူလုပ်ပေးရင်း စောင့်သည်။

"မတတ်နိုင်ဘူး သမီးရယ် ... ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်း...က် ကဲ့ရဲ့ခုနစ်ရက်ဆိုတာ မှန်ပေမယ့် နည်းနည်းလေးမှ ထိပါး...င်တာ အန်တီတို့သားအမိနှစ်ယောက်ရဲ့မာနပဲ ... မောင်မင်း...ည်ကလည်း မောင့်ကိုမြတ်နိုးနှစ်သက်နေတာ မှန်နေတော့ ...တီ ခပ်ပြတ်ပြတ်ခွင့်ပြုပေးလိုက်တာ လက်ထပ်ပွဲပြီးတာနဲ့ ...တီကလည်း ရာသက်ပန်ရိပ်သာဝင်တော့မှာလေ ... မကောင်း...သား ... "

"ကောင်းတော့ ကောင်းပါတယ် အန်တီရယ် ... ဒါပေမဲ့"

"ဟင် ... ဘာဖြစ်လို့လဲ ... "

"မောင်က ဒီလူကြီးကို သိပ်မချစ်သလိုဘဲ"

ကြူကြူပြောတော့ ဒေါ်စံပယ်မွှေး ပြုံးသည်။

"ဟွန်း ... အန်တီကတော့ မထင်ပါဘူး၊ ပါးစပ်က မချစ်ဘူး...လောက်ပဲပြောပြော နှလုံးသားထဲကနေ တိတ်တိတ်လေး...နေတဲ့ဇာတ်လမ်းတွေ လောကကြီးထဲမှာ အများကြီးရှိတယ်၊ ...ထင်တာကတော့ သမီးသူငယ်ချင်း ချစ်သောမောင်က အဲဒီ...နေပြီထင်တယ် ... မောင်မင်းထီးရှည်ကို မတွေ့တာနဲ့ မျက်...းငေ့ငေ့ပြီးတော့ မသိမသာ လိုက်ရှာနေတာလေ"

"ဟုတ်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးရင်း ကြုုကြု မျက်လုံးလေးဝိုင်းကာ ပါးစပ်လေး
ပါအပေါင်းသားကလေးဖြစ်လျှက်။

ထိုအချိန်မှာ မင်းထီးရှည်ကတော့ ...

အဖြူရောင်တိုက်ပုံလေးကို ရခိုင်ပုဆိုးအပြာရောင်ကွက်
ကလေးနှင့်တွဲကာ ဝတ်ထားပြီး အန်တီသူသူနှင့် နှစ်ယောက်သ
ကန်တော့ပွဲပြင်နေတာလေ။

"ပျော်နေပြီလား မောင်မင်းထီးရှည် ... "

"ပျော်တာမဟုတ်ဘူးအန်တီသူသူ ... ရင် ... ရင်တွေခုန်
တာ၊ လက်တောင်တုန်တယ်၊ ညကလည်း ဟိုဘက်လှိမ့်တွေးလိုက်
ဒီဘက်လှိမ့်တွေးလိုက်နဲ့ အိပ်လို့တောင်မပျော်ဘူး"

သူ အမှန်အတိုင်းပဲ ဝန်ခံလိုက်မိသည်။

တကယ်လည်း သူရင်ခုန်နေတာပါ။

တွေးလိုက်တိုင်းလည်း မောင့်ရဲ့ချွဲမဏ်ဖွယ်ကောင်းတဲ့ မျ
နှာလေးက သူ့မျက်ဝန်းလေးထဲမှာ ပေါ်ပေါ်လာတာလေ။ ဘု
ပေါ်မှာ ပွေ့ဖက်ရင်းနမ်းပစ်လိုက်မိတာလေးကိုလည်း သူဘယ်
မှ မေ့လို့မရ။

တကယ်ချစ်ဖို့ကောင်းတဲ့ ချစ်သောမောင်။

ဒီညမှာတော့ လူကြီးစုံရာရှေ့မှာ ကြောင်းလမ်းတောင်း
ခွင့်ရခဲ့ပြီ။ ဘာပဲပြောပြော စီစဉ်ထားတဲ့လမ်းကြောင်းအတိုင်းပဲ
ဆက်လျှောက်ရတော့မှာပေါ့။

"ဟွန်း ... အန်တီကတော့ အစကတည်းက မင်းတို့
ယောက်ကို အရမ်းဖြစ်သွားစေချင်လို့ ဆုတောင်းနေခဲ့တာ၊ ရှေ့
နောက်လိုက်လည်းညီတယ်၊ နှစ်ယောက်စလုံးကလည်း ချော





ယ်၊ ကဲ ... ဘာလိုသေးလဲ ... "

"မောင် ... မောင်က ကျွန်တော် ချစ်သလောက် မချစ်ဘူး
င်တယ် အန်တီသူသူရ ... "

"ဟင် ... ဟုတ်လို့လား ... "

"အမှန် ... အမှန်တိုင်းဝန်ခံရရင် အသည်းတွေယားပြီး သူ့
ချစ်ကို ခါးပြတိုက်သလို တိုက်ယူနေရတာ"

"အမလေးကွယ် ... "

သူပြောတာကိုနားထောင်ပြီး အန်တီသူသူက ရယ်ပါသည်။

"မင်းထီးရှည်ရယ် ... အချစ်ဆိုတာ လက်ကလေးသွက်မှ
ာက်ကလေးထွက်တာတဲ့ ... "

"ဗျာ ... "

"ဘုရားပေါ်မှာ မင်းအတင်းလိုက်ဖက်နေတာ အန်တီသူသူ
သားပဲ ... "

"ဟဲဟဲ ... လူပျိုဆိုတာ လူကနေပေမယ့် ပညာကမနေဘူး
"

"အန်တီတောင် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ် ... ခစ် ... "

အပျိုကြီးပီပီ အန်တီသူသူကတော့ အဲလို ...

ကန်တော့ပွဲပြင်ရင်း အန်တီသူသူ လုပ်အားလာပေးနေတာ၊
မှာပဲ ကော်ဖီလေးဖျော်တိုက်ပြီး ညှော်ခံထားလိုက်ရ၏။

သူ့တာဝန်က ရပ်မိရပ်ဖတွေ ဆိုင်ရှေ့ရောက်လာတာနဲ့ ကန်
ပွဲကိုင်ပြီး အိမ်ပေါ်တက်ရမှာလေ။

နာရီကိုကြည့်လိုက်တော့ ညနေငါးနာရီတောင်ထိုးနေပြီ။
ခြောက်နာရီထိုးတာနဲ့ လူကြီးတွေ ရောက်လာကြတော့



www.burmeseclassic.com

www.burmeseclassic.com



မှာ။

"မောင် ..."

"ဟင် ... ဘာလဲ ကြူကြူ ..."

"မောင် ဒီနေ့ပြင်ထားတာလေးက အရမ်းချစ်ဖို့ကောင်းတာ ပဲ"

"ချစ်ဖို့ကောင်းတာ အရေးမကြီးဘူးလေ ကြူကြူရဲ့ ... မျက်နှာပူနေတာ ဘယ်လိုလုပ်ရမလဲ"

"မျက်နှာပူရုံပဲလားဟင် မောင်ရဲ့ ... ရင်တွေရော မခုန်ဘူး လား"

မောင် ကြူကြူ့ပခုံးလေးကို ဖျတ်ခနဲ လှမ်းရိုက်လိုက် သည်။

ခုန်စရာလား ကြူကြူရယ် ...

အမြင်ကတ်စရာကောင်းတဲ့ ဒီလူကြီးကိုများ ... ဟွန်း။

"ဟော ... ဟိုမှာ အိမ်ရှေ့မှာ အကောင်းစားကားကြီးရပ် လာတယ်မောင် ... ဧည့်သည်တွေ လာကုန်ကြပြီနဲ့တူတယ်"

"ဘုရားရေ ..."

ကားကိုမြင်လိုက်တာနဲ့ မောင် ... ချက်ချင်းသိလိုက်တာ ဖေဖေ။

မောင် မျက်တောင်လေးတွေ ကော့တက်သွားခဲ့ရပြီ။

ဒီအချိန်ကြီးကျမှ တိုက်တိုက်ဆိုင်ဆိုင် ဖေဖေက ရောက်လာ ရတယ်တဲ့လား။

အခန်း ( ၁၃ )

"မင်း ... မင်း ဘာမှမပြောနဲ့တော့မွေး၊ ငါ့အဖေ ... ငါ့သမီး အတွက် အနာဂတ်ကောင်းစားရေးကို စီစဉ်ပေးရမယ့်တာဝန် ငါ့မှာ အပြည့်ရှိတယ် ... ငါ့လုပ်ရပ်တွေကို မကျေနပ်လို့ ငါထောက်ပံ့တာ ကို မင်းလက်မခံတာမှန်ပေမယ့် ငါ့သမီးရဲ့ဘဝနောင်ရေးအတွက် မင်းသဘောတစ်ခုတည်းနဲ့ ထင်ရာလုပ်ခွင့်မရှိဘူး"

"ဟုတ်ပါတယ်မွေးရယ် ... ဖြစ်ခဲ့သမျှတွေအားလုံးအတွက် လည်း မွေးကို တို့တောင်းပန်ပါတယ်၊ တို့ကြောင့် ... မွေးတို့အိမ် ထောင်ရေးပျက်ခဲ့ရတာ၊ တို့မှာ တာဝန်အပြည့်ရှိပါတယ်၊ ဒါကြောင့်မို့ မွေးတို့အခုစီစဉ်ထားတဲ့ ဇော့စပ်ကြောင်းလမ်းမယ့်ကိစ္စကို ဖျက်သိမ်း ပြီးတော့ တို့ရဲ့ပထမအိမ်ထောင်က ပါလာတဲ့သားနဲ့ သမီးချစ်သော မောင်ကို လက်ထပ်ပေးပါရစေ ... ပိုင်ဆိုင်သမျှ ကုမ္ပဏီလုပ်ငန်းတွေ စည်းစိမ်ချမ်းသာတွေအားလုံး သားနဲ့သမီးကို လက်ဖွဲ့ပေးပါ့မယ်"

"ဟင် ..."

ဘယ်လိုဖြစ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့ နောက်အိမ်ထောင် အန်တီမိုးကိုယ်တိုင်က သူတို့ အမှားတွေကို ဝန်ခံပြီး မေမေ့ရှေ့မှာ အောက်ကျနောက်ကျခံ တောင်းနေတာ။

သူတို့မှာ တာဝန်ရှိလို့ပါတဲ့။

"ဟုတ်တယ်မွေး ... အခု ... ငါ့မှာလည်း ကုလို့မရ အသည်းကင်ဆာရောဂါပိုးကြီး စွဲကပ်နေပြီလေ၊ ငါက မကြာခင် သေရတော့မယ့်လူပါ၊ ဒါကြောင့်မို့ ... ခင်မိုးမိုးတောင်းဆိုတာ ငါလည်းသဘောကျသလို မင်းလည်း ခွင့်ပြုလိုက်ပါ၊ အခု ... ခင် မိုးသားက အော်စီမှာရောက်နေတာလေ၊ မနက်ဖြန်ဆိုရင်ပဲ ရန်ကုန် ကို ပြန်လာတော့မယ်"

"ဟင် ..."

ဒေါ်စံပယ်မွေး မျက်တောင်တွေ ပင့်ကော့လျက်။

ခင်မိုးမိုးကပါ အောက်ကျခံတောင်းပန်ပြီး သူတို့သားနဲ့ စားပါရစေတဲ့။ ကိုမြတ်ကိုကလည်း အသည်းကင်ဆာဖြစ်နေပြီတဲ့

ဒီမှာလည်း ဘယ်လိုလုပ်မလဲ။

မောင်မင်းထီးရှည်နဲ့ ရပ်ကွက်လူကြီးတွေက သမီးကို တောင်းတော့မှာ။ ပြဿနာပဲ ... သမီးချစ်သောမောင်ကို လှမ်း ကြည့်လိုက်တော့လည်း စူပုတ်ပုတ်မျက်နှာကလေးနဲ့ သူတို့ပြော တာကို မကျေမနပ် ဖြစ်နေသလိုလို။

ချစ်သောမောင်က ငယ်ငယ်လေးကတည်းက ဖအေကို နာ ကြည်းနေခဲ့တာလေ။ ခု ... ဖအေက ရောဂါဆိုးကြီးစွဲကပ်ပြီး တောင်းတောင်းပန်ပန်လေး လာပြောနေပြီဆိုတော့ ဒေါ်စံပယ် မွေးကိုယ်တိုင် စိတ်ထဲမှာ မကောင်း ဖြစ်နေမိသည်။





သို့သော် ... အခြေအနေက ဒီဘက်မှာ နောက်ကြောင်းပြန် ကြည့်ဖို့ ခက်ခဲနေသည့် အခြေအနေမို့ ဒေါ်စံပယ်မွေးမှာ အရင်က ခံစားခဲ့ရသမျှတွေပါ ပြန်မတွေးနိုင်တော့ဘဲ ဦးမြတ်ကိုကိုကြည့် ကာ သံဝေဂတရားတွေပင် ရနေမိတော့၏။

"ငါ ... ငါပြောတာ မင်းကြားရဲ့လားဟင်မွေး ... အခုချိန် မှာ မင်းတို့သားအမိနှစ်ယောက်ရဲ့ မခံချင်စိတ်နဲ့ မာနတွေကိုလည်း ငါနားလည်ပါပြီ ... ငါ့ကိုလည်း မင်းရော သမီးလေးကပါ ခွင့်လွှတ် ပါလို့ ငါတောင်းပန်ပါတယ် ... လူလောကကြီးထဲကနေ ငါထွက် သွားခင် ငါနောက်ဆုံးမြင်သွားချင်တာက သမီးနဲ့သားရဲ့ တင့် တယ်ခမ်းနားပြီးတော့ အစစ အရာရာပြည့်စုံနေတဲ့ မင်္ဂလာပွဲကြီးကို မြင်သွားချင်လို့ ရောဂါဖြစ်နေတဲ့ကြားက မင်းဆီကို ရောက်အောင် လာခဲ့တာပါ"

စကားပြောရင်း ဦးမြတ်ကို မောနေ၏။

ဒါကိုမြင်တော့လည်း ဒေါ်စံပယ်မွေး စိတ်မကောင်း။

ဘာပဲဖြစ်ဖြစ်ပေါ့လေ ... ဖြစ်ခဲ့တာတွေအားလုံးက နှစ်တွေ ကြာခဲ့ပြီဆိုတော့ ... မေ့သင့်တာလည်းမေ့၊ ခွင့်လွှတ်သင့်တာလည်း ခွင့်လွှတ်ရတော့မှာပေါ့။ ခုချိန်မှာ ဒေါ်စံပယ်မွေး တရားသဘော အပြည့်နဲ့လည်း ဆင်ခြင်နိုင်ပါပြီ။ ဖြစ်ခဲ့သမျှတွေအားလုံးကိုလည်း ခွင့်လွှတ်နိုင်ပါပြီ။

အမိကကတော့ ချစ်တာပဲဖြစ်ဖြစ် မုန်းတာပဲဖြစ်ဖြစ် တစ်နေ့ နေ့မှာ အားလုံးကို ချန်ထားခဲ့ရမှာ မဟုတ်ပါလား။

"ငါ ... ငါပြောတာ မင်းလက်ခံတယ်မို့လားဟင်မွေး ...



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်တယ်ဆိုရင် သားနဲ့သမီးကိုပဲ တစ်သက်တာ စိတ်ေ
ရအောင် ငါကတော့ လက်ထပ်ပေးစားလိုက်ချင်တယ်၊ ငါ့သမီး
သောမောင် မပူမပင် မကြောင့်မကြ ချမ်းချမ်းသာသာနေသွား
ကို ငါနောက်ဆုံးအနေနဲ့ မြင်သွားချင်တယ်၊ ဒါကြောင့်မို့ ...
ပြောတဲ့ ဘာမဟုတ်တဲ့ လမ်းဘေးမှာ ရေခဲသေတ္တာ အဲလ်ကွန်
စားတဲ့ကောင်လေးနဲ့ ပေးစားမယ့်အစီအစဉ်ကို မင်းအခုချက်
ဖျက်သိမ်းလိုက်ပါ ... သမီးချစ်သောမောင်ရဲ့ အဖေအရင်းခေ
ခေါက်ဖြစ်တဲ့ငါက သဘောမတူရင် ဒီအစီအစဉ်ကို မင်းဆက်လုပ်
မရဘူး"

ပြီးသနာပဲ ...

ဒေါ်စံပယ်မွှေး အခုမှ ဦးနှောက်စားရပြီ။

ဦးမြတ်ကိုတို့ ဓနီးမောင်နှံ ပြန်သွားချိန်ထိ ခေါင်းညည်
ခေါင်းမခါ နေလိုက်မိပေမယ့် ရပ်ကွက်ထဲက ဧည့်သည်တွေနဲ့ ေ
မင်းထီးရှည်ရောက်လာရင် ဘယ်လိုပြောရမလဲဆိုတာလည်း ေ
ပယ်မွှေး မစဉ်းစားနိုင်တော့ပါ။

အဓိက အရေးကြီးတာက မောင် ...

သူ့ဖေဖေ ဦးမြတ်ကိုရဲ့ တောင်းဆိုမှုအပေါ်မှာ မောင် ဘ
လိုတုန့်ပြန်မလဲ။ မောင်ကတော့ ဟိုဓနီးမောင်နှံပြန်သွားချိန်
နှုတ်ခမ်းလေးကို မဲ့ထားဆဲ။

"ဘယ်လိုလုပ်မလဲ ချစ်သောမောင် ... ညည်းဖေဖေနဲ့ခ
မိုးကိုယ်တိုင် ဒီလောက်အောက်ကျခံလာတောင်းပန်နေတာ ေ
ကတော့ ဓေစပ်ပွဲကို ခဏလောက်ရပ်ထားလိုက်ရင် ကောင်းမ





လို့ ... "

"ရှင် ... မေမေ ... မေမေပြောတာ နောက်ကျနေပြီ၊ ဟိုမှာ
ဟိုမှာ ... ဦးမင်းထီးရှည်ကိုယ်တိုင် ကန်တော့ပွဲကြီးနဲ့ ... "

"ဘုရားရေ ... "

ဒေါ်စံပယ်မွှေး မျက်လုံးပြူးရပြီ။

"အမေရေ ... ရပ်မိရပ်ဖလူကြီးစုံရာနဲ့ ကျွန်တော်တို့လာပြီ
နော်"

"ဒုက္ခပါပဲ ... ဟင်း ဟင်း ... ကြွပါရှင် ... ကြွပါ ... ကြွပါ"

မင်းထီးရှည်က ကန်တော့ပွဲကြီးမကာ ရှေ့ဆုံးက ဝင်လာ
သည်။ ရပ်ကွက်ထဲက ရပ်မိရပ်ဖ လူကြီးတွေကပါ ပြုံးပြုံးကြီးနဲ့တက်
လာကြပြီဆိုတော့ ဒေါ်စံပယ်မွှေးတစ်ယောက် ခြေမကိုင်မိ လက်
မကိုင်မိဖြစ်ကာ အယောင်ယောင်အမှားမှားတွေပါ ဖြစ်ကုန်သည်။

မောင်လည်း ဘာလုပ်ရမှန်းမသိ။

"လမ်းဘေးမှာ စီးပွားရှာတဲ့ကောင်နဲ့ ဖေဖေသဘောမတူ
ဘူးနော် သမီး ... "

ရောဂါကြောင့် ပိန်ချုံးကျနေသည့်ဖေဖေက ပြန်ကာနီးမှာ
ချစ်သောမောင်ကို စူးစူးစိုက်စိုက်ကလေးကြည့်ရင်း မှာဖြစ်အောင်
မှာသွားလိုက်သေး၏။

မောင် နှုတ်ခမ်းလေးမဲ့ရင်း နားထောင်လိုက်မိတာ စိတ်ထဲ
က ရယ်ချင်နေလို့ပါ။ ဖေဖေရယ် ... ဖေဖေရဲ့မယားပါသားက ဘယ်
လောက်ပဲချမ်းသာ ချမ်းသာ သမီးကတော့ လက်မထပ်နိုင်ပါဘူး။

ဖေဖေ ကင်ဆာရောဂါကြီးစွဲကပ်နေတာကိုတော့ သမီးစိတ်
မကောင်းဖြစ်ရပါတယ်ဖေဖေ၊ မေမေကျေနပ်ရင် ဖေဖေ့ကို သမီး



www.burmeseclassic.com

www.burmeseclassic.com



လာကြည့်မှာပါ။

"ထိုင်ကြပါနော် ... ထိုင်ကြပါ၊ ဟင်း ဟင်း ... အိပ်ခန်း ကလေးက နည်းနည်းကျဉ်းတော့ အားနာလိုက်တာရှင် ... "

"ရပါတယ် ဒေါ်စံပယ်မွှေးရာ ... အားလုံးက တစ်ရပ်ကွက် တည်းမှာ အကြာကြီးနေလာတဲ့ ရပ်ဆွေရပ်မျိုးတွေပဲဟာ ... အား နာစရာမလိုပါဘူး"

အားလုံးက အပြုံးတွေကိုယ်စီနဲ့ ...

"မောင် ... လာလေ ... ကိုယ့်နားမှာထိုင် ... "

တွေ့လား ...

လူကြီးတွေရှေ့မှာ ပဏာလုပ်ပြီး မောင့်ကိုခေါ်နေတာ

မောင့်မျက်စောင်းလေးက သူ့ဆီချက်ချင်းပဲ ရောက်သွား ၏။

"ဟာ ... မထိုင်ပါဘူး ... ဟင့်အင်း ... "

မောင် ထူထူပူပူ ရှက်ရှက်နဲ့ ခေါင်းကလေးကိုပဲ ခါမိသည်

"ဟဲ့ ... ချစ်သောမောင် ... လူကြီးတွေအတွက် ကော် မုန့်တွေချပေးလေ၊ လက်ဖက်ပွဲတွေ အကြမ်းအိုးတွေပါ တစ် တည်းယူခဲ့ ... "

"ရတယ် ... အမေ ရတယ် ... ရတယ် ... အဲဒါတွေအား ကျွန်တော်ပဲ အကုန်လုပ်လိုက်မယ်"

သူကတော့ သွက်သလား မမေးနဲ့။

လူကြီးတွေကို ရှေ့မှာထားခဲ့ပြီး မောင့်နောက်ကို ချက်ချ ထလိုက်လာသည်။

"မောင် ... အဲဒီလက်ဖက်ပွဲတွေ ကိုယ့်ကိုပေး ... "





"ရှင် ... ရှင် ... နောက်ဖေးထိလိုက်လာပြီး မျက်စေ့နောက် အောင် လာလုပ်မနေနဲ့နော် ... အိမ်ရှေ့မှာပဲ ဣန္ဒြေရရထိုင်နေ"

သူ့ကိုကြည့်ကာ မောင့်မျက်စောင်းလေး ထပ်ဝဲသွားရ၏။

"မောင်ကလည်းကွာ ... မောင်ပင်ပန်းမှာစိုးလို့ ကိုယ်ကဝင် ကူတာပါ၊ အဲဒီပန်းကန်တွေအားလုံး ဗန်းထဲထည့်ပြီး ကိုယ့်ကိုပေး"

သူ ပျာယာခတ်နေတာ ပုဆိုးမနိုင် ပုဝါမနိုင်။

သူ့ပုံစံကိုကြည့်ပြီး ကြူကြူက ခစ်ခနဲ ရယ်၏။

"ဟင်း ဟင်း ... အရမ်းပျော်နေလား ဦးမင်းထီးရှည်"

"ပျော်တာပေါ့ဗျ"

"ရှင် ... မောင့်ကို တကယ်ချစ်တာနော်"

"ချစ်တယ် ... ချစ်တယ် ... ချစ်တာမှ မျိုချလို့ရရင်တောင် ဒိုက်ထဲကို တစ်ခါတည်း မျိုချပစ်လိုက်မိမှာ သိလား ... "

"ဒီမှာ ... ရှင်ဘာမှအပိုတွေပြောမနေနဲ့၊ စောစောကလာ သွားတာ ကျွန်မဖေဖေကိုယ်တိုင် ဒီဇေ့စပ်ပွဲကိုလာပြီး ကန့်ကွက် သွားတာ၊ ဒီရပ်ကွက်ထဲမှာ ဖေဖေ့ကို သတင်းအမြဲပို့နေတဲ့ ဖေဖေ့ သူယုံတွေရှိတယ် ... "

"ဗျာ ... ကန့်ကွက်သွားတယ် ဟုတ်လား ... "

"နောက်ဆုံးတစ်နေ့မှာ သူသဘောတူတဲ့လူကိုပဲ ကျွန်မယူ ရတော့မှာ"

"ဘယ် ... ဘယ်လိုမောင် ... "

သူ့မျက်နှာပျက်သွားတာ သနားစရာလေး။

ကြူကြူကလည်း မျက်လုံးပြူးပြူးကာ မောင့်ကိုလှမ်းသတ် သည်။

www.burmeseclassic.com



"မောင် ... ဘာတွေလျှောက်ပြောနေတာလဲ"

"အို မပြောလို့ရမလား ... နောက်လည်း ပြောရမယ့်အ တူ အခုတစ်ခါတည်း ပြောလိုက်တာပဲကောင်းတယ်"

"မောင်ရာ ... ကိုယ့်ကို ... ကိုယ့်ကို အဲလိုကြီးတော့ မလှ စားပါနဲ့ကွာနော် ... ကိုယ် တောင်းပန်ပါတယ်၊ ဒီစေ့စပ်ပွဲကို အော အောင်မြင်မြင်ဖြစ်စေချင်လို့ မနက်ကတည်းက ကြိုးစားနေ ကိုယ်ဖတ်ဖတ်လည်း မောနေပါပြီ ... အနားရောက်မှ ပွဲသိမ်း ချက်တည်း ရိုက်ချမပစ်လိုက်ပါနဲ့"

သူ ... လက်ဖက်ပွဲဗန်းကြီးကိုင်ပြီး ရှေ့ပဲသွားပို့ရ မလား၊ နေရာမှာပဲ ပြန်ချလိုက်ရတော့မလားဆိုတာ ရုတ်တ ဝေခွဲလို့လည်းမရ။

မျက်နှာကပျက်ပြီး အသံတွေပါ တုန်သွားတာ အရမ်းသိ နေသည်။ မောင် ဘာမှမတတ်နိုင်ပါ။ သူ့ကို အခုမှ သနားမိသ ဖြစ်သွားတာ မှန်ပေမယ့် ဆုံးဖြတ်ချက်က မေမေ့ဆီမှာပဲရှိနေ လေ။

မေမေ လူကြီးတွေကို ဘာပြောမလဲဆိုတာ မောင် ထောင်ရတော့မှာပဲ။

နောက်ဆုံးကျတော့ ...

လူကြီးတွေအားလုံးကို မေမေက ...

"ကျွန်မ ... ကျွန်မကိုခွင့်လွှတ်ပါရှင်၊ ဒီစေ့စပ်ကြောင်း ပွဲကို အကြောင်းမညီညွတ်လို့ ဖျက်သိမ်းခွင့်ပြုပါ ..."

"ဟာ ..."

"ဟင် ..."





လူကြီးတွေအားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ မျက်နှာတွေပျက်လျက်။ ရပ်မိရပ်ဖလူကြီး ဦးမောင် မောင်ကျော်က ပါဝါထူထူရွှေကိုင်းမျက်မှန်ကြီးကို လက်ညှိုးဖြင့် ထောက်ကာ အပေါ်ကို တွန်းပင့်တင်ရင်း ...

"ဘယ် ... ဘယ်လိုဖြစ်တာလဲ ဒေါ်စံပယ်မွှေးရာ ... ကျွန် တော်တို့အားလုံး အသေအချာစီစဉ်ထားတဲ့ဟာကို ဒီကိုရောက်မှ ဖျက်သိမ်းလိုက်တာဆိုတော့ ကျွန်တော်တို့က မကျေနပ်ဘူးဗျာ"

"ဒီ ... ဒီလိုပါရှင် ... စောစောကပဲ သမီးချစ်သောမောင်ရဲ့ အဖေက သူ့သမီးစေ့စပ်တော့မယ့်သတင်းကိုကြားပြီး သဘောမတူ နိုင်တဲ့အကြောင်း၊ လာကန့်ကွက်သွားလို့ အစီအစဉ်ကို ခေတ္တခဏ ကျွန်မ ဖျက်သိမ်းထားဖို့ ဆုံးဖြတ်လိုက်ရတာပါ ... ကျွန်မ လူကြီး တွေကို အားလည်းနာပါတယ်၊ မျက်နှာလည်းပူပါတယ်၊ သမီးဖေဖေ နဲ့က သူနောက်အိမ်ထောင်ပြုသွားလို့ သမီးရှစ်နှစ်သမီးအရွယ်က တည်းက ကွဲနေခဲ့တာလေ ... အခုတော့ ... အသည်းကင်ဆာဖြစ် နေပြီဆိုတော့ ... ကျွန်မ ... ကျွန်မ ..."

လူကြီးတွေက တောင်းပန်လိုက်လို့ ပွဲဖျက်ပြီးပြန်သွားကြ သော်မယ့် ရင်နာနာနဲ့ ခံစားလိုက်ရတာက မင်းထီးရှည်ပဲဖြစ်နေသည်။ ခုတော့ ... စိတ်ပျက်လက်ပျက်လေးနဲ့ အိမ်ရှေ့အမှောင်ထုအောက် က ခုံတန်းရှည်လေးမှာ ထိုင်နေတာ မင်းထီးရှည်တစ်ယောက် တည်း။

သူ စိတ်ကူးယဉ်ပျော်ရွှင်ခဲ့ရသမျှ အရာတွေအားလုံး ပျောက် ဆုံးကြေပျက်သွားခဲ့ရပြီပေါ့။ သူ စိတ်အားလည်း အရမ်းငယ်သွား သည်။ ဝမ်းလည်း အရမ်းဝမ်းနည်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးငိုက်စိုက်ချပြီး ထိုင်နေတာ ဘယ်အချိန်ရှိလို့ ရှိမှန်းပင်မသိ။

"ဦးမင်းထီးရှည်"

"ဟင် ... "

ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ ...

ခုံတန်းလေးဆီကို လျှောက်လာတာ ချစ်သောမောင်။

"ရှင် ... ရှင် ... မအိပ်ဘဲနဲ့ ဘာလို့ဒီမှာ တစ်ယောက်တည်း ထိုင်နေတာလဲ ... "

သူ ရင်နာနာနဲ့ နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

"မောင်ရာ ... မင်း ငါ့ကို ဒုက္ခတွေမပေးပါနဲ့တော့ကွာ၊ မင်းကြောင့် ခံစားခဲ့ရတဲ့ ခံစားချက်တွေကို အဆုံးသတ်ပြီး ငါ့ရဲ့ဘဝမှန် နေရာဟောင်းလေးကိုပဲ ပြန်သွားဖို့ ငါဆုံးဖြတ်လိုက်ပါပြီ၊ မနက်မိုးလင်းတာနဲ့ ဒီနေရာလေးကို ငါစွန့်ခွာသွားတော့မယ် ချစ်သောမောင်"

"ဘုရားရေ ... အဲဒါ ... အဲဒါ ရှင်တကယ်ဆုံးဖြတ်လိုက်တာလားဟင် ဦးမင်းထီးရှည် ... "

မောင့်မျက်တောင်ရှည်လေးတွေ အဆုံးထိပင့်ကော့လျက်။

"ငါ ... ငါက တွယ်ရာမဲ့တဲ့အလေ့ကျပန်းကလေးပါ၊ အိတ်စုတ်ကြီးတစ်လုံးကိုလွယ်ပြီး သူများခိုင်းတာလုပ်မှ ထမင်းလေးတစ်လုပ်စားရတဲ့ကောင်ဆိုတော့ ဘယ်သူတွေက ငါ့ရင်ထဲက နှလုံးသားကို အထင်ကြီးမှာလဲ ... အထူးသဖြင့် ငါ့ကို ဂရုမစိုက်ခဲ့တာမင်း"

"ဟာ ... မဟုတ်ဘူးနော် ဦးမင်းထီးရှည် ... "

မောင် သူ့နောက်မှာရပ်နေတာမှန်ပေမယ့် သူက လှည့်မကြည့်ပါ။





"မောင်ရာ ... မင်း ငါ့ကိုမလိမ်ပါနဲ့ကွာ၊ ပြောရမယ်ဆိုရင် ဒီဓာတ်လမ်းမှာ ငါကပဲ မင်းကိုတစ်ဖက်သတ်ချစ်ခဲ့ရတာပါ ... စကားပြောတိုင်း ဂျစ်တစ်တစ်လေးနဲ့ မာမာကြောကြောလေးပြောတတ်တဲ့ ရွာတေးလန်မလေးတစ်ယောက်ကို ရင်ထဲမှာ တုန်ခါနေအောင် ငါကချစ်ခဲ့ရတာပါ ... ဒါပေမဲ့ကွာ ... ချမ်းသာတဲ့နိုင်ငံခြားပြန်ကုမ္ပဏီပိုင်ရှင် သူဌေးသားနဲ့ လက်ထပ်ရတော့မယ်ဆိုတဲ့အချိန်ကို ရောက်မှ ငါတို့ရဲ့စေ့စပ်ပွဲလေးကို ဖျက်သိမ်းလိုက်တာတော့ ငါ ရင်နာတယ်"

"ရှင် ... ရှင် ... ကျွန်မကို အထင်မလွဲပါနဲ့ ... "

မောင် တောင်းပန်လိုက်မိတာ မဝံ့မရဲကလေးနဲ့။

မောင်ရှေ့ကို တစ်လှမ်းတိုးပြီး သူ့မျက်နှာလေးကို ဆေးတိုက်အနေအထားလေးကနေ ကြည့်လိုက်မိတော့လည်း သူ့နှုတ်ခမ်းလေးမဲ့ထားတာကို မောင် အတိအကျမြင်လိုက်ရသည်။ မောင် စိတ်မကောင်းပါ။

"ရတယ် ချစ်သောမောင် ... မထင်မှတ်ဘဲဖြစ်ပျက်သွားတဲ့ နောက်ဆုံးအဖြစ်အပျက်တွေအပေါ်မှာ အယူခံဝင်တာတွေ ဖြေရှင်းတာတွေလည်း ငါမကြားချင်တော့ပါဘူး၊ ငါတစ်ခုပဲ နားလည်လိုက်တာက အိတ်စုတ်ကြီးတစ်လုံးလွယ်ပြီး ခြေသလုံးအိမ်တိုင်လို မျှောချင်ရာမျှော သွားချင်ရာသွားနေရတဲ့ လူတစ်ယောက်ရဲ့ဘဝထဲကို ဘယ်မိန်းကလေးက တိုးဝင်ရဲမှာလဲ ... ဒီအချက်ကို အကြွင်းမဲ့နားလည်သွားလို့ ငါလာခဲ့တဲ့နေရာဟောင်းလေးကိုပဲ ငါပြန်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ မင်းကိုလည်း ... ငါအပြီးအပိုင် နှုတ်ဆက်ခဲ့ပါတယ် ချစ်သော မောင် ... ”

“ရှင် ... ရှင် တကယ်သွားတော့မှာပေါ့ ဦးမင်းထီးရှည်”

အသံလေးက အဖျားခတ်အောင် နင့်သွားသလို မောင့်ရင်ထဲမှာလည်း ထူးထူးဆန်းဆန်းလေးတော့ တစ်ချက်တုန်သွားသည်။

ပြောရရင် ... ဒါဟာ မမြင်နိုင်တဲ့ သံယောဇဉ်ကြောင့်လား။

ညဦးပိုင်းကတော့ ...

ဖေဖေ့အကြောင်းတွေပြောကာ မေမေ မျက်ရည်ကျခဲ့သည်။

“ကံကြမ္မာကြောင့် သမီးဖေဖေနဲ့မေမေကွဲခဲ့ရပေမယ့် သူဟာ မေမေ့ရဲ့ခင်ပွန်း။ သူဟာ သမီးရဲ့အစားထိုးမရတဲ့ဖေဖေဆိုတာ နှစ်ပေါင်းများစွာကြာအောင် မေမေ့နှလုံးသားထဲမှာ နားလည်လာခဲ့ရတာပါ သမီးရယ် ... နာကြည်းခဲ့တာလည်း ဟုတ်တယ်၊ မေ့ပျောက်ထားခဲ့တာလည်း မှန်ပေမယ့် ... ခုချိန်မှာ သမီးဖေဖေက ကုသလို့မပျောက်နိုင်တော့တဲ့ ရောဂါဆိုးကြီးကို လွယ်ထားရတာလေ၊ မမှတ်မိနိုင်လောက်အောင် ပိန်ချုံးသွားခဲ့တာကိုကြည့်ပြီး အမုန်းတွေကို ရပ်ပစ်လိုက်ဖို့ပဲ သံဝေဂတရားနဲ့ မေမေ ဆင်ခြင်ပစ်လိုက်တယ်၊ ဘာကြောင့်လဲဆိုတော့ ... သမီးဘဝအနာဂတ်အတွက် သမီးဖေဖေမှာလည်း ကြီးကြပ်လမ်းညွှန်ခွင့်တွေရှိနေမှာ သေချာနေတာလေ၊ မေမေကတော့ ဘယ်သူတွေအသိတရားမဲ့မဲ့ မေမေ့ဘက်ကတော့ ဘယ်သူ့ကိုမှ သာစေနာစေရယ်လို့ အသိတရားမမဲ့ချင်ဘူး သမီးရယ် ... ”

မေမေ မျက်ရည်ကျခဲ့တာ ဖေဖေ့အဖြစ်ကို သနားသွားခဲ့လို့





ား။ ဖေဖေ့နောက်အိမ်ထောင် အန်တီဒေါ်ခင်မိုးမိုးကိုယ်တိုင်က ရင်ထဲမှာရှိနေတဲ့ တောင်းပန်စကားတွေကို တရားဝင်ဖွင့်ချသွားတာဆိုတော့ တရားသဘောတွေနဲ့ မေမေ ခွင့်လွှတ်နိုင်သွားခဲ့တာ ဖြစ်မှာပေါ့လေ။

ဒါကြောင့်မို့လည်း ... ဖေဖေနဲ့အန်တီဒေါ်ခင်မိုးမိုးရဲ့ဆန္ဒတွေကို လိုက်လျှောပေးချင်လို့ ဒီဘဝမှာ စီစဉ်ထားတဲ့ရေစပ်ကြောင်းမ်းခြင်းကိစ္စကို ရှေ့မျက်မှာနောက်ထားပြီး မေမေ ဖျက်သိမ်းလိုက်တာပဲ နေမှာ။

မောင်ကတော့ ဒီဇာတ်လမ်းမှာ ခေါင်းညိတ်ခေါင်းခါဖို့မေ့နေတဲ့ ကျောက်ဆစ်ရုပ်လေးတစ်ရုပ်လိုပါ။

ဘာပဲပြောပြော ...

သူ့ကိုသနားသွားတာကိုတော့ မောင် အံ့ဩမိ၏။

“ဟုတ်တယ် ချစ်သောမောင် ... ငါ့ကိုတော့ မင်းဘဝထဲကို အလည်လာသွားတဲ့ဧည့်သည်တစ်ယောက်လိုပဲ သဘောထားလိုက်ပါကွာ”

“ဟင် ... ”

သူက နှုတ်ဆက်နေပြီဆိုတော့ မောင် ဘယ်လိုပြောရမလဲ။

သူ့ပုံစံက စိတ်နာနာနဲ့ တကယ်ထွက်သွားတော့မယ့်ပုံ။

မောင့်ကို ပြောရင်း သူထရပ်လိုက်ပါပြီ။

“ရှင် ... ရှင် ... မသွားနဲ့ဦးနော် ဦးမင်းထီးရှည် ... ”

ဖြစ်ချင်ရာဖြစ် ...

သူသွားလို့မရအောင် မောင်ရှေ့က ပိတ်ကာရပ်ပစ်သည်။

“ဟင် ... မင်း ဘာပြောချင်သေးလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ သဘောတူခွင့်ပြုချက်ကိုမရဘဲ ရှင်ဒီနေရာက ဘယ်ကိုမှ ထွက်သွားလို့မရဘူး၊ ထွက်သွားရင်လည်း ကျွန်မက ကွက်တယ် ... "

"ဘာ ... ဘာပြောတယ် ... ချစ်သောမောင် ... "

သူနဲ့မောင် မျက်နှာချင်းဆိုင်လေး ဖြစ်သွားပြီ။

"မင်း ... မင်းက ငါထွက်သွားမှာကို သဘောမတူဘူး ပြောလိုက်တာလား"

မောင် သူမေးတာကိုပြန်မဖြေဘဲ ခေါင်းကလေးကိုပဲ ငုံ့ထား မိ၏။

"မင်းကွာ ... ချစ်သောမောင်ရာ ... ဟား ... "

သူ မချင့်မရဲဖြစ်ကာ သူ့လက်နှစ်ဖက်က မောင့်ပခုံး နှစ်ဖက်ပေါ်ကို ရောက်လာသည်။ သည်တစ်ခါ မောင် မငြင်း မိတာ ဘာသဘောလဲ။

သူ့ကြောင့် မောင်ပါ ရင်ခုန်ခဲ့ရပြီ။

"ဟင်း ... "

သူက လက်တွေကို ဖြေချပစ်လိုက်ပြီး ... ရုတ်တရက် သိမ်းကာ ကိုယ်ကိုယ်ပါ ချာခနဲလှည့်ပစ်တော့ မောင် ကြောင်အ အမ်းလေး ဖြစ်သွား၏။ သူ မောင့်ကိုတကယ်ပဲ နာကြည်းသွား လား ... ဒါမှမဟုတ် ... သူကိုယ်သူပဲ စိတ်ဓာတ်ကျသွားလို့လာ

သူ မောင့်ကိုလှည့်မကြည့်ဘဲ သည်အတိုင်းကျောခိုင်း သည်။

"ဒီအခြေအနေရောက်သွားပြီးမှ ငါ့ကိုတားဖို့ မင်းမကြိုး ပါနဲ့တော့ ချစ်သောမောင် ... အမေကိုယ်တိုင် ဒီစေ့စပ်ပွဲကို ဖျ





သိမ်းပစ်လိုက်တာလည်း ငါရင်နာတယ်၊ ကဲ ... မင်းနေခဲ့တော့ ဒီည ငါမအိပ်ဘဲ အပြင်မှာပဲလျှောက်သွားနေတော့မယ်"

"ဟင် ... "

သူ မောင့်ကို နှုတ်ဆက်ခဲ့ပါပြီ။

မောင် သူ့ကို ငေးကြည့်နေရုံကလွဲလို့ တားဆီးလိုက်ဖို့လည်း အခွင့်မသာတော့ပါ။ သို့သော် ... မောင့်ရင်ထဲမှာ သူမကြားအောင် ပြောလိုက်မိတဲ့ စကားတစ်ခွန်းက ...

"ဦးမင်းထီးရှည်ရယ် ... ကျွန်မ ရှင့်ကိုချစ်ပါတယ်"

"အဟင့် ... "

မောင် ရှိုက်ငိုလိုက်မိတာ ရင်ထဲကအချစ်ကို တိတ်တိတ် လေး သက်သေပြမိတာလား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

အိစက်သော ကတ္တီပါကောဇောခင်း ကြမ်းပြင်ပေါ် မော

ခြေချရပ်လိုက်မိချိန်မှာ မောင့်မျက်နှာလေးကို တင်းတင်းမော့ပြ

တွေးလိုက်မိတာက အရမ်းတင့်တယ်စွာ ခံစားနေရသည့် ဖေဖေ

ချမ်းသာကြွယ်ဝမှုတွေကို မောင် ရုတ်ခြည်းတွေးလိုက်မိတာပဲ ဖြ

သည်။

လိုလေသေးမရှိအောင် အဖိုးတန်ခေတ်မှီအသုံးအဆော

ပစ္စည်းများဖြင့် တခမ်းတနား ရှိနေပါလေသည့် ဧည့်ခန်းကျယ်ကြ

ထဲက ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းတွေ၊ အကောင်းစား အိစ

သော ကျွန်းကနုတ်ထွင်းပန်း၊ ဆက်တီခုံကြီးတွေ၊ နိုင်ငံခြားဖြ

ကြွေပန်းအိုးလေးထဲမှာ ထိုးစိုက်ထားသည့် ဂန္ဓမာပန်းရောင်စုံအစ

ကြီးတွေ။

မောင် ရပ်နေရင်း စိတ်ထဲမှာ သိမ်ငယ်သလိုတောင် ဖြ

သွားခဲ့ရ၏။

ခြံဝကနေ ဒီဧည့်ခန်းထဲရောက်ဖို့အထိကိုပင် ခွင့်ပြုချ

အဆင့်ဆင့်တောင်းခံလာခဲ့ရတာတွေ။ ဦးမြတ်ကိုရဲ့သမီးပါ





အသေအချာပြောပြနေသည့်ကြားကပင်လျှင် ခြံတံခါးကြီးကို ဖွင့်မပေးသေးဘဲ မောင့်ကိုပဲ အသေအချာပြူးပြဲစိုက်ကြည့်ကာ မေးခွန်းတွေအထပ်ထပ်မေးနေလို့ ဖြေခဲ့ရတာတွေ။

မေမေကိုယ်တိုင်က ဖေဖေ့ကျန်းမာရေးအတွက် သွားကြည့်လိုက်ပါပြောလို့ မောင် ဖေဖေစံမြန်းရာ တော်ဝင်နန်းကြီးတစ်ခုဆီကို ပထမဆုံးရောက်လာခဲ့ရတာမှန်ပေမယ့် ရင်တွေတုန်ပြီး ခြေဖျားလက်ဖျားတွေပါ အေးစက်နေရတာတော့ တကယ့်ကို သေချာနေခဲ့သည်။

ပိုဆိုးသွားရတာက ဧည့်ခန်းအဝမှာ ခြေချရပ်လိုက်မိချိန်မှာပဲဖြစ်သည်။

"ဒီမှာ ထိုင်ပြီး ခဏစောင့်ပါ ... "

အသားမည်းမည်းဝဝ မိန်းမတစ်ယောက်ရဲ့ စူးစမ်းအကြည့်လေးနဲ့ကြည့်တာကို ခံနေရသလို သူပေးတဲ့အမိန့်တွေအောက်မှာ လှုပ်ရှားနေရတာကလည်း မောင့်အတွက်တော့ စိတ်မသက်မသာခံစားနေရတဲ့ ကျဉ်းကြပ်မှုတစ်ခုလို့ပဲ မောင်က တစ်ယောက်တည်းတွေးကာ နှုတ်ခမ်းလေးမဲ့ပြီးတော့တောင် ပြုံးမိသည်။

ရောက်သွားတော့လည်း ခဏထိုင်စောင့်ရဦးမတဲ့။

ဖေဖေရယ် ... ဖေဖေ့ကိုလာတွေ့ရတာ ကြိုဆိုဧည့်ခံမှုတွေက လိုအပ်တာထက်တောင်ပိုပြီး ကိန်းခန်းကြီးနေသလိုပဲနော် ... မောင် ဆက်တီခုံကြီးမှာဝင်မထိုင်ဘဲ ဧည့်ခန်းနံရံကြီးထက်မှာ ချိတ်ဆွဲထားသည့် ဓါတ်ပုံကြီးတွေကိုပဲ စိတ်ပြေလက်ပျောက် လိုက်ကြည့်နေမိသည်။

"အို ... ဘုရားရေ ... ကြည့်စမ်း ... ဒီ ... ဒီဓာတ်ပုံက"



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက်မှာတော့ ခေတ်မီချောမောသော မျက်နှာလေးဖြင့် အနောက်တိုင်းဝတ်စုံလေးဝတ်ကာ နိုင်ငံခြားတိုင်းပြည်တစ်ခုမှာ ရိုက်ထားသည့် ဓာတ်ပုံကြီးတစ်ပုံကိုကြည့်ကာ မောင်ဘုရားတမိ၏။ ဘယ်လိုပဲကြည့်ကြည့် ဦးမင်းထီးရှည်နဲ့ တစ်ပုံစံတည်းတူနေသည့် လူတစ်ယောက်။

မောင် မျက်တောင်ခတ်ဖို့လည်း သတိမရတော့ပါ။

"အို ... ညှို့သည်က ဓာတ်ပုံကြီးတွေလိုက်ကြည့်နေတာလား"

ခြေသံတဖျတ်ဖျတ်ပေးပြီး အအေးဗန်းကလေးကိုင်ကာ ညှို့ခန်းဘက်ကို ပြန်လျှောက်လာတာ စောစောက အိမ်ဖော်အလုပ်သမား မိန်းမ။

"ဒီ ... ဒီဓာတ်ပုံက ..."

"သြော် ... အဲဒါ ဦးမင်းတိမ်တိုက်လေ ... သူက နိုင်ငံခြားမှာရောက်နေတာ သုံးလလောက်ရှိပြီ၊ ဒေါ်ခင်မိုးမိုးရဲ့တစ်ဦးတည်းသော အချစ်ဆုံးသား။ သူ့မာမီက မိန်းမပေးစားမယ်ဆိုပြီး ကြိမ်စကြောရိုက်ခေါ်လို့ နိုင်ငံခြားကနေ ဒီနေ့ပဲပြန်ရောက်လာတော့မှာ"

"ရှင် ... သူ့နာမည်က ဦးမင်းတိမ်တိုက်တဲ့လား"

မောင် ဓာတ်ပုံကြီးကိုငေးစိုက်ကြည့်ရင်း ပါးစပ်အဟောင်းသားကလေးနဲ့။

အန်တီဒေါ်ခင်မိုးမိုးရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသား ဦးမင်းတိမ်တိုက်တဲ့။ ဟိုမိန်းမ မပြောရင် ဦးမင်းထီးရှည်လို့ပဲ သူ့မစိတ်က ထင်နေမိတော့မှာ။

လောကကြီးမှာ လူတူမရှား နာမည်တူမရှားဆိုတာ ဒါမျိုးပဲ





ဆင်ပါရဲ့။

"ဟုတ်တယ်လေ ... ဦးမင်းတိမ်တိုက်က နိုင်ငံတကာလှည့်ပြီး စီးပွားရေးလုပ်နေတာ၊ စင်္ကာပူနဲ့ရန်ကုန်ဆို အခေါက်ခေါက်အခါခါသွားနေတာ စီးပွားရေးလုပ်ငန်းတွေအားလုံးကို သူပဲဦးစီးတယ်၊ ရန်ကုန်မှာ သူမရှိပေမယ့် ဖုန်းနဲ့ပဲ တိုက်ရိုက်ညွှန်ကြားနေတာ၊ သဘောကောင်းတယ် ... စကားပြောရင်တော့ ခပ်ပြတ်ပြတ်ပြောတတ်တာ ဦးမင်းတိမ်တိုက်ရဲ့အကျင့်ပဲ"

မောင် စိတ်လျှော့ပြီး ဓာတ်ပုံကြီးပေါ်ကအကြည့်ကို ပြန်သိမ်းလိုက်ရပေမယ့် မောင့်မျက်ဝန်းထဲ စွဲထင်ပါလာတာ ဦးမင်းတိမ်တိုက်ဆိုသော လူတစ်ယောက်ရဲ့ ညို့ချက်ပြင်းသော အကြည့်စူးစူးလေးတွေရယ်ပါပဲ။

"ဘာလဲဟင် ... ညီမလေးက ဦးမင်းတိမ်တိုက်ကို စိတ်ဝင်စားလို့လား ..."

"ဟာ ... မဝင်စားပါဘူး သိချင်လို့မေးမိတာ"

"ကဲ ... အအေးလေးသောက်ရင်း ခဏစောင့်လိုက်ပါဦး၊ ဦးမြတ်ကိုရော ဒေါ်ခင်မိုးမိုးပါ ဘုရားခန်းထဲမှာ ပုတီးစိပ်နေလို့"

"ဟို ... ဟိုလေ ..."

"ဟင် ... ဘာလဲ ညီမလေး ... ပြောလေ ..."

"ဖေဖေ ... ကျွန်မဖေဖေ နေကောင်းရဲ့လားဟင်"

"ပြောရမှာတော့ စိတ်မကောင်းဘူးညီမလေး၊ ဆရာဝန်ကြီးတွေမှန်းထားတာတော့ နောက်ထပ်ခြောက်လလောက်ပဲ နေရတော့မယ်တဲ့ ... ညီမလေးကိုလည်း အန်ကယ်ဦးမြတ်ကိုမှာ သမီးတစ်ယောက်ရှိတယ်သာ အသံကြားရပြီး လူကို အခုမှမြင်ဖူးလို့



www.burmeseclassic.com

www.burmeseclassic.com



အုံ့ဩနေတာ … ဦးမြတ်ကိုကို စိတ်နာပြီး ညီမလေးတို့သားအမိနှစ်ယောက်စလုံးက အဆက်အသွယ်ဖြတ်ထားတာဆို … ”

ကြည့်ပါဦး …

သူ့မှာ သမီးတစ်ယောက်ရှိတာကို ဖေဖေက အားလုံးကို အသိပေးထားခဲ့တာပဲ။ ဒါဆိုရင် … ဖေဖေ မဆိုးသေးဘူးပေါ့၊ မောင်နဲ့မေမေက မာနကြီးလွန်းလို့ နှစ်ပေါင်းများစွာ ဖေဖေလက်လွှတ်လာခဲ့ရတာပေါ့။

“ဟိုလေ … ဘယ်လိုပြောရမလဲ … ”

“အို … သိတယ် … သိတယ် … လောကကြီးမှာ ဒီလိုဇာတ်လမ်းမျိုးတွေ အများကြီးရှိတယ်၊ ညီမလေးတို့သားအမိနှစ်ယောက်စလုံး မာနကြီးခဲ့တာကိုလည်း နားလည်တယ်၊ အခု … အန်ကယ်ဦးမြတ်ကိုကလည်း နောက်ဆုံးအချိန်ကို ရောက်နေပြီဆိုတော့ ညီမလေး အခုလိုလာကြည့်တာ ဝမ်းသာတယ်၊ အန်ကယ်ကလည်း ညီမလေးကိုတွေ့လိုက်တာနဲ့ အရမ်းပျော်သွားမှာ”

“တီ … တီ … ”

“ဟော … ပြောရင်းဆိုရင်း ဦးမင်းတိမ်တိုက် ပြန်လာပြီထင်တယ်၊ ခဏလေးနော် … ညီမလေး မမထွက်ကြိုလိုက်ဦးမယ်”

အိမ်ဖော်အစ်မ ပြေးထွက်သွားတာကိုကြည့်ပြီး မောင်စိတ်လှုပ်ရှားသွားတာ ထိန်းထားလို့တောင်မရ။

ဓာတ်ပုံထဲက ဦးမင်းတိမ်တိုက်ဆိုတဲ့လူ ပြန်လာပြီတဲ့။

ကြည့်ပါဦး … ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မောင်ကလည်း ဖေဖေ့ကို လူနာကြည့်မယ်ဆိုပြီး ဒီနေ့မှ ထွက်လာမိတာ။

မောင်တစ်ယောက်တည်း အိုးတိုးအမ်းတမ်းလေးဖြစ်ပြီး





တစ်ကိုယ်လုံးလည်း အေးစက်နေသည်။ မောင်စိတ်ဝင်စားတာ ဦးမင်းထီးရှည်ဆိုတဲ့ လူနဲ့ ခွဲမရအောင်တူလွန်းနေတဲ့ ဦးမင်းတိမ်တိုက်ဆိုတဲ့ လူတစ်ယောက်ကိုပါပဲ။

“ဘယ်လိုဖြစ်တာလဲ … မငွမ်း … ဒက်ဒီ နေမကောင်းဘူးဆို”

အိုး … ကြည့်ပါဦး … ဒီအသံ …

ဦးမင်းထီးရှည်အသံနဲ့ တစ်ထေရာတည်းတူနေတဲ့အသံ။

မငွမ်းဆိုတဲ့အိမ်ဖော်အစ်မကို မေးလည်းမေး ဧည့်ခန်းထဲကို ဝင်လာတဲ့ ရှူးဖိနပ်သံ တဒေါက်ဒေါက်ကိုလည်း မောင်ကြားလိုက်ရသည်။

“ဟုတ်တယ် ကိုကြီး … ဆရာဝန်ပြောတာ နောက်ခြောက်လတဲ့ … ”

ဘယ်ဆိုးလို့လဲ …

ဖေဖေ့နောက်အိမ်ထောင်ကပါတဲ့သားဆိုပေမယ့် ဖေဖေ့ကိုတော့ ဂရုတစိုက်နဲ့ စိုးရိမ်တကြီး မေးဖော်ရသားပဲ။

မောင် မနေနိုင်တော့လို့ … ဦးမင်းတိမ်တိုက်ဆိုတဲ့လူကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ …

“အို … ”

မောင်ပဲ မျက်စေ့မှားသွားသလား။

လောကကြီးကပဲ အံ့ဩဖို့ကောင်းနေတာလားဆိုတာလည်း မောင် ဘယ်လိုမှ မခွဲခြားနိုင်တော့ပါ။ ဦးမင်းထီးရှည်နဲ့မတူတာဆိုလို့ သူ့ဆံပင်တွေ နက်မှောင်ရှင်းသန့်ပြီးတော့ ပခုံးစွန်းနှစ်ဖက်ပေါ်ထိရောက်အောင် အရှေ့လိုက်ဝဲကျနေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မဂွမ်း ... သူက ဘယ်သူလဲ ..."

မောင့်ကို ညှော်ခန်းမှာတစ်ယောက်တည်း ထိုင်နေတာမြင်တော့ သူတအံ့တဩနဲ့ မျက်တောင်တွေပင့်ကြည့်ရင်း ခပ်မာမာ အသံကလေးဖြင့် လှမ်းမေးသည်။

"အဲဒါ ... အန်ကယ် ဦးမြတ်ကိုရဲ့ သမီးလေ ..."

"ဘာ ... ဘာပြောတယ်"

အပေါ်ထပ်ထိ တက်သွားတော့မလို ခြေလှမ်းပြင်လိုက်ပြီးမှ မောင့်ဘက်ကို ဦးမင်းတိမ်တိုက် ပြန်လှည့်လာခဲ့ပြီ။

"ဒါ ... ဒါဆို ... ဒက်ဒီပြောတဲ့ ချစ်သောမောင်ဆိုတာ ဒီကောင်မလေးပေါ့"

ဘယ်လိုဖြစ်တာလဲဟင်။

လူကိုကြည့်လိုက်တာရော ပြောလိုက်တာပါ အသံကတော်တော်မာနေပါလား။ သူဝတ်ထားတာလည်း ခါတ်ပုံထဲကလို အနောက်တိုင်းဝတ်စုံလေးနဲ့ ပြုံးရယ်ခြင်းမရှိတဲ့မျက်နှာထားနဲ့ မောင့်ကိုတည့်တည့်ပဲ စိုက်ကြည့်ကာ ဒီဘက်ကိုပြန်လှည့်လာသည်။

တစ်ခုပဲကွာနေတာက ဒီလူ့မျက်နှာထားက တစ်လောကလုံး ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ဟန်နဲ့ တည်တင်းမာကြောနေတာ သေချာသွားပါပြီ။ ဦးမင်းထီးရှည်နဲ့အသံရော ရုပ်ပါတူနေပေမယ့် ဒီလူဟာ ဦးမင်းထီးရှည် မဟုတ်တော့ဘူးဆိုတာ မျက်နှာလေးဖြူနုအိစက်နေတာလေးကအစ ဦးမင်းထီးရှည်နဲ့ တခြားစီ။

"ကဲ ... ပြောပါဦး၊ မင်း ... အခုမှ ဒီခြံထဲကို ဘာလို့လိုက်လာတာလဲ၊ မာနတွေ စွတ်ကြီးပြီး ဒက်ဒီ့ကို ဆယ့်ငါးနှစ်လုံးလုံး မင်းတို့ပစ်ထားခဲ့တာလေ ..."





"ရှင် ..."

မောင် မျက်တောင်လေးကော့သွားတာ ဒီလူပြောလိုက်တဲ့ စကားကို မကျေနပ်လို့ပါ။ ဆယ့်ငါးနှစ်လုံးလုံး သူ့ဒက်ဒီကိုမောင်တို့က ပစ်ထားလို့တဲ့။ ကြည့်နေတာလည်း အထက်စီးက မေးလိုက်တာလည်း မာရေကျောရေ။

ဒီလူ ဘယ်လိုလူလဲ။

မောင့်နှုတ်ခမ်းလေးက ဟွန့်ခနဲတော့ တစ်ချက်မဲ့သွားသည်။

"ဒီမှာ ဦးမင်းတိမ်တိုက် ... ကျွန်မ ဒီခြံကိုလာတာ ဘာမျှော်လင့်ချက်နဲ့မှ လာခဲ့တာမဟုတ်ဘူး၊ ဖေဖေ့ကျန်းမာရေး မကောင်းတော့တာကိုသိလို့ သမီးတစ်ယောက်အနေနဲ့လာကြည့်တာ၊ မဆိုင်တဲ့လူတွေကို ပတ်သက်ချင်တဲ့ဆန္ဒ လုံးဝမရှိဘူး"

"ဘာပြောတယ်ကွ"

ကြည့်စမ်း ...

သူ့မျက်ဝန်းတွေထဲမှာ အရောင်တွေ တဖျတ်ဖျတ်လက်သွားအောင် ဒေါသရိပ်တွေက ဖြာသွားခဲ့ရပြီ။ တော်တော်မာတဲ့လူ ချမ်းသာတဲ့အရှိန်နဲ့ တော်တော်အတ္တကြီးတဲ့လူ။

ဦးမင်းထီးရှည်လို အောက်ကျခံတတ်တဲ့လူမျိုးနဲ့တော့ ရိုက်ချင်းက တခြားစီ။ မောင် တော်တော်လေးတော့ အံ့ဩမိသည်။

ချက်ချင်း ပြန်ထွက်သွားချင်စိတ်ပင် ပေါက်သွားရ၏။

"ဒီမှာ ... ငါ အခု ... မြန်မာပြည်ကိုပြန်လာတာ ဒက်ဒီနဲ့ ခါမီကိုယ်တိုင်က မင်းနဲ့ပေးစားချင်တယ်ဆိုလို့ ပြန်လာတာ၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



က မွေးထားတဲ့ အဖေကိုမသိတတ်ဘဲ ခပ်ပြတ်ပြတ်ပစ်ထားခဲ့တာ မှန်ပေမယ့် ... မင်းတို့ကြောင့် ဒက်ဒီ ဘယ်လောက်ခံစားခဲ့ရတယ် မင်း ထင်သလဲ ... "

"ရှင် ... ရှင် ... လူကိုလာပြီး မဟောက်နဲ့နော်"

မောင် မျက်နှာထားလေးက နှစ်ဆပိုပြီး တည်သွားရ၏။

"ဖေဖေ ခံစားရတာကို ကျွန်မတို့မသိတာထက် ကျွန်မတို့ ခံစားခဲ့ရတာကို ဖေဖေက သိခဲ့လို့လား၊ ဘာပဲဖြစ်ဖြစ် ခုချိန်က ဖေဖေ့ကို မာနကြီးပြနေရမယ့်အချိန် မဟုတ်တော့တာကို ကျွန်မ ရော မေမေပါသိနေလို့ ဖေဖေ့ဆီကို ပထမဆုံးအကြိမ်အဖြစ်နဲ့ ကျွန်မ လိုက်လာခဲ့တာ၊ ဖေဖေ နေမကောင်းရင် ဖေဖေ့အနားမှာ တစ်နေ ကုန်ပြုစုမယ်၊ ညရောက်ရင်ပြန်မယ်၊ ဒါပဲ ... လက်ထပ်ဖို့ကိစ္စကို လည်း ကျွန်မ စိတ်မဝင်စားဘူး ... ရှင့်ဟာရှင် မိုးပျံအောင် ဘယ် လောက်ပဲ ချမ်းသာ ချမ်းသာ ကျွန်မမှာ ရည်းစားရှိတယ်"

"ဘာပြောတယ် ... "

သူ တုန်လှုပ်သွားတာကိုကြည့်ပြီး မောင် ရယ်ချင်လိုက်တာ။

ဟုတ်တယ်လေ ... မောင်ကတော့ ရှင်းရှင်းနဲ့ပြတ်ပြတ်ပဲ သူ့ကိုပြောလိုက်မိတာ။ ကိုယ့်မှာ ချစ်ရမယ့်ချစ်သူရှိနေလို့ ရှိနေတဲ့ အကြောင်းပြောတာ ဘာဖြစ်လဲ။

"ဒီမှာ ... မဌမ်းက ဒက်ဒီဦးမြတ်ကိုရဲ့သမီးပါပြောလို့ ငါ မင်းကို စိတ်ဝင်စားသွားတာ၊ မင်းကို အသားပဲမည်းမည်း ရုပ်ပဲဆိုး ဆိုး၊ ဒက်ဒီ မာမီတို့ ဆန္ဒအတိုင်း လက်ထပ်ယူပေးမယ်ဆိုတာ ငါက ပေးခဲ့ပြီးသား၊ ဒါကြောင့်မို့ ... နိုင်ငံခြားမှာ အလုပ်တွေရှုပ်နေတဲ့ ကြားက ငါပြန်လာတာ၊ ဘယ်လိုအကောင်မျိုးနဲ့ ရည်းစားဘယ်လို





ထားထား မင်းဖြတ်ရမယ်၊ ရှင်းတယ်နော် ... ငါပြောတာ ... ငါ့ နာမည် မင်းတိမ်တိုက်၊ ငါခေါင်းညိတ်သဘောတူပြီးသားကိစ္စကို ခေါင်းခါငြင်းဖို့ ဘယ်တော့မှ မကြိုးစားနဲ့"

"ဘုရားရေ ... "

မောင့်မျက်တောင်ရှည်တွေ ပင့်တက်ခဲ့ရပြီ။

ဒီလူ ... ဒီလူ ... အတ္တတော်တော်ကြီးတဲ့လူ။

ဒီလူ့မှာ ထောက်ထားငဲ့ညှာစာနာတတ်တဲ့ နှလုံးသားတွေမှ ရှိရဲ့လား။ မိန်းမတစ်ယောက်နဲ့ လက်ထပ်ရမယ့်ကိစ္စကို သကြားလုံး အခွံခွာစားသလို လွယ်တယ်များထင်နေသလား။ သေချာနေတာ က မောင့်ကို သူကြိုးဆွဲရာကမယ့် အရုပ်ကလေးတစ်ရုပ်လို့ သဘော ထားနေတာပါ။

"ရှင် ... ရှင် ... အတ္တမကြီးနဲ့ဦးမင်းတိမ်တိုက်၊ ချစ်သော မောင်ဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာ ရှင် ဖန်ဆင်းပေးမှ ရှင်သန်ခွင့်ရမယ့် အရုပ်လေးတစ်ရုပ်မဟုတ်ဘူး၊ နှလုံးသားရှိတယ်၊ ခံစားချက်ရှိတယ်၊ မာနရှိတယ် ... ရတယ် ... ရှင်မကျေနပ်ရင် ကျွန်မ ပြန်မယ်"

"သမီး ... ချစ်သောမောင် ... "

မောင် ဖျတ်ခနဲ ထရပ်လိုက်တော့မှ ...

အပေါ်ထပ်ကနေ လူတွဲနဲ့ ဒယီးဒယိုင် ဆင်းလာတာ ဖေဖေ။

ကြည့်ပါဦး ... တစ်နေ့တခြား ဖေဖေ့ရုပ်ရည်က အိုမင်းသွား လိုက်တာ။

"အို ... ဖေဖေရယ် ... "

မောင် အခုမှ ဖေဖေ့ကိုကြည့်ပြီး ရှိုက်ငိုရကောင်းမှန်းသိခဲ့

www.burmeseclassic.com



ပါပြီ။ ဖေဖေ့ရဲ့ နေဝင်ချိန် သိပ်မကြာတော့ဘူးဆိုတာလည်း မောင်နားလည်လက်ခံလိုက်ရပြီ။

"သမီး … သမီးတို့နှစ်ယောက်ပြောနေတာတွေအားလုံး ဖေဖေ ကြားတယ် … ဖေဖေ … ဖေဖေ အားလုံးကို ရှင်းပြပါ့မယ် သမီးလေးရယ် … အဟွတ် … ဟွတ် … ဟွတ် … "

ဖေဖေ ရောဂါကြောင့် တော်တော်လေးမောနေပုံရ၏။ အန်တီဒေါ်ခင်မိုးမိုးကပါ ဖေဖေ့ကို ဘေးကနေပိုင်းတွဲပြီး အပေါ်ထပ်ကနေ ဆင်းလာသည်။

"ဖေဖေရယ် … အဟင့် … "

မောင် မျက်ရည်သုတ်ရင်း ဖေဖေ့ဆီကို ပြေးသွားမိ၏။

ဖေဖေ လက်မောင်းတစ်ဖက်ကို မောင်ကပဲ ဆွဲယူချုပ်ကိုင်သည်။

"သမီး … သမီး … ဖေဖေ့ကို လာကြည့်တာပါ ဖေဖေ"

"အဲဒါ ဖေဖေသိတယ်လေ သမီးရဲ့ … အပေါ်မှာ ပုတီးစိပ်ဘုရားကန်တော့နေလို့ သမီးဆီကို ချက်ချင်းဆင်းမလာနိုင်တာ၊ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် သားကြီးကလည်း ပြန်ရောက်လာပြီဆိုတော့ သားတို့သမီးတို့ ရှေ့ခရီးအတွက် မိသားစုတွေအားလုံး တိုင်ပင်ရတော့မှာပေါ့ကွယ် … အခု ဖေဖေကလည်း အဟွတ် … ဟွတ် ဟွတ် … "

"ဟာ … ဖေဖေ အရမ်းမောနေမယ်လေ စကားမပြောနဲ့"

မေမေကလည်း မောင့်ကိုမှာလိုက်တာ …

ဖေဖေဟာ ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ဘာတွေပဲလုပ်ခဲ့ လုပ်ခဲ့ ကိုယ့်ဖေဖေဟာ ကိုယ့်ဖေဖေပဲတဲ့။ လောကကြီးမှာ ဘယ်တော့မှ





အစားထိုးလို့မရနိုင်တာ အဖေနဲ့အမေပဲ ရှိတာတဲ့။

ဒါကြောင့်မို့ … နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ အဖေ့ကို ကြည့်ကာ မောင် ဝမ်းနည်းလို့မဆုံး။

"သား … မင်းတိမ်တိုက်"

"ဗျာ … ဒက်ဒီ … "

"ဟိုမှာ အလုပ်လုပ်ရတာ အစစအရာရာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဒက်ဒီ … "

"ဒီမိန်းကလေးက ဒက်ဒီရဲ့သမီးလေး ချစ်သောမောင်လေ"

"ဟွန်း … "

သူ နှုတ်ခမ်းလေးမဲ့သွားတာကို မောင်ကလည်း မြင်ဖြစ်အောင်မြင်လိုက်ရသည်။ မောင် ဘာရယ်မဟုတ်ဘဲ မျက်စောင်းလေးတော့ ထိုးလိုက်မိ၏။

ဖေဖေ့ကို ခုံမှာထိုင်စေပြီးတော့မှ မောင်က ဖေဖေ့ခြေရင်းမှာပဲ ခေါင်းကလေးငုံ့ကာ ကြို့ကြို့လေး ဆင်းထိုင်သည်။

"ဟာ … သမီး ချစ်သောမောင်၊ ဘယ်နှယ့်အောက်မှာဆင်းထိုင်ရတာလဲ … အန်တီတို့နဲ့အတူတူ ဆက်တီပေါ်မှာပဲထိုင်လေ"

ဒေါ်ခင်မိုးမိုးကလည်း အမေအရင်းအချာတစ်ယောက်လို။ ပျာပျာသလဲ ဟန်ကလေးနှင့်မောင့်ကို ဂရုစိုက်နေ၏။

"ဟာ … ရပါတယ် အန်တီ … မောင် ဖေဖေ့အနားမှာပဲ ထိုင်ချင်လို့ပါ"

မောင် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ ဖေဖေ့မျက်နှာလေးကိုပဲ စိုက်ကြည့်နေမိတော့၏။ ဖေဖေရယ် … မောင် ဖေဖေ့ကို မြင်ချင်လို့လာခဲ့တာပါ။ ဦးမင်းတိမ်တိုက်ဆိုတဲ့လူကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လက်ထပ်ရမယ့်ကိစ္စတွေကို မောင် စိတ်မဝင်စားပါဘူး။

သူ့ကိုလည်း မောင်ချစ်လို့ မရပါဘူး။

အရေးကြီးတာ ဖေဖေပဲ ...

ဖေဖေ ဘာပြောမလဲဆိုတာပဲ မောင်နားထောင်ရတော့မှာ ပေါ့။

"သမီး ချစ်သောမောင် ..."

"ရှင် ... ဖေဖေ ..."

"ဖေဖေ့ဆီကို သမီးလာတာ ဖေဖေအရမ်းဝမ်းသာတယ်"

"ဟုတ် ..."

"ဖေဖေ မှားခဲ့တာရှိရင် သမီးခွင့်လွှတ်နော်"

"ဖေဖေရယ် ..."

ဇမောင့်ရင်ထဲမှာ နင့်ခနဲ ဖြစ်ရသည်။

တကယ်လည်း ဖေဖေ့မျက်နှာပေါ်မှာ သမီးနဲ့ဓနီးသည်ကို ပစ်ခွာခဲ့ရသည့်အတွက် နောင်တ တရားတွေနဲ့ ကြေကွဲနေခဲ့ပုံပင်။

ဦးမင်းတိမ်တိုက်ဆိုတဲ့လူကတော့ ...

လက်ပိုက် နှုတ်ခမ်းမဲ့ကာ အားလုံးကိုကျောခိုင်းရပ်လျှက်။

"သမီးကို ဖေဖေတစ်ခုပဲ ပြောမယ်"

"ဟုတ် ... ပြောပါ ဖေဖေ ..."

"ဖေဖေ့မျက်လုံးတွေ စုံမှိတ်မသွားခင် ဖေဖေ့သားကြီး မောင်မင်းတိမ်တိုက်နဲ့ သမီးကို ထိမ်းမြားပေးချင်တယ်၊ ဒါကို ... သမီးလိုက်လျောပါ"

မောင် ချက်ချင်း ခေါင်းခါလိုက်ဖို့ စဉ်းစားလိုက်ပေမယ့် နောက်မှ စိတ်ကို ထိန်းချုပ်လိုက်ပြီး ... ဖေဖေ့စကားဆုံးအောင်ပဲ





နားစွင့်ထားလိုက်သည်။

အန်တီ ဒေါ်ခင်မိုးမိုးကလည်း ဝင်ပြော၏။

"သမီးဖေဖေ ပြောတာကို အန်တီကလည်း ထောက်ခံတယ် လေ သမီး ... သမီးမေမေနဲ့ အန်တီတို့ကြားမှာ နှစ်ပေါင်းများစွာ ပေါက်ဖွားလာခဲ့ရတဲ့ အမုန်းတွေ နာကြည်းမှုတွေကို တစ်ဖက်နဲ့ တစ်ဖက်ပြေပျောက်သွားစေချင်လို့ ဒီကိစ္စကို အန်တီတို့မဖြစ်မနေ စဉ်လိုက်ရတာပါ ... သားနဲ့သမီး ချစ်သောမောင်ကို အန်တီက ည်း လိုက်လိုက်လှဲလှဲသဘောတူတယ် ... သမီးဖေဖေ မရှိတော့ ဲ့နောက်ဆုံးတစ်နေ့ကျရင် အန်တီကိုယ်တိုင် ရာသက်ပန်ရိပ်သာ င်ယောဂီအဖြစ်နဲ့ တရားဓမ္မရိပ်မှာ ခိုလှုံတော့မှာလေ"

"ရှင် ... အန်တီ ..."

မေမေကလည်း ဒီအတိုင်း ဆုံးဖြတ်ထားတာပဲ။

မောင် အန်တီ့မျက်နှာလေးကိုပဲ ငေးကြည့်နေလိုက်မိသည်။

ကြည့်ရင်း ... တစ်ခုတော့ မောင်ပြောလိုက်မိ၏။

"ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ ... မေမေကလည်း ဒီအတိုင်း သူ့ဆန္ဒကိုပြောပါတယ်၊ အိမ်မှာလည်း မောင့်ကိုနားချပါတယ်၊ ပေမဲ့ ... ခက်နေတာက မောင့်မှာ ... မောင့်မှာ ..."

ထစ်ထစ်ငေါ့ငေါ့လေးနဲ့ပဲ မောင့်စကားလေးက ရပ်သွား ည်။

မောင် ဘယ်လိုပြောရမလဲ။

မောင့်မှာချစ်ရမယ့်သူ လက်ထပ်ရမယ့်သူရှိနေပါပြီဆိုတာ င် အတိအလင်း ဘယ်လိုကြေညာလိုက်ရမလဲ။

"ဒီမှာ ... ဒီမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

မောင်တို့ဘက်ကို ရုတ်တရက်လှည့်လာတာ ဦးမင်းတိမ် တိုက်ပါ။ ဒီလိုလှည့်တော့ ပခုံးစွန်းနှစ်ဖက်ကို တိကျနေတဲ့ဆံပင် ရှည်တွေကပါ ဖျတ်ခနဲ ဘယ်ညာယမ်းသွားသည်။

သူစူးစူးစိုက်စိုက်ကြည့်ပစ်လိုက်တာက မောင့်ကိုလေ။

"ဒက်ဒီနဲ့မာမီ စိတ်ဆင်းရဲအောင် မင်းဘာမှအပိုတွေမပြော နဲ့ ... "

"အို ... ကျွန်မ ဘာပြောလို့လဲ"

"ဒီမှာ ... မင်းပြောတော့မယ့်စကားကို ကြိုသိနေလို့ငါတား နေတာ၊ မိဘတွေရဲ့သဘောဆန္ဒကို နည်းနည်းလေးတောင် ... ကွက်ဖို့ မင်းမစဉ်းစားပါနဲ့၊ ငါဆုံးဖြတ်ချက်က လုံးဝရှင်းတယ် ... တူးတူးခါးခါး ငါမင်းကိုပဲ လက်ထပ်မယ် ... ပြိုင်ဘက်တွေရှိရင်လည်း အားလုံးကို ကျော်ဖြတ်မယ်လို့ ဒီနေရာကနေ ငါအတိအလင်း လူး ကြေညာတယ် ... "

"ရှင် ... "

"ဒါကြောင့်မို့ ... မင်းခေါင်းညိတ်လိုက်ပါ၊ မင်းခေါင်းညိ သဘောတူပြီးတာနဲ့ နှစ်ပတ်အတွင်း လက်ထပ်ပွဲကို ငါစီစဉ် ထပ်ပြောမယ် ... ငါ မင်းကိုမြင်လိုက်တာနဲ့ သဘောကျတယ်"

"ဘုရားရေ ... "

မောင့်ကိုမြင်လိုက်တာနဲ့ သူကပဲ သဘောကျသတဲ့။

"သမီး ကြားတယ်နော် ... "

ဒေါ်ခင်မိုးမိုးက သူ့သားတော်မောင်ကိုကြည့်ကာ တပြုံး

"သားကိုတော့ သမီးချစ်သောမောင် စိတ်မဆိုးပါနဲ့ ...





... စကားပြောရင် ခုလိုပဲ ခပ်ပြတ်ပြတ် ခပ်မာမာလေးပြောတတ် ... ာလေ"

"ဟွန်း ... ရပါတယ် အန်တီ ... မောင်ဒီကိုလာခဲ့တာ လက် ... ပ်ဖို့ရည်ရွယ်ပြီးလာခဲ့တာ မဟုတ်ပေမယ့် ဖေဖေတို့အန်တီတို့ ... ပြောတဲ့စကားကို မောင် စဉ်းစားပြီး အကောင်းဆုံးတုန့်ပြန်ပေးပါ့ ... ယ် ... ခုချက်ချင်းကြီး ဆုံးဖြတ်လိုက်ရမှာ မောင့်အတွက်ခက်နေ ... ပါ ... ခုလောလောဆယ် အရေးကြီးနေတာ ဖေဖေရဲ့ကျန်းမာ ... ပါ ... ဒါကိုပဲ မောင် စိတ်ပူနေပါတယ်"

"သမီးရယ် ... "

ပထမဆုံးအကြိမ် ဖေဖေက မောင့်ပခုံးလေးကို ပွေ့ဖက် ... ည်။

"ဖေဖေ ... နေကောင်းအောင်နေပါနော် ... "

ပြောရင်း ... မောင် မျက်ရည်ကျရပြန်ပါပြီ။

"ကဲ ... သားကြီး ... မင်းညီမလေး ချစ်သောမောင်ကို ... ရောက်အောင် မင်းပဲပြန်ပို့လိုက် ... "

"ဟာ ... ရတယ်ဖေဖေ၊ မောင် ကိုယ့်ဘာသာကိုယ်ပဲပြန်

"သမီး မငြင်းနဲ့ ... "

မောင် ဘာပြောနိုင်တော့မှာလဲ။

မောင် တစ်ခုပဲ စဉ်းစားလိုက်မိတာ။ မောင်ဟာ မင်းတိမ် ... လို့ အမည်ရတဲ့လူတစ်ယောက်လက်ထဲက သက်မဲ့အရုပ်လေး ... ပ် ဖြစ်သွားခဲ့ပြီလားဆိုတာ။

"ဖေဖေ ... သမီးကို နောက်ဆုံးတစ်ခုပဲပြောမယ်၊ သားကြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းတိမ်တိုက်နဲ့ လက်ထပ်လိုက်မှ ဖေဖေစိတ်ဖြောင့်ဖြောင့်နဲ့ လောကကြီးထဲကနေ ထွက်သွားနိုင်တော့မှာ ... ရှစ်နှစ်သမီးအရွယ် လေးကတည်းက ခွဲခဲ့ရတဲ့သမီးအပေါ်မှာ အမေတစ်ယောက် တာဝန်တွေ ကြေသွားချင်တယ် ... သားကြီးကိုလည်း သမီးစိ ချပါ၊ သားကြီးက စကားပြောတာလေး နည်းနည်းမာပေမယ့် အရွယ်ထိ မိန်းကလေးတွေကို မပတ်သက်ဘဲ နေလာခဲ့တာ"

"ဟွန်း ... "

မောင် နှုတ်ခမ်းလေးတော့ မဲ့မိသည်။

ဘာပဲပြောပြော မောင်တစ်ခုပဲ စဉ်းစားလို့မရတာက တိမ်တိုက်ဆိုတဲ့ ဒီလူဟာ ဘာကြောင့်များ ဦးမင်းထီးရှည်နဲ့တူ ရတာလဲ။

တစ်ယောက်က လုပ်ငန်းရှင်သူဌေး၊ နိုင်ငံခြားကနေ ဆောင်အိတ်တွေ တပုံတပင်နဲ့ အခုမှမြန်မာပြည် ရန်ကုန်မြို့ကို ရောက်လာခဲ့သူ။ ဟိုတစ်ယောက်က သူပါလာတဲ့ အိတ်စုတ် လွယ်ပြီး မောင့်ကိုစိတ်နာနာနဲ့ သေိုင်းချောင်းရေကြည်ကို ငိုက်စိုက်ချလို့ ပြန်သွားတဲ့လူ။

ဘဝချင်းမတူပေမယ့် လူချင်းတူနေတာက ခက်နေသည်

ပြောရရင် ... မောင် တကယ်ချစ်သွားခဲ့တာက ...

မျက်နှာငယ်ငယ်လေးနဲ့ အောက်ကျခံတတ်တဲ့ မင်းထီး ဆိုတဲ့ လူကြီးတစ်ယောက်ကိုလား။

ခန်း ( ၁၅ )

"ဆောရီးပဲ ချစ်သောမောင် ... "

"ဟင် ... "

"မင်း ငါ့ကို ဘာမှထပ်မပြောနဲ့"

"မဟုတ်ဘူးလေ ... ဦးမင်းတိမ်တိုက် ... ကျွန်မက ... "

"ရတယ် ... မင်းကိုစတွေ့လိုက်ရကတည်းက ငါသဘောကျ ယ်လို့ ပြောပြီးသား၊ အဲဒါ ... လူကြီးတွေရှေ့မှာမို့ ထိန်းထိန်းသိမ်း မ်း ငါပြောလိုက်တာ၊ ငါတကယ်နှစ်ယောက်တည်းတွေ့ရင် ပြော ယ့်စကားက ရှင်းရှင်းလေး ... မင်းကို ငါချစ်တယ် ... ဒါပဲ"

"ရှင် ... "

လေသံကမာပေမယ့် ပြောတာက ပြတ်သည်။

မျက်နှာထားတည်တာကလည်း လုံးဝအငြိမ်ဇယား ခင်း ားသည်။ နက်ပြာရောင် အနောက်တိုင်းဝတ်စုံလေးကို ရှပ်အဖြူ ောင်လေးနှင့်တွဲကာ ဝတ်ထားတာမို့ ရှင်းသန့်အိစိုသော အသား ည်က ဦးမင်းထီးရှည်လို လမ်းပေါ်ကလူတစ်ယောက်နဲ့တော့ သိသာသာ ကွာနေခဲ့တာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းတယ်နော် ချစ်သောမောင် ... "

"ဖြောက် ... "

ကြည့်စမ်း ... ကားမောင်းရင်း စီးကရက်တစ်လိပ်ကိုဖ
ကာ စတီးရောင်ပြောင်လက်နေသည့် ဇစ်ပိုမီးခြစ်အကောင်း
လေးကို ဖြောက်ခနဲခြစ်ကာ ပစ်လိုက်ရင်း မီးညှိဖွာရှိုက်လိုက်
မြင်လိုက်ရတော့ ဦးမင်းထီးရှည်နဲ့မတူတာကို မောင် ချက်ချင်းသ
ထားလိုက်မိသည်။ ဟိုတစ်ယောက်က ဆေးလိပ်သောက်တတ်
မှ မဟုတ်တာလေ။ ဟိုတစ်ယောက်နဲ့တော့ တစ်ခြားစီပဲ။

"ရှင် ... ရှင်က စီးကရက် ကြိုက်တယ်နော်"

"ကြိုက်တာပေါ့ကွ ... ငါဆယ့်ရှစ်နှစ်သားအရွယ်ကတည်း
စီးကရက်ကို လက်ကြားညှပ်တတ်လာတာ၊ စိတ်လှုပ်ရှားလာ
ပိုပြီးတော့ ဖွာချင်တယ် ... အခု မင်းနဲ့တွေ့ခွင့်ရလိုက်တော့ ပိုနိုး
တယ်"

"ကျွန်မ စီးကရက်နံ့ မခံနိုင်ဘူး"

"ဆောရီး ... "

သူတစ်ဖွာ နှစ်ဖွာဆက်ဖွာပြီး ပြာခံခွက်ထဲမှာ မီးငြိမ်းထိုး
သတ်သည်။ ကားမောင်းတာလည်း ဒီလူ တော်တော်ကျွမ်းကျင်
"နေပါဦး ... ငါက အခု မင်းကိုဘယ်လိုက်ပို့ရမှာလဲ"

"မြောက်ဒဂုံလေ ... "

"လမ်းက ... "

"မန္တလေးလမ်း"

"ငါမကျွမ်းဘူးနော် ... မင်းလမ်းပြဖို့တော့ လိုလိမ့်မယ်"

သူတကယ်ပြောနေခဲ့တာ ဖြစ်သည်။





"ဒီမှာ ဦးမင်းတိမ်တိုက် ... "

"ဘာလဲကွ"

"ကျွန်မမှာ ချစ်သူရှိတယ်"

"အဲဒါ ငါဂရုမစိုက်ဘူး"

"ရှင် ... "

"ငါ ... သီတာဒေဝီဇာတ်ထဲက ဒသဂီရိမင်းသား မဟုတ်ဘူး"

သူ မောင့်ကို တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ပြောနေခဲ့တာဖြစ်သည်။

"ကောင်မလေးတစ်ယောက်ကို ယောက်ျားနှစ်ယောက်ပိုင်လုနေရတာလည်း ငါ ဝါသနာမပါဘူး ... မင်းရည်းစား ဘယ်သူလဲဆိုတာလည်း ငါစိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတာ ညှို့အားပြင်းတဲ့ မင်းမျက်လုံးတွေကိုပဲ စိတ်ဝင်စားတယ်၊ စွဲမက်ဖို့ကောင်းတဲ့ မင်းမျက်နှာလေးပေါ်မှာ ငါ့အတွက်ရှိနေမယ့် အပြုံးလေးတစ်ခုကို ငါမျှော်လင့်တယ်၊ ဒက်ဒီ့မှာ ဒီလိုချစ်ဖို့ကောင်းတဲ့သမီးလေးတစ်ယောက်သေချာပေါက် ရှိနေတာကို ငါသိခဲ့ရင် ... "

"ဟင် ... ရှင် ... အဲဒါတွေ မသိဘူးလား ... "

"သိတယ် ... ဒါပေမဲ့ ... ဒီလောက်ထိ မမျှော်လင့်ခဲ့ဘူး"

"ခုလည်း မမျှော်လင့်ပါနဲ့ ... "

"ဘာပြောတယ် ... "

"ဒီဘဝမှာ ဘယ်သူ့ကိုမှ ကျွန်မလက်ထပ်ဖြစ်မှာ မဟုတ်ဘူး"

မောင် ဒီစကားကို အပြတ်ပဲပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်မှာ အဖြေမပေးလိုက်ရတဲ့ ချစ်သူတစ်ယောက်ရှိနေတာ မောင်ပဲသိနေတာလေ။ မောင့်ကို စိတ်နာနာနဲ့ အဝေးကိုထွက်သွားတဲ့ချစ်သူ။ လုံးဝ ကြည့်မရဘူးလို့ ထင်ထားခဲ့ပေမယ့် မမြင်ရရှင်လည်း မသိမသာ လိုက်ရှာနေခဲ့မိတဲ့ ချစ်သူ။

သူ ထွက်သွားပြီဆိုတာ သိလိုက်ရတဲ့နေ့က ...

တစ်နေ့ကုန် အိပ်ယာထဲမှာ ခွေအိပ်နေမိတာ။ သူ စိတ်ကောက်ပြေပြီး ပြန်လာမလားလို့ အိမ်ရှေ့လှေကားလေးမှာ ငိုင်တိုင်တိုင်လေး ထိုင်စောင့်နေမိတာ။

"ဟဲ့ သမီးချစ်သောမောင် ... ထမင်းစားမယ်လေ"

"ဟာ ... မောင်မှ ထမင်းမဆာတာ"

"ကြည့်စမ်း ... မနက်စာလည်း တစ်လုတ်နှစ်လုတ်ပဲစားပြီး လက်ဆေး ထသွားတာ"

"ဟာ ... အဲဒါ အမေချက်ထားတဲ့ဟင်းကိုမှ မောင်မကြိုက်တာ"

"ဟင် ... ဒါဆို ညည်းက ဘာစားချင်လို့လဲ ..."

"ဟိုတစ်ခါချက်တဲ့ ဝက်လက်ပေါင်း ... အမ် ..."

မောင် စကားမှားသွားပြီဆိုတာ ချက်ချင်းသိလိုက်သည်။

"ဟဲ့ ... အဲဒါက မောင်မင်းထီးရှည်ချက်တာလေ"

"ဒုက္ခပါပဲ ..."

မောင် မေမေ့ကို ဘာတွေပြောလို့ပြောမိမှန်းမသိတော့ပါ။ မောင် ကျောပေးထားလို့ မမြင်ရပေမယ့် မေမေ မျက်စောင်းလှမ်းထိုးနေမှာက ဗေဒင်မေးစရာမလို။ ခုလည်း ... စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ဖေဖေ့ဆီကို မောင်တစ်ယောက်တည်း





ထွက်လာပြီးကာမှ ဦးမင်းထီးရှည် အံ့သစ်တစ်ယောက်နဲ့လာတွေ့နေရတဲ့အဖြစ်။

စကားမပြောချင်ဘဲလည်း ဖြေရ ...

ကားမစီးချင်ဘဲလည်း စီးရ၊

ပြီးတော့ ... သူပြောနေတာလည်း မာရေကြောရေ၊

"ဟွန်း ... မင်းဘာပဲပြောပြော ငါကတော့ လက်ထပ်ပွဲကို အကောင်းဆုံးဖြစ်အောင် နှစ်ပတ်အတွင်း စီစဉ်ဖို့ ဆုံးဖြတ်ထားပြီးသား ... ပြီးတာနဲ့ ဘာလီဖြစ်ဖြစ် ဖူးခက်ဖြစ်ဖြစ် တစ်နေရာရာကို ရွေးပြီးသွားမယ်"

"ရှင် ..."

မောင် ဂျောင်ပိတ်မိခဲ့ပြီ။

"ဒီပွဲမှာ မင်းရှင်းရှင်းလေး နားလည်ထားရမှာက ဒက်ဒီဆိုတာ မာမီနဲ့လက်ထပ်ပြီးကတည်းက ငါ့ကို သားတစ်ယောက်လိုချစ်လာခဲ့တာ ... ဒက်ဒီ့ကျေးဇူးတွေ ငါ့အပေါ်မှာ အများကြီးရှိတယ်၊ မင်းတို့သားအမိနှစ်ယောက်ကို ထောက်ပံ့ပေးရမယ်ဆိုတဲ့အသိကလည်း ဒက်ဒီ့ကို အမြဲတုန်လှုပ်နေအောင် ချောက်လှန့်နေခဲ့တဲ့အသိ၊ မင်းတို့ လက်မခံလို့ပြန်လာတိုင်း ဒက်ဒီအမြဲပြောနေကြစကားက သားအမိနှစ်ယောက်စလုံးက မာနအရမ်းကြီးတာတဲ့ ... ငါကတော့ ဒက်ဒီအတွင်းရေးကိစ္စထဲ ဝင်မပါဘဲ မသိချင်ယောင်ဘဲဆောင်နေလိုက်တယ်၊ ငါက စကားများများမပြောတတ်သလို အလုပ်ကိုပဲ များများလုပ်တတ်တဲ့ကောင် ... ဒါကြောင့်မို့ ဟိုနိုင်ငံသွားလိုက် ဒီနိုင်ငံကူးလိုက်နဲ့ စီးပွားရေးနောက်ကိုပဲ တောက်လျှောက်လိုက်သွားခဲ့တာ အခု ... ငါလက်ကိုချိတ်တွဲပြီး ပွဲတက်မယ့် ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးတစ်ယောက်လိုလာတယ်၊ ဒါကြောင့်မို့ ... မင်းကိုပဲငါရွေးချယ်လိုက်တာ၊ မရလို့ မဖြစ်ဘူး ... မရရင် ခေါင်းကိုတစ်ပြက်နဲ့ ချိုလာပြီးတော့ မင်းကို ငါလာသိမ်းမယ်"

"ဟင်"

ပြောရင်း ဒီလူ အတ္တကြီးလာပြန်ပြီ။

"ဒီမှာ ... "

"ပြော ... ဘာလဲ ... "

"ဖေဖေ မသေခင် ဘယ်လိုပဲ ပြုစုရ ပြုစုရ ဘယ်လိုပဲကျေးဇူးဆပ်ရ ဆပ်ရ ဆပ်နိုင်ပေမယ့် ... ကိုယ်မချစ်ဘဲ လက်ထပ်လိုက်ရတဲ့ အဖြစ်မျိုးနဲ့တော့ ဖေဖေ့ကျေးဇူးကို ကျွန်မ ပြန်ဆပ်ဖြစ်မှာမဟုတ်ဘူး ... ရှင် ကျွန်မကို မေ့လိုက်ပါ၊ အခု ကျွန်မချစ်တဲ့သူက ကျွန်မကို စိတ်ကောက်ပြီး အဝေးကိုထွက်သွားတယ် ... သူပြန်လာတဲ့နေ့အထိ သူ့ကို ကျွန်မစောင့်မယ် ... သူနဲ့ပဲ ကျွန်မလက်ထပ်မယ်၊ ရှင့်လို ပွဲတက်မယားကို လက်ချိတ်တက်ဖို့ သိမ်းပိုက်ချင်တဲ့လူမျိုးတစ်ယောက်ကိုတော့ So Sorry anything ပဲ ... ဟွန်း ... "

"ဘာပြောတယ်"

"ရှင် ... စိတ်ကူးယဉ်မနေနဲ့"

"မင်း ... မင်း ... ငါ့ကို ... ငါ့ကို ... "

"တောက် ... "

"ငါကွာ ... ဟား ... "

"ဖြောင်း ... "

သူ တက်လည်းခေါက်၊ ဟားခနဲလည်းအော် ကားစီယာတိုင်ကိုလည်း ဖြောင်းခနဲ အသံမြည်သွားအောင် ပိတ်ရိုက်ချပစ်လိုက်တာ





မောင် လန့်သွားပြီး မျက်တောင်တွေပါ ကော့တက်သွားသည်။ ဒီလိုလုပ်ချလိုက်ပြီးတော့မှ မောင့်ကို လှည့်ကြည့်လိုက်တာလည်း နှာကျင်စူးနစ်စွာ။

"ဟွန်း ... ကောင်းပြီလေ ချစ်သောမောင် ... "

သူ နှုတ်ခမ်းလေးမဲ့ပြီး ပြုံးလိုက်တာ ဘာကိုမှ ဂရုစိုက်မှာမဟုတ်တော့တဲ့အတိုင်း။ သို့သော် ... မောင် အခုမှ သတိထားလိုက်မိတာ မောင်းနေတဲ့ကားအရှိန်ကို သူနှစ်ဆပိုတင်ပစ်လိုက်တာပဲ ဖြစ်သည်။

"ဟင် ... "

မောင် ပတ်ဝန်းကျင်ကို ပြူးပြူးပျာပျာ ကြည့်လိုက်မိတော့လည်း သူမောင်းနေတဲ့နေရာက မြောက်ဒဂုံဘက်ကို ဦးတည်နေတာ မဟုတ်မှန်းသိလိုက်တော့ မောင် တုန်လှုပ်လာသည်။

"ရှင် ... ရှင် ... အခု ဘယ်ကိုမောင်းနေတာလဲ"

"အဲဒါ ... မင်းငါ့ကို မမေးနဲ့"

"ဘာပြောတယ်"

မောင် ဘာမှမပြောနိုင်ခင် ကားလေးက လမ်းမကျယ်ကြီးပေါ်ကတစ်ဆင့် လူရှင်းသော လမ်းသွယ်လေးတစ်ခုထဲကို အရှိန်ပြင်းပြင်းနဲ့ပဲ တရကြမ်း ကွေ့ချိုးချကာ ခပ်ကြမ်းကြမ်းမောင်းဝင်လာခဲ့ပြီ။

မောင် အသိမဲ့သွားသလို ကြက်သေ သေနေသည်။

မောင့်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားခဲ့တာ မျက်လုံးတွေပါ ပြာဝေသွားခဲ့၏။ နောက်ဆုံး မောင်သိလိုက်တာ မြင့်မားသော အုတ်တံတိုင်းခြံစည်းရိုးကြီး ကာထားသော ခြံဝင်းကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲက လှပခေတ်မီသော နှစ်ထပ်တိုက်အဆောက်အဦကြီး ရှေ့မှာ ကားတိုးရပ်သွားခဲ့တာပဲ ဖြစ်သည်။

ဘာပဲပြောပြော သူ့လှုပ်ရှားမှုတွေက မြန်သည်။

ကျောက်ရုပ်လိုဖြစ်သွားသည့် မောင့်ကို ကားတံခါးဖွင့်ပြီး ခပ်ကြမ်းကြမ်း တရွတ်တိုက်ဆွဲချသွားတာ ဆံပင်ရှည်တွေပါ ဖရိုဖရဲ ဖြစ်လျှက်။ အရုပ်လေးတစ်ရုပ်လို ပျော့ခွေပါသွားခဲ့တာပဲဖြစ်သည်။

"ရှင် ... ရှင် ဘာလုပ်တာလဲ ဦးမင်းတိမ်တိုက်၊ လွှတ် ... လွှတ် ... ရှင် ကျွန်မကို အခုလွှတ် ... ကျွန်မအသားကို ရှင်မထိနဲ့"

မောင် အော်ပေမယ့် ခြံကြီးက ဒီလောက်ကျယ်နေတာ။

မောင့်အသံကို ဘယ်သူက ကြားနိုင်မှာလဲ။

ပြီးတော့ တံခါးတွေပွင့်သွားတာ ပိတ်သွားတာတွေအားလုံး ရီမုခလုတ်ကလေးတစ်ခုကို သူကျွမ်းကျင်တိကျစွာ အသုံးချသွားခဲ့တာဖြစ်သည်။

မောင် အသိတရားတွေ ဝင်လာခဲ့ချိန်မှာတော့ ...

တံခါးတွေအားလုံး စေ့ပိတ်သွားခဲ့ပြီသား ဖြစ်သွားခဲ့ပြီ။

"ရှင် ... ရှင် ..."

မောင် စကားမပြောနိုင်တော့ပါ။

မောင့်နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ တစ်ကိုယ်လုံး အေးစက်လျှက်။

သူ ဆွဲခေါ်ချလာသမျှ ဒယိမ်းဒယိုင် ပျော့ခွေပါလာခဲ့ရလို့ မောင့်လက်ထဲက လက်ကိုင်ပုဝါလေးပင် ဘယ်မှာကျလို့ကျခဲ့မှန်း မသိ။ အင်္ကျီတွေလည်း တွန့်ကြေသွားသည်။ ဆံပင်ရှည်တွေလည်း အနားတွေဖွာလန်ကာ ဖရိုဖရဲ ဖြစ်သွားသည်။

ဖိုးလပြည့်စာပေ



ညှော်ခန်းကျယ်ကြီးအလည်မှာ ကယောင်ချောက်ချားစိတ်တွေနဲ့ ရပ်နေခဲ့တာမှန်ပေမယ့် ခန္ဓာကိုယ်က ရပ်နေတယ်လို့တောင် မထင်ရ။

"ဟွန်း ... ခုချိန်ကစပြီး မင်း ငါ့ကိုဘာမှမမေးနဲ့တော့ ချစ်သောမောင် ... မင်းကို ပြန်လွှတ်ပေးလိုက်ဖို့ဆိုတာ မဖြစ်နိုင်တော့လို့ တစ်ခါတည်း သိမ်းပိုက်ဖို့ ငါဆုံးဖြတ်လိုက်တာ၊ လက်ထပ်ပွဲရက်ကို မရောက်မချင်း ဒီခြံထဲက တိုက်မှာပဲ မင်းနေရမယ်၊ မင်းအတွက် စားစရာ အိပ်စရာ ပျော်စရာတွေအားလုံး ငါဖန်ဆင်းပေးမယ်"

"ဘုရားရေ ... ကျွန်မ မပြန်ရတော့ဘူး ဟုတ်လား ..."

ကြည့်စမ်း ... ဒီလူ ...

လူကိုများ ချစ်တီးအကြွေးသိမ်းသလို သိမ်းလာတဲ့သူ။

သူ့ကိုကြည့်ပြီး မောင့်နှုတ်ခမ်းတွေ ဝိုင်းဟလျှက်။

"ဟုတ်တယ်လေ ... ချစ်သောမောင် ... ဒက်ဒီ့သမီး ချစ်သောမောင်ဟာ သိပ်ကိုစွဲမက်ဖို့ကောင်းတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ငါသိလိုက်ရလို့ မင်းကိုစိတ်မချနိုင်အောင်ဖြစ်သွားခဲ့တာ ... မင်းမပြန်ပါနဲ့ ... ဒီတိုက်ကြီးထဲမှာ မင်းအတွက် လိုအပ်တာမှန်သမျှ ငါစီစဉ်ပေးမယ်၊ အဓိကအချက်ကတော့ မင်းမှာ ချစ်သူရှိနေတယ်ဆိုတာ ငါခွင့်မပြုနိုင်ဘူး၊ မလွှဲမရှောင်သာ ဒီကိုခေါ်လာခဲ့ရတာ၊ နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်းတွေအားလုံး သိတယ်၊ ဒီနေ့ ပဲ ငါကြေညာရမှာက မင်းကို ငါခိုးပြေးသွားခဲ့ပြီဆိုတာ ..."

"ဘယ် ... ဘယ်လို ဦးမင်းတိမ်တိုက် ..."

"ငါပြောတာ ရှင်းရှင်းလေး ပြောလိုက်တာလေ ..."

"ဟွန်း ..."

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း … နှုတ်ခမ်းလေးကိုပါ သူက ထပ်မွှဲသည်။

သူ့ဒီလိုပြောလိုက်မှ မခံစားနိုင်အောင် တုန်လှုပ်သွားခဲ့ရတာ မောင်ပါ။ ဒါကိုတော့ … မောင် လက်မခံနိုင်ပါ။ ဘာဆိုင်လို့လဲ … သူ့ကို လက်ထပ်ပါ့မယ်လို့ ဘယ်သူက ကတိပေးခဲ့လို့လဲ၊ ဒါ သက် သက်မဲ့ အနိုင်ကျင့်တာ။

ငါချမ်းသာတာပဲ စည်းစိမ်ချမ်းသာတွေရှိနေတာပဲဆိုတဲ့စိတ်နဲ့ စော်ကားမော်ကား ခေါ်လာတာလေ။ ပြီးတော့လည်း ဒီခြံနဲ့ တိုက်က လူတွေနေပုံမရတဲ့ ခြံနဲ့တိုက်ကြီး။

အားလုံးက တိတ်ဆိတ်နေသည်။

“အရေးကြီးတာ မင်းဆီက အချစ်ကို ငါလိုချင်တယ်”

“ဘာပြောတယ် …”

“အချစ်လေ … အချစ် … ငါ တစ်သက်လုံးဘယ်မိန်းကလေး တစ်ယောက်ဆီကမှ မတောင်းခဲ့ဘူးသေးတဲ့အချစ်”

“ရှင် … ရှင် … ကျွန်မအသားကို မထိနဲ့နော် ဦးမင်းတိမ် တိုက် …”

မောင့်ပခုံးစွန်းလေးနစ်ဖက်ဆီ ရွယ်လာတဲ့သူ့လက်တွေကို မောင်က ရိုက်ပုတ်ဖယ်ရှားပစ်ရင်း ခြေလှမ်းနောက်ဆုတ်တော့ မောင် ခန္ဓာကိုယ် ကျောပြင်လေးက နံရံတစ်ခုပေါ်မှာကပ်သွား သည်။

“ဟွန်း … ဆောရီးပါ ချစ်သောမောင် … မင်းကို မိုက်ရူးရဲ ဆန်ဆန် ဒီခြံထဲကို ခေါ်လာခဲ့မိတဲ့အတွက် မင်းကို ငါတောင်းပန် တယ်၊ မင်းသိအောင် အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဒီခြံနဲ့တိုက်ကို ငါသိပ်ချစ်တဲ့ကောင်မလေးတစ်ယောက်အတွက် ရည်ရွယ်ပြီး ငါကြို





တင်ဆောက်ထားခဲ့တာလေ … ဒီခြံမှာ အသက်ခြောက်ဆယ်ကျော် ဦးဘလှနဲ့ဒေါ်ထွေးဆိုတဲ့ လင်မယားနှစ်ယောက်ကိုပဲ သစ္စာရှိလူယုံ တော် ခြံစောင့်တွေအဖြစ်နဲ့ ငါထားခဲ့တာ …”

“အဲဒါ … ကျွန်မ စိတ်မဝင်စားဘူး ဦးမင်းတိမ်တိုက်”

“ဟင် …”

“ကျွန်မ ပြန်မယ် …”

မောင် ခပ်ပြတ်ပြတ်ပဲပြောပြီး ဧည့်ခန်းအဝင်တံခါးကြီးဆီကို ခပ်သွက်သွက်ပဲ ပြေးသွားလိုက်သည်။ ရောက်တာနဲ့ တံခါးကို ဆွဲ ဖွင့်ကြည့်၏။

“ဂျောက် … ဂျောက် …”

“ဟင် …”

တဂျောက်ဂျောက်အသံပဲ မြည်သွားပြီး တံခါးက ဖွင့်လို့မရ။

“ဝမ်းနည်းပါတယ် ချစ်သောမောင် … ငါခွင့်မပြုဘဲနဲ့ ဒီခြံ ထဲက မင်းပြန်ထွက်သွားဖို့ မကြိုးစားနဲ့တော့ …”

သော့ကွင်းတန်းလန်းလေးနဲ့ တံခါးအဖွင့်အပိတ် ရီမုလေးကို မောင် မြင်အောင် လေထဲမြှောက်ကိုင်ကာ သူက ထောင်ပြသည်။

ပြီးတော့မှ … ခလုတ်တွေကို ထပ်ခနဲ တစ်ချက်နှိပ်လိုက်၏။

“တင်း … တောင် …”

“တင်း … တောင် …”

“ဂျောက် … ဒေါက် …”

“ဟင် …”

ဘဲလ်သံတွေမြည်သွားပြီး အသက်ခပ်ကြီးကြီး မိန်းမတစ် ယောက်။ နောက်ဘက်အခန်းထဲကနေ ဧည့်ခန်းဘက် ခေါင်းငုံ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာတာ မြင်လိုက်ရသည်။

သူ့ရှေ့ရောက်မှ ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွား၏။

"အမိန့်ရှိပါ ... မောင်မင်းတိမ်တိုက် ... "

သူ စေညွှန်ရာကို နာခံတော့မည့်နှယ်။ မျက်နှာကိုလည်း မော့မကြည့်ဘဲ ခေါင်းငုံ့ရပ်နေတာလည်း ဝင်လာကာစကအတိုင်း။

"ကျွန်တော် ... မိန်းကလေးတစ်ယောက်ကိုခေါ်လာတာ ခင်ဗျား မြင်တယ်နော် ... "

"ဟုတ် ... မြင်ပါတယ် ... "

"အဲဒါ ... ကျွန်တော် လက်ထပ်ရမယ့် ကောင်မလေး။ သူ့နာမည်က ချစ်သောမောင်တဲ့ ... "

"သိပါပြီ ... "

"သူ့ကို ဒီနေ့ကစပြီး ခင်ဗျား စောင့်ရှောက်ရမယ်"

"ဟုတ် ... "

"ဒီတိုက်ထဲကနေ ဘယ်ကိုမှ ပေးမသွားနဲ့"

မှာနေတာ အများကြီး။

မှာသမျှကိုလည်း ဒေါ်ထွေးဆိုသည့်အဒေါ်ကြီးက အသေအချာ လိုက်မှတ်သားနေသည်။ မရှင်းလို့ ပြန်မေးတာလည်းမရှိ။ မကြားလို့ နောက်တစ်ခေါက် ပြန်ပြောနေစရာလည်း မလို။

ဒီလိုဖြစ်အောင် ဘယ်လောက်တောင် လေ့ကျင့်ထားခဲ့လို့လဲ။

"ကျွန်တော်ပြောတာ ... ခင်ဗျား သဘောပေါက်တယ်နော် ဒေါ်ထွေး ... "

"ဟုတ် ... ပေါက်ပါတယ်၊ မောင်မင်းတိမ်တိုက် ဖြစ်စေချင်





တာမှန်သမျှ အားလုံး ဖြစ်စေရပါ့မယ်"

ကတိတွေပေးနေပေမယ့် မျက်နှာက ခုထိမော့မလာ။

သူ့ပုံစံကတော့ ပြောရင်ပြောတဲ့အတိုင်း လုပ်တော့မယ့်ပုံစံမျိုး။

ဒီနေ့မှ ခရီးဆောင်အိတ်တွေ အထုတ်အပိုးတွေနဲ့ နိုင်ငံခြားရေးက ပြန်ရောက်လာသူတစ်ယောက်က မောင့်ကိုတွေ့တွေ့ချင်း ဖြတ်နီးသိမ်းပိုက်ချင်စိတ်တွေ ပေါက်သွားတယ်ဆိုတာ ယုံနိုင်စရာလား။ အကွက်ကလည်း မြင်လွန်းသည်။ မောင့်အခြေအနေကို အကဲခတ်ပြီးတာနှင့်တစ်ပြိုင်နက် သူဘာလုပ်ရတော့မလဲဆိုတာ ဆုံးဖြတ်သွားတာက မောင့်မှာတော့ အိပ်မက် မက်နေရတဲ့အတိုင်း။

"ရှင် ... ရှင် ... အရူးထပြီး ထင်ရာမြင်ရာတွေ လျှောက်လုပ်နေနဲ့နော် ဦးမင်းတိမ်တိုက် ... ရှင်လုပ်နေသမျှတွေ ရှင်ကြံစည်နေသမျှတွေအားလုံးကို ချစ်သောမောင်ဆိုတဲ့ကောင်မလေးတစ်ယောက်က လက်ပိုက်နာခံသွားမယ်လို့ ရှင်ထင်နေသလား"

"မင်းပါးစပ်ကို ပိတ်ထားလိုက် ... ကဲလာ ... အပေါ်ထပ်ကို သွားကြည့်မယ်"

"ဟင် ... "

"မင်း မရှုန်းနဲ့ ... "

ခံမောင့်လက်မောင်းတစ်ဖက်ကနေကိုင်ပြီး စောစောကလို ဆွဲခေါ်ချသွားကာ မောင် ရုန်းလို့လည်းမရ။ ထုရိုက်ပစ်လို့လည်းမရ၊ ဒီလူ တော်တော်ကြမ်းတဲ့လူ။ ဖေဖေရယ် ... ဒီလိုလူမျိုးတစ်ယောက်နဲ့များ မောင့်ကိုပေးစားချင်နေရသတဲ့လား။

သူက ဦးမင်းထီးရှည် မဟုတ်တာသိပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အကြည့်ချင်းဆုံသွားတိုင်း ဦးမင်းထီးရှည်ဆိုတဲ့လူတ ယောက်ကို သတိရပြီး မောင် မျက်ရည်ပါ ဝဲချင်လာရ၏။

ရှင် ... ရှင် ... အခုဘယ်ရောက်နေပြီလဲ ဦးမင်းထီးရှည် ကျွန်မ အဖြစ်ကို လာကြည့်ပါဦး။

ဖေဖေ့ရဲ့နောက်မိန်းမက ပါလာတဲ့သားက ကျွန်မကိုလက် ထပ်ချင်လို့တဲ့။ သူ့ကို မောင် မချစ်ပါဘူး။ မောင် တကယ် တမ်း နေတာ ရှင့်ကိုပါ။

ဒါကြောင့်မို့ ... ရှင်နဲ့ပြန်ဆုံတွေ့နိုင်အောင် ကျွန်မ ကြိုး မယ်။

ရှင် ... ရန်ကုန်မှာပဲရှိနေသေးရင်လည်း ရှင့်ကိုမတွေ့တွေ့ အောင် ကျွန်မ ပြန်လိုက်ရှာမယ်။ ရှင် ထွက်မသွားပါနဲ့ ... ကျွန်မ ထားခဲ့ပြီး အဝေးဆုံးရောက်အောင် ရှင်ထွက်မသွားပါနဲ့။

တွေးရင် ... မောင်မျက်ရည်လေးတွေ ဝဲခဲ့ရပြီ။

ဘာပဲပြောပြော ခုချိန်မှာ သူအတင်းအဓမ္မဆွဲခေါ်လာတာ အပေါ်ထပ်က အိပ်ခန်းကျယ်ကြီးတစ်ခုထဲကိုပါ မြင်လိုက်ရုံနဲ့တင် ရင်သပ်ရှုမောဖြစ်သွားရတဲ့ အခန်းကျယ်ကြီး။

အဖိုးတန် အိစက်သော အခန်းအဆောင်ပစ္စည်း အသစ်ကြ ချတ်တွေက အရောင်တွေ တလက်လက်လင်းဖြာတောက်ပလျှက်

ဒီအခန်းကျယ်ကြီးကိုလည်း ရီမှုခလုတ်သုံးကာ သူဖွင့်သွားခဲ့ တာပဲဖြစ်သည်။

မောင်ကတော့ သူပြောသမျှ သူပြသမျှ ငေးကြည့်နား ထောင်ရုံနေသာ။

"ဟွန်း ... မင်း အရမ်းအံ့သြနေပြီလား ချစ်သောမောင်"





သူက အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်ကြည့် င်း နှုတ်ခမ်းမဲ့မဲ့လေးနှင့်ပြုံးကာ မောင့်ဘက်ကို ပြန်လှည့်လာသည်။

"ဒီအခန်းကြီးတစ်ခုလုံးကို ငါကိုယ်တိုင် စိတ်တိုင်းကျ မွမ်းမံ င်ဆင်ပြီးတော့မှ နိုင်ငံခြားကိုထွက်သွားခဲ့တာ၊ အဲဒါ ... ဘာ ကြောင့်လဲသိလား ... ဒက်ဒီ တဖွဖွအမြဲပြောနေတဲ့ဆန္ဒအရ ချစ် သာမောင်ဆိုတဲ့ကောင်မလေးတစ်ယောက်ကို တစ်နေ့နေ့မှာ ငါ က်ထပ်ရတော့မယ်ဆိုတာ ကြိုတင်သိနေလို့ ..."

"ဘုရားရေ ... ဖေဖေ့စကားကို ရှင်က အဲသလောက်ထိ းထောင်တယ်"

မောင့်မျက်တောင်တွေ ဝဲပျံ့ပင့်ကော့လျှက်။

"အဲဒါ ငါပြောခဲ့ပြီးသားလေ ... ဒက်ဒီ့ကျေးဇူးတွေ ငါ့အပေါ် ာ အများကြီးရှိခဲ့တယ်ဆိုတာ ... မာမီကလည်း ဒက်ဒီဆန္ဒကို သောတူတယ်၊ မမျှော်လင့်ဘဲ ဒက်ဒီက အတင်းလက်ထပ်ယူဖို့ း်စားခဲ့လို့ မာမီက လက်ထပ်ခဲ့ရပေမယ့် မင်းတို့မိသားစုနှစ် ာက်ကို ကိုယ်ချင်းစာသနားတဲ့စိတ်နဲ့ မျက်နှာချင်းမဆိုင်ရဲခဲ့တာ ည်း ဒီနေ့အထိပါလို့ ငါကြိမ်တွယ်ပြောရင် မင်းယုံမလား"

"ဟွန်း ... အဲဒါတွေ ထားလိုက်ပါ"

သူနဲ့မောင် နှစ်ယောက်ကြားထဲမှာ ဖြစ်နေတဲ့ပြဿနာတွေ ာ အဲဒါတွေ ပြန်ပြောနေစရာလိုသလား။ တကယ်ဖြေရှင်းရမှာက ာင် သူ့ကို ဘယ်တော့မှ လက်ထပ်ယူမှာမဟုတ်တဲ့ကိစ္စလေ။

"ဟာ ... ထားလို့မရလို့ မင်းကိုပြောနေတာလေ ချစ်သော ာင်၊ ဒီလိုယောကျ်ာမတစ်ယောက်ရဲ့ ချွေးမအဖြစ်ကို မင်းနေခွင့်ရ တော့မယ်ဆိုတာ ငါ့အမိက ပြောချင်နေတာ ဒက်ဒီဆုံးသွားတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မာမီက ရာသက်ပန်ရိပ်သာဝင်မှာ၊ သူတို့ထားခဲ့တဲ့ စည်းစိမ်ချမ်းသာ တစ်ပုံတပင်ကို ပွေ့ပိုက်ပြီး စင်ပေါ်ကို မင်းတစ်ခါတည်းရောင် သွားမှာ … ပြောနေတာကြာတယ်၊ ဟောဒီမှာ မင်းတစ်ခါတည်း ကြည့်လိုက် …”

“ဟင် …”

နံရံကပ် ဗီရိုကြီးတစ်ခုကိုဖွင့်ပြီး အံဆွဲတွေထဲက ဆွဲထုတ် လိုက်တာ …

“ဘုရားရေ …”

စိန်ရွှေငွေ ကျောက်သံပတ္တမြားတွေ။ အံဆွဲကြီးတစ်လုံး အပြည့်။ ကတ္တီပါဗူးရောင်စုံတွေထဲမှာ ဖိတ်ဖိတ်လက်နေအော ထည့်ထားတာ မြင်လို့တောင် မကောင်း။

မောင့်တစ်သက်နဲ့တစ်ကိုယ် မဝတ်ဘူးခဲ့တဲ့ ရတနာပစ္စည်း တွေပါ။

“ဟွန်း … မင်းတွေ့တယ်နော်၊ ချစ်သောမောင် …”

သူ မောင့်ကို မျက်တောင်မခတ်ဘဲ အသေအချာငေး ကြည့်နေတာ မောင်သတိထားလိုက်မိ၏။ ကြည့်ရင်းနဲ့ မျက်ဝန်း မှာ အရောင်တွေ တဖျတ်ဖျတ်လက်လာတာလည်း မောင်ငေး လိုက်သည်။

“ဒါတွေက ပွဲသွားပွဲထိုင် မင်းဝတ်ရမယ့်အဆင့်ပဲရှိသေးတာ ငါချမ်းသာတာက ဒီထက်အများကြီးပိုတယ်၊ တိုက်တာအိမ်ခြံ တွေဆိုတာ ရန်ကုန်မြို့ပေါ်မှာ လက်ညှိုးထိုးမလွဲအောင်ရှိတယ် ကိုယ်ပိုင်ဘဏ်တစ်ခု ထောင်မယ်ဆိုရင်တောင် ထောင်လို့ရတဲ့ စိမ်ချမ်းသာတွေမှန်သမျှ မင်းတစ်ယောက်တည်း အကုန်ရသွား





“ရတယ်လေ … ရှင်ချမ်းသာလို့ပေးတာ၊ ရှင့်ကိုလက်ထပ် ခဲ့သူယူပါစေ၊ တစ်ခုပဲပြောမယ် … ဒီစည်းစိမ်တွေ ကျွန်မ မမက်ဘူး ရှင် … ကျွန်မကို ဒါတွေပြပြီး မြူဆွယ်ဖျားယောင်းဖို့ လုံးဝမစဉ်း စားနဲ့ … ကျွန်မ စိတ်လည်းမဝင်စားဘူး၊ စိတ်လည်း မလှုပ်ရှားဘူး”

“ဟွန်း … မင်းမဆိုးပါဘူး”

သူ ပထမဆုံး ပြုံးလိုက်တာ မောင် မြင်လိုက်ရ၏။

ပြုံးပြီးတော့မှ မျက်တောင်လေးတဖျတ်ဖျတ်ခတ်ပြီး မျက်နှာ လေးလွှဲသွားတာ မောင့်မျက်နှာကို သူမကြည့်ရဲတော့လို့လား။

“ကောင်းပြီလေ … လိုချင်တာ မလိုချင်တာ မင်းကိစ္စပါ၊ ငါ့ကိစ္စက မင်းကို လက်ထပ်ခွင့်တစ်ခုကလွဲရင် တခြားဘာမှစိတ် မဝင်စားဘူး၊ အေး … ငါတစ်ခုပဲ မင်းကိုမှာချင်တာက ဒီခြံထဲကနေ ထွက်ပြေးဖို့တော့ မင်းလုံးဝမစဉ်းစားနဲ့ … ညနေစောင်းပြီဆိုတာ နဲ့ လူစိမ်းမြင်ရင် အသေကိုက်တတ်တဲ့ ဒိုဗာမင်ခွေးကြီးနှစ်ကောင် ကို ဒေါ်ထွေးယောက်ျား ဦးဘလုက ခြံထဲကို လွှတ်တော့မှာ”

“ဟာ … ကြည့်စမ်း”

ခွေးဆိုရင် အရမ်းကြောက်တတ်တဲ့မောင်။

အသံကြားတာနဲ့တင် မျက်နှာလေးဖြူဖျော့သွားရ၏။

“ဒါ … ဒါဆို … ရှင်က … ကျွန်မကို အခု …”

“ဟုတ်တယ် … လုံးဝပြန်မလွှတ်တော့ဘူးလို့ ငါဆုံးဖြတ် လိုက်ပြီ”

“ရှင် … ရှင် … မယုတ်မာနဲ့နော် ဦးမင်းတိမ်တိုက်”

“မိုးချုပ်ရင် ငါပြန်လာခဲ့မယ်၊ မင်းနဲ့အတူ ဒေါ်ထွေး စောင့် ပေးလိမ့်မယ် … ကဲ … ငါသွားတော့မယ်”

www.burmeseclassic.com



"ဟာ ..."

သူပြန်ထွက်သွားမှာပဲ။ တံခါးကြီးက စေ့ပိတ်သွားခဲ့ပြီ။

မောင် တံခါးကို အဆက်မပြတ် ထုပစ်လိုက်တာ ချောင်ပိတ်မိသွားတဲ့ အရူးမလေးတစ်ယောက်လိုပင်။

"ဒုန်း ... ဒုန်း ..."

"ဦးမင်းတိမ်တိုက် ..."

"ရှင်အတ္တမကြီးနဲ့ ..."

"ရှင် မယုတ်မာနဲ့"

"ဦးမင်းတိမ်တိုက် ..."

"ဒုန်း ..."

"ဝုန်း ..."

"ကလေးမ ... မင်းစိတ်ကို လျှော့လိုက်ပါ"

အခန်းအပြင်က ပေါ်လာတဲ့အသံ။

ဘယ်သူလဲ ... ဒေါ်ထွေးဆိုတဲ့ လူယုံတော်အဒေါ်ကြီးလား

"ကျွဲ ..."

တံခါးဖွင့်သွားပေမယ့် ...

မောင် အောက်ကိုပြေးဆင်းသွားဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။

မောင် ခြံထဲကနေ ကြားလိုက်ရတာ။

ကြောက်မက်ဖွယ်ရာ ခွေးဟောင်သံကြီးတွေ။

"အဟင့် ..."

မောင် ရှိုက်ငိုချလိုက်မိတာ တစ်ခုကလွဲရင် ... ။

ဆီး

အခန်း ( ၁၆ )

"သမီး ချစ်သောမောင်"

"ရှင် ... ဒေါ်ကြီးထွေး ..."

"သမီးစိတ်ကို လျှော့လိုက်နော် ... ဒီခြံထဲကထွက်ပြေးဖို့ သမီး မကြိုးစားနဲ့၊ အောက်မှာ ဒိုဗာမင်ခွေးကြီးတွေ အော်နေသံ သမီးကြားတယ်မို့လား ... အဲဒါ ခြံထဲကို လူစိမ်းတစ်ယောက်ရောက်လာတာနဲ့ ဒီခွေးကြီးတွေက သိတယ် ..."

"မောင် ... မောင် ..."

မောင့်မျက်နှာလေး ပျက်နေရသလို စကားသံလေးတွေကပါ ထစ်ငေါ့တုန်ယင်ကာ မောင် မျက်ရည်ကျခဲ့ရပါပြီ။

ကြည့်လိုက်တော့လည်း တိုက်ကြီးတစ်ခုလုံးက ပြတင်းပေါက်တိုင်မှာ သံဇန်းတွေ အခိုင်အခန့် နေရာယူထားတာ မောင်တွေ့လိုက်ရသည်။ ဒေါ်ကြီးထွေး အလစ်အငိုက်မှာ ထွက်ပြေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့နေရာ။

ခွေးကြီးနှစ်ကောင်ရှိနေတာက ပိုဆိုးသည်။

"သမီး မငိုနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"မောင်မင်းတိမ်တိုက်ကို လက်ထပ်လိုက်ရင် သမီးအ ကောင်းစားသွားမယ်ဆိုတာ ဒေါ်ကြီးထွေး သေချာပေါက်ပြော တယ်"

မောင့်ပခုံးလေးနှစ်ဖက်ကို ကြင်နာစွာဆုပ်ကိုင်ရင်း နှစ်သိ စကားပြောနေတဲ့ ဦးမင်းတိမ်တိုက်ရဲ့ လူယုံတော်အလုပ်သမားကြီ ဒေါ်ထွေး ... လူက အနည်းငယ်အိုမင်းနေဟန်ရှိနေပေမယ့် မျက် ဝန်းတွေက အကြင်နာရိပ်တို့ဖြင့် တလက်လက်ဖြာနေဆဲ။

"ဟင့်အင်း ဒေါ်ကြီးထွေး ... မောင် ... ဦးမင်းတိမ်တိုက် တဲ့လူကြီးကို မုန်းတယ်၊ ဒီလူ အတ္တအရမ်းကြီးတဲ့လူ၊ သူ ... နိုင်ငံခြားကနေ အခုမှပြန်ရောက်လာတယ်ဆိုတာ တကယ်ဟုတ် လားဟင် ဒေါ်ကြီးထွေး ..."

"အို ... အဲဒါဟုတ်တယ်လေ၊ မြန်မာပြည်က ထွက်သွားတာ တောင် သုံးလလောက်ရှိနေပြီ၊ မောင်မင်းတိမ်တိုက်က အမြဲဒီလို မြန်မာပြည်နဲ့နိုင်ငံခြားကို အိမ်ဦးနဲ့ကြမ်းပြင်လို အမြဲသွားနေတာ သမီးချစ်သောမောင် ဒီမေးခွန်းကို ဘာကြောင့်မေးလိုက်တာလဲ မောင်မင်းတိမ်တိုက်ကို မယုံလို့လား ..."

မောင် နှုတ်ခမ်းလေးမဲ့ကာ မျက်နှာလေးကိုပဲ မော့ပစ်သည်။

မောင် တကယ်သိချင်နေတာက ဒီလူ့အကြောင်းတွေကိုပါ။ ပြီးတော့ ... မောင့်ကို တွေ့တွေ့ချင်း ဒီလူတကယ်ချစ်သွားတယ်ဆို တာလည်း မောင်က မယုံနိုင်။

"ဟွန်း ... ချစ်သောမောင် မယုံရင် မောင်မင်းတိမ်တိုက် အကြောင်းတွေ ဒေါ်ကြီးထွေး ပြောပြမယ် ... ဒီလိုလေ ချစ်သော မောင် ..."

သူက ပြောမယ်ဆိုတော့ မောင် နားထောင်ရတော့မှာပေါ့။

"မောင်မင်းတိမ်တိုက်ဆိုတာ ငယ်ငယ်လေးကတည်းက စိတ်ဓာတ်မာမာကြောကြောလေးနဲ့ အလုပ်မျိုးစုံလုပ်လာခဲ့တဲ့ ကလေး၊ မိဘက ချမ်းသာပေမယ့် မိဘဆီက လက်ဝါးဖြန့်ခံ မတောင်းဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစား လာခဲ့တာ၊ သူ့အဖေ ဦးမြတ်ကိုဟာ သူ့အမေနဲ့ပတ်သက်ပြီး ပထွေး တော်လာခဲ့ရပေမယ့် ပထွေးကို အဖေအရင်းထက်တောင် ပိုချစ်ခဲ့ တယ် ... အဖေက အလုပ်တစ်ခုလုပ်ရင် မောင်မင်းတိမ်တိုက်က နှစ်ခုလုပ်နိုင်အောင် ကြိုးစားခဲ့တယ်၊ ဒါကြောင့်မို့ ... ခုချိန်မှာ ဆယ် သက်စားမကုန်အောင် ချမ်းသာသွားခဲ့တာ"

မောင် နားထောင်နေတာ မျက်တောင်လေးကော့လျှက်။

"ခုတော့ ကုမ္ပဏီနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ မောင်မင်းတိမ် တိုက်ကပဲ ဦးစီးတယ်၊ ဘာလုပ်လုပ် သူပဲဆုံးဖြတ်တယ်၊ မောင်မင်း တိမ်တိုက်က စိတ်ဓာတ်မာတယ်၊ လိုချင်တာ ဖြစ်ချင်တာကို မရ ရအောင်ယူတယ်၊ သူလုပ်ချင်ပြီဆို ဘယ်သူမှတားလို့မရတော့ဘူး၊ ဒါကြောင့်မို့ ... သမီးချစ်သောမောင်ကို ဒီကိုရောက်အောင် အတင်း ခေါ်လာတာပဲနေမှာ၊ အားမငယ်ပါနဲ့ ... ခဏနေရင် မောင်မင်းတိမ် တိုက် ဒီကို ပြန်လာလိမ့်မယ် ..."

ဒေါ်ကြီးထွေးက စိတ်ရှည်လက်ရှည် ရှင်းပြပြီးချော့သည်။

မောင် သတိရနေတာ မေမေ့ကိုပါ။

ခုလောက်ဆို မေမေ ဘယ်လောက်တောင် မောင့်ကိုစိတ်ပူ





ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်မလဲ။ အိမ်မှာ မေမေ့ကိုတစ်ယောက်တည်းထားခဲ့ပြီး ရောဂါသည် ဖေဖေ့ဆီကို စိတ်ပြေလက်ပျောက်သဘောမျိုးနဲ့ မောင်က ထွက်လာခဲ့တာလေ။

ခုတော့ ... ဦးမင်းတိမ်တိုက်ဆိုတဲ့လူတစ်ယောက်နဲ့တွေ့ပြီး ဒီခြံကြီးထဲကို မျက်စိသူငယ် နားသူငယ်နဲ့ မောင်လိုက်လာခဲ့ရတာပါ။

နံရံမှာ ကပ်ထားသည့်နာရီကြီးကိုကြည့်လိုက်တော့ ညရှစ်နာရီပင် ထိုးနေပြီ။

ခြံကြီးကတော့ မီးတွေ ထိန်ထိန်လင်းနေသည်။

"တီ ... တီ ..."

"ဟော ... မောင်မင်းတိမ်တိုက် ပြန်လာပြီထင်တယ်"

အသံကြားရုံနှင့် မောင့်စိတ်တွေ လှုပ်ရှားသွားသည်။

ဒေါ်ကြီးထွေးကိုယ်တိုင်လည်း ပျာယာခတ်သွား၏။

မောင့်ကို အစားအသောက်တွေနှင့် ပြုစုညှော်ခံနေရာကနေ ဧည့်ခန်းကြီးရှေ့ကို ပြေးထွက်သွားသည်။ ထမင်းစားခန်းထဲမှာ မောင်တစ်ယောက်တည်း ကျန်ခဲ့၏။

မောင် စားနေတာလည်း တို့ဂဏန်းဆိတ်ဂဏန်းမျှရယ်သာ။

စားချင်စိတ်မရှိသလို ဒေါ်ပွနေတာက ထိန်းထားလို့မရ။

ဒီလူ မောင့်ကို အထက်စီးကနေ အကြပ်ကိုင်ထိန်းချုပ်ထားလို့ရမယ် ထင်နေသလား။ မောင် ဖေဖေ့မျက်နှာနဲ့ ဒီလောက်ထိလိုက်လျောဆက်ဆံပေးနေတာပါ။ ဘာပဲပြောပြော မေမေ့ဆီကိုရောက်အောင် မောင်ပြန်မှဖြစ်မယ်။





ဒီလူကိုလည်း မောင် လက်မထပ်နိုင်ဘူး။

ပြောရရင် ... မောင်တကယ်ချစ်ခဲ့တာ ဦးမင်းထီးရှည်ဆိုတဲ့လူ။

သူနဲ့ဦးမင်းတိမ်တိုက် နှလုံးသားချင်းတူလို့လား။ ဟွန်း ... ပြောရရင် စိတ်ဓာတ်ချင်းကလည်း တခြားစီ။ ဟိုက အစစအရာရာအောက်ကျခံတဲ့လူ။ မောင် ဘယ်လောက်စွာစွာ အထင်သေးပြီးတော့ မျိုးချိုးမျှစ်ချိုးဘယ်လိုပဲပြောပြော မောင့်ကို ဦးမင်းထီးရှည်က တကယ်ခွင့်လွှတ်ပြီး ချစ်ပြသွားခဲ့တာလေ။

ဒီလူနဲ့တော့ တခြားစီပဲ။

ခုလည်း ... မောင်ရှိနေတဲ့ထမင်းစားခန်းထဲဝင်လာတာ မျက်နှာထားလေးက မာလို့ပါ။

"ဘယ်လိုလဲ ... ချစ်သောမောင် ... မင်းဒီမှာနေရတာ အဆင်ပြေရဲ့လား၊ မင်းကို ဒေါ်ထွေးက ဂရုစိုက်ရဲ့လား"

"ဟွန်း ... ရှင် ဘာမှအပိုတွေ မပြောနဲ့၊ ကျွန်မ ပြန်မယ်"

"မရတော့ဘူး ... တစ်လောကလုံးကို ငါကြေညာလိုက်ပြီ"

"ဘာပြောတယ်"

မောင် ဆတ်ခနဲ ထရပ်လိုက်တာ မျက်နှာတစ်ခုလုံး နီမြန်းလျက်။ အသားတွေ ဆတ်ဆတ်တုန်ရသလို တစ်ကိုယ်လုံးလည်း အေးစက်သွားသည်။

"ငါ ... ငါပြောတာ ရှင်းရှင်းလေးပြောလိုက်တာလေ ချစ်သောမောင်၊ မင်းကိုထားခဲ့ပြီး ငါအိမ်ကို တစ်ခေါက်ပြန်သွားတယ်၊ မင်းကိုပြန်မလွှတ်ဘဲ ဒီခြံထဲမှာ ခေါ်ထားလိုက်တာကိုလည်း ငါ အသိပေးလိုက်တယ်၊ မင်္ဂလာပွဲအတွက် လိုအပ်တဲ့ ဟိုတယ်ခန်းမ



www.burmeseclassic.com

www.burmeseclassic.com



နေရာအတွက်လည်း ငါစီစဉ်ခဲ့တာ အားလုံးအဆင်ပြေတယ် ... ဖိတ်စာအတွက်လည်း အားလုံးအိုကေ၊ သတို့သမီးဝတ်စုံအတွက်လည်း ကနေ့ဒါအထိ ငါရအောင်လှမ်းမှာလိုက်တာ၊ သုံးရက်အတွင်း လေယာဉ်နဲ့ဒီကိုရောက်မယ်၊ ကဲ ... ဘာလိုသေးလဲ၊ လောကကြီးမှာ မင်းတိမ်တိုက် ဖန်ဆင်းလို့မရတာ ဘာမှမရှိစေရဘူး၊ တစ်ခုပဲလိုနေတာ၊ သတို့သမီး သတို့သားစီးရမယ့်ကား၊ အဲဒါအတွက်တော့ ငါ့လူတွေကို ညတွင်းချင်း ဆင်းရှာခိုင်းထားတယ် ... ရမှာပါ"

အားလုံးကို တန်းစီပြောချသည်။

ပြောပြီးတော့မှ မောင်ပခုံးလေးကို လှမ်းကိုင်လိုက်တာ ပိုင်စိုးပိုင်နင်း။

"ရှင် ... ရှင် ... ကျွန်မအသားကို မထိနဲ့ ... "

မောင်ဖယ်ချပစ်ဖို့ ကြိုးစားပေမယ့် ကြိုးစားလို့မရ။

လက်တစ်ဖက်ကိုဖယ်တော့ ကျန်လက်တစ်ဖက်က ထပ်လှုပ်ရှားသည်။ မောင် ခြေတစ်လှမ်းရွှေ့တော့ သူက ခြေတစ်လှမ်းရွှေ့တက်သည်။

"ဟင် ... "

မောင် ခေါင်းထဲမှာ မိုက်ခနဲတစ်ချက် ဖြစ်သွား၏။

မျက်ခွံတွေ ချက်ချင်းလေးကျသည်။

"ငါ့ကိုငြင်းဆန်ဖို့ မင်းဘယ်တော့မှ မကြိုးစားနဲ့၊ ကဲ ... လာ"

"ဟာ ... ဦးမင်းတိမ်တိုက်နော် ... "

သူ မောင့်ကို အပေါ်ထပ်အိမ်ခန်းကြီးဆီ အတင်းဆွဲခေါ်တက်လာခဲ့ပြန်ပြီ။ မောင် ဒယီးဒယိုင်နဲ့ပဲ ပါသွားတာ အော်လို့လည်းမရ ရုန်းလို့လည်းမရ၊ ဘယ်လိုဖြစ်တာလဲ။





မောင် မျက်ခွံတွေ ခဏလေးနဲ့ ဘာလို့ဒီလောက်တောင် လေးလံသွားခဲ့တာလဲ။ မောင် စိတ်မောလူမောနဲ့ တအားကိုပင်ပန်းသွားခဲ့ပြီလား။

"ရှင် ... ရှင် ရူးနေပြီ ဦးမင်းတိမ်တိုက် ... "

"ဟား ... ဟား ... "

သူ့ ခေါင်းမော့ရယ်နေဆဲမှာပဲ အခန်းတံခါးတွေက အတိအကျပြန်ပိတ်သွားသည်။ မောင်ရောက်သွားတာက အကောင်းဆုံးပြင်ဆင်ထားသည့် မင်္ဂလာအိပ်ရာကြီးတစ်ခုပေါ်ကိုပါ။

"အဲဒါ ... ငါရူးနေတာမဟုတ်ဘူးလေ ချစ်သောမောင်၊ ဒီနေ့ကစပြီး စိန်စီတဲ့လမ်းမှာ မင်းကိုလျှောက်ခွင့်ရအောင် ငါဖန်ဆင်းတော့မှာ၊ သေချာတာက မင်း ချမ်းချမ်းသာသာနဲ့ နတ်ဘုံနတ်နန်းမှာ စံစားနေရသလိုဖြစ်အောင် ငါထားမယ်၊ တစ်ခုပဲ ငါတောင်းဆိုချင်တာက ငါ့အချစ်ကို မင်းလက်ခံပေးပါ ... ကျန်တာတွေ ငါ့အတွက်မလိုဘူး ... "

မောင် ခုတင်ပေါ်ကနေ အလူးအလဲ ပြန်ထသည်။

သူ့ကို မျက်နှာချင်းဆိုင်ဖို့ မောင် ကြိုးစားသည်။ ပြေကျသွားတဲ့ ဆံပင်တွေကိုလည်း ဖြစ်သလိုလေးပဲ မောင်ပြန်စည်းလိုက်သည်။

"ဟွန်း ... ရမလား ဦးမင်းတိမ်တိုက်၊ ကျွန်မမှာ ချစ်ရမယ့်သူရှိတယ်လို့ ရှင့်ကို ဘယ်နှစ်ခါပြောရမလဲ ... ရှင့်ကို မချစ်နိုင်ပါဘူးဆိုတဲ့စကားကိုရော ကျွန်မ ထပ်ကာ ထပ်ကာ ပြောဖို့လိုနေသေးလို့လား"

"ရတယ် ... မင်းပြောချင်တာပြော ငါနားထောင်မယ်"

"ရှင် ... ရှင် ... တော်တော်အတ္တကြီးတဲ့လူ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... "

သူ့ခါးကလေးကော့ မျက်နှာလေးမော့ရင်း ဘာကိုမှ ဂရုမစိုက်တော့သလို တဟားဟား ရယ်လို့ နေခဲ့ပြန်ပြီ။

"ရှင် ... ရှင် ... ရှင့်မှာရှိတဲ့အရှိန်အဝါတွေ စည်းစိမ်ချမ်းသာတွေကိုပြပြီး ကျွန်မကို သိမ်းပိုက်ဖို့ ဘယ်တော့မှမစဉ်းစားနဲ့ ... ကျွန်မ လက်မခံနိုင်ဘူးဆိုတာ အတိအလင်းပြောမယ်"

"ချစ်သောမောင်ရာ ... မင်း ခေါင်းမမာချင်စမ်းပါနဲ့"

သူ ပြုံးပြုံးကြီး လက်ပိုက်ကြည့်နေတာ မောင် ထုရိုက်ပစ်ချင်လာ၏။ ကြည့်ရင်း ... ကြည့်ရင်း ... သူ့ပုံစံက ဦးမင်းထီးရှည်နဲ့ပိုပြီးတော့တောင် တူလာသလို။ ခက်နေတာက သူက ဆံပင်ရှည်နေတာ ပခုံးစွန်းနှစ်ဖက်ကို ထိလုနီးပါး ဆံပင်တွေက ဝဲကျနေတာ။

"ဒီမှာ ... ကျွန်မ ခေါင်းထက်ပိုမာတာ ကျွန်မအသည်းနှလုံးတွေပဲ ... "

"ဟွန်း ... အဲဒါ ... ငါဂရုမစိုက်ဘူး"

"ဘာပြောတယ်"

မောင့်မျက်တောင်လေးတွေ ကော့တက်သွားခဲ့ရပြီ။

"ငါနားလည်ထားတာက ငါလိုချင်တာ တစ်ခုကိုရဖို့ပဲ ... မင်းချစ်တာ မချစ်တာထက် ငါချစ်နေရဖို့ပဲ အရေးကြီးတယ်"

"ရှင်"

သူပြောလိုက်တဲ့စကားကြောင့် မောင့်နှုတ်ခမ်းလေးက သူ့အလိုလိုလေး မဲ့ပြီးသား ဖြစ်သွားသည်။

"ကဲ ... မင်းဘာမှပြောမနေနဲ့တော့၊ အကောင်းဆုံးက ဒီခုတင်ကြီးပေါ်မှာပဲ မင်းအေးအေးဆေးဆေး အိပ်လိုက်ပါ၊ နောင်ဖြစ်





လာမှာတွေ မင်းဘာမှမစဉ်းစားနဲ့တော့ ... အချိန်တန်ရင် မင်းနဲ့ငါ လက်ထပ်ရတော့မယ် ... ဟုတ်ပြီလား ... ခုတော့ မင်းကို လက်ဖျားလေးနဲ့တောင် ထိဖို့တို့ဖို့အစီအစဉ် ငါ့မှာလုံးဝမရှိသေးပါဘူး၊ မင်းက ခုတင်ပေါ်မှာအိပ်၊ ငါက ခုတင်အောက်မှာပဲအိပ်မယ်"

"ဟင်း ... "

တကယ်လည်း ခုတင်အောက်မှာ အိပ်ဖို့ သူပြင်နေပြီ။

မောင်ကြည့်နေရင်း သူအိပ်ပျော်သွားတာ ခဏလေးနဲ့။ မောင် နာရီကိုလှမ်းကြည့်လိုက်တော့ ညကိုးနာရီကျော်ကျော်ပဲရှိသေးသည်။ ဘယ်လိုဖြစ်တာလဲ ... ဒီညမှ မောင်ကိုယ်တိုင်လည်း မျက်တောင်တွေလေးလာကာ ခေါင်းကိုလည်း ဘယ်လိုမှထောင်မထားနိုင်တော့ပါ။

မောင် ခုတင်ကြီးပေါ်မှာ ခွေခွေလေးလဲကျသွားတာပဲ နောက်ဆုံးသိလိုက်သည်။ သေချာသွားတာက မောင်ပါ အိပ်ပျော်သွားခဲ့ပြီ။

"ကြူကြူရေ ... ကြူကြူရှိလားဟင်"

"ရှင် ... အိမ်ရှေ့ကအော်နေတာ ဘယ်သူလဲ"

"ချစ်သော့မောင့်ရဲ့မေမေလေ ... ကြူကြူရဲ့ ... "

"အို ... ဘုရားရေ ကြည့်စမ်း ... ဒီအချိန်ကြီးကျမှ အန်တီမွေး အန်တီမွေး ဘာလို့လိုက်လာတာလဲ"

ဆရာမလေး ခင်ကြူကြူ အန်တီမွေးအသံကြောင့် မျက်လုံးတွေပြူးကာ ဘုရားကိုပါတလိုက်မိသည်။ နာရီကိုကြည့်လိုက်တော့ ညဆယ်နာရီပင်ထိုးနေပြီ။ ဒါနဲ့ပဲ ... တံခါးဖွင့်ကာ အိမ်ရှေ့ရောက်အောင် ပြေးဆင်းလာခဲ့မိသည်။



www.burmeseclassic.com

"ဟို ... ဟိုလေ ကြူကြူ ... မောင် ... ချစ်သောမောင် ဒီကိုမလာဘူးလား"

"ဟာ ... မလာဘူးလေ အန်တီမွေး ... ခုထိ မလာသေးလို့ အန်တီမွေးလိုက်ရှာနေတာ"

"ဟင် ... ဒုက္ခပါပဲ၊ ဒီလောက်မိုးချုပ်နေတာ ပြန်မလာသေးရင် လမ်းမှာတစ်ခုခုဖြစ်နေပြီထင်တယ်"

အန်တီမွေးလိုက်လာတာ ဆိုက်ကားကြီးနဲ့။

မေးပြီးတော့လည်း ဆိုက်ကားပေါ်က မဆင်းနိုင်။

"လုပ်ပါဦး ကြူကြူရယ် ... ကားဂိတ်မှာသွားစောင့်တော့လည်း ပြန်မလာတာနဲ့ ရပ်ကွက်ထဲမှာ ပြန်ရောက်နေမလားဆိုပြီး အန်တီမွေး လိုက်ရှာနေတာ"

"မောင် ... မောင်က ဘယ်ကိုသွားတာလဲ အန်တီမွေး"

"မောင့်ဖေဖေလေ ... အသည်းကင်ဆာဖြစ်နေလို့ မြို့ထဲမှာ လူနာသတင်းသွားမေးတာ"

အန်တီမွေး ဒီလောက်ပြောရင် ကြူကြူသဘောပေါက်ပြီ။

ဦးမင်းထီးရှည်နဲ့စေ့စပ်ပွဲပျက်သွားတဲ့နေ့က မောင့်ဖေဖေ ရောက်လာတာ သူမနဲ့တောင် ဆုံလိုက်ရသေးတာပဲ။ တကယ်ဆို ဟိုဘက်က ဒီလောက်ချမ်းသာတာ မောင်ပြန်ချင်ရင်တောင် သူတို့ ဘက်က ကားနဲ့လိုက်ပို့ပေးရမှာပေါ့။

ဒါဆို ... မောင် အဲဒီအိမ်မှာ အိပ်နေတာများလား။

"ဖုန်းဆက်ကြည့်လေ အန်တီမွေး ... ဒါမှ မောင်ဘယ်အချိန်က ပြန်သွားတယ်ဆိုတာ အန်တီမွေး သိမှာပေါ့"

"ဟင် ... အဲဒါ အန်တီမွေး မသိလို့ပေါ့ ကြူကြူရဲ့ ... သူ့





ဖေဖေရဲ့လိပ်စာနဲ့ဖုန်းနံပါတ်ကိုတောင် ချစ်သောမောင် တစ်ယောက်ပဲသိတာ ... အန်တီ မသိဘူး ..."

"ဒုက္ခပါပဲ အန်တီမွေးရယ် ..."

ဒါနဲ့ပဲ ဆိုက်ကားကြီးနဲ့အန်တီမွေး အဖော်ရအောင် သူမပါ ပြန်လိုက်ခဲ့ရသည်။

အိမ်ရှေ့ရောက်တော့ ဆိုက်ကားပေါ်ကအဆင်း ...

"ဟင် ... အိမ်ရှေ့လှေကားမှာ ငုတ်တုတ်ထိုင်နေတာ ဘယ်သူလဲ ..."

"ဟယ် ... ဦး ... ဦးမင်းထီးရှည် ..."

"မင်းထီးရှည် ..."

နာမည်ကြားလိုက်ရုံနဲ့ ဒေါ်စံပယ်မွေး မျက်တောင်တွေ ပင့်တက်သွားသည်။

ကြည့်စမ်း ... ခေါင်းငိုက်စိုက်ချပြီး အိမ်ရှေ့လှေကားမှာ တစ်ယောက်တည်း ထိုင်နေတာ။ ဘယ်လိုဖြစ်တာလဲ ... ပြောတော့ နယ်ကိုပြန်သွားပြီဆို။

လူသံခြေသံတွေကြားတော့မှ မင်းထီးရှည် ခေါင်းမော့ကြည့်သည်။

ဝတ်ထားတာလည်း ရှပ်အင်္ကျီလက်တို အနွမ်းကလေးနဲ့ပါ။

"မောင် ... မောင်မင်းထီးရှည်၊ မင်းဘယ်လိုလုပ် ဒီကိုပြန်ရောက်နေတာလဲ ..."

ဒေါ်စံပယ်မွေးအတွက်တော့ ဒီသူငယ်ကိုပြန်တွေ့နေတာပဲ ချမ်းသာရတော့မလိုလို ဝမ်းနည်းရတော့မလိုလို။

"ကျွန်တော် ... ကျွန်တော် အမေနဲ့မောင့်ကို သတိရလို့ပြန်

www.burmeseclassic.com



လာတာ၊ မောင်ရောဟင်အမေ … မောင် နေကောင်းရဲ့လား”

“ကြည့်စမ်း … ”

အမေနဲ့မောင့်ကို သတိရလို့ ပြန်လာတာတဲ့။

ဒီသူငယ်လေး ဒီလိုပြောတော့လည်း ဒေါ်စံပယ်မွှေး စိတ်မကောင်း။

“ကောင်း … ကောင်းပါတယ်မောင်မင်းထီးရှည်၊ ဒါ … ဒါပေမဲ့ … မောင် ဒီနေ့ သူ့ဖေဖေ နေမကောင်းတာကိုကြည့်မယ်ဆို ပြီး ထွက်သွားတာ ခုထိပြန်မလာလို့”

“ဗျာ … ”

မင်းထီးရှည် အံ့သြသွားတာ မျက်လုံးပါပြူးလို့။

“မောင် … မောင် ပြန်မလာသေးဘူး … ဟုတ်လား”

“ဟုတ်တယ် မောင်မင်းထီးရှည် … မောင် ဒီအချိန်ထိ ပြန် မလာသေးလို့ အမေတို့လိုက်ရှာနေတာ၊ ဒီမှာ ကြူကြူလည်းပါလာ တယ်”

ဒေါ်စံပယ်မွှေးပြောတော့ မင်းထီးရှည်က နှုတ်ခမ်းလေး သည်။

“အမေရာ … မောင့်ဖေဖေဆီကို မောင်လိုက်သွားတာဆိုရင် အမေ ဘာမှစိတ်ပူမနေနဲ့၊ အချိန်တန်ရင် အမေ့ဆီကို မောင်ပြန်လာ မှာပါ”

“ဟုတ်ပါတယ် အန်တီရယ် … မောင်က ကလေးလည်း မဟုတ်ပါဘူး၊ ဟိုမှာ တစ်ခုခုဖြစ်နေလို့ ကြာနေတာပဲနေမှာ၊ ဟော ဟော … ဟိုမှာ … ဟိုမှာ ပြောရင်းဆိုရင်း အိမ်ရှေ့ကို ကားတစ်စီး ရပ်လာပြီ အန်တီမွှေး … မောင် ပြန်လာပြီထင်တယ်”





အန်တီစံပယ်မွှေး မျက်ဝန်းတွေ အခုမှအရောင်တွေ လက် သွားသည်။ ကြည့်လိုက်တော့ … ကားပေါ်ကဆင်းလာတာ မောင် မဟုတ်ဘဲ အသက်ခပ်လတ်လတ်အရွယ် လူတစ်ယောက်။

“ဒေါ်စံပယ်မွှေး ရှိလားဟင် … ဒေါ်စံပယ်မွှေး … ”

ခြံဝကနေ နာမည်ကိုလှမ်းအော်နေသည်။

“ဟာ … ရှိပါတယ် … ရှိပါတယ် … ”

ဟန်မဆောင်နိုင်လောက်အောင်ဘဲ ထိုလူ့အနားကို ဒေါ်စံ ပယ်မွှေး အပြေးသွားမိသည်။

“ဘာ … ဘာကိစ္စရှိလို့လဲဟင်”

“ဟိုလေ … ဦးမြတ်ကို ပြောခိုင်းလိုက်လို့လာပြောတာပါ။ သမီးချစ်သောမောင်အတွက် စိတ်မပူပါနဲ့တဲ့၊ သူ့သား မင်းတိမ်တိုက် နိုင်ငံခြားကပြန်ရောက်လာလို့ မိသားစုတွေ ဆွေးနွေးနေတာ၊ မနက် ဖြန်ကျမှ ပြန်လာတော့မယ်ဆိုတာ ပြောခိုင်းလိုက်လို့ … ”

“အို … ဟုတ်လား … ”

ခုမှပဲ ဒေါ်စံပယ်မွှေး အလုံးကြီးကျသွားသည်။

ပြောပြီးတာနှင့် ထိုလူကလည်း ကားပေါ်ပြန်တက်ကာ ခပ် သည်သည်မောင်းထွက်သွား၏။

“ကဲ … ကြူကြူ မပြောဘူးလား စိတ်မပူပါနဲ့လို့ … ”

“ဟင်း … ဟင်း … သူ့ဖေဖေဆီမှာရှိတယ်ဆိုလည်း ပြီးရော ပြီးရော … ”

“ဒါဆို … သမီးပြန်တော့မယ်နော် အန်တီမွှေး … ”

“ဟာ … ပြန်ရင် အိမ်ကစက်ဘီး ယူသွားလေ”

ကျန်ခဲ့တာ ဒေါ်စံပယ်မွှေးနဲ့မင်းထီးရှည် နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ပါ။

မင်းထီးရှည်က နှုတ်ခမ်းလေးမဲ့ပြီး ဒေါ်စံပယ်မွှေးကို လှမ်းကြည့်သည်။

"ဘာလဲဟင် အမေ ... အခုမှ အမေတို့နှစ်အိမ်တစ်အိမ် မွေ့လမ်းငွေလမ်းဖောက်နေကြပြီလား ... ဟွန်း ... "

မင်းထီးရှည် မခံစားနိုင်တာ အဲဒါပဲ။

"မောင် ... မောင်မင်းထီးရှည်ရယ် ... ဒါတွေဖြစ်လာအောင် မောင့်ဖေဖေကပဲ စိတ်တိုင်းကျ စီစဉ်နေတာလေ၊ မောင့်မင်္ဂလာပြီးတာနဲ့ အမေကလည်း ရာသက်ပန်ရိပ်သာဝင်တော့မှာ"

"ဒါပေါ့ အမေရာ ... ကျွန်တော့်ဘဝက လမ်းပေါ်မှာ လျှောက်နေရတဲ့ဘဝဆိုတော့ ... ဟွန်း ဟင်း ... "

ကြေကြေကွဲကွဲလေးပဲ မင်းထီးရှည် ပြုံးမိသည်။

"မောင် ... မောင်မင်းထီးရှည်ရယ် ... အမေ့ကို မင်းခွင့်လွှတ်ပါ၊ အမေလေ ... မင်းနဲ့စေ့စပ်ပွဲကို မလွဲသာမရှောင်သာ ဖျက်သိမ်းလိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ အခုရော မင်းဘယ်မှာနေနေတာလဲဟင် ... ဒီအိမ်လေးကို မင်းပြန်မလာတော့ဘူးလား"

"ဒီ ... ဒီအိမ်လေးမှာပြန်နေရင် ကျွန်တော် ခံစားနေရမှာလေအမေ ... "

"အို ... မဟုတ်တဲ့ဟာ၊ တစ်နှစ်စာလည်း လစာပေးပြီးသားမင်း ... မင်း ဒီအိမ်လေးမှာပဲ ပြန်နေရမယ်၊ တခြားကို မသွားပါနဲ့ ချစ်သောမောင်ကို ကိုယ့်ညီမလေးတစ်ယောက်လို သဘောထားပြီး ဒီမင်္ဂလာပွဲပြီးအောင် မင်းကူညီပါကွယ်၊ အမေ တောင်းပန်ပါတယ်





အမေ့ကို ... အမေ့ကို ... မင်း ... မင်း ... "

"စိတ်ညစ်တယ် အမေရာ ... "

ဒေါ်စံပယ်မွှေး တောင်းပန်မိသည်။

တကယ်အပြစ်ရှိခဲ့တာ မိမိကပဲ အပြစ်ရှိခဲ့တာပါ။

တကယ်ဆို ... သမီး ချစ်သောမောင်ကိုယ်တိုင်က မောင်မင်းထီးရှည်ကိုပဲ တွယ်တာနေခဲ့တယ်ဆိုတာ အခုမှ ဒေါ်စံပယ်မွှေး သိခဲ့ရတာပါ။

ညဆိုလည်း အိမ်ရှေ့လေ့ကားရင်းလေးမှာ တိုင်ကလေးကို မှီပြီး ညဉ့်နက်သန်းခေါင်အထိ မောင်တစ်ယောက်တည်း ထွက်ထွက်ထိုင်နေတာ ဒေါ်စံပယ်မွှေး မရိပ်မိဘဲ နေပါတော့မလား။

အိပ်တော့လေဆိုတော့လည်း မအိပ်။

စားတော့လေ ဆိုတော့လည်း မစား။

သူမကိုယ်တိုင် ငယ်ရာကကြီးလာတာပဲ မောင်မင်းထီးရှည် ပြန်သွားတာကို ချစ်သောမောင်က စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့တာပဲနေမှာ။ ဒါပေါ့လေ ... သူတို့ချင်းက လူငယ်တွေဆိုတော့ အနေနီးပြီး မမြင်နိုင်တဲ့ သံယောဇဉ်ကလေးတွေ တွယ်သွားခဲ့တာပဲနေမှာပေါ့။

"အင်းပေါ့လေ ... အမေက ဒီလောက်ပြောနေပြီဆိုတော့လည်း ကျွန်တော် ဒီအိမ်မှာပဲ ပြန်နေရတော့မှာပေါ့ ... နေရင်လည်း ဒီအိမ်ရှေ့မှာ ကျွန်တော် ဆိုင်မဖွင့်တော့ပါဘူး၊ အိတ်ကြီးတစ်လုံးလွယ်ပြီး ကျွန်တော်ပြင်ရမယ့် ပစ္စည်းတွေကို အိမ်တိုင်ယာရောက်သွားပြင်ပေးရတဲ့အလုပ်ကိုပဲ ကျွန်တော် လုပ်တော့မယ်၊ မိုးလင်းတာနဲ့ အိတ်ကြီးတစ်လုံးလွယ်ပြီး ဒီကနေထွက်သွား ... မိုးကြီးချုပ်



www.burmeseclassic.com

www.burmeseclassic.com



မှ ဒီကိုပြန်လာ ... ”

“အို ... မင်းဘာပဲလုပ်လုပ် ဒီအိမ်မှာ မင်းပြန်နေမယ်ဆိုရင် အမေ ကျေနပ်တယ်၊ မောင့်ကို မျက်နှာချင်းဆိုင်ဖို့ မင်းအတွက် ခက်နေတာ အမေနားလည်တယ် ... ကဲ ... ကဲ ... ဒီမှာ မင်းရဲ့ အခန်းသော့လေး အမေသိမ်းထားတယ် ... ဖွင့် ... ဖွင့် ... မင်း အခန်းလေးကိုဖွင့်ပြီး ဒီည အေးအေးဆေးဆေး အနားယူလိုက်”

“ဟုတ် ... အမေ ... အမေလည်းအိပ်တော့၊ ကျွန်တော် လည်း နားတော့မယ်”

ဒီသူငယ်လေးပြန်လာတာ ...

ဒေါ်စံပယ်မွှေး စိတ်ထဲမှာ ကျေနပ်သွားမိသည်။ သို့သော် တစ်ခုပဲ စိတ်မကောင်းဖြစ်မိတာက ဒီသူငယ်လေး မျက်နှာငယ်နေ တာ။

ခုလောက်ဆို ဟိုအိမ်ကြီးမှာ မောင်ဘယ်လိုဖြစ်နေပြီလဲ။

ဆီး

အခန်း ( ၁၇ )

“ဟင် ... ”

မောင် ဖျတ်ခနဲလန့်နိုးလာတာနဲ့ ခုတင်ပေါ်ကနေ လူးလဲ ထရပ်ပြီး ကြည့်လိုက်တော့ ... ဟိုလူအိပ်နေတာက မောင့်ခုတင် ဘေးက ကြမ်းပြင်ပေါ်မှာ။

နာရီကို လှမ်းကြည့်လိုက်တော့ ...

မနက် ငါးနာရီတိတိ။

ကြည့်စမ်း ...

ညက ဒီလူနဲ့မောင် အခန်းထဲမှာအတူတူအိပ်ခဲ့တာပဲ။

သူ မောင့်ကို အခွင့်အရေးမယူခဲ့တာဘဲ ကျေးဇူးတင်ရမလို လို။ သေချာတာက ... မောင် စိတ်မောလူမောနဲ့ နှစ်ခြိုက်စွာအိပ် ပျော်သွားခဲ့တာပဲ ဖြစ်လိမ့်မည်။

မောင် ဆံပင်တွေကို စုချည်ပစ်လိုက်ရင်း ကြေမွသွားသည့် အင်္ကျီစတွေကိုပါ ရသလောက်ဆွဲဆန့်နေလိုက်မိသည်။ အရေးကြီး တာ မောင် မျက်နှာသစ်ဖို့ပါ။

ခုတင်ပေါ်ကထရင်း ဒီဘက်ကိုလျှောက်လာကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အိပ်ခန်းကျယ်ကြီးနှင့်တွဲလျက်။ ဒီဘက်မှာ ရေချိုးခန်းနှင့်အိမ်သာက မီးရောင်တွေ ထိန်လင်းလျက်။

သွားတိုက်ဆေး သွားပွတ်တံကအစ အသစ်ကြပ်ချွတ်တွေ

တံဆိပ်မျိုးစုံ ဆပ်ပြာတုံးကလေးတွေကိုလည်း နှစ်သက်ရာ ယူသုံးနိုင်ဖို့ စင်ကလေးပေါ်မှာ တန်းစီတင်ထားသည်။

ဒီဘက်ဘေးမှာတော့ ...

ရောင်စုံမျက်နှာသုတ်ပဝါ အကောင်းစားကြီးတွေက အထပ်လိုက်တင်ထားတာက တစ်ပုံတစ်ပင်။ အခန်းထဲမှာ ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်က အဆင်သင့်။

မောင် စိတ်အိုက်အိုက်နဲ့ ရေပါချိုးပစ်လိုက်သည်။

ခုလောက်ဆို မောင် တစ်ညလုံးပြန်မလာလို့ အမေစိတ်ပူနေတော့မည်။ တွေ့မှ ... မေမေ့ကို ရှင်းပြရတော့မှာပဲ။

"ဟင် ... မင်း ရေချိုးလိုက်တာလား"

မောင် မွေးပွတစ်ဖက်စောင်ကြီး ခြုံထွက်လာတော့ သူမျက်လုံးတွေ ပွတ်သပ်ကြည့်ရင်း မောင့်ကို လှမ်းမေးသည်။

"ဟုတ်တယ် ... ခေါင်းထဲမှာ ညည်းစီစီဖြစ်နေလို့ ကျွန်မချိုးပစ်လိုက်တာ"

"ဟွန်း ... အိပ်ရာထချိန်မှာ ကြည့်တော့လည်း မင်းကတအားလှနေတာပဲနော် ... အဝတ်အစားလဲမယ်ဆိုရင် ဟိုဗီရိုထဲမှာ မိန်းကလေးအဝတ်အစား အသစ်တွေ အထပ်လိုက်ရှိတယ်၊ ရယ်မိတ်အင်္ကျီတွေလည်း ချိတ်တန်းတွေမှာ ဒီဇိုင်းမျိုးစုံရှိတယ်၊ မင်းကြိုက်တာရွေးဝတ်နိုင်တယ်၊ ဖိနပ်တွေက ဒီဘက်ဗီရို အောက်ဆုံးမှာ"





"ရှင် ... ရှင် ... ဒါတွေကို ..."

"မင်း မအံ့သြနဲ့လေ ချစ်သောမောင် ... ဒါတွေက ငါလက်ထပ်ရမယ့်ကောင်မလေးတစ်ယောက်အတွက် ရည်ရွယ်ပြီးတော့ အားလုံးငါဝယ်ထည့်ထားတာ၊ အခု ... မင်းက ငါလက်ထပ်ရမယ့်ကောင်မလေး ဖြစ်သွားပြီဆိုတော့ ဒါတွေအားလုံး မင်းအတွက်ပေါ့ ..."

"ဟွန်း ... ဝမ်းနည်းပါတယ်၊ အိမ်က အဝတ်အစားအတိုင်းပဲ ကျွန်မ ပြန်ဝတ်မယ်၊ ရှင်ဝယ်ထားတာတွေဝတ်ဖို့ ကျွန်မမှာ အစီအစဉ်မရှိပါဘူး။ အရေးကြီးတာ ... ကျွန်မ ပြန်မယ် ..."

"အဲဒါ ... မင်းမပူနဲ့၊ စောစောကပဲ မင်းရေချိုးနေတုန်း ဒက်ဒီဖုန်းဆက်သွားလို့ မင်းကို ပြန်ပို့ပါ့မယ်ဆိုတာ ငါကတိပေးလိုက်ရတယ်"

တွေ့လား ... ဖေဖေ အခုပဲ ဖုန်းဆက်သွားတယ်တဲ့။

ပြောရရင် ... ဖေဖေ့အမိန့်ကိုတော့ သူနာခံသား။

မောင် ဖေဖေ့ကို ပထမဆုံးအကြိမ် ကျေးဇူးတင်မိသွားသည်။

သူ့ကိုတော့ ဆောရီး ...

"ရတယ်လေ ... အခုမဝတ်လည်း လက်ထပ်ပြီးတာနဲ့မင်းဝတ်ရမှာပဲ ... ငါက အေးဆေးပါ၊ ကဲ ... အောက်ထပ်ဧည့်ခန်းထဲကပဲ မင်းစောင့်နေတော့ ဟုတ်ပြီလား ... ငါ ရေချိုးပြီးတာနဲ့ အောက်ကို ဆင်းလာခဲ့မယ်"

အခုမှ ရီမုလေးနှိပ်ပြီး အခန်းတံခါးလော့ခ်တွေကို သူကဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင် မနေ့က အဝတ်အစားအတိုင်းလေးပဲ အောက်ကို ဆင်းလာတော့ မောင့်ကို အောက်ထပ်လေ့ကားရင်းက ပြုံးပြုံးကြီး စောင့်ကြိုနေတာ ... ဒေါ်ကြီးထွေး ...

"သမီး ချစ်သောမောင် ... နိုးလာပြီလား ... "

"ဟုတ် ... ဒေါ်ကြီးထွေး ... "

"ခုပဲ ဦးမြတ်ကိုက ဒီကိုဖုန်းဆက်သွားတယ်၊ သမီး မပြန်ခင် ဂရုစိုက်ပေးပါတဲ့"

ဖေဖေရယ် ...

တစ်သက်လုံး ပစ်ထားတဲ့သမီးကို အဖေ အခုမှဘာလို့ ဒီလောက်တောင် အကြင်နာတွေပေးနေရတာလဲဟင်။ တကယ် တမ်းကျတော့ ဖေဖေ နေမကောင်းတာကိုသိနေလို့ ရင်နာနာနဲ့ အတိတ်ကဇာတ်လမ်းတွေကို မောင် မေ့ပစ်ထားခဲ့ရတာပါ။

ကိုယ့်သမီးအရင်းကိုတောင် ငါ့သမီးမဟုတ်ဘူးဆိုတဲ့စွတ်စွဲ ချက်တွေနဲ့ မေမေ့ကို အပြစ်ရှာရန်လုပ်ပြီး ဖေဖေ နောက်အိမ်ထောင် ထူပစ်ခဲ့တာလေ။

ဒါကို ... မောင်မေ့သွားခဲ့ပြီလို့ ဖေဖေ မထင်လိုက်ပါနဲ့။

သေချာနေတဲ့အချက်က ဖေဖေ့နောက်မိန်းမ အန်တီ ဒေါ်ခင်မိုးမိုးရဲ့သား ဦးမင်းတိမ်တိုက်ဆိုတဲ့လူကို မောင် ချစ်လို့မရ ဘူးလေ ဖေဖေရဲ့။

ဒီလူက သူ့ကိုယ်သူမြောက်ကြွမြောက်ကြွနဲ့။ အတ္တကလည်း အရမ်းကြီးနေလို့ပါ။ မောင် တစ်စက်မှကြည့်လို့မရခဲ့တာ စတွေ့ လိုက်တဲ့အချိန်ကတည်းက။

"လာလေ ... သမီးချစ်သောမောင်၊ မနက်အိပ်ရာထရင်





သမီး ဗိုက်ဆာနေမှာစိုးလို့ စားစရာသောက်စရာတွေ ဒေါ်ကြီးမိုး အဆင်သင့် ပြင်ထားတယ်"

"မောင် ... မောင် မစားချင်ဘူး ဒေါ်ကြီးထွေး ... "

"အို ... မစားလို့ ဘယ်ဖြစ်ပါ့မလဲ၊ လာပါ ... အားမနာစမ်း ပါနဲ့၊ နောက်လည်း ဒီခြံကြီးထဲမှာ မောင်အမြဲနေရတော့မယ့်ဥစ္စာကို"

ဒေါ်ကြီးထွေး အတင်းလက်ဆွဲခေါ်လို့သာ မောင်ပါလာခဲ့ရ ပေမယ့် မောင့်စိတ်တွေက အိမ်ပြန်ချင်တာပဲသိနေသည်။

ခဏနေတော့ အောက်ထပ်ကို သူပါဆင်းလာ၏။

"ဟင် ... "

ဘယ်လိုပဲကြည့်ကြည့် ဦးမင်းထီးရှည်နဲ့ တော်တော်တူတဲ့ လူ။

ဆံပင်ရှည်တာနဲ့ ဝတ်တာစားတာ တအားကွာသွားလို့။

"ဟာ ... မင်း ငါ့ကို ဘာလို့ဒီလောက်တောင် စိုက်ကြည့်နေ တာလဲ"

"ဟွန်း ... ဒီလိုပေါ့ ... "

မောင် မဖြေပါ။

မောင့်ရင်ထဲက နှလုံးသားပြဿနာကို သူ့ကိုအသိပေးရှင်းပြ နေစရာလိုလို့လား။ မကြာခင်မှာ ... မောင်ဟာ ပြတ်ပြတ်သား သား ရွေးချယ်လိုက်ရမယ့် အလုပ်တစ်ခုကို လုပ်ကိုလုပ်ရတော့မှာ။

သူက ဝတ်ထားတာလည်း နိုင်ငံခြားဖြစ် အကောင်းစား ရှပ်အင်္ကျီ နီညိုရောင် လက်ရှည်လေးနဲ့။ ကြယ်သီးတွေအားလုံး စေ့ ပိတ်နေအောင် တပ်ထားသလို နက်ပြာရောင်စတိုင်လ်ပန်လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွဲဝတ်ထားလိုက်တော့ ရှင်းသန့်သွားတဲ့မျက်နှာထားက တကယ့်ကို ချောမောသွားတာ မောင်သတိထားလိုက်မိသည်။

"ဒေါ်ထွေး ..."

"အမိန့်ရှိပါ မောင်မင်းတိမ်တိုက်"

"ကျွန်တော် လက်ထပ်ရမယ့်ချစ်သောမောင်က ချောရဲ့လားဟင်"

မောင်ကိုင်ထားတဲ့ ကော်ဖီခွက်ကလေးပင် ပြုတ်ကျချင်ချင်ဖြစ်သွားရသည်။ အရေးထဲမှာ စိတ်ကူးကလည်း ယဉ်လိုက်တာနော်။ လူကိုများ သူလက်ထပ်ရမယ့် ကောင်မလေးဆိုပြီး အပိုင်ဟစ်ကြွေးနေလိုက်တာ။

မောင် နှုတ်ခမ်းလေးမဲ့သွားတာကိုကြည့်ပြီး ဒေါ်ကြီးထွေးက ပါးချိုင့်လေးနှစ်ဖက် ခွက်သွားအောင် ပြုံးသည်။

"အို မချောဘဲနေပါ့မလား မောင်မင်းတိမ်တိုက်ရဲ့ ... ဒီလောက်ချစ်ဖို့ကောင်းတဲ့ မျက်နှာလေးနဲ့ အရပ်အမောင်းလေးက အစ ကိုယ်လုံးကိုယ်ပေါက်လှလှလေးကို ပိုင်ထားတာ၊ မင်းမပြောနဲ့ ဒေါ်ကြီးထွေးတောင် မြင်တာနဲ့ တအားချစ်သွားတာ"

"ကဲ ... ကြားတယ်နော် ချစ်သောမောင် ..."

"ဟွန်း ..."

သည်တစ်ခါ မောင့်နှုတ်ခမ်းလေးက တိတိကျကျ ထပ်မဲ့သွားသည်။

"ချစ်ဖို့ကောင်းတယ်ပြောတာကို လက်ခံပေမယ့် ရှင်နဲ့လက်ထပ်ရမယ့်ကောင်မလေးဆိုတာကိုတော့ ကျွန်မ ကန့်ကွက်တယ်"





"ဘယ်လို ..."

"ကျွန်မ အခု ဖေဖေ့ဆီကိုလာတာ မိဘတစ်ယောက်ရဲ့ နောက်ဆုံးအချိန်ကိုရောက်နေလို့ သမီးဆိုတဲ့အသိစိတ်လေးတစ်ခုနဲ့လာခဲ့တာ၊ ဖေဖေ့ရဲ့နောက်ဆုံးအချိန်တွေမှာ သမီးတစ်ယောက်ရဲ့တာဝန်တွေ ကျေသွားချင်တယ် ... ကျွန်မ ရည်ရွယ်ခဲ့တာက ဒါပဲ"

"ဒါဆို ... မင်းအမိကပြောချင်တာက ငါ့ကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ လက်မထပ်နိုင်ဘူးဆိုတာပေါ့"

"အဲဒါ သေချာတယ် ..."

မောင် ကော်ဖီခွက်ကိုချပြီး တစ်ခါတည်း ထရပ်သည်။

"ကဲ ... ကျွန်မ ပြန်မယ်"

"ဟင် ... ငါလိုက်ပို့မယ်လေ ချစ်သောမောင် ..."

သူကမန်းကတန်း အသည်းအသန်ပြေးလိုက်လာတာ မောင့်နောက်ကိုပါ။ သူပြန်လိုက်မပို့ရင်လည်း ခြံအပြင်ဘက်ကိုထွက်ပြီး တက္ကစီနဲ့မောင်က ရအောင်ပြန်တော့မှာ။

"စိတ်ကလည်း တိုလိုက်တာကွာ ... တကယ်ပါပဲ"

သူ ကားတံခါးကို အပြေးအလွှားသွားဖွင့်သည်။

"ရတယ် ... ရှင် လိုက်မပို့နဲ့"

"မပို့လို့ရမလားကွ"

"ကျွန်မ ရှင့်ကားကို မစီးချင်လို့ပါ"

"မရဘူး ... တက် ... မင်းမတက်ရင် မင်းတစ်ကိုယ်လုံးကို ပွေ့ချီပြီးတော့ ကားပေါ်ကို ပစ်တင်လိုက်မှာနော် ... မယုံမရှိနဲ့"

မောင့်မျက်စောင်းလေးက ဖျတ်ခနဲ ဝဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင် ငြင်းလို့မရတော့မယ့်အတူတူ ကားပေါ်ကို ဇွေ့ခနဲ တက်ပစ်လိုက်မိတာလည်း တကယ့်ကို စိတ်ပျက်လက်ပျက်လေးနဲ့

သည်တော့မှ ပွန်ခနဲ နှုတ်ခမ်းလေးတစ်ချက်မဲ့ကာ ဒရိုင် ဘာနေရာမှာ သူကဝင်ထိုင်သည်။ မကျေမနပ်နဲ့လည်း မောင့်ကို လှမ်းပြော၏။

"ပွန်း ... မာနကြီးလိုက်တာလည်းလွန်ရော၊ ဘာလဲဟင် ချစ်သောမောင် ... မင်း ဒက်ဒီကို မုန်းခဲ့တဲ့အရှိန်တွေနဲ့ ငါ့ကိုပါ စွတ်ပြီးတော့ မင်း မုန်းပစ်လိုက်တော့မလို့လား၊ ငါ ... ဘယ်တော့ မှ မဖြစ်နိုင်တာကို စိတ်ကူးမယဉ်တတ်ဘူးဆိုတာ မင်းကိုထပ်ပြီး တော့ အသိပေးလိုက်မယ်၊ အခု ... မင်းကို အိမ်ပြန်ပို့တာလည်း ဒက်ဒီတောင်းဆိုတာကို ငါမဆန့်ကျင်ချင်လို့၊ ဒက်ဒီပြောတာ တရား နည်းလမ်းကျတယ်ထင်လို့"

"ဖေဖေက ဘာပြောလို့လဲ ... "

"သူ့မှာချစ်သူရှိနေရင် သူ့စိတ်တိုင်းကျ ဆုံးဖြတ်ပြီးရွေးပါစေ တဲ့ ... သားကြီးက အချစ်ကို အဓမ္မ မသိမ်းပိုက်ချင်ပါနဲ့တဲ့"

"အဲဒါ ... ဖေဖေ မှန်တာပေါ့ ... "

"ဘာလို့မှန်ရမှာလဲ ... အဲဒါ လုံးဝမှားနေတာ"

"ဟင် ... ဘာဖြစ်လို့လဲ ... "

"ငါကမှ မင်းကို မစွန့်လွှတ်နိုင်တာ"

"ဘုရားရေ ... "

မောင် သူ့ကိုကြည့်ကာ ထိတ်ထိတ်ပျာပျာ ဘုရားတမိသည်။

"ဟုတ်တယ် ... ငါ့ရင်ထဲမှာ ဖြစ်နေတဲ့ခံစားချက်ကို ငါပဲသိ တယ်၊ မင်းကိုသိစေချင်လို့ ရှင်းပြလည်း မင်းနားလည်မှာမဟုတ်ဘူး





ငါ့ဘဝမှာ ငါလိုချင်ခဲ့တဲ့ အရုပ်လေးတစ်ရုပ်ဟာ မင်းနဲ့တစ်ပုံစံတည်း တူနေတဲ့ အရုပ်ကလေးဖြစ်နေတယ် ... ဒီအရွယ်ကလေးဆို ကမ္ဘာ ပတ်ပြီးတော့တောင် ငါရှာခဲ့ရတာ၊ ဘယ်လိုအရွယ်ကလေးလည်းဆို တော့ တွေ့လိုက်တာနဲ့ ငါ့ကိုယ်ထဲက လည်ဝတ်စီးဆင်နေတဲ့သွေး တွေအားလုံးကို တစ်ချက်တည်း အေးခဲသွားအောင် ရတနာနဲ့စံနိုင် မယ့် အရုပ်ကလေး ... "

"ဒီမှာ ... ရှင် ... အခုမှလာပြီး အပြောကောင်းမနေနဲ့"

မောင် ခေါင်းရောလက်ပါ ခါပစ်သည်။

မျက်ဝန်းတွေကိုလည်း ဟိုဘက်ထောင့်ရော ဒီဘက်ထောင့် ပါ ရွေ့ပြီးတော့ ကပ်ပစ်၏။ ဒါကိုလည်း မျက်လုံးလေးတစ်ချက်စွေ ကြည့်ကာ နှုတ်ခမ်းလေးမဲ့ပြီးတော့ သူက ပြုံးသည်။

"ပွန်း ... အဲဒါ ငါအပြောကောင်းနေတာ မဟုတ်ဘူး၊ ချစ် သောမောင် ... မင်းကို ရယူလိုတဲ့စိတ်နဲ့ ငါ့ရင်ထဲမှာ ဘယ်လောက် ခံစားနေရတယ်ဆိုတာ မင်းကိုရှင်းပြနေတာ၊ ဒါကို ... မင်းမယုံကြည် နိုင်လို့ ခေါင်းခါငြင်းမယ်ဆိုလည်း ငါလက်ခံတယ်၊ တစ်ခုပဲ ငါထပ် ပြောမယ် ... မင်းမှာချစ်သူရှိနေရင် အဲဒီချစ်သူကို မင်းမေ့လိုက်ပါ။ မင်းဘဝတစ်ခုလုံးကို စိန်စီတဲ့ပန်းပုခက်ပေါ်မှာ တစ်သက်တာစံမြန်း ခွင့်ပေးမယ့် ငါ့ကိုပဲ အကောင်းဆုံး ရွေးချယ်လိုက် ... "

"ဩော် ဟော် ... ဟင်း ဟင်း"

မောင် ခပ်လှောင်လှောင်လေးပဲ ပြုံးမိ၏။

"မင်း ... မင်း ... အဲလို မပြုံးနဲ့နော် ချစ်သောမောင်၊ ငါပြော နေတာက ငါနဲ့နေမှ မင်းချမ်းသာမှာ ... ရွှေဆိုရင်ရွှေ၊ ငွေဆိုရင်ငွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြည့်စုံတယ် ... တိုက်၊ ကား စည်းစိမ်ချမ်းသာ မင်းအတွက် ဘာမှမပူစေရဘူး၊ မင်းဘဝအတွက် လိုအပ်နေတဲ့အရာမှန်သမျှ ဖန်ဆင်းပေးဖို့ ငါ့ဘက်က အဆင်သင့်ပဲ ... ဒါကိုပြောနေတာ"

"ဒီမှာ ရှင့်ကြောင့် ကျွန်မဘဝကြီးတစ်ခုလုံး ပြောင်းလဲသွားမယ်ဆိုလည်း ဒါကို ကျွန်မလက်မခံဘူး ... ပြောရရင် ... ကျွန်မ သံယောဇဉ်ဖြစ်သွားမိတဲ့ချစ်သူက ရှင့်လို မချမ်းသာပါဘူး"

"သူက ဘာလုပ်သလဲ ... "

"လမ်းဘေးမှာထိုင်ပြီး ထီးပြင်တယ်၊ ဖိနပ်ချုပ်တယ်"

"ဘာ ... ဘာ ... ဘာပြောတယ် ... "

သူ ဆတ်ဆတ်ခါဖြစ်သွားတာ မျက်လုံးတွေပါပြူးလို့။

"ဒီလိုကောင်မျိုးကို မင်း ... မင်းက ... ဟား ဟား"

ပြောပြီးတော့မှ ကားမောင်းရင်း သူရယ်ချလိုက်တာ ခွက်ထိုးခွက်လှန်လေးပါ။ သူ အံ့သြသွားပုံရသလို အထင်သေးသွားတာလည်း မျက်နှာလေးမှာ ပေါ်လွင်သွားခဲ့၏။ မောင် ထူထူပူပူလေးနဲ့ပဲ သူ့မျက်နှာလေးကို ချာခနဲ လှည့်ကြည့်မိသည်။

"ရှင် ... ရှင် ... ကျွန်မပြောတာကို ဟာသမလုပ်နဲ့နော် ဦးမင်းတိမ်တိုက် ... သူက ရှင့်လိုမချမ်းသာပေမယ့် စိတ်သဘောထားဖြူစင်တယ်၊ ကျွန်မအတွက်ဆို အပင်ပန်းလည်းခံတယ်၊ အနှိမ်နာလည်းခံတယ် ... အဓိကအချက်က သူချစ်တာကို ကျွန်မ ယုံတယ်"

"အဲဒီကောင် ဘယ်ကလာတဲ့ကောင်လဲ"

"နယ်ကလာတာ ... ရန်ကုန်မှာအလုပ်လာလုပ်တာ"

မောင် အပြတ်ပဲ ပြောပေးလိုက်သည်။





"ဒါဆို မင်းချစ်တယ်ပေါ့"

"ဟုတ်တယ် ... ကျွန်မ ချစ်တယ်"

"လဲသေလိုက် ... "

"ဘာပြောတယ် ... "

မောင့်မျက်တောင်လေးတွေ ဖျတ်ခနဲ ကော့တက်သွားခဲ့ပြီ။

သူ ဒါပဲပြောပြီး ကားကို အရှိန်မြှင့်မောင်းလာတာ တောင်ဥက္ကလာပ လမ်းဆုံနေရာလေးကိုပင် ကားလေးက ရောက်လာခဲ့ပြီ။

"ကဲ ... မြောက်ဒဂုံဘယ်နေရာကို မောင်းရမှာလဲ"

"မန္တလေးလမ်း ... "

"အဲဒါ ... ငါမသိဘူး မင်းလမ်းပြ ... "

"ရထားလမ်းကျော်တာနဲ့ ဘယ်ဘက်လမ်းသွယ်လေးထဲကို ချိုးမယ်"

မောင်ကလည်း ခပ်မာမာပဲ။

ဟွန်း ... ချစ်သောမောင်ပဲဟာ။

သူဘယ်လောက်ပဲချမ်းသာ ချမ်းသာ ... မောင်က အောက်ကျနေစရာလား။ မောင်လမ်းပြလိုက်တော့မှ အိမ်ရှေ့ကိုရောက်သည်။

"ဟာ ... သမီး ပြန်လာပြီ ... "

မောင့်ကိုကားပေါ်က ဆင်းလာတာတွေ့လိုက်တာနှင့် ဒေါ်ငယ်မွေး စိတ်ဒုံးဒုံးချသွား၏။

သူကတော့ ကားပေါ်က မဆင်းပါ။

မေမေ့ကိုဆင်းပြီးတော့ နှုတ်ဆက်ဖို့လည်း သူသတိရပုံမရ။ ထွက်ခွာသွားလိုက်တာ ကားကို အရှိန်ပြင်းပြင်းနဲ့ ဝေါခနဲမောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားခဲ့တာ။

"သမီးရယ် ... မေမေ ညက စိတ်ပူလိုက်ရတာ"

မောင် အိမ်ပေါ်ကိုပဲ တန်းတက်လာခဲ့၏။

"အခု ... သမီးကို ဘယ်သူလိုက်ပို့တာလဲဟင်"

"ဖေဖေ သဘောတူတယ်ဆိုတဲ့ ဦးမင်းတိမ်တိုက်ဆိုတဲ့လူ"

"ဟင် ... သူ့နာမည်က မင်းတိမ်တိုက်တဲ့လား"

"အရမ်းရိုင်းပြီး အရမ်းလည်း အတ္တကြီးတဲ့လူ"

မောင် ဖြစ်ခဲ့သမျှတွေအားလုံး မေမေ့ကို တစ်လုံးမကျန်ရှင်းပြလိုက်သည်။

"ဖြစ်ရလေ သမီးရယ် ... ချမ်းသာတဲ့အရှိန်နဲ့ ဒီလော[illegible] အတ္တတွေကြီးနေရင် သမီးနဲ့ဖြစ်မှာမဟုတ်တော့ဘူး၊ ပြီးတော့လည်း သမီးကို မေမေ ပြောရဦးမယ် ... ညကလေ ..."

"ဟင် ... ညက ဘာဖြစ်လို့လဲ"

"မေမေတို့အိမ်ကလေးကို အိတ်ကြီးတစ်လုံးနဲ့ မောင်မင်းထီးရှည် ပြန်ရောက်လာတယ် သမီးရဲ့ ..."

"ဘုရားရေ ... သူ သူပြန်လာတယ် ဟုတ်လား မေမေ"

မောင် ဝမ်းသာသွားတာ မေမေ့ရှေ့မှာတောင် [illegible] မဆောင်နိုင်။

"လာတယ် ... လာတယ် ... လာလို့တောင် မေမေနဲ့ည[illegible] စကားတွေထိုင်ပြောနေကြသေးတယ်၊ နယ်မှာလည်း အဆင်[illegible] လို့ပြန်လာတာတဲ့ ... တစ်နှစ်စာ လခပေးထားရလို့ ဒီအိမ်မှာ [illegible] ပြန်နေတော့မယ်တဲ့ ... မောင် မင်္ဂလာပွဲကိစ္စကိုလည်း ညီမ[illegible] တစ်ယောက်လိုသဘောထားပြီး အောင်မြင်သွားတဲ့အထိ သူ[illegible]





ပေးသွားပါ့မယ်တဲ့ ... မျက်နှာငယ်ငယ်လေးနဲ့ ဒီသူငယ်လေးပြောနေတာ မေမေတောင် သနားသွားတယ်"

"အို ... မေမေရယ် ..."

မောင် ဟိုဘက်ခန်းကို မျက်လုံးလေးဝေ့ကြည့်လိုက်တော့သည်း အခန်းတံခါးလေးမှာ သော့ကလေးပိတ်လို့။

သူ ... သူ စိတ်ခတ်ကျပြီး တစ်နေရာရာမှာ သွားထိုင်နေတာများလား။ မဟုတ်မှလွဲရော ဟိုအရင် သူအမြဲထိုင်နေကြ ဈေးသွားတဲ့လမ်းက လက်ဖက်ရည်ဆိုင်လေးမှာ ငေါင်စင်းစင်းလေးနဲ့ တစ်ယောက်တည်း သွားထိုင်နေတာပဲ ဖြစ်ရမယ်။

"သမီး ချစ်သောမောင်"

"ရှင် ... မေမေ ..."

"သမီးဖေဖေရော နေကောင်းရဲ့လား"

မေမေ မေးနေတာ လက်ကျန်သံယောဇဉ်အရှိန်ကလေးနဲ့[illegible]

"ကောင်းတော့မကောင်းဘူးမေမေ၊ အပေါ်ထပ်က ဆင်း[illegible]တာတောင် လူတွဲနဲ့ဆင်းလာရတာ၊ မောလည်းနေတယ်၊ မျက်[illegible]လေးလည်း ပိုချောင်ကျသွားတယ်"

"ကံတရားပဲပေါ့ သမီးရယ် ... နောက်ဆုံးရက်တွေကိုရောက်[illegible]တော့လည်း ဒီလောက်တော့ ခံစားနေရတော့မှာပဲပေါ့"

ကြေကွဲဟန်ပြပေမယ့် တရားနဲ့တော့ မေမေဖြေထားပုံရပါ[illegible]

"မေမေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင် သမီး ... ပြောလေ ... "

"အန်တီဒေါ်ခင်မိုးမိုးရဲ့သားကို သမီးလက်မထပ်ချင်ဘူး"

"သမီးရယ် ... "

"သမီးသွားတဲ့နေ့မှာပဲ ဒီလူကြီးက နိုင်ငံခြားကပြန်ရောက်လာတာ၊ အခုလည်း ... ရောက်ရောက်ချင်း သမီးကိုတွေ့တာနဲ့ သဘောကျပြီး လက်ထပ်ပွဲကိစ္စကို အားချင်းစီစဉ်နေတာ၊ မင်္ဂလာခန်းမကိုပါ ငှားလိုက်ပြီတဲ့၊ ဖေဖေတောင် နေမကောင်းတဲ့ကြားက ဒီကိုလိုက်လာကြမယ်နဲ့တူတယ်၊ ဖြစ်နိုင်ရင် ဒီလက်ထပ်ပွဲကို ဖျက်ဖျက်သိမ်းပေးပါ မေမေ ... "

"ဟွန်း ... "

မေမေ နှုတ်ခမ်းလေးမဲ့ပြီး ပြုံးသွားလေ မောင်အနေရခက်လေ။ သေချာနေတာက မောင့်ရင်ထဲမှာဖြစ်နေတာကို မေမေ နားလည်အောင် ဘယ်လိုရှင်းပြရမှန်းလည်းမသိ။ မောင်ရှက်နေတာက မျက်နှာလေးကပါ ရဲဗလောင်းခတ်နေသည်။

"ညည်း ... ညည်း ... မေမေ့ကို အမှန်အတိုင်း ဝန်ခံစမ်း"

"ဟာ ... နေဦးနော် မေမေ ... ခဏလေး၊ ခဏလေး ... မောင်ရေအိမ်တက်ချင်လို့ ဟဲဟဲ ... "

တွေ့လား ... သားအမိတွေဆိုပေမယ့် ...

မောင်က အဲလိုလေးတော့ ရှက်တတ်သေးတာ။

မေမေ ဘာမေးတော့မလဲဆိုတာသိနေလို့ မောင်စကားရှောင်ဖို့ ကြိုးစားလိုက်တာလေ။ မေမေ မျက်စောင်းဝဲဝဲလေး မကျေမနပ်ကျန်ခဲ့တာ မောင်မသိဘဲနေမလား။





မောင် သွက်လက်ရွှင်ပျနေတာ ဒီအိမ်လေးကို ညကတည်းက သူပြန်ရောက်လာတယ်ဆိုလို့ပါ။

မောင်ကတော့ ညက ဟိုပုဂ္ဂိုလ်အကောင်းစားကြီးရဲ့ အိပ်ခန်းကျယ်ကြီးထဲမှာ နှစ်ယောက်တည်း ကြောက်ကြောက်နဲ့အိပ်ခဲ့ရတာ ... ပြန်တွေးလိုက်မိရင်တောင် ခုထိ ရင်တုန်နေရသဲ။

မောင့်ကို မတို့မထိဘဲ အခွင့်အရေးမယူလိုက်လို့။

မောင် အသက်ရှုမှားမှားနဲ့ အိမ်ကိုပြန်ရောက်လာခဲ့တာ ကျေးဇူးတင်ရမယ်ဆိုရင်တောင် ဒီလူကို ကျေးဇူးလေးတော့ တင်လိုက်ချင်ပါသေးရဲ့။

အရေးကြီးတာ ...

မေမေ အပြတ်မေးလာရင် မောင်ဘယ်လိုဖြေရမလဲ။

ဆီး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

မောင် မေမေ့အလစ်မှာ စက်ဘီးကလေးကိုဆွဲပြီးထွက်လာ
တာ လမ်းမကြီးပေါ်က လက်ဖက်ရည်ဆိုင်တွေရှိရာဘက်ကိုပဲ။

"ဟင် ... ချစ်သောမောင် ဘယ်လဲ ..."

"ဟင် ... ကြူကြူ ..."

လမ်းမှာ မထင်မှတ်ဘဲတွေ့လိုက်တာ ကြူကြူပေါ့။

တွေ့လိုက်တာလည်း ကျောင်းစိမ်းဝတ်စုံလေးနဲ့။

"ဟွန်း ... မင်းကတော့ စင်ပေါ်ရောက်နေပြီဆိုတော
လျှောက်လည်လို့ကောင်းနေတာပေါ့ ... ညက မင်းပြန်မလာ
အန်တီမွေးနဲ့တို့နဲ့ မင်းကို လိုက်ရှာနေရသေးတာ ... စက်ဘီးတော
အပြန်မှာယူစီးသွားလို့ မနက်စောစောကြီးကတည်းက လာပြ
ထားခဲ့တာလေ ... ခုရော ဘယ်လိုလဲ ... တကယ်လက်ထပ်ရ
ဖူးစာရှင်နဲ့ဆွေးနွေးရတာ အဆင်ပြေရဲ့လား"

ကြူကြူက အတွင်းသိဆိုတော့ မေးပြီပေါ့။

"မပြောပါဘူးကြူကြူရယ် ... ဟိုလူက ချမ်းသာပေ





အလကား ..."

"ဟင် ..."

မောင် ရှုံ့ရှုံ့မဲ့မဲ့လေးပြောနေတာကိုကြည့်ပြီး ကြူကြူ မျက်
လုံးဝိုင်းသွား၏။ ဒီလောက်ချမ်းသာတဲ့အသိုင်းအဝိုင်းတွေက တမ်း
လှမ်းခဲ့တာတောင် အလကားတဲ့လား။ ဒါဆို ... မောင် ချစ်နေတာ
ဦးမင်းထီးရှည်ဆိုတဲ့လူကြီးလား။

ဇာတ်လမ်းက ကြည့်လို့တော့ကောင်းတော့မည်။

ဦးမင်းထီးရှည်ဆိုတဲ့လူကြီးကလည်း အိတ်ကြီးတစ်လုံးဆွဲပြီး
ညကပဲ မောင်တို့အိမ်ကို ပြန်ရောက်လာပြီလေ။

မေးလိုက်ရင်လည်း မချစ်ဘူး ... မချစ်ဘူးနဲ့။

စေ့စပ်ပွဲဖျက်တော့လည်း မျက်နှာလေးငယ်လို့။

"မောင်နော် ... တို့ကိုမလိမ်နဲ့ မှန်မှန်ပြော ... မောင် အခု
ထွက်လာတဲ့ ဦးမင်းထီးရှည်ဆိုတဲ့လူကြီးကို တွေ့ချင်လို့ စက်ဘီး
အစ်စီးနဲ့လိုက်ရှာနေတာ မဟုတ်လား ... မရှာနဲ့၊ အဲဒီလူကြီးက
ဟိုနားက လက်ဖက်ရည်ဆိုင်မှာ ထမင်းခုနစ်ရက်မစားရတဲ့မျက်နှာ
သေးနဲ့ ငူတူတူလေးထိုင်နေတာ၊ အခုပဲ တွေ့လာခဲ့တယ်"

"ဟင် ... ဟုတ်လား ..."

ဒီလိုကျတော့လည်း မောင့်မျက်နှာလေးပြုံးသွားတာ ယယ်
လေးကို ထုပစ်ချင်စရာ။ ဒီလောက်ဆို ... ဒီဇာတ်လမ်းအဆုံး
မောင်သိပြီပေါ့။ ဟိုဘက်က ကမ်းလှမ်းနေတာကို လက်မခံနိုင်
ပြန်လာ ... ဦးမင်းထီးရှည်ဆိုတဲ့ လူကြီးနဲ့စေ့စပ်ပွဲကို တစ်ကနေ
...။

ဟွန်း ... လုပ်လိုက်ဦးပေါ့ ချစ်သောမောင်ရော။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရမယ့်သူကို မတွေ့တုန်းကတော့ ယောက်ျားတွေ မုန်းသလေးဘာလေးနဲ့ ဆတ်ဆတ်ခါနေခဲ့တာ၊ ခုကျတော့ ကြည် စမ်း ...

လျှာလေးတစ်လစ် ထုတ်ပြပြီး ...

လက်ဖက်ရည်ဆိုင်ဘက်ကို ဒိုးပြီ။

မင်းထီးရှည်ကတော့ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင် ထိုင်နေတာ ဒူးပေါ်ပေါင်ပေါ် ပုဆိုးအောက်အနားစကို ပေါင်လည် ရောက်အောင်ဆွဲတင်ပြီး ဆေးပေါ့လိပ်ကြီးတစ်လိပ်ကိုလည်း မီး ထောင်းထောင်းထအောင် ဖွာလို့။ မသောက်စဖူး ဆေးလိပ် ဘာတွေတောင် သောက်နေတာ။

မောင် ဝင်လာတာကိုတွေ့မှ မျက်လုံးပြူးသွားသည်။

အကြည့်ကိုလည်း ကပျာကယာလွှဲ၏။

"ဟွန်း ..."

ဒါကိုမြင်လိုက်တော့ မောင် နှုတ်ခမ်းလေးမဲ့လျှက်။

"ဦးမင်းထီးရှည်"

တွေ့လား ... မသိချင်ဟန်ဆောင်နေတာ။

မောင် ခပ်တည်တည်ပဲ ခုံတစ်လုံးဆွဲကာ သူ့ဘေးမှာ ဝင် ထိုင်ပစ်လိုက်၏။ သည်တော့မှ သူ့အထိတ်တလန့်နဲ့ ...

"အောင်မလေး ... ပလုတ်တုတ်တုတ် ..."

"ဒီမှာ မသိချင်ဟန်ဆောင်နေတုန်းက ဆောင်နေပြီးမှ အ မှ လန့်အော်မနေနဲ့၊ ရှင် ... ပြန်လာတယ်ဆိုတာသိလို့ ရှင့်ကိုလိုက် ရှာနေတာ၊ ကဲ ... ပြောပါဦး ... ကျေးဇူးရှင် ... ရှင် ဘာကိစ္စ ကျွန်မတို့အိမ်ကို ပြန်လာတာလဲ ဘယ်သူ့ကို ဒုက္ခပေးဖို့ ရှင်စီစဉ်





ထားသေးလဲ"

မောင် မကျေမနပ် လေသံကလေးဖြင့် အပြတ်မေးမိသည်။

"မောင်ရာ ... မင်း ... မင်းဘာလို့ ဒေါနှောတ်ကို လိုက်လာ တာလဲကွာ၊ ငါ ... ငါက ခံစားချက်တွေ အထိရှာတွေတာနဲ့ တပိုက် နဲ့ မလွှဲမရှောင်သာ ဒီရပ်ကွက်လေးထဲကို ပြန်လာခဲ့ရတယ်ဆိုတာ မင်းနားလည်ဖို့ကောင်းတယ်၊ ငါ ... ငါ ဖြစ်နိုင်ရင် ... မင်းနဲ့ ... မင်းနဲ့ ..."

"ဩော် ... အော် ... ဟော် ... ရှင်က အခုမှအပြောကောင်း နေပါလားဦးမင်းထီးရှည်၊ ရပ်ကွက်ထဲမှာ ဖွချင်သလိုဖွ ကောလ ဟာလပေါင်းမျိုးစုံကို BBC BOA ထက်တောင် လွှင့်ချင်တိုင်းလွှင့်ခဲ့ ပြီးမှ ကျွန်မနဲ့မပတ်သက်ဘဲ ရှင်နေချင်လို့ရတော့မလား။ ခုတော့ ဟိုနေရာရောက်လည်း ရှင်နဲ့ကျွန်မရဲ့သတင်း၊ ဒီနေရာရောက်လည်း ရှင်နဲ့ကျွန်မရဲ့အတင်းတွေ လူတိုင်းကတုတ်နေကြတာ၊ ရှင်က မျက် နှာမပူပေမယ့် ကျွန်မက မျက်နှာပူတယ်ရှင့် ..."

"ဒါ ... ဒါဆို ငါဘာလုပ်ရမလဲဆိုတာ မင်းပြောလေ ချစ် သောမောင် ... ငါ ဒီရပ်ကွက်ထဲကို နောက်ဘယ်တော့မှပြန်မလာ တော့ဘဲ အပြီးထွက်သွားရမလား"

"ဘုရားရေ ... ရှင် ... ရှင် နှစ်လုံးထဲနဲ့ဘောင်းဘီကြွပ်နေ ပြန်ပြီ"

မောင် စိတ်တိုတိုလေးနဲ့ပြောမိတာ ကိုယ့်စကားတွေက ဘယ်ရောက်လို့ရောက်မှန်းမသိ။ သူကလည်း မောင့်ကိုအူတူတူ မျက်နှာပေးလေးဖြင့် ယောင်ချာချာလေး လှည့်ကြည့်သည်။

"ဟင် ... မင်း ဘာပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ..."

သူကပဲ ပြန်မေးရတယ်ရှိသေး။

မောင်လေ ... ဒီလောက်ထုံရ အရမလားဆိုပြီး သူ့ယပ်ထိပ်ကို ဒေါက်ခနဲ ခေါက်ပစ်ချင်နေတာ။ ဟွန်း ... ဟွန်း ကိုယ့်ထက်အသက်ကြီးနေလို့။ ပြီးတော့လည်း ထိုင်နေတာက မျက်လုံးပေါင်းစုံကြည့်နေတဲ့ လက်ဖက်ရည်ဆိုင်ကြီးထဲမှာ။

"ကျွန်မ ... ကျွန်မ ဒီလောက်ပြောနေတာတောင် ရှင်နားမလည်တော့ဘူးလားဟင် ဦးမင်းထီးရှည် ... ရှင်ဟာလေ ... ကျွန်မပြောလိုက်ရင် မကောင်းဖြစ်တော့မယ်၊ ဒီမှာ ... ကျွန်မ မျက်နှာကိုရှင်သေသေချာချာကြည့်ပြီးနားထောင် ..."

ပြောရတာ မောင် စိတ်လည်းပိုတိုလာသည်။

နှုတ်ခမ်းလေးကပါ စူပုတ်ပုတ်လေး ဖြစ်ချင်လာရ၏။

"ကျွန်မ မနေ့က ဖေဖေ့ဆီကို လှနားသတင်းသွားမေးရင်းနဲ့ ဖေဖေက လက်ထပ်ပေးစားမယ်ဆိုတဲ့ လူတစ်ယောက်ကို ကျွန်မတွေ့ခဲ့တယ်၊ ရှင်နဲ့မျက်နှာရော ကိုယ်လုံးကိုယ်ပေါက်ပါ တစ်ပုံစံတည်းတူနေတဲ့လူတစ်ယောက်"

"ဟင် ... ငါနဲ့တူတယ် ဟုတ်လား ..."

"အမလေး တူတာမှလေ ရှင်နဲ့တစ်ပုံစံတည်း ... ချွတ်စွတ်တူတာ၊ သူက ရှင့်ထက်ဆံပင်ပိုရှည်တယ်၊ အသားလည်း ရှင့်ထက်နည်းနည်းပိုဖြူတယ်၊ အဲဒါ ... အဲဒါ ... ကျွန်မကိုတွေ့တာနဲ့ အရမ်းကြိုက်သွားတယ်ဆိုပြီး သူဆောက်ထားတဲ့တိုက်ကို အတင်းခေါ်ချသွားတာ"

"အမလေးဗျာ ... ကုန်ပါပြီ ..."





"ဟွန်း ... ဟွန်း ..."

မောင့်နှုတ်ခမ်းလေးမဲ့ကာ မဲ့ကာနဲ့။

သူထိုင်လို့မရ ထလို့မရဖြစ်သွားတာကိုကြည့်ပြီး တော့လည်း မောင်ရယ်ချင်နေသည်။ တကယ်ပါပဲ ... မောင့်ကိုများ ကုန်ပါပြီတဲ့။ သူဒီလိုခေါ်သွားတာနဲ့ပဲ မောင်က ကုန်သွားရောလား။

"ဒီမှာ ... ဟိုလူခေါ်သွားတယ်ဆိုတာနဲ့ပဲ ကုန်ပါပြီလုပ်မနေနဲ့ ... ကျွန်မ အခုပြန်လာတာ လက်မထပ်နိုင်ပါဘူးဆိုတာ အပြတ်ပြောပြီးပြန်လာတာ၊ ကျွန်မအသားကိုလည်း ဒီလူထိလို့ရောဘူး။ သူ့ကိုလည်း ကျွန်မ မချစ်ဘူး ..."

"ဟင် ... ဒါဆို မင်းက ဘယ်သူ့ကိုချစ်တာလဲ ..."

တွေ့လား ... ဒီလူ ...

မောင့်ကို အူကြောင်ကျားလေးကြည့်ပြီး ပြန်မေးနေတာ။

ကျွန်မ ဒီလောက်ပြောနေတာတောင် ရှင်မသိတော့ဘူးလားဟင် ဦးမင်းထီးရှည်။ ကျွန်မ ဘယ်သူ့ကိုချစ်တယ်ဆိုတာ ရှင်ခုထိ နားမလည်သေးဘူးလား။ မောင်စိတ်တိုတိုနဲ့အော်ပစ်လိုက်ချင်တာလည်း အူထဲမှာ ကျလိကျလိဖြစ်နေသည်။

"ရှင် ... ရှင် ... တော်တော်ဂေါက်တဲ့လူ ..."

"ဘာပြောတယ်"

သူ မောင့်ကို မော့ကြည့်လိုက်တာ ရုးခနဲ။

"မော့မကြည့်နဲ့ ... ရှင်ဂေါက်ကြောင်ကြီးပဲ ..."

မောင် အော်ပစ်လိုက်၏။

သည်တော့မှ သူ့နှုတ်ခမ်းလေးက ဟွန့်ခနဲ မဲ့သွားသည်။

"ဟွန်း ... မင်းပြောလည်း ငါကခံရမယ့်သူပါ ချစ်သော



www.burmeseclassic.com

www.burmeseclassic.com



မောင် ... မင်းကို ကျိုကျိုတက်ချမ်းသာတဲ့ နိုင်ငံခြားပြန် ဂရိတ်တွေက ကမ်းလှမ်းနေတဲ့အချိန်မှာ ငါက မျက်နှာငယ်ငယ်လေးနဲ့ဘေး ထွက်နေခဲ့ရတဲ့သူပါ ... အမှန်အတိုင်းဝန်ခံရရင် မင်းဆီက အချစ်ကိုလည်း ငါမမျှော်လင့်ရဲတော့ပါဘူး၊ အကောင်းဆုံးက အမေသဘောတူတဲ့ အဲဒီလူကိုပဲ မင်းလက်ထပ်လိုက်ပါ ... ”

“ဘယ် ... ဘယ်လို ... ”

“ငါကတော့ လူပျိုကြီးပဲလုပ်တော့မယ်”

“ဗုဒ္ဓေါရေ ... ”

ကြည့်စမ်း ... လူပျိုကြီးပဲလုပ်တော့မယ်တဲ့။

မောင် ဒီလူကို နားရှုက်ပဲလိမ်ဆွဲရတော့မလား၊ ကြောကုန်းကြီးကို အုန်းခနဲ အုန်းခနဲပဲ ထုပစ်လိုက်ရတော့မလား အသည်းယားတာကတော့ ရွစိရွစိနဲ့ကို ဖြစ်နေခဲ့ပါပြီ။

မောင် ... သူ့အနားမှာလည်း ဆတ်ပြီးတော့ထိုင်မနေချင်တော့ပါ။

“ရှင် ... ရှင် လူပျိုကြီးမလုပ်ဘဲ ဘုန်းကြီးပဲဝတ်လိုက်ပါလား ဟင် ဦးမင်းထီးရှည်၊ ရှင့်ကို ပြောရတာလည်း ကျွန်မ စိတ်မရှည်တော့ဘူး ... သေပဲသေပစ်လိုက်ချင်တော့တယ်”

“ဟာ ... ဘာဖြစ်လို့လဲ ... ”

“ဘာဖြစ်ရမှာလဲ ... ဘာဖြစ်ရမှာလဲ ... ဟိုလူနဲ့လက်မထပ်နိုင်ပါဘူးလို့ ကျွန်မ အပြတ်ငြင်းလာတယ်ဆိုတာ ရှင်ဝမ်းသာသွားအောင် အပြတ်ငြင်းလာတာလေ ... ”

“ငါ ... ငါက ဝမ်းသာရမယ် ဟုတ်လား ... ”

“ဒုက္ခပါပဲ ... ”





မောင် ခေါင်းကို ဖွကုတ်ပစ်မိတာလည်း ဘာလုပ်ရမှန်းမသိတော့လို့။

မောင် အရွဲ့ပါ တိုက်ပစ်ချင်လာ၏။

“ဟုတ်တယ် ... အူကြောင်ကျားကြီးရေ ဟုတ်တယ် ... ဟုတ်တယ် ... ကျွန်မ အပြတ်ငြင်းလာတာကို ရှင်ဝမ်းမသာနိုင်ရင်လည်း ချုံးပွဲချပြီး ဒီလက်ဖက်ရည်ဆိုင်မှာ ရှင်ထိုင်ငိုပစ်လိုက်တော့၊ ရှင်နဲ့စကားပြောရတာ လေလည်းကုန်တယ်၊ အကုသိုလ်လည်း များတယ်၊ ကျွန်မ ... သွားတော့မယ် ... ”

“ဟာ ... နေဦးလေ ချစ်သောမောင် ... ”

သူက မောင့်လက်ကို ကပျာကယာလှမ်းဆွဲတော့ ဆိုင်ထဲက စားပွဲထိုးကောင်လေးတွေက ပြုံးစေ့စေ့လေးတွေနဲ့ လှမ်းကြည့်နေကြ၏။ မောင် ရှက်နေတာလည်း မျက်နှာလေးကို ဘယ်သွားထားရမှန်းမသိ။

“ဟာ ... ကျွန်မလက်ကို အကြာကြီးဆွဲမထားနဲ့လေ”

“ဟွန်း ... မင်းပြောတာ ငါသဘောပေါက်ပြီ ချစ်သောမောင်”

တွေ့လား ... အခုမှ သဘောပေါက်ပြီတဲ့။

မောင့်ကိုကြည့်ပြီး ပြောနေတာလည်း မချိုမချဉ်မျက်နှာလေးနဲ့။

ပြီးတော့လည်း ခုံမှာ အတင်းပြန်ထိုင်ခိုင်းသည်။

“ကဲ ... ပြော ... ပြော ဘာပေါက်တာလဲ ... ”

“ဟိုလူ့ကို အပြတ်ငြင်းလိုက်တယ်ဆိုတော့ မင်းကပါ အပျိုကြီးလုပ်တော့မယ်ဆိုတဲ့ သဘောပေါ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် … ဘယ်လို … "

မောင် ရှုံးရှုံးရှားရှားနဲ့ မျက်တောင်တွေပင့်တက်သွားရပြန်ပြီ။

"ဟုတ်တယ်လေ … မင်းပြောနေတဲ့အဓိပ္ပါယ်ကို ငါက ဒီလိုပဲ နားလည်ထားလိုက်တာ၊ ကဲ … ငါပြောတာ မဟုတ်ဘူးလား"

ဒီလူ … ဒီလူ့ကို မောင်ဘယ်လိုလုပ်ပစ်လိုက်ရတော့မလဲ ဟင်။ အရိပ်ပြတာလည်း အကောင်မမြင်။ ရေစီးကြောင်းပေးတော့လည်း နောက်ကမလိုက်။

"ဦး … မင်း … ထီး … ရှည် … "

မောင် စိတ်တိုတိုနဲ့ သူ့နာမည်ကို အံကြိတ်ကာ တစ်လုံးချင်း ခေါ်ပစ်လိုက်သည်။ ဒါကိုကြည့်ပြီး သူ့မျက်လုံးပြူးသွားတာ ထိတ်ထိတ်လန့်လန့်။

"ဟင် … ဘာ … ဘာလဲ ချစ်သောမောင် … "

"ကျွန်မပြောနေတဲ့အဓိပ္ပါယ်က အုန်းပွဲငှက်ပျောပွဲရွက်ပြီး အမေ့ဆီကို ရှင်တစ်ခေါက် ပြန်လာခဲ့ပါလို့ကျွန်မပြောနေတာ ရှင်းပြီလား … ရှင်းပြီလား … "

"ဟာ … ကြည့်စမ်း … ဒါဆို … မင်း … "

"ဟား ဟား … "

ကြည့်ပါဦး … ဆိုင်ထဲမှာ အသံအကျယ်ကြီးနဲ့သူရယ်ချလိုက်တာ အားရပါးရ။ မောင် ရှက်လိုက်တာလေ မပြောပါနဲ့တော့။

"မင်း … မင်းက ငါ့ကိုချစ်တယ်ပေါ့ … "

မေးပြီးတော့လည်း မောင့်ကိုကြည့်နေတာ ပြုံးပြုံးကြီး။

သို့သော် … သူ့အပြုံးလေးက ကြာကြာတော့ မခံလိုက်ပါ။

စိုးလပြည့်စာပေ



"ဟင် … "

သူ့မျက်နှာလေးက ခဏလေးနဲ့သိသိသာသာ ပြန်ညှိုးသွားသည်။ သူ ဘာဖြစ်သွားတာလဲဆိုတာ မောင်စဉ်းစားကြည့်တော့လည်း စဉ်းစားလို့မရ။

ဒီလူ ဘာဖြစ်သွားတာလဲ။

စောစောကလိုပဲ ငေးငေးငိုင်ငိုင်လေး ဖြစ်သွားခဲ့မြန်ပြီ။

"ဒါပေမဲ့ကွာ … "

"ဟင် … "

သူဘာပြောတော့မလဲဆိုတာ နားထောင်ရင်း မောင် အသက်ရှူမှားနေသည်။

"ငါ … ငါက မချမ်းသာပါဘူး ချစ်သောမောင်ရယ်"

"ရှင် … "

မောင့်နှုတ်ခမ်းလေး ဝိုင်းဟသွားလျက်။

"ငါက လမ်းဘေးမှာ ထီးပြင်ဖိနပ်ချုပ်သမားအဆင့်သာသာ ပဲရှိတဲ့ကောင်ပါကွာ … ဒီလိုကောင်မျိုးကို မင်းလက်ထပ်မယ့်အစား ငါ့ထက်အဆပေါင်းများစွာ ချမ်းသာတဲ့လူမျိုးတစ်ယောက်ကို လက်ထပ်မှ မင်းဘဝလေး ကောင်းစားသွားမှာလေကွာ … ငါ … ငါ မင်းအတွက် အနစ်နာခံမယ်သိလား ချစ်သောမောင် … "

"ဒုက္ခပါပဲ … "

"ညက ငါပြန်လာတုန်းက မင်းရဲ့မင်္ဂလာပွဲအောင်မြင်အောင် အစအဆုံး ငါဝိုင်းလုပ်ပေးမယ်ဆိုတာ အမေ့ကိုလည်း ငါကတိပေးခဲ့ပြီးပြီ၊ မင်းကို ငါ့ရဲ့ညီမလေးတစ်ယောက်လို စောင့်ရှောက်ပါ့မယ် ဆိုတာလည်း အမေ့ရှေ့မှာ ငါပြောထားပြီးသားဖြစ်နေပြီ၊ ငါ …

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ ကတိမဖျက်ချင်တော့ဘူး ချစ်သောမောင်ရယ် ... "

"ပြဿနာပဲ ... "

မောင် ငိုချင်လာတာ စိတ်ကို ဘယ်လိုမှထိန်းလို့မရ။

"မင်း ... မင်းအရမ်းချမ်းသာပြီး နောက်ဆုံးပေါ်ကားကြီးစီး သွားတာကို ငါမြင်ချင်တယ် ချစ်သောမောင် ... "

"အဲဒါ ... အဲဒါ ရှင်တကယ်ပြောနေတာ ... "

"ဟာ ... အဲဒါ ငါမင်းကို တကယ်ပြောနေတာလေ၊ ဒီလူကို မင်းလက်ထပ်လိုက်မှ မင်းဖေဖေ အသေဖြောင့်တော့မှာ၊ ပြောရရင် နှစ်ပေါင်းများစွာ အမုန်းတွေ နာကြည်းမှုတွေနဲ့ဝေးကွာနေတဲ့ မင်းတို့မိသားစုလေးရဲ့ဓာတ်သိမ်းခန်းလေးကို ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်သွားစေချင်လို့ ငါအနစ်နာခံပေးလိုက်တာ ချစ်သောမောင်ရယ်"

"ဟွန်း ... ကောင်းပြီလေ ဦးမင်းထီးရှည် ... "

မောင် နှုတ်ခမ်းလေးမဲ့လျှက်။

ဒီလူကိုလည်း မောင်အကြီးအကျယ် စိတ်နာသွားခဲ့ရပါပြီ။

ပြောရရင် ဦးမင်းထီးရှည်ဟာ လုံးဝသတ္တိမရှိတဲ့ယောက်ျား တစ်ယောက်။ မောင့်ကို တကယ်ချစ်ခဲ့တာမဟုတ်ဘဲ ဇရွတ်ရွတ်တွေနဲ့ ဇရတ်ကျခဲ့တဲ့လူတစ်ယောက်။ မောင်ကတော့ သူတကယ်ချစ်ခဲ့တာပဲထင်ပြီး သူ့နောက်ကို မျှော်လင့်ချက်တွေအများကြီးနဲ့ လိုက်လာခဲ့ရတာ။

ခုတော့ မလိုတော့ဘူးပေါ့။

သူ့ကို အရွဲ့တိုက်ပြီး မောင့်နှလုံးသားတွေကို မာကြောပစ်လိုက်ရတော့မှာပေါ့။

ဖိုးလပြည့်စာပေ



"ရှင့်စိတ်ဓာတ်ကို ကျွန်မ နားလည်ပါပြီ၊ နောက်ဆုံးအနေနဲ့ ကျွန်မ ရှင့်ကိုတစ်ခုပဲ ပြောခဲ့ချင်တာက ရှင့်လိုယောက်ျားမပီသတဲ့ လူတစ်ယောက်နဲ့ဘဝဆက်တိုင်း ဆက်တိုင်း ထပ်မဆုံပါရစေနဲ့လို့ ကျွန်မ ဆုတောင်းတယ်"

"ငါ ... ငါက မင်းဘဝကောင်းစားဖို့အတွက် ပေးဆပ်ခြင်းများစွာနဲ့ အနစ်နာခံသွားတာလေ ချစ်သောမောင် ... "

"ရှင် ဆက်မပြောနဲ့တော့ ... "

"ဟင် ... "

"ရှင့်ကို ကျွန်မ မုန်းတယ် ... "

"ဟာ ... ချစ်သောမောင် ... "

မောင် ဟင့်ခနဲ တစ်ချက်ရှိုက်ရင်း ရပ်ထားသော စက်ဘီးလေးပေါ်တင်ကာ တစ်ခါတည်း နင်းထွက်လာခဲ့တော့၏။

ဒီလို နင်းထွက်သလိုက်တော့မှ သုတ်ချိန်တောင် မရလိုက်တော့ဘဲ မျက်ရည်စက်လေးတစ်စက်က မြေပြင်ပေါ် ပြုတ်ကျသွားသည်။

မောင် မနာကြည်ဘဲ နေပါတော့မလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

ညနေစောင်းမိုးချုပ်တော့ ...

အိမ်ရှေ့လှေကားထိပ်လေးမှာ စိတ်ပျက် လက်ပျက်လေး မောင်တစ်ယောက်တည်းထိုင်နေဆဲ။ ဦးမင်းတိမ်တိုက်စီးတဲ့ကား ကြီးက အိမ်ရှေ့မှာ ငြိမ့်ခနဲ ထိုးရပ်လာသည်။

ထုံးစံအတိုင်း ကားပေါ်ကဆင်းလာတဲ့ ပုဂ္ဂိုလ်မြတ်ကြီး အပျံစား အမိုက်စား လုံးဝလန်းသန့်နေတဲ့စတိုင်လ်မျိုးနဲ့။

သူ့ကို တွေ့လိုက်မှ ...

မောင် ပိုပြီးတော့ ငိုချင်စိတ်ပေါက်သွားရပြီ။

သူ ကားပေါ်ကဆင်းလာတာ ပတ်ဝန်းကျင်ကိုလည်း လုံး ဂရုမစိုက်ပါ။ မျက်နှာထားမာထန်နေတာက မောင့်ဆီကို တည် တည့်လျှောက်လာနေကတည်းက သိသာနေသည်။

"ဟင် ... ဦးမင်းတိမ်တိုက် ရှင် ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမှာလဲ ... မင်းကို စိတ်မချလို့ ကိုယ်တိုင် ခေါက်ပြန်လာတာ"

"ဟင် ..."





ခပ်တည်တည်ပြောပြီး အိမ်ရှေ့လှေကားပေါ် လှမ်းတက် သည်။

"ဟဲ့ ... အိမ်ရှေ့က ဘယ်သူလဲ"

မေမေ လှမ်းအော်လိုက်သံက အိမ်ထဲက ထွက်လာ၏။

"ကျွန်တော်ပါ အန်တီ ... မင်းတိမ်တိုက် ..."

"ဟင် ..."

မင်းတိမ်တိုက်ကိုကြည့်ပြီး ဒေါ်စံပယ်မွှေး မျက်လုံးပြူးသွား တာ အသက်ပါ မရှူနိုင်။ ကြည့်ပါဦး ... မင်းတိမ်တိုက်ဆိုတာ မင်း ထီးရှည်ဆိုတဲ့ ဟိုသူငယ်လေးနဲ့တော်တော့်ကို ခွဲမရအောင် တူတဲ့ ကောင်လေး။ ချစ်သောမောင် ပြောမယ်ဆိုလည်း ပြောချင်စရာ။ မင်းထီးရှည်ထက်စာရင် မင်းတိမ်တိုက်ဆံပင်တွေက ပိုရှည်နေတာ သိသာနေသည်။

အသံလေးကပါ ပိုမာနေ၏။

မျက်နှာလေးတည်နေခဲ့တာကတော့ ဟိုဘက်ခန်းက ကောင်လေးနဲ့တခြားစီ။

"အန်တီက ဘယ်သူလဲဟင် ချစ်သောမောင်ရဲ့မေမေလား"

စီးလာသည့် ရှူးဖိနပ်လေးကိုချွတ်ကာ ဧည့်ခန်းဆက်တီခုံ စတိုင်လ်ကျကျကလေး ကိုယ်ကိုမတ်ဆန့်ပြီးတော့ ဝင်ထိုင် သည်။

"ဟုတ်တယ်လေ ... မောင်မင်းတိမ်တိုက် ... အန်တီက ဒေါ်စံပယ်မွှေးပါ ..."

"လေးစားပါတယ်အန်တီ ... ကျွန်တော်အခုလာတာ ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မာမီ စီစဉ်ထားတဲ့ မင်္ဂလာကိစ္စအတွက်လာတာပါ၊ မနက်က အန်တီ့ကို နှုတ်ဆက်စကားလေးတောင် မပြောလိုက်ရလို့ ဒက်ဒီက ကျွန်တော့်ကိုဆူတယ်လေ … အဲဒါ အခုညနေမှ အန်တီနဲ့တွေ့ချင်လို့ ကျွန်တော်တစ်ခေါက်ပြန်လာတာ၊ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ … ”

“ဟွန်း … အန်တီကလည်း ဝမ်းသာပါတယ် မောင်မင်းတိမ်တိုက်”

လူတူမရှား နာမည်တူမရှားဆိုတာ တကယ်မှန်တာပဲ။

ဒါပေမဲ့ … ဟိုသူငယ်လေးက ဆင်းရဲတော့ ညှိုးညှိုးငယ်ငယ်လေးဖြစ်နေတာ၊ သူလည်း မောင်မင်းတိမ်တိုက်လို အဖိုးတန်အကောင်းစားအဝတ်အစားတွေ ဝတ်လိုက်ရင် ဒီလိုပဲ ရှင်းသန့်တည်ခန့်သွားမှာ အသေအချာပင်။

“ရှင် … ရှင် … မေမေနဲ့စကားပြောရင် ငါတို့က ချမ်းသာတာပဲဆိုတဲ့အထာမျိုးနဲ့ အပေါ်စီးကပြောဖို့ လုံးဝမစဉ်းစားနဲ့နော် ဦးမင်းတိမ်တိုက် … မေမေက မာနအရမ်းကြီးတယ်၊ ဖေဖေနဲ့ကွဲတာလည်း မာနကြောင့်ပဲ … ”

“အဲဒါ … ငါ … အဲ ကိုယ်သိတယ် ချစ်သောမောင်”

သူ့ကိုယ်သူစကားပြောတာလည်း ငါဖြစ်လိုက် ကိုယ်ဖြစ်လိုက်။

မောင့်ကိုတော့ သူလှည့်မကြည့်ပါ။ စရောက်ကတည်းက သူ စိုက်ကြည့်နေတာ မေမေ့မျက်နှာလေးကိုပဲ ဖြစ်သည်။

“ဟွန်း … ဘာပဲပြောပြောပါနော် အန်တီ … ဒက်ဒီနဲ့ …





မမျှော်လင့်ဘဲ တရားဝင်လက်ထပ်သွားခဲ့လို့ အန်တီနဲ့ချစ်သောမောင် ဒုက္ခပင်လယ်ဝေခဲ့ရတာ၊ ကျွန်တော်ကိုယ်ချင်းစာပါတယ်၊ ဒီအကြောင်းတွေ ကျွန်တော်ငယ်ငယ်လေးကတည်းက ဒက်ဒီအမြဲပြောပြောနေလို့ ကျွန်တော်သိတယ် … ”

ကြည့်ပါဦး …

ဒီဇာတ်လမ်းတွေကို ကျွန်တော်သိတယ်တဲ့။

“သိလို့လည်း အန်တီနဲ့ချစ်သောမောင်ကို ဒက်ဒီနဲ့မာမီကိုယ်စား ကျွန်တော်က အမြဲတောင်းပန်ချင်ခဲ့တာပါ … အခုလည်း အန်တီ့ကို ကျွန်တော် ထိုင်ပြီးတော့ တောင်းပန်ပါတယ်အန်တီ၊ ဒက်ဒီမှားတာရှိရင်လည်း ခွင့်လွှတ်ပါ … မာမီမှားတာရှိရင်လည်း ဒွေမယူပါနဲ့ … ”

ဘယ်ဆိုးလို့လဲဟင် ဒီကောင်လေး …

ရည်ရည်မွန်မွန်လေးနဲ့ စကားတွေပြောပြီး တောင်းပန်နေတာ။ ဒေါ်စံပယ်မွှေးပင် အားနာသွားရ၏။ မောင်မင်းတိမ်တိုက်ကို ကြည့်ကာ သူမ မျက်နှာလေးကပါ ပြုံးသွားရသည်။

“အို … ရတယ် … ရတယ် … အန်တီအားလုံးကို ခွင့်လွှတ်တယ် … ”

“ဟုတ် … ကျေးဇူးတင်ပါတယ် အန်တီ … ”

ကြည့်စမ်း … ဒီသူငယ် …

သမီးချစ်သောမောင် ပြောတော့ဖြင့် အတွကြီးကြီးနဲ့မောက်မောက်မာမာ ပြောတတ်တယ်ဆို။ ခုတော့ … ကြားခဲ့တာနဲ့မြင်ရတာ လက်တွေ့မှာတော့ တခြားစီ။ ရည်ရည်မွန်မွန်လေးနဲ့ ရှိရှိသေသေ မိမိကို ဆက်ဆံနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မောင်မင်းထီးရှည်မြင်ရင်တောင် ဘာပြောမလဲ။

ခုထိတော့ ပြန်မလာသေးပါ။

အခန်းလေးက သော့ကလေးချိတ်ပြီး ပိတ်ထားဆဲ။

စောစောကတော့ လက်ဖက်ရည်ဆိုင်မှာ သမီးနဲ့မောင်မင်း ထီးရှည် တွေ့ခဲ့သေးတယ်ဆိုလားပဲ။ ပြန်လာကတည်းက သမီးချစ် သောမောင် မျက်နှာလေး မကောင်းဖြစ်လာတာလည်း ဒေါ်စံပယ် မွေး သတိထားမိသည်။

ပြောရရင် ... သမီးချစ်သောမောင် ချစ်နေတာ ...

မောင်မင်းထီးရှည်ကိုများလား။

"ကျွန်တော် အခုလာတာ ချစ်သောမောင်နဲ့မင်္ဂလာပွဲကိစ္စ တွေ အန်တီ့ကို အသိပေးချင်လို့လာတာပါ၊ ဒီနေ့က ကြာသပတေး နေ့ဆိုတော့ အခုလာမယ့်ဆန်းဒေးမှာ မင်္ဂလာညည့်ခံပွဲလုပ်မှာအန်တီ စနေနေ့မှာ လက်မှတ်ထိုးမယ် ..."

"အို ... မြန်လှချည်လား ..."

"မမြန်ရင် မဖြစ်တော့တဲ့ အခြေအနေတွေရှိနေလို့ပါ အန်တီ"

မောင် မျက်လုံးတွေပြူးလျှက် ...

တစ်ကိုယ်လုံးလည်း အေးစက်နေသည်။

"ရှင် ... ရှင် ..."

"မင်းမပြောနဲ့ ချစ်သောမောင် ... ကိုယ် မင်းသိအောင် ကိစ္စတွေအားလုံးအတွက် ပြတ်ပြတ်သားသား ကြေငြာခဲ့ပြီး လုပ်ရမယ် ... ပြဿနာတစ်ခုကို အချိန်ဆွဲထားတာ ကိုယ်ဝါသနာ မပါဘူး၊ မနက်ဖြန် ဝတ်ရမယ့်သတို့သမီးဝတ်စုံတွေ ကိုယ်လာပို့ ပြင်တာဆင်တာတွေအားလုံးလုပ်ဖို့ ကားတစ်စီး မင်းအတွက်စီစဉ်





ထားပေးမယ်၊ ကားရောက်လာတာနဲ့ တက်လိုက်လာခဲ့ရုံပဲ ... တစ်ခုပဲရှိတာ၊ မင်းရပ်ကွက် မင်းအသိုင်းအဝိုင်းတွေကို ဘယ်သူ့ဖိတ် စာလိုက်ဝေမလဲဆိုတာ ... ဒါတော့ ကူညီပေးမယ့်သူလိုတယ်"

"အို ... ရတယ် ... ရတယ် ... အဲဒါ မောင်မင်းထီးရှည်ရှိ တယ်"

မောင် ရင်နင့်သွားတာ မပြောပါနဲ့တော့။

သူဆက်ပြောနေတဲ့ အစီအစဉ်တွေထဲမှာ လက်မှတ်ထိုးတာ လည်း ဆီဒိုနားမှာ မင်္ဂလာညည့်ခံပွဲလုပ်မှာလည်း ဆီဒိုနားမှာ။ ညစာ စားပွဲကိုတော့ ဟိုနေ့က ခေါ်သွားတဲ့ ခြံကျယ်ကြီးထဲက မြက်ခင်း ပြင်ကြီးမှာလုပ်မှာတဲ့။ ပြီးတာနဲ့ နိုင်ငံခြားကမ်းခြေတွေကို အပန်း ဖြေခရီး ထွက်မယ်တဲ့။

မောင် ဘာပြောရတော့မလဲ။

မေမေကလည်း ဒီကိစ္စကို ခွင့်ပြုခဲ့ပြီ။

သူပြန်သွားတော့မှ မောင် တဟင့်ဟင့်လေးနဲ့ရှိုက်ငိုနေတာ လှေကားရင်းကလေးမှာပါ။

"ဖျတ် ... ဖျတ် ..."

"ဟင် ..."

ခြံထဲဝင်လာတဲ့ခြေသံကြားလို့ မောင် မျက်ရည်လေးသုတ် ပြီး မော့ကြည့်လိုက်တော့ ခေါင်းငိုက်စိုက်ချပြန်လာတဲ့ ဦးမင်းထီး ရှည်ဆိုတဲ့ လူကြီးကို တွေ့လိုက်ရသည်။

"အဟင့် ..."

သူ့ကိုတွေ့ကာမှ မောင် ပိုငိုချင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ပြန်လာသေးတယ်နော်"

မောင် ဒေါသဖြစ်ဖြစ်နဲ့ မေးလိုက်မိသည်။

"ဟင် ... လှေကားရင်းမှာ မင်းတစ်ယောက်တည်း ဘာလုပ်နေတာလဲ"

မေးတာကိုမဖြေဘဲ မောင့်ကို မျက်လုံးပြူးကြီးနဲ့တောင် ပြန်ကြည့်လိုက်သေး၏။

"ဘာလုပ်ရမှာလဲ ... ဘာလုပ်ရမှာလဲ ... "

မောင် သူ့ကိုလည်း ဖျတ်ခနဲ မော့ကြည့်သည်။

အသံမာမာလေးနဲ့လည်း တဟင့်ဟင့်ငိုရင်း အော်ပစ်လိုက်၏။ ဒီလို အော်ပစ်လိုက်တော့မှ မျက်ရည်တွေက တဖြုတ်ဖြုတ်နှင့် ပိုပြီးတော့တောင် ပါးပြင်လေးပေါ်ကို ပြုတ်ကျလာသည်။

"ဒီလှေကားမှာထိုင်ပြီး ကျွန်မငိုနေတာ ရှင်မမြင်ဘူးလား ဦးမင်းထီးရှည်"

"ဟွန်း ... ငါသိပါတယ် ချစ်သောမောင် ... မင်းနဲ့လက်ထပ်ရမယ့်ဟိုကောင့်ကားရပ်ထားတာတွေ့လို့ ခြံဝကနေ အိမ်ထဲမဝင်ဘဲ ငါပြန်လှည့်ထွက်သွားတာ၊ ဘာလဲ ... ငါနားစွန်နားဖျားကြားလိုက်တာ အခုလာမယ့် ဆန်းဒေးမှာ မင်္ဂလာပွဲလုပ်တော့မယ်ဆိုလား"

သူပြောလိုက်တော့မှ မောင့်နှုတ်ခမ်းလေးက မဲ့သွားသည်။

"ဟွန်း ... အဲဒါလည်း ရှင်ကြားတယ်နော်"

"ကြားတယ်လေ ... ကြားလို့တောင် မင်းအတွက်ငါဝမ်းသာနေတာ"

"ဘာ ... ဘာပြောတယ်"





သူကပဲ ဝမ်းသာသတဲ့။

ဒီလူ ... ဒီလူ တော်တော်ရက်စက်တဲ့လူ။ မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားထဲက ခံစားချက်ကို နားလည်ရကောင်းမှန်းမသိဘဲ ဟိုလိုလိုဒီလိုလို လုပ်ရက်တဲ့လူ။

"ကျွန်မ ... ကျွန်မ လက်ထပ်ရတော့မှာကို ရှင်က ဝမ်းသာတယ်၊ ဟုတ်လား ... ရှင် ... တော်တော်နှလုံးသားမရှိတဲ့လူ၊ ရှင်တော်တော်ကိုယ်ချင်းမစာတတ်တဲ့လူ၊ သွား ... သွား ... ကျွန်မအနားကို ရှင်မလာနဲ့၊ ကျွန်မ ရှင့်ကို အသေမုန်းတယ် ... အရူးကြောင်ကျားကြီးရဲ့ ... အဟင့် ဟင့် ဟင့် ... "

"ရှီး ... ရှုတ် ... "

အရေးထဲကျမှ မျက်ရည်ရော နပ်တွေပါ ထွက်လာတာသုတ်လို့တောင်မနိုင်။ သုတ်စရာ မရှိတော့။ ကိုယ့်ထမီစလေးမှာပဲ ပွတ်ကာ သပ်ကာနဲ့ မောင် ပြန်သုတ်မိသည်။ ဘယ်သူကြည့်ကြည့် မကြည့်ကြည့် မောင် ဂရုလည်း မစိုက်တော့ပါဘူး။

ရင်ထဲမှာလည်း အသေနာနေသည်။

တစ်ကိုယ်လုံးလည်း အေးစက်နေသည်။

"ဟွန်း ... မင်းမုန်းရင်လည်း ငါဘဝက ခံရတော့မယ့်ဘဝပဲလေ၊ တကယ်တမ်းကျတော့ အုန်းပွဲငှက်ပျောပွဲကြီးရွက်ပြီး မင်းကိုလက်ထပ်ယူဖို့ ငါကြိုးစားခဲ့တာ တစ်ရပ်ကွက်လုံးသိပါတယ်၊ အဲဒီအချိန်ထိလည်း ငါ့ဆုံးဖြတ်ချက်တွေနဲ့ ငါ့နှလုံးသားတွေက မင်းအပေါ်မှာ တက်ကြွလန်းဆန်းနေခဲ့တယ်၊ မျှော်လင့်ချက်တွေနဲ့ အရမ်းပျော်ရွှင်နေခဲ့တယ် ... ဒါပေမဲ့ကွာ ... မထင်မှတ်ဘဲရောက်လာတဲ့ မင်းဖေဖေကြောင့် သူတို့ရဲ့ကန့်ကွက်မှုတွေကြောင့် ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်တောင်းရမ်းပွဲလေးပျက်ခဲ့ရတာ ... ငါခံစားခဲ့ရတာ ဘယ်သူက ငါ့ကို သနားခဲ့ကြလို့လဲ ...”

“ဟင် ...”

မောင်မျက်ရည်သုတ်ရင်း သူ့မျက်နှာလေးကိုပဲ ငေးကြည့်လိုက်မိ၏။

သူကတော့ ... မောင့်ကို မကြည့်ဘဲ မျက်နှာလွှဲလွှဲလေးနဲ့

“ပြောရရင် တကယ်အသည်းကွဲခဲ့ရတာက ငါပါ ... ချစ်သောမောင်ဆိုတဲ့ကောင်မလေးတစ်ယောက်ကို တွေ့လိုက်တာနဲ့ တအားချစ်မိသွားလို့ မတန်တဆဈေးပေးပြီး အိမ်ကလေးကိုရအောင် ငှားကောင်မလေးရဲ့အမေကိုလည်း မျက်နှာချိုသွေးရဖားရနဲ့ အောက်ကျလေးလည်းခံ၊ ဟော ... အခုတော့ အတိုးနဲ့ချေးငှားလာခဲ့ရတဲ့ ပိုက်ဆံလေးကိုလည်း အိမ်လခတစ်နှစ်စာ ပေးလိုက်ရတော့ အကြွေးကလည်ပင်းထိရောက်၊ အတိုးပေးရတာနဲ့ ချာချာလည် ...”

ကြည့်စမ်း ...

ဒီငွေတွေဟာ အတိုးနဲ့ချေးလာခဲ့ရတဲ့ငွေတွေတဲ့။

ဒါတွေကို အခုမှ ဒီလူ ဘာလို့ပြောနေတာလဲ။ ကြည့်ပါဦး ပြောနေတာလည်း တကယ့်ကို စိတ်ထိခိုက်ပြီးတော့ ဝမ်းနည်းပက်လက်ဖြစ်နေတဲ့ အသံမျိုးလေးနဲ့။

“ဒီကြားထဲ ကိုယ့်ဘဝနဲ့မတန်မရာ ကောင်မလေးတစ်ယောက်ကို ချစ်မိတော့ အပြောလည်းခံရ၊ အဟောက်လည်းခံရရပ်ကွက်ရုံးရောက်ပြီးတော့ အရှက်ကပါ ထပ်ကွဲလိုက်သေး”

“အမလေးနော် ... ဟွန်း ...”

မောင် နားထောင်ရင်း နှုတ်ခမ်းလေးက အလိုလိုမဲ့သွား





သည်။

“ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ရှင် ... ရှင် အခုမှလာပြီး အဟောင်းတွေ အသစ်ဖြစ်အောင်ပြန်ဆွမနေနဲ့သိလား ဦးမင်းထီးရှည်၊ ကျွန်မလက်ထပ်တော့မှာကို ကျေနပ်လား မကျေနပ်လား၊ အဲဒါပဲ ... ရှင်းရှင်းလင်းလင်းပြော ...”

မောင် စိတ်မရှည်နိုင်တော့ပါ။

အကျိုလက်မောင်းစလေးကိုလည်း အပေါ်ရောက်အောင် မောင်က ဆွဲပစ်တင်သည်။ နှုတ်ခမ်းလေးကလည်း ဟိုဘက်ထောင့်မှာ မဲ့သွားလိုက်၊ ဒီဘက်ထောင့်မှာမဲ့သွားလိုက်နှင့် မောင့်စိတ်တွေလှုပ်ရှားနေတာ ဂဏှာလည်းမငြိမ်။

ဒီကြားထဲ မောင် ခြေသလုံးဖွေးဖွေးလေးကို ခြင်တွေလာလာကိုက်လို့ ရိုက်နေတာကတစ်မျိုး။

“ဒီမှာ ချစ်သောမောင် ...”

“ပြော ... ပြော ... အရစ်ရှည်မနေနဲ့ ...”

“မင်းကို ငါသိပ်ချစ်ခဲ့တာ မင်းမသိဘူးလားဟင်”

“အဲဒါ ... ဘာဖြစ်လဲ၊ ချစ်တာတွေ စာစီကုံးရရင် မေတ္တာတွေဘာလီပုံးနဲ့တေးခဲ့မယ်ဆိုတာ ဟိုခေတ်က လောင်းလောင်းအဂိုးမှာကျန်ခဲ့ပြီ”

ပြောရင်း ... မောင်စိတ်လည်း ပိုတိုလာပြီ။

သူ့ကိုလည်း ခပ်ရွဲ့ရွဲ့လေးပဲ ပြန်ပြောနေမိ၏။

“မောင်ရာ ငါချစ်ခဲ့တာတွေကို မင်းလုံးဝ ဂရုမစိုက်ခဲ့ဘူးကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒုက္ခပါပဲ ..."

"တကယ်ဆိုရင် ငါ့ရဲ့စေ့စပ်ပွဲကို ဘယ်သူတွေက ဘယ်လိုပဲဖျက်ဖျက် ... ကျွန်မ မဖျက်နိုင်ပါဘူးဆိုပြီး ငါ့ရှေ့ကနေ မင်းက ပြတ်ပြတ်သားသားရပ်နေရမှာလေ ... ပြီးတော့လည်း ဒီနေ့အထိ ငါ့ကို ချစ်ပါတယ်လို့ မင်းနှုတ်က တစ်ခွန်းပြောခဲ့လို့လား"

"ရှင် ..."

မောင် မျက်လုံးပြူးရပြန်ပြီ။

"ပတ်ဝန်းကျင်ပြောတာကို မခံနိုင်လို့ မလွှဲမရှောင်သာ အောင့်သက်သက်ကြီး စေ့စပ်ပွဲကို လက်ခံလိုက်သလို အထာမျိုးကြီးနဲ့ ..."

"ဪ ... ဪ ..."

မောင် နားထောင်ရင်း ရွှံ့တဲ့တဲ့လေး နှုတ်ခမ်းမဲ့မိသည်။

"ငါ့မှာတော့ မင်းဆီက အချစ်တွေ တုန့်ပြန်လာမလားဆိုပြီး မျှော်လိုက်ရတာကွာ ... ခုတော့ ... ကုန်ပြီပေါ့၊ ကုန်တာမှ အရိုးအရင်းလေးတောင် လိုက်ကောက်လို့မရအောင် ကုန်တော့မှာ၊ အခုအခု ... ငါဘယ်လောက်တောင် စိတ်ထိခိုက်နေရတယ်ဆိုတာ မင်းသိရဲ့လားဟင် ချစ်သောမောင် ..."

"ဘုရားရေ ... ရှင်က ကျွန်မကြောင့်စိတ်ထိခိုက်တယ် ... ဟုတ်လား ..."

"ငါ ... ငါ ... ဒီည အရက်တွေမူးအောင်သောက်မယ်"

"ရှင် ... အသည်းကွဲတယ်ပေါ့ ..."

"ကွဲတယ်လေ ... ချစ်သောမောင် ..."





"အသည်းကွဲရင် ကားအောက်ကိုပြေးဝင်လိုက် ..."

မောင် ရွှံ့ပြီး အပြတ်ပြောပေးလိုက်သည်။

တကယ်ပါပဲ ...

မောင်ချစ်တာ သူ့ကို မပြောခဲ့လို့တဲ့။

စေ့စပ်ပွဲဖျက်တာကိုလည်း သူ့ဘက်က မောင်မရပ်ခဲ့လို့တဲ့။

"ဘာလဲဟင် ဦးမင်းထီးရှည် ... ရှင့်ကိုချစ်တာကို လော်စပီကာကြီးတပ်ပြီး တစ်ရပ်ကွက်လုံးကြားအောင် ကျွန်မအော်ပြောရမှာလား ... ကျွန်မ တစ်ကိုယ်လုံးကို ရှင်ပွေ့ချင်သလိုပွေ့၊ ရှင်ဖက်ချင်သလိုဖက်၊ ရပ်ကွက်ထဲမှာလည်း ကောလဟာလမျိုးစုံ သွင်းချင်သလိုသွင်း၊ ရှင်လုပ်လာတာ ရှင့်ကို ကျွန်မဘာပြောခဲ့လို့လဲ — ထား စေ့စပ်မယ်ဆိုတော့လည်း ကျွန်မ ခေါင်းညိတ်ခဲ့တာပဲ မဟုတ်ဘူးလား"

မောင်ပြန်ပြောနေတာ တကယ့်ကို နာကျင်နေတဲ့အသံတာလေးနဲ့။

"ဖေဖေ့ကြောင့် ယောက်ျားတွေကို မုန်းခဲ့တာမှန်ပေမယ့် ဒီအမုန်းတွေပြေသွားအောင် အထုတ်ကြီးတစ်ထုတ်နဲ့ရောက်လာပြီး လုပ်ခဲ့တာရှင်လေ ... ဒါကိုတောင် ရှင်မသိတော့ဘူးလား၊ အခု ... ဖေဖေ့ကိုလည်း ခွင့်လွှတ်၊ ဒေါ်ခင်မိုးမိုး တောင်းပန်တာကိုလည်း ကျေအေးနိုင်ခဲ့ပြီဆိုမှ ရှင်က ကျွန်မကို ထားခဲ့ပြီးအဝေးကိုထွက်သွားခဲ့တာ၊ ဟော ... အခု ရှင်ပြန်လာတော့လည်း ရှင်ရှိနေတဲ့လက်ဖက်ရည်ဆိုင်ကလေးကို ကျွန်မလိုက်လာတယ်၊ ရှင်က မိန်းကလေးတစ်ယောက်ရဲ့အထာကို သဘောမပေါက်ဘဲ ဦးမင်းတိမ်တိုက်ဆိုင်ခဲ့ပုံကြီးနဲ့ အတင်းလက်ထပ်နိုင်းတယ် ... ဟုတ်တယ် ... အခု ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အရွဲ့တိုက်မယ်ဆိုပြီး လက်ထပ်ဖို့ခေါင်းညိတ်ပစ်လိုက်တာ ရှင် ... နောက်မှ နောင်တ မရနဲ့ ... ”

“မောင်ရယ် ... အစကတည်းက ချမ်းသာတဲ့သူဌေးက လာတောင်းတယ်ဆိုပြီး ငါနဲ့ရေစပ်ပွဲကို မင်းတို့ပဲ ဖျက်ခဲ့တာလေ”

“ရှင် ... ရှင် ... မဟုတ်တာတွေနဲ့ မစွတ်စွဲနဲ့နော်”

“ငါစုံစမ်းထားလို့သိရသလောက်တော့ အဲဒီဦးမင်းတိမ်တိုက်ဆိုတာစကားပြောမာပေမယ့် စီးပွားရေးလုပ်တဲ့နေရာမှာ အရမ်းတော်တာတဲ့၊ မြန်မာပြည်မှာ သူရင်းနှီးမြှုပ်နှံထားတဲ့လုပ်ငန်းတွေက လက်ညှိုးထိုးမလွဲအောင်ရှိသတဲ့ ... ချမ်းသာလိုက်တာလည်း ကျိုကျိုတက်ပဲတဲ့ ... ဒါကြောင့်မို့ ... မင်းကို ချမ်းသာစေချင်လို့ငါနောက်ဆုတ်ပေးလိုက်တာပါကွာ၊ ငါက ... ငါက အစွန့်ပစ်ခံပန်းအပယ်ခံပန်း ... ”

“ရတယ် ဦးမင်းထီးရှည် ... ရှင်ဒီလောက်ပြောရင် ကျွန်မသဘောပေါက်ပြီ၊ ရှင်းပါတယ် ... ရှင့်လို ထီးပြင်ဖိနပ်ချုပ်သမားကိုယူမယ့်အစား ချမ်းသာတဲ့သူဌေးကို ယူလိုက်တာပဲကောင်းတယ်”

မောင် တမင်ရွဲ့ပြီး ပြောနေတာလည်း လူသိပုံမရ။

“ဟုတ်တယ် ... ရှင့်ကိုမုန်းတယ်၊ ဦးမင်းတိမ်တိုက်ကိုပဲကျွန်မ လက်ထပ်မယ်၊ အခုလာမယ့် ဆန်းဒေးမှာကျင်းပမယ့် လက်ထပ်မင်္ဂလာပွဲကို ရှင် မရောက်ရောက်အောင်လာခဲ့ရမယ်”

“ကောင်းပါပြီ ... ချစ်သောမောင်ရယ် ... ငါရောက်အောင်လာခဲ့ပါ့မယ်ကွာ”

“မောင် ... မောင်ရှိလားဟင် ချစ်သောမောင် ... ”

“ချွင် ... ချွင် ... ”





ကြည့်စမ်း ... ဒီမှာစကားကောင်းနေမှ ခြံရှေ့မှာ မောင့်နာမည်ကို လာခေါ်ပြီး ကြေးခေါင်းလောင်းလေးကိုဆွဲလှုပ်နေတာ ဘယ်သူလဲ။

မောင် ... ကြည့်လိုက်တော့ ကြူကြူနဲ့တူသလိုလို။

“လာပြီ ... ကြူကြူ ... လာပြီ ... လာပြီ ... ”

“မောင် မြန်မြန်လာ ... ပြောစရာရှိလို့ ... ”

“ဟင် ... ဘာဖြစ်လို့လဲ ... ”

“လာပါ အပြင်ကိုမြန်မြန်ထွက်ပြီး ငှါးစက်ဘီးပေါ် တစ်ခါတည်းတက်လိုက် ... အအေးဆိုင်ရောက်မှ နင့်ကိုပြောပြမယ်”

မောင် ဘုမသိ ဘမသိလေးနဲ့ လိုက်သွားတာ လမ်းကြေးထောင့်က လူရှင်းသော အအေးဆိုင်လေးတစ်ခုကို ရောက်သွားသည်။

ဆိုင်ရောက်တော့ တစ်လမ်းလုံး ဖွာလန်ကြဲလာသည့်ဆံပင်ရှည်တွေကိုလည်း မောင့်မှာသိမ်းရ၊ ကြူကြူဘာပြောတော့မလဲဆိုတာကို သိချင်စိတ်နဲ့လည်း ရင်တွေတုန်ရ။

“ဟင် ... ပြောလေ ကြူကြူ ... ”

“ဟား ... မော ... မောလိုက်တာဟာ ... ”

အမောတကောနဲ့ အသည်းအသန်စက်ဘီးစီးလာခဲ့ရတာမို့ ကြူကြူ တစ်ကိုယ်လုံး ချွေးတွေလည်းရွှဲနစ်နေကာ သူ့ကိုယ်ကို သူ့လက်ဖဝါးလေးနဲ့ ပြန်ပြန်ခပ်နေသည်။

“နင် ... နင် ဘာဖြစ်လာတာလဲ၊ နင်မြန်မြန်မပြောရင် ငါရင်တုန်နေရတာနဲ့ပဲ သေတော့မယ် ... ပြောပါဟဲ့ မြန်မြန် ... ”

“ဦး ... ဦးမင်းထီးရှည်လေ ... ဦးမင်းထီးရှည် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဦးမင်းထီးရှည် ဘာဖြစ်လဲ ... "

"ဒီလူ ... မောင့်ဘေးခန်းမှာ အိပ်လာငှား ဆိုင်ဖွင့်ပြီးတော့ ဟန်ဆောင်နေတာ၊ သူက ... သူက ဦးမင်းတိမ်တိုက် ... "

"ဘုရားရေ ... မဟုတ်ဘဲနဲ့ ... "

ကြူကြူပြောတာ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ မောင်မျက်စိလည်သွားသည်။ ဘာဆိုင်လို့လဲ ... ရုပ်ချင်းတူတာနဲ့ ဦးမင်းထီးရှည်က ဦးမင်းတိမ်တိုက်ဖြစ်သွားစရာလား။ ဟိုက ဂိုက်နဲ့ဆိုက်နဲ့ ကိန်းခန်းကြီးကြီး ... ဦးမင်းထီးရှည်က အောက်ကလာတဲ့ အခြေခံလူတန်းစား။

မောင် ငြင်းတာလည်း ကြူကြူက လက်မခံ။

"အို ... ဘာလို့မဟုတ်ရမှာလဲ၊ ဘာလို့မဟုတ်ရမှာလဲ"

"နင် ... နင်မှားနေတာ၊ ငါလည်း အစက သံသယဖြစ်နေလို့ သူ့နောက်ကို တမင်လိုက်သွားပြီး အဲဒီခြံထဲမှာ တစ်ညတောင်နေခဲ့သေးတာ ... အဲဒီညက သူက ငါ့ကိုလက်ဖျားနဲ့တောင်မတို့ဘဲ တစ်ညလုံးငါနဲ့အတူတူ အိပ်ခဲ့သလို၊ ဦးမင်းထီးရှည်က အဲဒီညမှာပဲ ငါတို့အိမ်ကို ပြန်လာခဲ့တာလေ၊ မနက်မိုးလင်းလို့ ငါကြည့်လိုက်တော့ ငါ့ခုတင်ဘေးက ကြမ်းပြင်ပေါ်မှာ သူအိပ်နေတာတောင် ခွေခွေလေး၊ ကဲ ... ပြော ... အဲဒါ ဘယ်လိုလုပ်တစ်ယောက်တည်း ဖြစ်မှာလဲ ... တစ်ညထဲမှာ နှစ်ကိုယ်ခွဲအိပ်လို့ရမလား"

မောင် ရှင်းပြလိုက်တာ အတိအကျပါ။

ဒါကို ကြူကြူက မသိတော့ အခုမှလာပြီး အသည်းအသန်။

"နင် ... နင်ဘာမှမသိဘဲနဲ့ ဦးမင်းထီးရှည်ဆိုတဲ့လူကို ရိုးရိုး





အအကြီးထင်မနေနဲ့ ... အဲဒီလူက မောင်ပြောသလို ယောက်ျားကဝေကြီးမှ တကယ့်ယောက်ျားကဝေကြီး ... "

"ဟို ... ဟိုလေ ကြူကြူ ... "

"နေဦး ချစ်သောမောင် ... နင်ပြောချင်တာတွေ နောက်မှပြော၊ အခု ငါပြောတာကို အရင်ဆုံးနင် နားထောင် ... ဒီမှာ ငါပြောမယ်၊ ငါညနေက ဟိုဘက်ရပ်ကွက်မှာ ကလေးတစ်ယောက်ကို စာသွားသင်တယ်၊ အဲဒီအချိန်မှာ ဘေးက ခြံထဲကို ဟိုလိုလိုဒီလိုလိုနဲ့ လူတစ်ယောက်ဝင်သွားတာ ကြည့်လိုက်တော့ ဘယ်သူအောက်မေ့လို့လဲ ... မောင့်ရဲ့နိုင်ငံကျော်ကြီး ဦးမင်းထီးရှည်၊ အပေါ်မှာ ရှပ်အင်္ကျီအစုတ်ကလေးနဲ့ အောက်မှာက ပုဆိုးအဟောင်းကလေးနဲ့"

"ဟင် ... ဟုတ်လား၊ သူက အဲဒီကိုဘာသွားလုပ်တာလဲ၊ သူပြောတော့ အိမ်မှာဆိုင်မဖွင့်တော့ဘဲ ရပ်ကွက်ထဲမှာ လိုက်ပြင်ပေးတဲ့အလုပ်ပဲ လုပ်တော့မယ်တဲ့၊ အဲဒီမှာ ... အဲဒီမှာ တီဗွီတွေ ရေခဲသေတ္တာတွေပျက်လို့ ဝင်ပြင်ပေးနေတာလားမှ မသိတဲ့ဥစ္စာ"

"မောင်ရယ် ... ငါပြောတာကို ဆုံးအောင်နားထောင်ပါဦးလို့ ဒီလောက်ပြောနေတဲ့ဥစ္စာကို၊ ဒီမှာ ... အဲဒီလို လိုက်ပြင်နေတာဆိုရင်လည်း မောင့်ကို ဒီလောက်ထိ ပြောနေပါတော့မလား၊ အခုဟာက ... လက်ပူးလက်ကြပ်မိတာ၊ ဦးမင်းထီးရှည်ကိုယ်တိုင် သူ့တပည့်ကျော်ကောင်လေးနဲ့ တဝါးဝါး တဟားဟားပြောနေတာကို ငါကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့တာ ... "

ကြူကြူပြောနေတာက တကယ့်ကိုသေချာပေါက်။

ပြောနေရင်းနဲ့လည်း နှုတ်ခမ်းလေးက မဲ့လိုက်ရွဲ့လိုက်။

"ဟင် ... နင်ဘယ်လိုကြားခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... ငါပြောမယ်၊ နင် သေသေချာချာနားထောင်"

ကြူကြူက မပြောသေးဘဲ အင်္ကျီလက်မောင်းစကို ပင့်တင်လိုက်သေး၏။ ပြီးတော့မှ ... မျက်တောင်လေး တဖျတ်ဖျတ်ပုတ်ကာ ...

"အဲဒီလို ဦးမင်းထီးရှည်ဝင်သွားတော့ စာသင်ရင်း ဟိုဘက်ခြံထဲက အသံတွေကို ငါနားစွင့်နေတာ၊ ရယ်သံတွေလည်းကြားတယ်၊ သီချင်းသံတွေလည်းကြားတယ်၊ ဟော ... ခဏလည်းနေရော အဲဒီခြံထဲကနေ အကောင်းစားကားကြီးတစ်စီး ထွက်လာလေရော၊ အဲဒါနဲ့ငါ ကားထဲကိုလှမ်းကြည့်လိုက်တာ ဦးမင်းထီးရှည်ဟာ အမိုက်စား အလန်းစတိုင်လ်နဲ့ ..."

"ဟင် ... အဲဒါ ဘယ်အချိန်လောက်ကလဲ"

"ငါးနာရီခွဲ ခြောက်နာရီလောက်ကလေ ..."

"အို ... ကြည့်စမ်း ..."

ဦးမင်းတိမ်တိုက် မောင်တို့အိမ်ကို ရောက်လာတဲ့အချိန်။

မောင် နည်းနည်းတော့ စဉ်းစားသွားရ၏။ ကြူကြူ မြင်ဖူးတာ ဦးမင်းထီးရှည်ကိုပဲ မြင်ဖူးတာ ဦးမင်းတိမ်တိုက်ဆိုတာကို ဖြူသလား မဲသလားတောင် ကြူကြူက သိခဲ့တာမဟုတ်။

"နေဦး ငါပြောမယ် ... ငါလည်း ဦးမင်းထီးရှည်ကို အကောင်းစားကားကြီးနဲ့ထွက်သွားတာကို မြင်လိုက်ရလို့ အံ့ဩနေတုန်း ဘာမှမကြာလိုက်ဘူး၊ အဲဒီကားကြီးက ဝေါခနဲပြန်ရောက်လာပါလေရော၊ ငါလည်း မထူးတော့ပါဘူးဆိုပြီး စာသင်နေတဲ့ကလေးအမေကို ခွင့်တောင်းပြီး ပုဏ္ဏားရိပ်ချုံတန်း အမြင့်ကြီးကြားထဲကနေ ဟိုဘက်ခြံထဲကို ချောင်းကြည့်လိုက်တာ၊ ဦးမင်းထီးရှည်က သူ့





ထက်ပည့်ကျော် ကောင်လေးတစ်ယောက်နဲ့ ကားနားမှာရပ်ပြီး တဝါးဝါး တဟားဟားနဲ့ စကားပြောနေတာလေ၊ ချစ်သောမောင်ကို အရူးလုပ်ရတာ မလွယ်တဲ့အကြောင်း၊ ယောက်ျားတွေကို တအားခုန်းနေလို့ အချစ်စိတ်တွေဝင်လာအောင် စည်းရုံးရတာ၊ အရမ်းခက်တယ်ဆိုတဲ့အကြောင်း၊ မိဘတွေကို နိုင်ငံခြားသွားမယ်ဆိုပြီး ဒီရုပ်ကွက်ထဲကို အိတ်ကြီးတစ်လုံးဆွဲပြီး ရောက်လာတယ်ဆိုတဲ့အကြောင်း ဒက်ဒီနဲ့မာမီကို မာနကြီးကြီးနဲ့ ခါးခါးသီးသီးရှုန်းနေလို့ မင်းတိမ်တိုက်အဖြစ်ကနေ ထီးပြင်ဖိနပ်ချုပ်သမား မင်းထီးရှည်လုပ်ခဲ့ရတယ်ဆိုတဲ့အကြောင်း တဝါးဝါးတဟားဟားနဲ့ပြောနေလို့ ဒီဇာတ်လမ်းကို ငါသိခဲ့ရတာ၊ အခု ... မောင်တို့အိမ်ကို ပြန်ရောက်နေပြန်ပြီမို့လား ..."

"ဒါဆို နှစ်ကိုယ်ခွဲပြီး သူဘယ်လိုအိပ်သွားလဲ ..."

မောင်အခိက စဉ်းစားလို့မရခဲ့တဲ့အချက်။

"ဟာ ... မေ့လို့ ... မေ့လို့ အဲဒါလည်း ဦးမင်းထီးရှည် တဝါးဝါးတဟားဟားနဲ့ရယ်ပြီး ပြောသွားတယ်၊ ချစ်သောမောင်ကို အိပ်ဆေးခတ်တိုက်ပြီး မောင်အိပ်ပျော်သွားတော့မှ အခန်းတံခါးတွေပိတ်ထားခဲ့ပြီး မောင်တို့အိမ်ဘေးခန်းကို ပြန်လာအိပ်သလိုလို လုပ်ခဲ့တာတဲ့၊ မောင့်အမေ အိပ်သွားပြီဆိုမှ တံခါးသော့ခတ်ပြီး မောင်ရှိနေတဲ့ခြံထဲက အခန်းမှာ ခပ်တည်တည်ပြန်အိပ်နေတာတဲ့၊ ကဲ ... ဘယ်လောက်မာယာများတဲ့ ဒေါင်းမကြီးလည်းဆိုတာ ဆံပင်တုအရှည်ကြီး ခေါင်းမှာစွပ်ထားတာလည်း ဦးမင်းတိမ်တိုက်က ချွတ်ပြတယ်"

www.burmeseclassic.com



ကဲ ...

"ဘုရားရေ ... ကြည့်စမ်း ... "

မောင် အလိမ်ခံလိုက်ရတာ ရှင်းရှင်းကြီးဖြစ်သွားခဲ့ပြီ။

ဟန်ဆောင်ရတာ ယုတ္တိရှိအောင် ဟိုဘက်ရပ်ကွက်မှာ ရ
ပြောင်းရပ်လွှဲလုပ်ပြီး ဖေါက်တတ်နဲ့ ရှင်ရောကြိုတ်ခဲ့တာပေ့ါ
ဦးမင်းထီးရှည်။

သူ ... ဒက်ဒီနဲ့မာမီကို မုန်းနေတာ ပြေစေချင်လို့တဲ့။

လူကြီးတွေပါမသိအောင် အကွက်စေ့စေ့နဲ့ ပိပိရိရိ ဒီလူ လှ
ရှားသွားတာ။ ပြောရရင် ... ဒီလူ ယောကျာ်းကဝေ ဦးမင်းတိ
တိုက်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်မထပ် ထပ်အောင် အကွက်ဆ
သွားတဲ့ ယောကျာ်းကဝေ။

"ပြီး ... ပြီးတော့လည်း ပြောသေးတယ်သိလား ချစ်သေ
မောင် ... နင့်ကို ပိုက်ဆံမက်သလား၊ ဂုဏ်မက်သမားဆိုတ
သိအောင်လည်း ခြံထဲကို အတင်းခေါ်သွားပြီး အမျိုးမျိုးစမ်းခဲ့သေ
တယ်တဲ့ ... ပြောပြီးတော့မှ တဟားဟား အော်ရယ်နေတ
တကယ့် ခွက်ထိုးခွက်လှန်ပဲ ... "

"သိမယ်"

"ဟင် ... "

"လုံး၀ ကမ္ဘာမကြေဘူး"

"ဟား ... ဟား ... "

ပြောရင်း အင်္ကျီလက်မောင်းစလေးကို မောင်ဆွဲပင့်တ
လိုက်တာ အဆုံးထိ။ ဘာပဲပြောပြော ဒီပွဲက တကယ်ပဲကြည့်





ကောင်းသွားခဲ့ပြီ။ နှစ်ဖက်မိဘတွေရဲ့ကြားက အညှိုးအမုန်းတွေကို
ပြေစေချင်လို့လုပ်တာ. မောင်လက်ခံနိုင်ပေမယ့် မောင့်ကိုပါ အပိုင်
သိမ်းဖို့ ဒီလူ ကြိုးစားသွားတာ ခွင့်လွှတ်နိုင်စရာလား။

မောင် အိမ်ကိုပြန်လာတာ ဒေါနဲ့မောနဲ့ပါ။

တွေ့ပြီပေါ့ ... ဟိုလိုလို ဒီလိုလိုလုပ်ပြီး ကြူကြူပြောတဲ့
ခိုးကြောင်ခိုးဝှက်ဗွားထားတဲ့ခြံကို ပြန်ပြေးလို့ကတော့ ဟွန်း —
ချစ်သောမောင်တဲ့ ... ။

ပြီး

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"ဒုန်း ... ဒုန်း ... "

"ဒီမှာဗျို့ ဦးမင်းထီးရှည် ... "

"ရှင် ... ရှင် မအိပ်နဲ့နော် ... အခုချက်ချင်း တံခါးဖွင့်"

"ဒုန်း ... ဝုန်း ... "

"ဟဲ့ သမီး ချစ်သောမောင် ... သူများတွေ အိပ်ချိန်တ
ဘာဖြစ်လို့ တံခါးကို တဝုန်းဝုန်းသွားထုနေတာလဲ"

အခန်းထဲကနေ စိတ်ပုတီးကိုင်ပြီး ထွက်လာတာမေမေ

"ဟာ ... မေမေ မသိပါဘူး။ ဒီည ... ဒီလူနဲ့ စာရင်းအပြတ်
ရှင်းချင်လို့ မကျေနပ်တာတွေအားလုံးပြောပြီး သမီး ဒီညသောင်
ကျန်းတော့မှာ"

"ဒုက္ခပါပဲ ... ညည်း ... ညည်း လူကြားမကောင်း သူကြား
မကောင်းဖြစ်အောင်တော့ မလုပ်နဲ့နော် ချစ်သောမောင် ... ဘေး
အိမ်တွေ မအိပ်သေးဘူး"





"ရတယ် မေမေ ... သမီးတို့ကိစ္စထဲမှာ မေမေဝင်မပါနဲ့၊ ဒီလူ
နဲ့ရှင်းတဲ့ကိစ္စကို တိုးတိုးပဲ ရှင်းရ ရှင်းရ ကျယ်ကျယ်ပဲရှင်းရှင်းရ
မောင်ရှင်းမယ် ... ဝုန်းဒိုင်းကြဲသင့်ရင်လည်း မောင်ကြဲမယ်"

"ဘုရား ... ဘုရား ... ညည်းတို့လူငယ်တွေ တကယ်ခြသ
နာပဲ"

မေမေ အိမ်ထဲပြန်ဝင်သွားမှ ...

မောင် တံခါးတွေကို ဆက်တိုက်ထုလိုက်ရပြန်ပြီ

"ဒုန်း ... ဒုန်း ... "

"ဦးမင်းထီးရှည် ... "

"ရပ်ကွက်ထဲက ထီးပြင်ဖိနပ်ချုပ်သမားကြီး"

"မင်း ... မင်း ဘာဖြစ်လာတာလဲ ချစ်သောမောင်"

"ဂျောက် ... ဒေါက် ... "

ကြည့်စမ်း ... ဒီလူ ...

ခပ်တည်တည်နဲ့ တံခါးပိတ်ပြီး အိမ်ထဲမှာ အပီကုတ်နေတာ။

တံခါးဖွင့်လိုက်တော့မှ ပေါ်လာတဲ့ရေမွှေးနံ့က တကယ့်
ဂရိတ် အကောင်းစားရေမွှေးနံ့။ ဘယ်ဆိုးလို့လဲ ... ဒီလိုကမ္ဘာကျော်
တံဆိပ်ရေမွှေးမျိုးကို မြန်မာပြည်က ထီးပြင်ဖိနပ်ချုပ်သမားကြီးက
တောင် ဝယ်သုံးနိုင်နေပြီပေါ့လေ။

မိုက်တယ် ... မိုက်တယ် ...

မိုက်တာမှ အရမ်းမိုက် ဘဲရိုးဌတ်မိုက်။

"ဟိတ် ... ပြောလေ ... ငါ့ကို ဘာနှုတ်ခမ်းကိုက်ပြီးကြည့်-



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ ... ”

“ရှင် ... ရှင်ပြောတော့ ဒီညမှူးအောင်သောက်မယ်ဆို၊ ဘယ်လိုဖြစ်တာလဲ ... အရက်နံ့မရဘဲ ရေမွှေးနံ့တွေပဲ ထောင်းထောင်းထနေပါလား ... ”

“ဟာ ... ဟာ ... ချစ်သောမောင်၊ ငါ့အခန်းထဲကို မင်းမဝင်နဲ့လေ၊ ဒုက္ခပါပဲ ... ဘေးလူတွေမြင်ရင် တစ်မျိုးထင်သွားပါဦးမယ် ချစ်သောမောင်ရယ် ... ”

မောင် လုံးဝဂရုမစိုက်တော့ဘဲ သူ့ပခုံးကို အတင်းတွန်းတိုက်ရင်း အခန်းထဲဝင်လိုက်တော့ သူမျက်လုံးပြူးသွားသလို မောင့်ကို တင်းပြန်မောင်းထုတ်၏။

“ဆောရီးပဲ ... ဦးမင်းထီးရှည်။ ဒီည မမူးဘဲနဲ့ ရှင့်ကိုရစ်တော့မှာ ... ချစ်သောမောင်ဆိုတဲ့ ကျွန်မက ရစ်တော့မှာ ဘာလဲဟင် ဦးမင်းတိမ်တိုက်ဆိုတဲ့ နိုင်ငံတကာ လှည့်နေတဲ့သူဌေးတစ်ယောက်ကို ရှင်လက်ထပ်နိုင်းနေတာ၊ ကျွန်မတို့သားအမိနှစ်ယောက်က ရလာမယ့် စည်းစိမ်ချမ်းသာတွေကို မက်မောနေတယ်လို့ ရှင်ထင်နေလို့လား ... ”

“တော်ပြီမောင် ... မင်းမပြောနဲ့တော့ ... ”

အံမယ် ... အံမယ် ...

မောင့်မျက်လုံးတွေကို သူစိုက်မကြည့်ရဲတော့ဘဲ ဟိုလိုလို ဒီလိုလိုနဲ့ အကြည့်တွေကို သူလွှဲသွားတာ။

ဘယ်ရမလဲ ...





မောင်ကလည်း သူလှည့်သွားတဲ့ဘက်ကို အတင်းလှည့်အတင်းရပ်၊ အတင်းမျက်နှာချင်းဆိုင်၊ ဟွန်း ... ယောက်ျားကဝေကြီး။

“ဟာ ... မပြောလို့ရမလား ရှင့်အခန်းတံခါးကို တခုန်းခုန်းတဒိုင်းဒိုင်းထုခေါက်ပြီးတော့မှ ဝင်လာပြီဆိုကတည်းက ကျွန်မဘယ်လောက်အထိ ပေါက်ကွဲနေပြီလဲဆိုတာ ရှင်သဘောပေါက်ထားဖို့ကောင်းတယ်၊ ဒီမှာ ... ရှင် လုံးဝနားလည်ထားဖို့က ကျွန်မတို့သားအမိနှစ်ယောက်စလုံး ပိုက်ဆံမမက်ဘူး”

“ဟွန်း ... အဲဒါ ငါသိတယ်လေ ဘာဖြစ်လဲ ... ”

“ဘာဖြစ်ရမလဲ ... ရှင်အခုလုပ်နေတဲ့အပေါ်က ကျွန်မတို့သားအမိ ချမ်းသာသွားရင်ပြီးရောဆိုတဲ့ သဘောမျိုးနဲ့ ရှင်ကပဲ အနစ်နာခံပြီး ထွက်သွားသလိုလိုမျိုး လုပ်သွားတော့မှာလေ ... ပြီးရင် မင်းထီးရှည်ဆိုတဲ့ ထီးပြင်ဖိနပ်ချုပ်သမားက မြန်မာပြည်မှာအလုပ်လုပ်စားရတာ မကိုက်တော့တဲ့စတိုင်လ်မျိုးနဲ့ အင်္ဂလန်မှာပဲ သွားချုပ်နေသလိုလို အမေရိကန်မှာပဲသွားချုပ်နေသလိုလိုလုပ်ပြီး အစပျောက်သွားတော့မှာ ... ကျွန်မ မသိဘူး အောက်မေ့နေသလား”

“မောင် မင်းဘာတွေပြောနေတာလဲ ငါကစေတနာနဲ့”

“ဩော် ... ဟော် ... ရှင် ကျွန်မတို့အပေါ်မှာထားတဲ့စေတနာက တော်တော်ကောင်းတဲ့ စေတနာ ... ရှင့်အတွက်လေးကိုတောင် ရှင်နည်းနည်းလေးမှ စေတနာ မထားတော့ဘူးလား ဦးမင်းထီးရှည် ... ”

“မောင်ရာ ... ဒီအချိန်ကြီးကျမှ မင်းငါ့ကိုလာမရစ်ပါနဲ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ရက်ပိုင်းလေးအတွင်းမှာ မင်းတိမ်တိုက်ဆိုတဲ့ သူ့ရွှေနဲ့ ညားပြီး မင်းဘဝလေးကောင်းစားတော့မှာ၊ ဒါကို ငါ့အခန်းထဲဝင်လာပြီး ဘာကြောင့် နာမည်အပျက်ခံချင်ရတာလဲဟင် ချစ်သောမောင် ... ”

“ဟာ ... ရှင့်အခန်းထဲကို မဝင်ရင်မဖြစ်တော့လို့ ကျွန်မဝင်လာခဲ့ရတာလေ၊ မင်းတိမ်တိုက်ဆိုတဲ့လူကို ဘယ်တော့မှမချစ်နိုင်ပါဘူးဆိုတာ ကျွန်မ အပြတ်ပြောထားခဲ့ပြီးသား၊ အခု ... ကျွန်မတကယ်လက်ထပ်တော့မှာ ရှင့်ကို လက်ထပ်တော့မှာ ... ”

“ဘာပြောတယ် ... ”

သူ့မျက်လုံးတွေ တစ်တောင်လောက်ကြီး ပြူးကျယ်သွားရပြီ။

“မင်း ... မင်းက ငါ့ကိုပဲ လက်ထပ်မယ်ဟုတ်လား ချစ်သောမောင် ... မလုပ်ပါနဲ့ ... ငါကအကြွေးတွေနဲ့ ... ”

တွေ့လား ... ဘယ်လောက်ဟန်ဆောင်ကောင်းတဲ့လူလဲဆိုတာ။ မောင် ဒီလိုပြောပစ်လိုက်တာလည်း သူ့ကိုချောင်ပိတ်မိသွားအောင် ဖမ်းပစ်လိုက်ချင်လို့ပါ။

မောင် ဒီလူနားရွက်ကိုပဲ ဆွဲလိမ်ပစ်လိုက်ရင်ကောင်းမလား။ ရှုပ်ထားသမျှ အရှုတ်ထုတ်တွေကို ဖွင့်ချပြီးတော့ သူကြောတွေကိုပဲ တဘုန်းဘုန်းထုရိုက်ပစ်လိုက်ရင် ကောင်းမလားဆိုတာ အသည်းတယားယားနဲ့ စဉ်းစားနေမိသည်။

တကယ်ဆို ... သူလုပ်နေတဲ့အပေါက်က အားလုံးကို ဗိဗိရိရို လေးလျှောက်လိမ်ပြီး မောင့်ကို ခပ်တည်တည်ကောက်စားသွားနိုင်





လုပ်နေတာ။ သူကပဲ လိမ်ညာဟန်ဆောင်ပြီး လက်ထပ်ခဲ့တာမဟုတ်သလိုလိုနဲ့ ဦးမင်းတိမ်တိုက်ဆိုတဲ့လူကြီးက ဝဲတွေရွှတ်ပေးပြီး အပေါ်စီးကနေ အထာတွေကိုင်တော့မှာ။

ကဲ ... အခု မောင်က ...

ထီးပြင်ဖိနပ်ချုပ်သမား ဦးမင်းထီးရှည်ဆိုတဲ့လူကြီးဆီကိုပဲ လက်ထပ်မယ်ဆိုတော့ သူအကြွပ်ရိုက်ပြီး ခေါင်းတုတ်နေတာ မျက်နှာမှာလည်း သွေးမရှိတော့ပါ။

“ရတယ် ... ရတယ် ... ရှင့်မှာအကြွေးတွေရှိလဲ ရှင်ကိုပဲ ကျွန်မ လက်ထပ်မယ် ... လာပါ ... ဒီည ရှင့်ခုတင်ပေါ်မှာပဲ ရှင်နဲ့ အတူတူ ကျွန်မအိပ်လိုက်တော့မယ်”

“ချစ်သောမောင် ညည်းဘာဖြစ်နေတာလဲ၊ စကားပြောတာ တိုးတိုးပြောလေ ... ကိုယ်သိက္ခာလည်းကိုယ်ထိန်း၊ အဟမ်း ဟမ်း ဟမ်း ... ”

အမေ ချောင်းဟန့်သံလေးနဲ့ ဟိုဘက်အခန်းကနေ သတိပေးနေ၏။

“အမေ ... ကျွန်တော့်ကို ကယ်ပါဦး၊ ဒီ ... ဒီမှာ ချစ်သောမောင် ပြဿနာ လာရှာနေလို့ ... ”

သူ သွေးပျက်ရင်း အမေ့ကိုတိုင်နေပြီ။

“ဘာပြဿနာရှာတာလဲ၊ ဘာပြဿနာရှာတာလဲ၊ ရှင့်ကိုပဲ လက်ထပ်မယ်ဆိုတာ ပြဿနာရှာတာလား၊ ရှင်ပဲ ကျွန်မကို ချစ်တယ်ဆို၊ ဟုတ်တယ် ... ရှင်အရမ်းချစ်သလို ကျွန်မကလည်း ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တယ်၊ ရှင်ထီးပြင်စားရင် ကျွန်မလည်း ရှင်နဲ့အတူတူထီးပြင်စားမယ်၊ ရှင်ဖိနပ်ချုပ်စားရင် ကျွန်မလည်း ဖိနပ်ချုပ်စားမယ်”

“ရှက်စရာကြီး ... ”

“အို ... ဘာလို့ရှက်ရမှာလဲ”

“ဆင်း ... ဆင်းရဲမှာနော်”

“ဆင်းရဲပစေ ... ဆင်းရဲပစေ”

“ကလေးတွေမွေးလာရင်လည်း ဒုက္ခရောက် ... ”

“အို ... ရောက် ရောက် ... ဘာဖြစ်လဲ၊ ငါးပိရည်နဲ့စားသင့်ရင်စားမယ်၊ ဆန်ပြုတ်သောက်သင့်ရင်သောက်မယ်၊ ကဲ ... လာပါ ခုတင်ပေါ်တစ်ခါတည်း သွားမယ်”

ဒီတစ်ခါ တံခါးတွေ ပိတ်ပစ်လိုက်တာမောင်။

မေမေလည်း ပြောချင်တာပြောတော့ ပတ်ဝန်းကျင်က လူတွေ ဝေဖန်ချင်လည်း ဝေဖန်တော့။

“ဟာ ... မောင် မင်းဘာလုပ်တာလဲ”

“ဂျောက် ... ဒေါက် ... ”

ပိတ်ကာမှ ဘေးပြတင်းပေါက်တွေကိုပါ အကုန်ပိတ်ပစ်လိုက်ကာ ...

“တံခါးပိတ်တာလေ ... ရှင်ထွက်ပြေးသွားမှာစိုးလို့”

“မင်း ... မင်း ... ငါ့ကို ချောင်ပိတ်မဖမ်းနဲ့နော် ချစ်သောမောင် ... ငါးသိုင်းချောင်းရေကြည်အသုတ်ကို ဒီညပဲ ငါတစ်ခါတည်းပြန်တော့မှာ ... ဟိုမှာတွေ့လား ... ငါယူသွားမယ့်အိတ်ကြီးကို





တစ်ခါတည်းပြင်ထားတာ၊ အချစ်ဆိုတာ သစ်ရွက်ကြွေသံလေးတစ်ခုကို ဖျတ်ခနဲ ကြားလိုက်ရုံနဲ့ လန့်တွဲတတ်တဲ့ငှက်ခွတ်ငါးပါးလေး မဟုတ်တာ သေချာပေမယ့် အသိနဲ့အသည်းနှလုံးကို သည်ထားတဲ့ ကြိုးပါးပါးလေးတစ်မျှင်ကို ဖြတ်တောက်နိုင်စွမ်းရှိတဲ့ ဗျူဟာမ်း လှပတဲ့ ပန်းလေးတစ်ပွင့်ဆိုတာ မင်းနားလည်ထားဖို့ကောင်းတယ်”

“အောင်မယ် ... အောင်မယ် ... ဟိုလိုလိုဒီလိုလိုပြောပြီး အိတ်ဆွဲထွက်ပြေးဖို့ ရှင်လုံးဝ မစဉ်းစားနဲ့နော်၊ ရှင် အခုကိုင်ထားတဲ့ အိတ်ကိုပြန်ချမလား မချဘူးလားဆိုတာ ရှင်တစ်ခါတည်းပြော”

“အား ... အား ... ”

“ရှင်ချမလား မချဘူးလား ... ”

“ဘုရား ... ဘုရား ... ”

ဒေါ်စံပယ်မွေးမှာတော့ ဟိုဘက်ခန်းကပြောနေတာတွေကို နားစွန်နားဖျားကြားပြီး ရင်တွေလည်းတုန် လက်ထဲက ပုတီးလည်းပြုတ်ကျနဲ့ ... ။

မောင် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့လို့ သူနားရွက်တစ်ဖက်ကို ဆွဲလိမ်ပစ်လိုက်ပြီ။

“မောင် ... မင်းဘာလုပ်တာလဲ၊ အား ... နာတယ် ... နာတယ် ... ”

“နာလည်းမလွှတ်ဘူး၊ ရှင်ထောင်ထားတဲ့ ခြင်ထောင်ထဲကို နှစ်ယောက်စလုံး ပြိုင်တူဝင်မယ်၊ ချစ်သောမောင် ဘာလဲဆိုတာ ရှင် ဒီည ကောင်းကောင်းသိစေရမယ်၊ ကဲ ... ရှုပ်ပါတယ် ဒေါ် တစ်ခါတည်း ပိတ်လိုက်တော့မယ် ... ”



www.burmeseclassic.com

www.burmeseclassic.com



"အား … ချစ်သောမောင်"

"ရှင် … မအော်နဲ့ … "

ခြင်ထောင်ထဲရောက်မှ မောင်အော်ထည့်လိုက်တာ …

"ယောက်ျားကဝေကြီး … "

ဒေါ်စံပယ်မွှေးကတော့ ရင်ဘတ်ကလေးဖိကာ မျက်လုံးပြူးနေပြီ။

လွှမ်းတမှို

ဖိုးလပြည့်စာပေ

## လွှမ်းတာမှိုင်း ရေးသားထုတ်ဝေပြီးခဲ့သော ဇာတ်ညွှန်းများ . . .


| | | |
|---|---|---|
| (၁) | လက်ထပ်ရက်လေးနောက်ဆုတ်ပေးပါ | ဗီဒီယို |
| (၂) | ပါးတစ်ဖက်လျှော်ကြေး | ဒီဗီဒီ |
| (၃) | လိပ်ပြာလေးရဲ့နန်းတော် | ဒီဗီဒီ |
| (၄) | မပိုပါနဲ့ ခေါင်းလောင်းလေးရယ် | ဒီဗီဒီ |
| (၅) | ခရမ်းပြာ မာယာတံတား | ဗီဒီယို |
| (၆) | သစ္စာပြိုင်ရှင်းတမ်း | ဗီဒီယို |
| (၇) | ကလေးချစ် | ဒီဗီဒီ |
| (၈) | နှင်းဆီဖြူဖြူမင်းပဲယူ | ဗီဒီယို |
| (၉) | လမ်းပေါ်ကနန်းတော် | ဗီဒီယို |
| (၁၀) | လက်စားချေနှင်းဆီ | ဒီဗီဒီ |
| (၁၁) | ပိုးပဝါလေးပေးခဲ့ပါ | ဗီဒီယို |
| (၁၂) | မာနရှင်ခွင် | |
| (၁၃) | လွင့်မျောနေတဲ့နှင်းတွေထဲက ချစ်ခြင်းတွေရဲ့မာယာ | |
| (၁၄) | တိမ်တွေပေါ်က သတို့သမီး | |
| (၁၅) | ချစ်သူပြတိုက် | |
| (၁၆) | နှင်ရယ် ငါရယ် ဟောဒီကောင်းကင်ပြာကြီးရယ် | ဗီဒီယို |
| (၁၇) | မခံစားနိုင်တော့ဘူး | ဗီဒီယို |
| (၁၈) | ချစ်သူနမ်းမယ့်ပန်းဖြစ်ချင်တယ် | ဗီဒီယို |
| (၁၉) | ငါမုန်းခဲ့တာ နင့်ကို | |

ဝတ္ထု

ယောက်ျားကဝေ


www.burmeseclassic.com